www.burmeseclassic.com

# မြသန်းတင့်

[illegible] ပန်းပိုးနှင့် ပင်ကိုယ်ရေးစုံထောက်ဝတ္ထုတိုများ ၂



BURMESE CLASSIC

စာအုပ်ဈေး

www.burmeseclassic.com

www.burmeseclassic.com

# ပူနွေးနေသော ပန်းပဲဖိုနှင့်
# ပင်ကိုရေးစုံထောက်ဝတ္ထုတိုများ – ၂

## မြသန်းတင့်

စာအုပ်ဈေး
အမှတ် ၅၇၊ ၉ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၅၂၂၁၂၁

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| အမှာ | ၁ |
| ၁။ သားတို့ရုပ်ရည် (စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၀၀၊ နိုဝင်ဘာ၊ ၁၉၈၅) | ၄ |
| ၂။ ချစ်တီးတိုက် စိန်ပျောက်မှု (စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၀၁၊ ဒီဇင်ဘာ၊ ၁၉၈၅) | ၃၉ |
| ၃။ ဖွဲ့နိုးမမိ (စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၀၂၊ ဇန်နဝါရီ၊ ၁၉၈၆) | ၆၃ |
| ၄။ အမှိုက်က အစ (စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၀၃၊ ဖေဖော်ဝါရီ၊ ၁၉၈၆) | ၉၀ |
| ၅။ ရာဇဝင်အရှုး (စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၀၄၊ မတ်၊ ၁၉၈၆) | ၁၀၅ |
| ၆။ တောဘုရားပွဲမှ လူသတ်မှု (စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၀၅၊ ဧပြီ၊ ၁၉၈၆) | ၁၂၈ |
| ၇။ ကြောင်မုန်းသူ (စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၀၆၊ မေ၊ ၁၉၈၆) | ၁၄၂ |
| ၈။ ပွစိပ်နေသော ပန်းပဲဖို (စန္ဒာရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၂၀၇၊ ဇွန်၊ ၁၉၈၆) | ၁၅၈ |
| မြသန်းတင့် အတ္ထုပ္ပတ္တိအကျဉ်း | ၁၇၆ |


www.burmeseclassic.com

www.burmeseclassic.com

# အမှာ

ဆရာမြသန်းတင့်ဟာ စန္ဒာမဂ္ဂဇင်း၊ သည်းထိတ်ဖို မဂ္ဂဇင်း တို့မှာ ၁၉၈၅ ဇန်နဝါရီ ကနေ ၁၉၈၈ ဇွန် အတွင်းမှာ ရဲအောင်ဇေဆိုတဲ့ ကလောင်နာမည်နဲ့ စုံထောက်ဝတ္ထုတိုများကို အစဉ်တစိုက် ရေးသားဖော်ပြ ခဲ့ဖူးပါတယ်။

တချို့ဝတ္ထုတွေဟာ အင်္ဂါသာခရစ္စတီးကို မှီးသ ယောင်ယောင်ထင်ရပေမယ့် ရှာမတွေ့ခဲ့၊ အထောက် အထားမရှိ၊ ကျွန်တော်တို့ နောက်ကြောင်း မလိုက်နိုင် ခဲ့ပါ။ ဆရာ့ရဲ့စာစုစာရင်းကို မဝင်းနွယ် ၁၉၈၇မှာ ပြုစုစဉ်အချိန်က ဒီဝတ္ထုတိုတွေကို မှီငြမ်းပြုရယ်လို့ ဆရာက သဘောထားမပြခဲ့တာကြောင့် ကျွန်တော်တို့က လည်း ပင်ကိုရေးလို့ပဲ အမည်တပ်လိုက်ပါတယ်။

စုံထောက်ဝတ္ထုတွေကို ဖတ်ရတာ စွဲလမ်းတပ်မက် ဖွယ် ကောင်းပါတယ်။ စိတ်လှုပ်ရှားရတယ်။ ဘာတွေ ရှေ့ကိုဖြစ်ပြီး ဘယ်လိုဖြေရှင်းမယ်ဆိုတာ စိတ်စောနေရ တယ်။ ကြောင်းကျိုးဆန်းစစ် တွေးခေါ်ရင်း အဖြေရှာ ရတယ်။ အထူးသဖြင့်တော့ စုံထောက်ဝတ္ထုတွေဟာ စာဖတ်တတ်လာပြီးတဲ့နောက် စာဖတ်ခါစလူများကို စာဖတ်ဝါသနာပါသွားအောင် ကျကျနနကြီး လုပ်ပစ် လိုက်နိုင်ပါတယ်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အခုဝတ္ထုတွေကို မူလက ရဲအောင်ဇေ ကလောင်အမည်နဲ့ ရေးခဲ့တာဖြစ်ပေမယ့် ဆရာ ကွယ်လွန်သွားပြီးနောက်မှာ ဆရာရေးခဲ့တဲ့ စာမူများကို စာအုပ်အဖြစ်နဲ့ စုစုစည်းစည်း ပြန်လည်ဖော်ပြရာမှာ ဆရာ မြသန်းတင့် ဆိုတဲ့ အမည်အောက်မှာပဲ အားလုံးကိုစုစည်းသင့်တယ်ယူဆလို့ မြသန်းတင့်ရဲ့ ပင်ကိုရေးစုံထောက်ဝတ္ထုတိုများ ၁၊ ၂၊ ၃၊ ၄ လို့ အမည်တပ်လိုက်ပါတယ်။

ဒီစာအုပ်များထွက်ရှိလာဖို့အတွက် ကူညီခဲ့တဲ့ ဆရာမြသန်းတင့်ရဲ့သား ကိုဖိုးလမင်းနဲ့ အမျိုးသားစာကြည့်တိုက်က ကိုသန်းထွန်းအောင်တို့ကို ကျေးဇူးတင်ပါတယ်။

စာအုပ်ဈေး စာအုပ်တိုက်
၂၈ ဇူလိုင် ၂၀၀၁

စာကြွင်း။ ။စာအုပ်ထွက်လာဖို့ တစ်ဖက်ကပြင်ဆင်နေရင်းနဲ့ အခြားတစ်ဖက်က မူရင်းဝတ္ထုများနဲ့ တိုက်ဖတ်တဲ့ အလုပ်ကိုလည်း ကြိုးစားလုပ်ကိုင်နေရာက အထက်ဖော်ပြပါ အမှာစာရေးအပြီးမှာ အချို့သော မူရင်းများကို စတင်တွေ့ရှိပါတယ်။ စာအုပ်ခေါင်းစဉ်ကို မပြင်တော့ပါ။ ဒါကြောင့် ပင်ကိုရေးဆိုသော်လည်း အချို့သောဝတ္ထုများကို အမှီးဝတ္ထုများအနေနဲ့ တွေ့မြင်ရမှာဖြစ်ပါတယ်။ တွေ့ရှိတဲ့ မူရင်းဝတ္ထုများကို တစ်ပုဒ်ချင်းမှာ ဖော်ပြပေးလိုက်ပါတယ်။ မူရင်းဝတ္ထုများကို သဲလွန်စပေးတဲ့ ကိုဇော်လင်း ကို ကျေးဇူးတင်ရှိပါကြောင်း။

စာအုပ်ဈေး စာအုပ်တိုက်
၁၇ ဩဂုတ် ၂၀၀၁

www.burmeseclassic.com

www.burmeseclassic.com

သားတို့ရှစ်ရှည်

www.burmeseclassic.com

www.burmeseclassic.com

## ၁။ သားတို့ ရပ်ရည်

ထိုစဉ်က ကျွန်ုပ်သည် ရန်ကုန်ပုလိပ်မင်းကြီးရုံးတွင် အမှုထမ်းနေရာမှ လမ်းမတော်ဌာနာသို့ ဌာနာအုပ်အဖြစ် ပြောင်းရွှေ့ပို့လိုက်သဖြင့် လမ်းမတော်ဌာနာတွင် အမှုထမ်းနေရချိန်ဖြစ်၏။ အချိန်မှာ စစ်မဖြစ်မီ သုံးလေးနှစ်အလိုဖြစ်ရာ ထိုစဉ်က လမ်းမတော်ဌာနာအပိုင်သည် ရာဇဝတ်မှုအများဆုံး နေရာဖြစ်၏။ အများသိကြသည့်အတိုင်း လမ်းမတော်အပိုင်တွင် တရုတ်ဟိုတယ်ကြီးများ၊ ပျော်ပွဲစားရုံကြီးများ တည်ရှိပြီး လိုင်စင်ရ ဘိန်းခန်းများ၊ တိတ်တိတ်ပုန်း ဘိန်းခန်းများမှာလည်း လမ်းကြိုလမ်းကြားများတွင် ပြည့်နှက်လျက်ရှိ၏။ ဟိုတယ်ကြီးများတွင် ဟိုတယ်မယ်များထားလေ့ရှိရာ ဟိုတယ်မယ်များသည် ဟိုတယ်မှ သူတို့တာဝန်ပြီးသည်နှင့် 'အော်ဒါ' လိုက်တတ်ကြသဖြင့် ထိုရပ်ကွက်တွင် တိတ်တိတ်ပုန်းဇိမ်ခန်းများနှင့် လော်ဂျင်များမှာလည်း ပြည့်နှက်လျက်ရှိ၏။ ထို့အပြင် လေးကောင်ဂျင်ဝိုင်း၊ မာကျောက်ဝိုင်း၊ ဘူဝြိုင်း စသည့် ကစားဝိုင်းများလည်း ပေါလှပေ၏။ အချို့ကစားဝိုင်းများမှာ အစောင့်အကြပ်များ အထပ်ထပ်ပိတ်ဆို့ချထားပြီး အထဲသို့ လူစိမ်းသူစိမ်း

www.burmeseclassic.com

www.burmeseclassic.com



များ ဝင်ရောက်ရန်များစွာ မလွယ်လှချေ။ တိုက်ခန်းကြီးများမှာ အခန်းခန်းဖြစ်လျက် မြေအောက်တိုက်ခန်းများပင် ပါရှိလျက် ကစားဝိုင်းဒိုင်ဖွင့်သူများမှာလည်း အင်္ဂလိပ်အစိုးရအား စစ်ရန်ပုံငွေထည့်ခြင်း၊ အစိုးရက ကမကထပြုသည့် ဒါဘာပွဲများတွင် အလှူငွေမြောက်မြားစွာ ထည့်ခြင်းဖြင့် အပြင်ပန်းအားဖြင့် လူကြီးလူကောင်းများ ဖြစ်နေကြသည့်တိုင် နောက်ကွယ်တွင် ဒုစရိုက်မှုများကို ပြုလုပ်လျက် ရှိကြ၏။ ထိုစဉ်က ဒုစရိုက်ဂိုဏ်းခေါင်းဆောင်များသည် ယခုခေတ် 'မာဖီးယား' ခေါ် ဂိုဏ်းခေါင်းဆောင်များနှင့်ဆင်ဆင်တူသည်ဟု ပြောနိုင်၏။ သူတို့အလိုမကျသူတစ်ယောက်ကို မြေတိုက်ခန်းထဲတွင် အလွယ်တကူဖြင့် အပျောက်ရှင်းပစ်နိုင်လောက်အောင် တန်ခိုးလည်းထွားကြ၏။

ထိုဒုစရိုက်ခေါင်းဆောင်များအပြင် လူမိုက်များကလည်း သူ့ဂိုဏ်း နှင့်သူ အသီးသီးရှိကြ၏။ လမ်းမတော်ဖိုးတုတ်ဆိုလျှင် လူမိုက်ထိပ်သီးကြီး ဖြစ်၏။ မြန်မာ့အလင်း အယ်ဒီတာ ဆရာသင်ကို သတ်ခဲ့သည်ဟုဆိုသော ပုဇွန်တောင် ငမိုးမှာလည်း နာမည်ကြီးလူမိုက်ထိပ်သီးကြီးတစ်ဦးဖြစ်၏။ ၎င်းတို့မှာ ကြေးစားလူမိုက်များဖြစ်ကြပြီး ဒုစရိုက်ဂိုဏ်းခေါင်းဆောင်များက ၎င်းတို့ကို မွေးထားခြင်းဖြစ်၏။

ထိုစဉ်က ကျွန်ုပ်တို့ ပုလိပ်များ၊ လူမိုက်ဂိုဏ်းခေါင်းဆောင်များနှင့် ရာဇဝတ်မှု သတင်းထောက်များသည် တစ်ဦးကိုတစ်ဦး စောင့်ကြည့်နေကြ၏။ လူမိုက်ဂိုဏ်းများက ကျွန်ုပ်တို့ ပုလိပ်များ၏ ခြေလှမ်းကို စောင့်ကြည့်နေသကဲ့သို့ ကျွန်ုပ်တို့ကလည်း ၎င်းတို့၏ ခြေလှမ်းကို စောင့်ကြည့်နေကြ၏။ ထိုနှစ်ဦးကြားတွင် နှစ်ဦးစလုံးနှင့် ပလဲနံပသင့်အောင်ပေါင်းပြီး ကူးလူးဆက်ဆံနေကြသူများမှာ သူရိယ၊ မြန်မာ့အလင်းစသော သတင်းစာကြီးများမှ ရာဇဝတ်မှုသတင်းထောက်များ ဖြစ်ကြ၏။ ထိုခေတ်က ကျွန်ုပ်တို့ ပုလိပ်များ

www.burmeseclassic.com

www.burmeseclassic.com



နှင့်လည်းကောင်း၊ ရာဇဝင်လူဆိုးများနှင့်လည်းကောင်း ပုလင်းတူ ဘူးဆို့နေသည့် ရာဇဝတ်မှု သတင်းထောက်တစ်ဦးမှာ မြန်မာ့အလင်းမှ သတင်းထောက်ချုပ် ကိုဘနှင်း ဖြစ်၏။ ကိုဘနှင်းသည် ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ရဲတပ်ဖွဲ့စသည့် လူမှုရေးလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားသူတစ်ဦး ဖြစ်သည့်အတွက် အပေါင်းအသင်းများပြီး ဝန်ကြီးချုပ်များ (ထိုခေတ်က ဝန်ကြီးချုပ်ကို နန်းရင်းဝန်ဟု ခေါ်ပြီး ဝန်ကြီးများကို ဝန်ကြီးချုပ်ဟု ခေါ်လေ့ရှိ၏)၏ ရုံးခန်းသို့ တံခါးမရှိဓားမရှိ ဝင်ရောက်နိုင်သူ တစ်ဦးဖြစ်လျက် လမ်းမတော်နှင့် ၃၇ လမ်း၊ ၃၈ လမ်းတစ်ဝိုက်တွင်ရှိသည့် ပြည့်တန်ဆာခေါင်းများနှင့်လည်း ဖက်လှဲတကင်း နေနိုင်သူဖြစ်ရာ ရာဇဝတ်မှုများကို လိုက်ရာတွင် ကိုဘနှင်းလို တော်သည့်သတင်းထောက်မျိုး ယခင်ကလည်း မပေါ်ဖူးသေး၊ နောင်တွင်လည်း တော်တော်နှင့် ပေါ်နိုင်မည် မထင်ဟု သတင်းစာလောကတွင် ပြောသံကို မကြာခဏ ကြားရတတ်၏။ ကိုဘနှင်းအကြောင်းကို ဖော်ပြနေရခြင်းမှာ ယခုအမှုသည် ကျွန်ုပ်တို့ ပုလိပ်ဘက်က အရင်သတင်းမရဘဲ ကိုဘနှင်း၏ သတင်းပေးချက်အရ အမှုဖွင့်ရသောကြောင့် ဖြစ်၏။ သက်ဆိုင်ရာ ဆိပ်ကမ်းပုလိပ်ဘက်၏ သတင်းပို့ချက်မှာ နောက်မှ ရောက်ရှိလာ၏။

■

တစ်နေ့သ၌ ကျွန်ုပ်သည် လမ်းမတော်ဂါတ်တဲအတွင်းရှိ ကျွန်ုပ်၏ ရုံးခန်းတွင်ထိုင်၍ ရာဇဝတ်မှုသတင်းပို့ချက်များကို ဖတ်ရှုလျက်ရှိစဉ် ဂါတ်တဲရှေ့မှ ဘီအက်စ်အေ မော်တော်ဆိုင်ကယ်သံ တဘုတ်ဘုတ်ကြားရပြီးနောက် ပိုးပျော့စပို့ရှပ်ကြက်ဥနှစ်ရောင်၊ ကာကီဘောင်းဘီတို၊ ကာကီဖော့ဦးထုပ်တို့ကို မေးသိုင်းကြိုးတပ်၍ဆောင်းကာ ကင်မရာကို လွယ်ထားသည့် ကိုဘနှင်းကြီးကို တွေ့လိုက်ရသဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်း၊ ပေါ်တော်မူကြီး၊ ဘာတွေ ထူးလာပြန်ပြီလဲ။ ခင်ဗျား လာမှာကို ကျွန်တော်ဖြင့် ကြောက်လွန်းလို့၊ ခင်ဗျားလာရင် အမှုတစ်ခုခုတော့ ပါလာတာချည်းပဲ၊ အမှုပါမလာရင်လည်း ခင်ဗျားက ကျွန်တော်တို့ဆီက တစ်ခုခုတော့ ရအောင်ချူသွားတာချည်းပဲ" ဟု ကျွန်ုပ်ကပြောလေလျှင် ကိုဘနှင်းသည် ကျွန်ုပ်ဖတ်ရှုလျက်ရှိသော သတင်းပို့ချက် ဖိုင်တွဲကြီးကို လှမ်းကြည့်ပြီးနောက်–

"ခင်ဗျားတို့တော့ ရန်သူတစ်ယောက် လျော့သွားပြန်ပြီဗျ"

ဟု ပြောလိုက်၏။

"ဘယ်သူလဲဗျ၊ တရုတ်ဘိန်းဘုရင် ပိန်ကွမ်းလား"

"မဟုတ်ဘူးဗျ"

"နို့ ဘယ်သူလဲ"

"ဖိုးတုတ်ကလေးရယ်"

"ဗျာ–ဖိုးတုတ်ကလေး ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော်လိုက်စရာတွေ ရှိသေးတယ်၊ ခင်ဗျားကို ပြောပြနေချိန်မရဘူး၊ တိုက်ကို ဖောင်မပိတ်မီ အချိန်မီ ပြန်ရမယ်။ ဒီနေ့ သတင်းကြီးမရလို့ အယ်ဒီတာချုပ်က ကျွန်တော့်ကို တဆူဆူလုပ်နေတာ၊ ခုဒီသတင်းကို ပေးလိုက်ရင်တော့ အဘိုးကြီး 'ခုရှိုး' ကျသွားမှာပဲ။ ရော့ ရော့ ကျွန်တော် ဆိပ်ကမ်းဂါတ်တဲမှာ ထိုင်ရေးလာတဲ့ သတင်းအတိုချုပ် ကူးထားလိုက်၊ ကျန်တာတော့ ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ လိုက်ပေတော့။ ကျွန်တော်တော့ တိုက်ပြေးပြီး မျက်နှာဖုံးသတင်းဖြစ်အောင် ရေးရဦးမယ်" ဟုဆိုကာ ကိုဘနှင်းသည် ရေးကြီးသုတ်ပျာဖြင့် ပြန်ထွက်သွား၏။

ကိုဘနှင်းပေးသွားသည့် အမှုအတိုချုပ်ကို ဖတ်လျက်ရှိစဉ်မှာပင် ဗိုလ်ဆိုးထိန်း ကိုစံအေး ရောက်လာပြီး ကျွန်ုပ်ထံ သတင်းအပြည့်အစုံ ပို့သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အခန့်သင့်ဖြစ်သွား၏။

ဆိပ်ကမ်းပုလိပ်များသည် ဖိုးတုတ်ကလေး၏ အလောင်းကို သောင်ပင်လေးဆိပ်ကမ်းဘောတံတားအောက် နွံထဲတွင် တွေ့လာခဲ့ကြ၏။ ထိုနေရာတစ်ဝိုက်မှာ ဒီရေကျသွားသည့်အခါတွင် ညွန်များသည် ဒူးဆစ် သို့မဟုတ် ပေါင်လယ်ခန့်လောက်အထိရောက်ပြီး ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် သမ္ဗာန်များ၊ မော်တော်များပေါ်မှ စွန့်ပစ်သည့် အညစ်အကြေးများဖြင့် ဖုံးအုပ်နေတတ်၏။ ဖိုးတုတ်ကလေး၏ ရာဇဝင်သည် သူ့အလောင်းကို တွေ့သည့်နေရာကဲ့သို့ပင် ညစ်ပတ်နောက်ကျုလျက်ရှိ၏။ ဘောတံတားအောက် နွံထဲတွင် နစ်နေသည့် အလောင်းကို ကြည့်ရှုစစ်ဆေးသည့်အခါ၌ ဝမ်းဗိုက်တွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရပြီး ပစ္စည်းဆို၍လည်း တစ်ခုမျှ မတွေ့ရတော့ချေ။ သူ့ကိုယ်ပေါ်မှ ပစ္စည်းများကို လူသတ်သမား သို့မဟုတ် လူသတ်သမားများက ချွတ်ယူသွားဟန် ရှိသည်ကို တွေ့ရ၏။

ဆိပ်ကမ်းပုလိပ်များသည် ကံရွာထဲမှ အရက်မူးနေသော ဘဟန် ဆိုသူ သူတောင်းစားတစ်ဦးကို မသင်္ကာသဖြင့် ကောက်ဖမ်းလိုက်ကြ၏။ (ကံရွာဆိုသည်မှာ ယခု ရန်ကုန်မြို့လူကုံထံများ နေထိုင်သည့် ရပ်ကွက်ကြီးတစ်ခုဖြစ်ပြီး စစ်မဖြစ်မီက ထိုနေရာတစ်ဝိုက်တွင် သူတောင်းစားများ နေထိုင်ခဲ့ကြသဖြင့် ၎င်းတို့ကို ကံမကောင်း အကြောင်းမလှသူများဖြစ်သည်ဟု ယူဆကာ ၎င်းတို့နေထိုင်ရာ ရပ်ကွက်ကိုလည်း ကံရွာဟု ခေါ်ခဲ့ကြခြင်းဖြစ်၏။ ၎င်းတို့အကြောင်းကို စစ်မဖြစ်မီက စာရေးဆရာ မဟာဆွေက 'ကံရွာသူ' ဟူသော အမည်ဖြင့် သူရိယမဂ္ဂဇင်းတွင်လား၊ ကြီးပွားရေးမဂ္ဂဇင်းတွင်လား မသိ ဝတ္ထုရေးခဲ့ဖူးသေး၏။ (ဤကား စကားချပ်) ပုလိပ်တို့က ရှာဖွေသည့်အခါတွင် သူတောင်းစားဘဟန်၏ အဝတ်စုတ်ထုပ်ထဲတွင် ဖိုးတုတ်ကလေး ပတ်သည့် အယ်လ်ဂျင်လက်ပတ်နာရီနှင့် သွေးစွန်းနေသော ဆယ်တန် စက္ကူအချို့

www.burmeseclassic.com

www.burmeseclassic.com



တို တွေ့ရ၏။ စာသင် ကိုစံအေး၏ ခါးက ခါးပတ်ဖြင့် နှစ်ချက် သုံးချက်ရိုက် လိုက်သည့်အခါတွင် တရားခံဘဟန်သည် အမူးပြေသွားဟန် ရှိ၏။ သို့ရာ တွင် ပြစ်မှုကို ဖြောင့်ဆိုခြင်း မပြုချေ။ ဤတွင် ကိုစံအေးသည် တရားခံ ဘဟန်ကို ကျွန်ုပ်ထံသို့ ခေါ်လာခဲ့ခြင်းဖြစ်၏။

"ဒီကောင် ဘူးကွယ်နေတယ် ဆရာ"

"မရရင် ရအောင်စစ်ကွာ၊ ဟောကောင် စစ်လို့မရရင် မင်း လည်ပင်းကိုပါ ကြိုးတပ်ပစ်မယ်"

ကျွန်ုပ်က စံအေးကိုပါ ကြိမ်းလိုက်၏။ စံအေးသည် သာယာဝတီသား ဖြစ်ပြီး အရပ်ပုပု၊ မေးရိုးလေးထောင့်နှင့် ခွေးဘီလူးမျက်နှာမျိုးရှိ၏။

ကျွန်ုပ်သည် ဆိပ်ကမ်းပုလိပ်နှင့် ကျွန်ုပ်အပိုင်ရှိ ဆားပုလင်းများထံမှ အစီရင်ခံစာများကို ဖတ်ကြည့်၏။ သေသူ ဖိုးတုတ်ကလေးသည် ယမန်နေ့ ညသန်းခေါင်မတိုင်မီကလေးတွင် တရုတ်တန်းရှိ တစ်ခုသော လမ်း၊ တစ်ခု သော တိုက်ခန်းမှ ပြန်လာခဲ့သည် ဆို၏။ သက်ဆိုင်ရာတာဝန်ကျပုလိပ်သည် ထိုလမ်းရှိ ထိုတိုက်ခန်းသို့လာသူများမှာ ဥပဒေကို ဖောက်ဖျက် ကျူးလွန်သူ များ ဖြစ်တတ်သည့်အလျောက် သေသူဖိုးတုတ်ကလေးနောက်သို့ မယောင် မလည် နောက်ယောင်ခံ၍ လိုက်လာခဲ့သည်ဆို၏။ ဖိုးတုတ်ကလေးသည် ထိုလမ်းမှနေ၍ ကမ်းနားလမ်းအတိုင်း လျှောက်သွားကာ ညောင် ပင်လေး ဆိပ် ဘောတံတားအနီးတွင် ပျောက်သွားသည် ဆို၏။ ဤတွင် သက်ဆိုင် ရာ တာဝန်ကျပုလိပ်သည် ဆက်မလိုက်တော့ဘဲ ပြန်လာခဲ့ရာ နောက်နှစ် နာရီလောက်အကြာတွင် ရန်ကုန်မြစ်ထဲတွင် ပတ္တရောင်လှည့်နေသည့် ဆိပ် ကမ်းပုလိပ်များက ဖိုးတုတ်ကလေး၏ အလောင်းကို တွေ့ရခြင်း ဖြစ်၏။

အစီရင်ခံစာအရ ဖိုးတုတ်ကလေး၏ ကိုယ်ပေါ်တွင် အဝတ်အစား ကင်း မဲ့လျက်ရှိပြီး အောက်ခံ တယောစွပ်ကျယ်အင်္ကျီနှင့် ဘောင်းဘီတိုကလေးကို

www.burmeseclassic.com

www.burmeseclassic.com


သာ တွေ့ရတော့ကြောင်း၊ ကိုယ်တွင် ကျန်ရစ်ခဲ့သည့် အဝတ်အစားများမှာ လည်း ဓားဖြင့် ဆုတ်ဖြဲထားသည့်နှယ် အစိတ်စိတ်အမွှာမွှာ ဖြစ်လျက်ရှိကြောင်း၊ ဖိုးတုတ်ကလေးစီးသည့် ဆက်ဇံ နောက်ပိတ်ဖိနပ်ကိုလည်း ဘဟန်ထံတွင် တွေ့ရကြောင်းဖြင့် ဖော်ပြပါရှိ၏။

"ဖိနပ်ကိုတော့ ရောင်းစားမှာပဲကွ၊ ဒါပေမဲ့ အဝတ်အစားတွေကိုတော့ သူ ဝတ်မယ်ထင်တယ်"

ဟု ကျွန်ုပ်က ပြော၏။

"သက်သေခံပစ္စည်းတွေဖြစ်မယ့်ဟာကို သူ အသုံးပြုရဲပါ့မလား ဆရာ"

"ဘဟန်လိုကောင်ဟာ စာမတတ်ပေမတတ် သူတောင်းစားပဲကွာ။ သက်သေခံပစ္စည်း ဖြစ်မဖြစ်ကို တွေးမိမှာ မဟုတ်ပါဘူး။ နောက်တစ်ချက်က သေနတ်ကို မတွေ့ရဘူးကွ၊ သေနတ်က ပျောက်နေတယ်။ ဒီတော့ ဒီအဖိုးတန်တဲ့ သေနတ်ကိုတော့ လွှင့်ပစ်ပြီး ဘာမဟုတ်တဲ့ ဖိနပ်နဲ့နာရီကိုချည်းယူမှာ မဟုတ်ဘူး၊ ကဲ-အဲဒီကောင်ကို ထုတ်ခဲ့စမ်းကွာ"

ခဏကြာလျှင် စံအေးသည် ဘဟန်ကို လက်ထိပ်ခတ်လျက်သား ထုတ်လာခဲ့၏။

"ဟေ့ကောင် ဘဟန် မှန်မှန်ပြောစမ်း၊ ပစ္စည်းတွေ ဘယ်မှာ ထားသလဲ"

ဘဟန်သည် ငိုမဲ့မဲ့ဖြစ်နေရာမှ အသံသေးသေးကလေးဖြင့်-

"ဗိုလ်ကြီးရယ် ဘုရားပေးပေး၊ ကျမ်းပေးပေး ကျွန်တော် ဘာမှမသိပါဘူး။ ဖိနပ်နဲ့နာရီကိုတော့ ကျွန်တော်ယူခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဘာမှ မလုပ်ရပါဘူး။ ကျွန်တော် သတ်တာလည်း မဟုတ်ပါဘူး"

"အဝတ်အစားတွေကိုကော မင်းမယူဘူးလား၊ အလောင်းကို မင်းတွေ့တော့ အဝတ်အစားတွေ မရှိတော့ဘူးပေါ့"

"ဟုတ်ပါတယ် ဗိုလ်ကြီး၊ ကျွန်တော်တွေ့တော့ အလောင်းမှာ အဝတ်အ

www.burmeseclassic.com

www.burmeseclassic.com



အား မရှိတော့ဘူး။ ခုတွေ့တဲ့အတိုင်း စွပ်ကျယ်အင်္ကျီလေးနဲ့ ဘောင်းဘီတိုက လေးပဲ တွေ့ပါတယ်။ အဲ အလောင်းကိုမတွေ့ခင်လေးမှာ လူတစ်ယောက် အဲဒီ ဘောတံတားအောက်က ခပ်သုတ်သုတ်တက်ပြီး ကုန်းပေါ်တက်လာ တာကိုတော့ မြင်လိုက်ပါတယ်"

စံအေးက စိတ်တိုစွာဖြင့် လက်ထိပ်ချည်ထားသည့် သံကြိုးကို ဆောင့်ဆွဲ လိုက်ကာ ခြေထောက်ဖြင့် ကန်မည်ပြု၏။

"ဟေ့–စံအေး ဒီကောင့်ကျောပေါ်မှာ ဖိနပ်ရာထင်ရင် မင်း တာဝန်နေ့ာ် ဒါပဲ။ ကဲကွာ မှန်မှန်ပြောစမ်း အချိန်ကုန်တယ်၊ ကြာရင် လူလည်းနာမယ်"

"လိမ်ပြောတယ်ဆိုရင် အဝီစိကို ကျရပါစေရဲ့ ဆရာရယ်၊ ကျွန်တော် မလိမ်ပါဘူး။ ကျွန်တော်က သင်္ဘောဆိပ်မှာ တောင်းမယ်ဆိုပြီး အဲဒီနေ့ညက ညောင်ပင်လေးဆိပ်ကို ထွက်လာပြီး တောင်းနေပါတယ်။ ညဥ့်နက်တော့ လူပါးတာနဲ့ အိပ်မလို့လုပ်တုန်းမှာ လူတစ်ယောက်လာတော့ ကျွန်တော်က ပိုက်ဆံတောင်းပါတယ်။ သူက ကျွန်တော့်နားက ဖြတ်ပြီး ခပ်သုတ်သုတ် ထွက်သွားပါတယ်။ သူ့မျက်နှာကို ကျွန်တော် သေသေချာချာ မြင်လိုက်ပါ တယ်"

"မြင်ရင်ကော မှတ်မိပါ့မလား"

"တွေ့ရင် မှတ်မိပါတယ် ဆရာရယ်။ ဒီမျက်နှာကို မြင်ဖို့ အခွင့်သာကြုံ တွေ့ပါစေ၊ ကျွန်တော် ဆွဲပြနိုင်ပါတယ်"

"အေး၊ ဒီလူကို မြင်ဖို့အခွင့်ကြုံပါစေလို့ ဆုတောင်း၊ ဆုတောင်းမပြည့် ရင်တော့ ဒီလူမျက်နှာအစား မင်းကို ဒေါက်ဖြုတ်မယ့် ရွှေနီရဲ့ မျက်နှာကိုသာ မြင်ရမှာသေချာတယ်"

ရွှေနီဆိုသည်မှာ ထောင်ထဲတွင် ကြိုးပေးရာတွင် ဒေါက်ဖြုတ်သည့် ထောင်ဗာယာကို ခေါ်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သံသေးသံညောင်ဖြင့် ပြောနေသော သူတောင်းစားဘာဟန်ကို အချုပ်ခန်းထဲသို့ ပြန်အပို့ခိုင်းလိုက်ပြီး ရာဇဝင်လူဆိုးများ၏ မှတ်တမ်းစာအုပ်ကြီးကို ဖွင့်ကြည့်၏။ ဖိုးတုတ်ကလေးဟူသော ခေါင်းစဉ်အောက်တွင် သူ၏ ကိုယ်ရေးရာဇဝင် အတ္ထုပ္ပတ္တိကို တွေ့ရ၏။

"ဖိုးတုတ်ကလေးဆိုတဲ့ကောင်က လမ်းမတော်မှာ ဖိုးတုတ်ကြီးပြီးရင်တော့ ဗိုလ်ပဲကွ။ ဖိုးတုတ်ကြီးရှိရင်တော့ ဒီကောင် ဒီဘက်မှာ ကျက်စားလေ့မရှိဘူး။ ဖိုးတုတ်ကြီး မရှိတဲ့အချိန်မှာ တို့ဘက်ကို ရောက်ရောက်လာတတ်တယ်။ ဒီကောင်ရဲ့ မှတ်တမ်းမှာ ဖိုးတုတ်ကလေး၊ ပဲခူးဒိစတြိတ်က ကဝမြို့နယ်၊ ရစ်ကန်ကလေး ဇာတိတဲ့။ မိဘ လယ်သမား၊ မူရင်းအလုပ်ကျောက်ထိုးဆရာ၊ အင်း–ကျောက်ထိုးဆရာလုပ်ရင်း ကိုယ်ဝန်ဖျက်ချပေးလို့ ပုလိပ်က အရေးယူခံရပြီး အလုပ်ပြုတ်ထောင်ကျသွားသတဲ့။ အဲ ပုလိပ်မှတ်တမ်းမှာတော့ လူဆိုးကျော်စော စာရင်းဝင်သွားပြီပေါ့ကွာ။ ထို့နောက် ထောင်မှလွတ်၊ ကိုယ်ဝန်ဖျက်ချပေး၊ ဘိန်းရောင်း ငွေညှစ်၊ ထို့နောက် နယ်နှင်ခံရ၊ မော်လိုက်သို့ ပို့၊ မော်လိုက်တွင် လူသတ်မှု မသင်္ကာဖြင့် အဖမ်းခံ၊ နယ်နှင်ခံရအပြီးတွင် ရန်ကုန်ရောက်၊ လမ်းမတော်ရှိ ပိန်ကွမ်း၏ ကစားဝိုင်းတွင် အလုံရှူး၊ နာမည်ကြီးပြည့်တန်ဆာ ရင်ရင်ရွှေနှင့် အဆက်အသွယ်ရှိ"

ကျွန်ုပ်က ပိုလိုကို ဖွာလိုက်၏။ ရင်ရင်ရွှေအကြောင်းကိုမူ မှတ်တမ်းကို ပြန်ကြည့်စရာ မလိုတော့ချေ။ ကျွန်ုပ်၏ အပိုင်တွင်ရှိသော ကျော်စောများအကြောင်းကို ကောင်းစွာ သိပြီးဖြစ်သည့်အတွက် လက်တန်းပြောနိုင်နေလေပြီ။

"ရင်ရင်ရွှေရဲ့ ခပ်စောစောက နောက်ကြောင်းရာဇဝင်ကိုတော့ သိပ်မသိဘူးကွ၊ ရင်ရင်ရွှေက တရုတ်ကပြား အမျိုးသမီး၊ မန္တလေးမှာ မွေးတယ်၊ မန္တလေးက နာမည်ကြီး ပြည့်တန်ဆာခေါင်း ဖိုးကူးနဲ့ရပြီး ပြည့်တန်ဆာထောင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ ဖိုးကူးနဲ့ ကွဲပြီး ရန်ကုန်ကို ပြောင်းလာတယ်။ တို့ပုလိပ်မှတ်တမ်းမှာတော့ သူနဲ့ပတ်သက်လို့ အမှုဖွင့်ထားတာကို ဘာတို့ ဘာမှမတွေ့ရဘူး၊ ငါသိတာတော့ ဒီလောက်ပဲ"

"အမျိုးသမီးက အပေးအကမ်းတော်တော် ရက်ရောတယ်လို့ ပြောတာပဲ"

စံအေးက ပြော၏။

"ရက်ရောတာတော့ မပြောနဲ့၊ ရှိတာ အကုန်ပေးလိုက်တာပဲ"

ကျွန်ုပ်က ပြုံး၍ ပြောလိုက်၏။ စံအေးသည် ကျွန်ုပ်ပြောသည့် အဓိပ္ပာယ်ကို နားလည်ဟန်ဖြင့် တဟဲဟဲ ရယ်နေ၏။

စာသင်စံအေး၏ သတင်းပို့ချက်အရ ထိုနေ့ညက တရုတ်တန်းဘက်တွင် တာဝန်ကျသည့် ပတ္တရောင်တစ်ယောက်သည် ရင်ရင်ရွှေတို့ လမ်းထိပ်တွင် ရပ်နေကြောင်း၊ ရင်ရင်ရွှေအိမ်မှ ဖိုးတုတ်ကလေးထွက်လာပြီး နာရီဝက်သောက်အကြာတွင် ရင်ရင်ရွှေအိမ်သို့ လူတစ်ယောက်ရောက်လာပြီး ဖိုးတုတ်ကလေးကို မေးမြန်းကြောင်း၊ ဖိုးတုတ်ကလေး ပြန်သွားပြီဆိုသည့်အခါတွင် လိပ်စာကို မေးပြီး သူလည်း ပြန်ထွက်သွားကြောင်း၊ ထိုသူမှာ မည်သူမည်ဝါ မသိကြောင်းဖြင့်ပါရှိ၏။

"ဘယ်သူဘယ်ဝါလို့သာ မသိလိုက်ပေမယ့် သူ့ပုံပန်းသဏ္ဌာန်ကိုတော့ သိခဲ့ရတယ်ဆရာ။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးကွဲ။ ဝတ်ထားတာကတော့ အကျပဲတဲ့၊ ခု ဘဟန်ကို စစ်ကြည့်တော့ ဘဟန်ကလည်း သူမြင်လိုက်ရတဲ့ လူပုံပန်းသဏ္ဌာန်နဲ့ အတူတူပဲလို့ ထွက်တယ်ဆရာ"

"အင်း–ဖြစ်မယ်ဆိုရင် ဖြစ်နိုင်ပါတယ်၊ အမှုဖြစ်ပွားတုန်းမှာ သူ မရှိဘူးဆိုတာ အယ်လီဘိုင်ပြချင်လို့ ဒီမှာလာပြီး ကိုယ်ယောင်ပြတာ ဖြစ်နိုင်တာပေါ့။ အဲဒီလူကို သူလည်း လိုက်ရှာနေတယ် ဆိုတာမျိုးဖြစ်အောင် ပြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သတိဝီရိယရှိတဲ့ လူသတ်သမားများဟာ ဒီလိုပဲ ကိုယ့်ဘက်က ဟာကွက်တို့ ဘာတို့ မရှိအောင် ကြိုတင်ပြင်ဆင်လေ့ရှိကြတယ်။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်ကွ၊ ရင်ရင်ရွှေတို့အိမ်ရောက်တော့ ဘာဖြစ်လို့ ဖိုးတုတ်ကလေးရဲ့ လိပ်စာကို မေးသလဲ၊ ဒါက စဉ်းစားစရာပဲ"

"ဟုတ်တယ် ဆရာ၊ အမှုကတော့ ကျွန်တော်တို့ ထင်သလောက် မလွယ်ဘူး၊ ခပ်ရှုပ်ရှုပ်ပဲ"

"ချည်ထုံးရှိရင် ချည်စ ထွက်နေတာတော့ ရှိရမှာပေါ့ကွာ၊ အဲဒီအစကို လိုက်ရှာကြည့်ရမှာပဲ၊ ခုလောလောဆယ်တော့ အဲဒီအစကို သေသူ ဖိုးတုတ်ကလေးရဲ့ အိမ်မှာပဲ ရှာကြည့်ရဦးမှာပဲ။ အဲဒီမှာ မတွေ့တော့မှ နောက်တစ်နေရာပေါ့"

■

ဖိုးတုတ်ကလေး၏အိမ်မှာ (---)လမ်းရှိ သုံးထပ်တိုက်အဟောင်းကြီး အပေါ်ထပ်တွင် ရှိ၏။ လမ်းမှာ ကျဉ်းမြောင်းညစ်ပတ်လျက်ရှိကာ တရုတ်မ ဘောင်းဘီများ၊ ကလေးဝတ်အင်္ကျီများကို ဝရန်တာများမှ ဝါးလုံးတန်းထုတ်၍ လှန်းထားလေရာ ထိုအရာများသည် လမ်းသွားလမ်းလာများ၏ ခေါင်းပေါ်တွင် အလံများသဖွယ် တလူလူဝဲပျံလျက်ရှိ၏။

ကျွန်ုပ်တို့သည် မတ်စောက်သော လှေကားအတိုင်း အပေါ်ဆုံးထပ်သို့ တက်လာခဲ့ပြီးနောက် ဆေးစိမ်းသုတ်ထားသည့် တံခါးကို တွန်းလိုက်သည်တွင် တံခါးသည် အသာပွင့်သွား၏။ အခန်းတစ်ခုလုံးမှာ ဖရိုဖရဲဖြစ်လျက်ရှိပြီး နံရံကပ်ဗီရိုမှာ ပွင့်လျက်ရှိ၍ အဝတ်အစားများသည် ဗီရိုထဲမှ လျှောကျလျက်ရှိကာ အချို့မှာလည်း ကြမ်းပြင်ပေါ်တွင် ကျလျက်ရှိကြ၏။ စားပွဲ၊ ကုလားထိုင်များမှာလည်း ဖရိုဖရဲဖြစ်လျက်ရှိ၏။ အခန်းအလယ်တွင်မူ မိန်းမ တစ်ယောက် ရပ်လျက်ရှိသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမသည် ကျွန်ုပ်တို့ကို မြင်လိုက်သည့်အခါတွင် လန့်ဖျပ်သွားဟန်ရှိ၏။ လက်ထဲတွင် ကြေမွလျက်ရှိသော စာရွက်အချို့ကိုင်ထားသည်ကို တွေ့ရ၏။ ထိုမိန်းမမှာ အသက်လေးဆယ်နီးပါးရှိပြီဖြစ်သည့်တိုင် အသက်နှစ်ဆယ်တစ်ဝိုက် အပျိုကလေးများသဖွယ် ဝတ်ဆင်ထားပြီး မျက်နှာတွင်လည်း မိတ်ကပ်များ ထူထပ်စွာ ဖို့ထား၏။ သို့ရာတွင် ထိုမိတ်ကပ်များသည် ညိုးနွမ်းရင့်ရော်စပြုလျက်ရှိသော မျက်နှာကို ဖုံးကွယ်နိုင်ခြင်းမရှိတော့ချေ။ ကျွန်ုပ်သည် ထိုမိန်းမကို တစ်ချက်မျှ သိမ်းကျုံး၍ အကဲခတ်လိုက်၏။ ထိုမိန်းမသည် တရုတ်မများဝတ်လေ့ရှိသော အစိမ်းရောင်ပေါ်တွင် အပွင့်ကြီးများ ဖော်ထားသည့် ဖဲအင်္ကျီ၊ ဖဲလုံချည်တို့ကို ဝတ်ဆင်ထားပြီး ဒေါက်မြင့်ဖိနပ်ကို စီးထား၏။ စာရွက်ကိုင်ထားသည့် သူ့လက်များမှာ လက်သည်းနီဆိုးထား၏။ ကိုယ်လုံးကိုယ်ပေါက်မှာမူ ယခုတိုင် တောင့်တင်းဆဲ ရှိသေး၏။

"ကျွန်တော်က လမ်းမတော်ဌာနာအုပ် ဘဂျမ်းပါ။ ခင်ဗျားက ဒေါ်ရင်ရင်ရွှေ (ခေါ်) အလှ (ခေါ်) မရှုလွမ်ိ (ခေါ်) ဂရေစီ"

"မြင့်မြင့်လို့လည်း ခေါ်သေးတယ်ရှင့်"

ဟု ထိုမိန်းမက ကြားဖြတ်၍ ပြောလိုက်၏။

ကျွန်ုပ်သည် သူ့အနီးမှ ဖြတ်လာကာ ဒုတိယ အခန်းတစ်ခုထဲသို့ ဝင်ကြည့်လိုက်ရာ ထိုအခန်းထဲတွင်လည်း ပစ္စည်းများသည် ဖရိုဖရဲ ဖြစ်လျက်ရှိ၏။

"ခင်ဗျားလည်း တစ်ခုခုရှာနေတာ မဟုတ်လား"

"ကျွန်မထက် အရင်တစ်ယောက်က ဝင်မွှေနှောက် ရှာသွားပြီးပြီရှင့်"

"ဟုတ်လား"

အမျိုးသမီးကြီးသည် လက်ကိုင်အိတ်ကိုဖွင့်၍ ပိုလိုတစ်လိပ်ကို မီးညှိဖွာလိုက်ပြီးလျှင်–

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရောက်တော့ အခန်းတစ်ခုလုံး ရှင်တို့ မြင်တဲ့အတိုင်း ပွနေတာပဲ၊ တစ်ယောက်ယောက် ဝင်မွှေသွားပြီထင်တယ်၊ ကျွန်မပစ္စည်းတွေကို လာရှာတာ၊ ကိုဖိုးတုတ်က ကျွန်မရဲ့... ကျွန်မနဲ့ လုပ်ဖော်ကိုင်ဖက်လေ"

"ခင်ဗျားလာရှာတဲ့ပစ္စည်းကို အရင်ရောက်တဲ့လူက ယူသွားပြီလား၊ မတွေ့ဘူးလား"

"သေသေချာချာတော့ မရှာရသေးဘူးရှင့်၊ ကျွန်မ ပစ္စည်းလေးတွေကိုတော့ ယူသွားမယ် မထင်ပါဘူးရှင်၊ သူတို့အတွက် ဘာအသုံးကျတာမှတ်လို့"

ကျွန်ုပ်သည် ထိုအမျိုးသမီးကြီးကို သေချာစွာ စိုက်ကြည့်လိုက်၏။ အမျိုးသမီးက ကျွန်ုပ်၏အကြည့်ကို ခပ်ပြုံးပြုံးဖြင့် တုံ့ပြန်သည့်အခါ၌မူ ထိုမိန်းမ၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည့် စိတ်ဓာတ်ကို ကြည့်၍ အံ့သြရပေသေး၏။

"ခင်ဗျားသိတဲ့အတိုင်း ဖိုးတုတ်ကလေး လူသတ်ခံရတယ်၊ ခင်ဗျားနဲ့ လုပ်ဖော်ကိုင်ဖက်ဆိုတော့ သူ ဘာဖြစ်လို့ အသတ်ခံရတယ်လို့ ထင်သလဲ၊ ထင်ကြေး မပေးနိုင်ဘူးလား"

"ဘယ်ပြောတတ်မလဲရှင်၊ သူ့မှာ ရန်သူတွေ အများသားကလား"

"သူ့ဖိနပ်ရယ်၊ နာရီရယ်၊ ပိုက်ဆံတွေရယ် ယူထားတဲ့ သူတောင်းစားတစ်ယောက်ကိုတော့ ဖမ်းထားတယ်"

အမျိုးသမီးသည် သူ့ရင်ကို လက်ဖြင့် ဖိလိုက်ပြီး–

"အို–သူတောင်းစားကတော့ သူ့ကို သတ်မယ်မထင်ပါဘူးရှင်၊ လိုချင်ရင် ပစ္စည်းလောက်ကိုပဲ ယူသွားမှာပေါ့"

"ခင်ဗျားပြောပုံက သေချာလှချည်လား၊ ကဲ–အစ်မကြီး ကျွန်တော့်ကို အကြောင်းကြောင်းလုပ်မယ်လို့တော့ စိတ်မကူးနဲ့၊ မေးနေတာတွေကို ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြေပါ။ မနေ့ညတုန်းက ခင်ဗျားအခန်းကို လူတစ်ယောက်ရောက်လာပြီး ဖိုးတုတ်ကလေးကို မေးတယ်မဟုတ်လား။ အဲဒီလူကို ခင်ဗျား သံသယဖြစ်နေတယ် မဟုတ်လား၊ အဲဒီလူ ဘယ်သူလဲ"

အမျိုးသမီးသည် ဘာမျှထူးခြားဟန်မရှိသော မျက်နှာထားဖြင့်–

"မနေ့ညက ကျွန်မကောင်းကောင်း နေမကောင်းဘူးရှင့်၊ ခေါင်းကိုက်၍လို့ အိပ်နေတယ်။ အလုပ်တောင် ကောင်းကောင်း မလုပ်နိုင်ဘူး။ ဧည့်သည်တွေကတော့ လာတာပဲ၊ သူ့ဧည့်သည်တွေကိုလည်း ကျွန်မစိတ်မဝင်စားပါဘူး။ ကျွန်မဧည့်သည်ကိုပဲ ကျွန်မ စိတ်ဝင်စားတာပေါ့"

"အဲဒီလူကိုရော ခင်ဗျားမြင်လိုက်သလား"

"ရိပ်ခနဲ မြင်လိုက်ရုံပါပဲ၊ ကျွန်မတော့ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

"ပုံပန်းသဏ္ဌာန်ကကော"

"အရပ်မြင့်မြင့်၊ ကိုယ်လုံးတောင့်တောင့်ရယ်"

"ကျွန်တော်တို့သိထားတဲ့လူကတော့ အဲဒီပုံပန်းသဏ္ဌာန် မဟုတ်ဘူးဗျ၊ အရပ်ခပ်သင့်သင့်၊ ကိုယ်လုံးခပ်သွယ်သွယ်ရယ်"

"မပြောတတ်ဘူးလေ၊ ကျွန်မအခန်းထဲမှာ ဧည့်သည်တွေ အများကြီးလာတော့ ကျွန်မ အမှတ်မှားတာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ ဟုတ်ပြီ ဟုတ်ပြီ။ အရပ်ထောင်ထောင်မောင်းမောင်းနဲ့ ကိုယ်လုံးတောင့်တောင့် လူတစ်ယောက်လာတာလည်း တွေ့လိုက်တယ်"

ကျွန်ုပ်သည် ကျင့်သားရနေသော ပုလိပ်မျက်စိဖြင့် အမျိုးသမီးကို တစ်ချက် စိုက်ကြည့်လိုက်ပြန်၏။ သို့ရာတွင် အမျိုးသမီးပြောသည့် စကားသည် အမှန်လော၊ အမှားလော ဆိုသည်ကို ကျွန်ုပ်ခွဲခြား၍ မပြောနိုင်ချေ။

"ဒီမှာအစ်မကြီး ကျွန်တော့်ကို လိမ်မယ် မကြံနဲ့နော်"

ကျွန်ုပ်က မျက်နှာတင်းတင်း လေသံခပ်ထန်ထန်ဖြင့် ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ဒေါသထွက်ဟန်ဖြင့်–

"ဘာလိမ်ရမှာလဲရှင့်၊ သိတာကို ပြောတာပဲ၊ မယုံရင်လည်း နေပေါ့။ သူ့ဆီလာတဲ့ ညေ့်သည်တိုင်းကို ကျွန်မဘာယှဉ်နှယ်လုပ် သိနိုင်ပါ့မလဲ။ ခုရှင်တို့ သူ့ကို သတ်တယ်ဆိုတဲ့ သူတောင်းစားကို မိထားပြီ မဟုတ်လား၊ ဒီတော့ သူ့ကို စစ်ပေါ့။ ကျွန်မကို ဘာဖြစ်လို့ အနှောင့်အယှက်လာပေးနေရတာလဲ"

"ဪ–ဒါဖြင့် သူတောင်းစားသတ်တယ်လို့ ခင်ဗျား ပြောချင်တယ်ပေါ့၊ ကောင်းပြီလေ ခင်ဗျားထွက်ချက်ခိုင်လုံရင် သူ့ကိုပဲ ရုံးတင်ရမှာပေါ့။ ဒီကောင်ကို ခင်ဗျား ကြိုးစင်ပို့တာနော်။ ခင်ဗျား ထွက်ချက်ကို ရုံးတင်မှာ၊ စကားကို သေသေချာချာ ကြည့်ပြော"

အမျိုးသမီး၏မျက်နှာသည် ထိတ်လန့်သည့်အသွင်ကို ဆောင်သွား၏။

"ရှင် ကျွန်မကို ပုလိပ်စစ် စစ်မနေနဲ့၊ ခြောက်တိုင်း ကြောက်မယ့် အစားထဲက မှတ်သလား"

"သိပါတယ်ဗျာ၊ အစ်မကြီးဟာ သတ္တိခဲဆိုတာ သိပါတယ်"

ကျွန်ုပ်က လူဆိုးထိန်းစံအေးဘက်သို့ လှည့်ကာ–

"စံအေးရေ ဒီမှာ ပုလိပ်တစ်ယောက်လောက် ချထားပြီး သူရှာချင်တဲ့ ပစ္စည်းကို ကူအရှာခိုင်းလိုက်ပါကွာ၊ လာ တို့လိုက်ပြီး စုံစမ်းကြဦးစို့"

ကျွန်ုပ်နှင့်စံအေးသည် သုံးထပ်တိုက်ဟောင်းကြီးပေါ်မှ ဆင်းလာခဲ့ရာ အနီးရှိ အခန်းများသို့ စုံစမ်းကြည့်သေး၏။ အနီးရှိ အခန်းများမှာ တရုတ်အမျိုးသားများဖြစ်သည့်အတွက် ဘာကိုမျှ ကောင်းကောင်းမဖြေနိုင်ကြချေ။ အခန်းတစ်ခန်းမှမူ ဆယ်မိနစ်လောက်က အမျိုးသမီးတစ်ယောက်တက်သွားသည်ကို မြင်လိုက်ရကြောင်းပြော၏။

ကျွန်ုပ်တို့နှစ်ယောက်သည် တိုက်ပေါ်မှ ဆင်းလာခဲ့ကြစဉ် ကျွန်ုပ်က–

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်ကို ခြိမ်းခြောက်ရတာကတော့ မကောင်းဘူးကွ"

"ဒါကတော့ အမှုမှန်ပေါ်အောင်လို့ လုပ်ရတာကိုး ဆရာရဲ့"

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ၊ အထူးသဖြင့် မိန်းမတစ်ယောက်ကို ခြိမ်းခြောက်ရတာကတော့ မကောင်းတာအမှန်ပဲ၊ ငါ့အထင်တော့ သူ့အခန်းကိုလာပြီး မီးတုတ်ကလေးကို ရှာတယ်ဆိုတဲ့ ငနဲကို ကြိုတင်သတိပေးလိမ့်မယ်ထင်တယ်၊ ငါသူ့နောက်ကို လိုက်ကြည့်ဦးမယ်၊ မင်းပြန်နှင့်"

ကျွန်ုပ်သည် မှာစရာရှိသည်တို့ကို မှာပြီးနောက် လူဆိုးထိန်းစံအေးတို့ ဂါတ်တဲသို့ ပြန်လွှတ်လိုက်ပြီး ကျွန်ုပ်ကိုယ်တိုင်မှာမူ ဟုတ်လျောင်ပျော်ပွဲစားရုံတွင် သော့တံဆိပ် ဂျက်ဖရီဘီယာတစ်လုံးနှင့် အသည်းကင်တို့ကိုမှာယူစားသောက်လျက်ရှိ၏။ ဘာမျှ မကြာလိုက်ချေ၊ ဘီယာတစ်လုံး ကုန်သွားသည့်အခါတွင် အပေါ်ထပ်မှ ခပ်သုတ်သုတ်ထွက်လာသည့် ဒေါ်ရင်ရင်ရွှေနောက်သို့ ခပ်လှမ်းလှမ်းမှ လိုက်လာခဲ့၏။ ဒေါ်ရင်ရင်ရွှေသည် ခပ်သုတ်သုတ်သွားလျက်ရှိရာ တစ်ခါတစ်ခါတွင်လည်း လူအုပ်ကြားထဲမှ တိုးဝှေ့ကာရှေ့သို့အလောတကြီး သွားလျက်ရှိ၏။ မောင်ခိုင်လမ်း (ဗိုလ်ရွဲလမ်း)ဘက်သို့အရောက်တွင် ဒေါ်ရင်ရင်ရွှေသည် ကြည့်မြင်တိုင်ဘက်မှ လာနေသောအအီးတီ ဓာတ်ရထားပေါ်သို့ တက်လိုက်သွားရာ ကျွန်ုပ်သည်လည်းဓာတ်ရထားနောက်ပေါက်မှ အသာတက်လိုက်လာခဲ့၏။ အချိန်မှာ ဈေးသွားဈေးဝယ်တို့ ရှုပ်ယှက်ခတ်လျက်ရှိသော အချိန်ဖြစ်သဖြင့် ဓာတ်ရထားပေါ်တွင်လူတွေ ပြည့်ကျပ်လျက်ရှိ၏။ စူရတီဘဇားခေါ် သိမ်ကြီးဈေးမှတ်တိုင်သို့ရောက်သည့်အခါ ဒေါ်ရင်ရင်ရွှေသည် အောက်သို့ ဆင်းသွားကာ လန်ချားတစ်စီးကို တက်စီးပြီးလျှင် ကုန်သည်လမ်းအတိုင်း အရှေ့သို့ချိုးသွားသဖြင့်ကျွန်ုပ်မှာလည်း နောက်မှ လန်ချားတစ်စီးဖြင့် လိုက်လာခဲ့၏။ ဒေါ်ရင်ရင်ရွှေသည် ကုန်သည်လမ်းမှ ဘားလမ်းထဲသို့ ချိုးဝင်လိုက်ပြီးနောက် ဟိုက်ကုတ်

www.burmeseclassic.com

www.burmeseclassic.com



နာရီစင်ကြီးရှေ့ ပလက်ဖောင်းတွင် ဆင်းကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသဖြင့် ကျွန်ုပ်မှာလည်း သူ မမြင်အောင်ဆင်း၍ ဖိုက်စကွဲယားခေါ် ဘုရင်မ ပန်းခြံထောင့် သံဝင်းထရံတွင် ပေါက်နေသည့် ပန်းချုံကြီးတစ်ချုံကို ကွယ်၍ အကဲခတ်စောင့်ကြည့်နေ၏။ ခဏကြာလျှင် ဒေါ်ရင်ရင်ရွှေသည် ပန်းခြံဝင်းထဲသို့ ဝင်သွားသည်တွင် ကျွန်ုပ်လည်း ခပ်လှမ်းလှမ်းမှ လိုက်လာခဲ့၏။ ထို့နောက်တွင်မူ ဒေါ်ရင်ရင်ရွှေသည် ဗိုဂိန်းဗီလာပင်များတင်ထားသည့် ပန်းပေါင်းကူးကလေး တစ်ခုအောက်ရှိ တန်းလျားပေါ်တွင် ထိုင်ကာ တစ်စုံတစ်ယောက်ကို မျှော်နေဟန်ဖြင့် ဟိုက်ကုတ်ခြံဘက်အပေါက်ဆီသို့ ငေးမျှော်ကြည့်နေ၏။

ထိုအချိန်မှာ နေ့လယ်စာစားရန် ရုံးဆင်းချိန်ဖြစ်၍ ပန်းခြံထဲတွင် လူတွေ ဥဒဟို ဖြတ်သန်းသွားလာလျက်ရှိ၏။ ကျွန်ုပ်သည် ပန်းချုံတစ်ခု အကွယ်မှနေ၍ ဒေါ်ရင်ရင်ရွှေကို စောင့်ကြည့်လျက်ရှိရာ ခဏကြာလျှင် ပန်းခြံထဲမှ ကျောက်လမ်းကလေးအတိုင်း လျှောက်လာသော အရပ်ထောင်ထောင် မောင်းမောင်း ကိုယ်လုံးတောင့်တောင့် လူတစ်ယောက်ကို မြင်လိုက်ရပြီး ရင်ရင်ရွှေမှာလည်း လည်ကိုဆန့်တန်းကာ ထိုလူကိုစောင့်မျှော်နေဟန် ရှိပေ၏။ ထိုလူမှာ ဗယ်လင်တီနိုကော၊ စတစ်ကော်လံအကျႌ၊ အယ်လပတ်ကား တိုက်ပုံနှင့် ကျူထရံကွက် ရွှေတောင်ပိုးလုံချည်တို့ကို ဝတ်ထား၏။ ထိုလူသည် ဒေါ်ရင်ရင်ရွှေနှင့် ခပ်လှမ်းလှမ်းရှိ တန်းလျားတစ်ခုတွင် ဝင်ထိုင်လိုက်၏။ ထိုလူမှာ အသက်နှစ်ဆယ်ကျော် အစိတ်မျှသာ ရှိမည်ဟု ထင်ရ၏။

ရင်ရင်ရွှေသည် ထိုလူထိုင်နေရာ ခုံတန်းလျားအစွန်တွင် ဝင်ထိုင်လိုက်သည်တွင် ထိုလူသည် သူ့ကို လှမ်းကြည့်လိုက်၏။ ဒေါ်ရင်ရင်ရွှေသည် ထိုလူရွှယ်အနီးသို့တိုးကာ–

"မောင်လေးကို ကိုယ်ရေးကိုယ်တာတစ်ခု တိုင်ပင်ချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်သည် ထိတ်လန့်သွားဟန်ဖြင့်–

"ဘာကိစ္စလဲခင်ဗျာ၊ ကိစ္စရှိရင် ဟောဟို ဟိုက်ကုတ်ရုံးကြီးပေါ်မှာ ကျွန်တော့်ရုံးခန်းရှိပါတယ်၊ ရုံးချိန်မှာ လာခဲ့ပါ"

"အရေးကြီးလို့ပါ မောင်လေးရယ်၊ အစ်မကြီးအဖို့ အချိန်မရလို့ပါ၊ တစ်ဆိတ်..."

ရင်ရင်ရွှေသည် သူ့အနားသို့ တိုးသွားရာ ထိုလူသည် ရှက်သွားဟန်ဖြင့် နေရာမှ ရုတ်ခနဲထလိုက်ပြီး–

"ဒီမှာ အစ်မကြီး၊ ကျွန်တော်အေးအေးဆေးဆေး လာအနားယူနေတာကို မနှောင့်ယှက်ပါနဲ့၊ အစ်မကြီးကို ကျွန်တော် သိလည်းမသိဘူး၊ အဆက်အဆံရှိဖူးတာ မဟုတ်ဘူး၊ ဒီတော့ လူမြင်ကွင်းမှာ ဒီလိုမလုပ်ပါနဲ့"

ထိုလူသည် ဘေးတွင်ချထားသည့် သူ့ရိယသတင်းစာကို ကောက်ကိုင်ကာ ခပ်သုတ်သုတ် ပြန်ထွက်သွား၏။ ရင်ရင်ရွှေမှာ ထ၍မလိုက်တော့ဘဲ ထိုနေရာတွင်ထိုင်ရင်း ကျန်ရစ်ခဲ့၏။ ထိုလူမှာမူ ဟိုက်ကုတ်ရုံးကြီးထဲသို့ ပြန်ဝင်သွား၏။ ကျွန်ုပ်သည် ရုံးကြီးထဲသို့လိုက်သွားကာ ထိုလူကို စုံစမ်းရာ ထိုလူမှာ ဟိုက်ကုတ်ရုံးဝန်ထောက်ကလေး ကိုသိန်းမောင်ဆိုသူ ဖြစ်ကြောင်း သိခဲ့ရ၏။

■

ဂါတ်တဲသို့ ပြန်ရောက်သည့်အခါ၌ ကျွန်ုပ်သည် ကျွန်ုပ်တစ်ယောက်တည်းသာ ကိုင်ခွင့်ရှိသည့် မှတ်တမ်းဗီရိုကြီးကို လှန်လှောကာ 'ကိုသိန်းမောင်' ဟူသော အမည်ကို လိုက်ရှာ၏။ ကျွန်ုပ်က မှတ်တမ်းကို ဖတ်ရှုနေရာမှ–

"မှင်ကောင်းလုတဲ့မိန်းမ ဒီတစ်ခါတော့ လုလုကြီး မိရောပေါ့ကွ" ဟု ပြောလိုက်သည်တွင် လူဆိုးထိန်းစံအေးက အရင်းမရှိ အဖျားမရှိ ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သော ကျွန်ုပ်စကားကို ကောင်းစွာနားမလည်နိုင်ဘဲ–

"ဘာကိုပြောတာလဲ ဆရာ"

"ရင်ရင် ဆိုတဲ့ အမျိုးသမီးနောက်ကို ငါ လိုက်ကြည့်တယ်ကွ၊ ဘယ်သူ့ဆီကို သွားသလဲဆိုတော့ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်း ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်နဲ့ ဟိုက်ကုတ်ရုံးဝန်ထောက် ကိုသိန်းမောင်ဆိုတဲ့ လူဆီကို သွားတွေ့တယ်၊ ရင်ရင်ရွှေ အခန်းကို ဟိုတစ်နေ့က လာတယ်ဆိုတဲ့ လူရဲ့ ပုံပန်းသဏ္ဌာန်အတိုင်းပဲ၊ ဒါပေမဲ့ ခက်တာက အဲဒီလူက ရင်ရင်ရွှေဆိုတဲ့ မိန်းမကို မသိဘူးဖြစ်နေတယ်"

"အင်း–စဉ်းစားစရာပေါ့ ဆရာ၊ ကျွန်တော်တို့ အလိုက်ရခက်ပြီး ရှုပ်ထွေးကုန်အောင် တမင်အကွက်ဆင်တာကော မဖြစ်နိုင်ဘူးလား"

"မဟုတ်ဘူးထင်တယ်ကွ။ ကိုသိန်းမောင်အကြောင်းကို ငါ လိုက်ကြည့်တော့ လူကောင်းသူကောင်းပဲ။ သူ ဟိုက်ကုတ်ရုံးဝန်ထောက်ပဲ။ အလုပ်ကြိုးစားတယ်၊ အထက်လူကြီးတွေကလည်း သဘောကျတယ်။ နေတာကတော့ ကြည့်မြင်တိုင်မှာ၊ မိန်းမရှိတယ်၊ ကလေးနှစ်ယောက်ရှိတယ်။ အပျော်အပါးတို့၊ အလောင်းအစားတို့ ဘာမှ မရှိဘူး။ အားရင် ဘားနဒ်ပိဋကတ်တိုက်သွားပြီး ရှေးစာပေတွေကို ဖတ်တယ်။ နောက်ကြောင်းရာဇဝင်ရှင်းတယ်။ ဒီတော့ ဒီလိုလူတစ်ယောက်ဟာ ဘာဖြစ်လို့ ရင်ရင်ရွှေရဲ့ အခန်းကိုရောက်သွားရတာလဲ"

"ဒါကတော့ဆရာ ကုပ်ကမြင်းတို့ ဘာတို့လည်း ဖြစ်နိုင်တာပေါ့၊ တချို့ ဒီလိုပဲ မဟုတ်လား၊ ကြည့်တော့ သူတော်ကောင်း"

"အေး–ဟုတ်တယ်၊ မင်းလိုကောင်မျိုးပေါ့။ နေစမ်းပါဦးကွ ရင်ရင်ရွှေဟာ ဘာဖြစ်လို့ ဒီလူကို ဖုံးကွယ်နေရတာလဲ။ ဘာဖြစ်လို့ သူ့ဆီကို သွားရတာလဲ။ ပြီးတော့ ဒီလူ့ကို ကြည့်ရတာကလည်း ရင်ရင်ရွှေလိုမိန်းမမျိုးနဲ့ ထိုင်နေတာကို

www.burmeseclassic.com

www.burmeseclassic.com



လူတွေမြင်သွားမှာကို တော်တော်ရှက်တဲ့ပုံပဲ၊ အေးလေ သူ့အနေနဲ့လည်း ဒီလိုမိန်းမမျိုးနဲ့ ဘယ်မှာ လူမြင်ခံနိုင်ပါ့မလဲ၊ သူ့ဘဝတစ်ခုလုံး ပျက်သွားနိုင်တာကိုး။ ဒါကတော့ နားလည်နိုင်ပါတယ်၊ ငါ နားမလည်နိုင်တာက ရင်ရင်ရွှေဟာ ဒီလူက သူ့ကို စကားမပြောဘဲနေတော့ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ထိခိုက်သွားရတာလဲ။ ဒေါသကြောင့်လား၊ ကြောက်လို့လား"

ကျွန်ုပ်သည် ရုံးခန်းကလေးထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရာမှ လူဆိုးထိန်းစံအေးဘက်သို့ လှည့်လိုက်ပြီးလျှင်–

"အင်း–ဒီအမှုမှာ အဓိက အရေးကြီးတဲ့ လူကတော့ ဖိုးတုတ်ကလေးပဲကွ။ ခု ဖိုးတုတ်ကလေးသေပြီဆိုတော့ အစကို လိုက်ရှာရတာ ခက်နေတယ်။ ဒီတော့ ငါပဲ ဖိုးတုတ်ကလေးနေရာ ဝင်ကြည့်ရမှာပဲ"

"ဘာပြောတယ် ဆရာ"

"ဖိုးတုတ်ကလေးဟန်ဆောင်ကြည့်ပြီး စုံစမ်းရမှာပေါ့ကွ"

"ကျွန်တော် နားမရှင်းသေးဘူး ဆရာ။ အဲဒီ ကိုသိန်းမောင်ကို ဂါတ်တဲကို ခေါ်ကြည့်ပြီး အဲဒီညက လမ်းထောင့်မှာ တာဝန်ကျနေတဲ့ ပတ္တရောင်နဲ့ တွေ့ပေးကြည့်ပါလား။ ဘာဖြစ်လို့ ဆရာက ဖိုးတုတ်ကလေး ဟန်ဆောင်နေရဦးမှာလဲ"

"ဖြည်းဖြည်းပေါ့ကွာ၊ လူတစ်ယောက်ကို ဂါတ်တဲကို ခေါ်ရတာဟာ သိပ်မကောင်းလှဘူးကွ၊ မဟုတ်ရင် အခေါ်ခံရတဲ့လူမှာ အများကြီးနစ်နာတယ်။ ဒီတော့ ခဲတစ်လုံးတည်းနဲ့ ငှက်တော်တော်များများကို ပစ်ကြည့်ရမှာပဲ"

"ဆိုပါဦး ဆရာ"

"ဒီနေ့ည ဘာဟန်ကိုထုတ်ပြီး လမ်းက ရင်ရင်ရွှေ အိမ်ရှေ့နားမှာ မယောင်မလည်နဲ့ သူတောင်းစားလုပ်ခိုင်းရမယ်။ ပြီးတော့ အဲဒီညက အလောင်းနားက

www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့လူကို စောင့်ကြည့်စမ်းပါလို့ ပြောထား၊ သူ့လည်ပင်းကို ကြိုးကွင်း မစွပ်စေချင်ရင် အဲဒီလူကို သေသေချာချာ စောင့်ကြည့်လို့ ပြော၊ ပြီးတော့ ရင်ရင်ရွှေတို့ တိုက်ခန်းအောက်ထပ်မှာ ဟုတ်လျှောင် ပျော်ပွဲစားရုံ ရှိတယ်။ အဲဒီကို ပုလိပ်တစ်ယောက် အရပ်ဝတ်အရပ်စားနဲ့ လွှတ်ထား။ ဖိုးတုတ် ကလေးရဲ့နာမည်ကို ပြောသံကြားတဲ့လူကို သေသေချာချာမှတ်ထား။ ပြီး တော့ အဲဒီပျော်ပွဲစားရုံမှာ ဖိုးတုတ်ကလေးထိုင်တဲ့ စားပွဲရှိတယ်။ အဲဒီစားပွဲ ကိုလည်း လူတစ်ယောက်မှ မထိုင်ပါစေနဲ့ ရှင်းထား ကြားလား"

"ဟုတ်ကဲ့ ဆရာ၊ မေးပါရစေဆရာ၊ အဲဒီကိုသိန်းမောင်ဆိုတဲ့ လူ ဒါမှမ ဟုတ် တစ်ယောက်ယောက်က ဘာဖြစ်လို့ ဟုတ်လျှောင်ပျော်ပွဲစားရုံကို လာ မယ်လို့ ဆရာပြောနိုင်သလဲ"

"ငါ ပြောတာကိုသာ နားထောင်စမ်းပါ"

ကျွန်ုပ်သည် လက်ကိုင်ပဝါကို ထုတ်လိုက်ပြီးနောက် တယ်လီဖုန်း ခွက်ကို နှစ်ထပ်အုပ်လိုက်ပြီးလျှင် ဟိုက်ကုတ်ရုံးသို့ တယ်လီဖုန်းဆက်လိုက် ၏။

"ဟိုက်ကုတ်ရုံးကလား ခင်ဗျာ၊ ကျေးဇူးပြုပြီး ဝန်ထောက်ကလေး ကိုသိန်းမောင်ကို ခေါ်ပေးပါ၊ ကျေးဇူးတင်ပါတယ်"

ခဏကြာလျှင် တစ်ဖက်မှ အသံခပ်တုန်တုန်ဖြင့် ပြောသံကို ကြားရ၏။

"ဟုတ်ပါတယ် ကျွန်တော် သိန်းမောင်ပါ၊ ကျွန်တော်နဲ့ စကားပြောချင် တာ ဘယ်သူလဲဗျာ"

"ကျွန်တော်ပါ။ အရင်နေရာ အရင်စားပွဲမှာ စောင့်နေမယ်ဗျာ၊ လာဖြစ် အောင်လာခဲ့ပါ"

ကျွန်ုပ်သည် တယ်လီဖုန်းကို ချလိုက်ပြီးနောက် လက်ကိုင်ပဝါကို အိတ် ထဲသို့ ပြန်ထည့်လိုက်ရင်း-

www.burmeseclassic.com

www.burmeseclassic.com



"နည်းတစ်နည်းတော့ စမ်းကြည့်တာပဲကွာ အကယ်၍ မနေ့ညကလာတဲ့လူဟာ သူမှန်ရင် လာမှာ သေချာတယ်၊ သူ့မှာ အပြစ်ရှိတယ်ဆိုရင်လည်း ကြောက်လို့လာမှာပဲ၊ အပြစ်မရှိဘူးဆိုရင်လည်း သူ ညကလာတဲ့ ကိစ္စကို ပြောရအောင် လာမှာပဲ၊ ဖိုးတုတ်ကလေးစီးတဲ့ ဖိနပ်နဲ့ ငါနဲ့တော့ ကိုက်လိမ့်မယ်ထင်ပါရဲ့"

■

စံအေးသည် ဘဟန်ကို အချုပ်ခန်းထဲမှ ထုတ်လာကာ ရင်ရင်ရွှေတို့ တိုက်ခန်းအောက်ထပ်ရှိ ဟုတ်လျှောင်ပျော်ပွဲစားရုံအနီးသို့ ခေါ်လာပြီးလျှင် လမ်းထဲတွင် သူတောင်းစားအသွင်ဖြင့် ထိုင်စောင့်နေရန် စီမံထား၏။ လမ်းကလေးမှာ ကျဉ်းမြောင်းနံစော်လျက်ရှိပြီး ခပ်မှိန်မှိန်လင်းနေသော လမ်းမီးများမှ အရောင်ကြောင့် လမ်းကျဉ်းကလေးသည် ဒုစရိုက်အသွင်ကို ဆောင်လျက်ရှိသည် ထင်ရသည်။ ထိုညမှာ ပူအိုက်သည့် နွေညတစ်ညဖြစ်သည့်အတွက် လူများမှာတော်တော်နှင့် မအိပ်နိုင်ကြသေးဘဲ အပြင်ထွက် ထိုင်သူထိုင်၊ လမ်းထိပ်သို့ သွား၍ အအေးသောက်သူသောက်ဖြင့် စည်ကားဆဲ ရှိနေသေး၏။ မာကျောက်ရိုက်သံ၊ ကက်ဆွဲသံ၊ ဝါးပိုးလုံးကို တုတ်တိုဖြင့် ခေါက်လာသော ခေါက်ဆွဲရောင်းသည့် တရုတ်၏ တောက်တောက်သံ၊ လန်ချားကုလား၏ ဒိုင်းနားဘားယားအော်သံ၊ ပုလင်းသံ၊ ဖန်ခွက်သံ၊ တရုတ်သီချင်းသံစသည့် အသံပေါင်းစုံသည် ပူအိုက်သည့် ညကို ပို၍ ပူလောင်အိုက်စပ်အောင် လုပ်ပေးနေသကဲ့သို့ရှိ၏။ တစ်ခါတစ်ရံတွင် ရန်ကုန် မြစ်ဘက်မှ တိုက်ခတ်လာသော လေပြည်လေညင်းကလေးကို ထိတွေ့ရသော်လည်း ထိုလေပြည်လေညင်းသည် တရုတ်တန်း၏ အညှော်နံ့များ အောက်တွင် ပျောက်ကွယ်သွားကာ ညှော်နံ့များနှင့် မုန်ညင်းနံ့တို့သာလျှင် ပတ်ဝန်းကျင်တွင် ကြီးစိုးလျက်ရှိ၏။

"ဘယ်အချိန်လောက် ရှိပြီလဲဟေ့ စံအေး"

www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်နှစ်နာရီထိုးတော့မယ်ဆရာ"

"မလာရင်လည်း တို့ကံပေါ့ကွာ"

ထိုသို့ပြောဆိုပြီးနောက် မကြာမီတွင်ပင် အမိုးချထားသည့် လန်ချား တစ်စင်း လမ်းထဲသို့ ဝင်လာကာ လန်ချားခြေနင်းခုံတွင် တပ်ထားသည့် ခေါင်းလောင်းကို နင်းလိုက်သဖြင့် ကလင်ကလင်မြည်သော အသံပေါ်လာ၏။ ထိုအသံသည် ဒုတိယအကြိမ်၊ တတိယအကြိမ်အထိ ဆက်တိုက်ပေါ် လာ၏။

ကျွန်ုပ်သည် စံအေးကို တိုက်အမှောင်ရိပ် လမ်းကြားထဲသို့ ဆွဲခေါ်လိုက် ပြီးလျှင်–

"လာပြီကွ အဲဒါ အချက်ပေးတာပဲ"

လန်ချားသည် ဟုတ်လျောင်ပျော်ပွဲစားရုံရှေ့သို့ မရောက်မီ သုံးလေး တိုက်အလိုတွင် ရပ်သွားကာ လန်ချားပေါ်မှ လူတစ်ယောက်ဆင်းလာ၏။ ထိုလူသည် ဖြည်းညင်းစွာလျှောက်လာပြီးနောက် တစ်ချီတစ်ချီတွင် ပြန်သွား တော့မည့်ဟန် ဆုတ်ဆိုင်းဆိုင်းလုပ်နေပြီးမှ တစ်ဖန် နှေးကွေးသော ခြေလှမ်း များဖြင့် ပျော်ပွဲစားရုံဆီသို့ လျှောက်လာ၏။ လမ်းသွားလမ်းလာတို့ တွေ့ လျှင်လည်း ခေါင်းမမော့ဘဲ တငုံ့ငုံ့နှင့် လျှောက်လာခြင်းဖြစ်၏။ ဘဟန် ထိုင်နေသည့် မီးတိုင်အောက်သို့ ရောက်သည့်အခါတွင် ထိုလူသည် ခပ်သုတ် သုတ်လျှောက်သွားမည်ပြုပြီးမှ တစာစာတောင်းလျက်ရှိသော သူတောင်းစား အသံကို နားညည်းသွားသည့်နှယ် ပိုက်ဆံစေ့တစ်စေ့ကို ခွက်ထဲသို့ ပစ်ချပြီး နောက် ခပ်သုတ်သုတ်ထွက်သွား၏။

ပျော်ပွဲစားရုံအဝသို့ ရောက်လျှင် အနည်းငယ်တွေနေပြီး နောက်ဆုံးတွင် အထဲသို့ ဝင်သွား၏။

ကျွန်ုပ်သည် ဘဟန်အနီးသို့ ကပ်သွားကာ–

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်လဲဟေ့ ဒီလူလား"

"ဟုတ်တာပေါ့ ဆရာရယ် အဲဒီလူပေါ့"

"အေး မဟုတ်ရင် မင်းနဲ့အတွေ့ပဲ"

"ဟုတ်ပါတယ်ဆရာရယ်၊ ဟိုဘက်တောင်လွန်သေးတယ်၊ ကျွန်တော်တို့ သူတောင်းစားများမှာ ကိုယ်တောင်းတဲ့ဟာကို ငြင်းပယ်တဲ့လူမျိုးဆိုရင် သိပ်မှတ်မိလွယ်တယ် ဆရာရဲ့၊ ကျွန်တော်တောင်းတော့ ကျွန်တော့်ကို ကန်ကျောက်သွားတော့မတတ် လုပ်သွားတဲ့လူကို ကျွန်တော် ဘယ်မမှတ်မိဘဲနေပါ့မလဲ။ တစ်ခုပဲ ရှိတယ် ဒီနေ့ညက အင်္ကျီလက်တိုကလေးကို ဝတ်ထားတော့ နည်းနည်းနုနေသလို ထင်ရတယ်၊ ဒါပေမဲ့ မျက်နှာကို ကျွန်တော် သေသေချာချာ မှတ်မိပါတယ်"

ကျွန်ုပ်သည် ဟုတ်လျှောင်ဆိုင်ရှေ့တွင် ကြိုတင်၍ အစောင့်ချထားသည့် ပုလိပ်သားဆီသို့ လျှောက်လာခဲ့ကာ–

"ဘယ့်နှယ့်လဲဟေ့"

ဟု မေးလိုက်၏။

"ဟုတ်တယ်ဆရာ။ မနေ့ညက ဒီကိုလာပြီး ဖိုးတုတ်ကလေးကို မေးတဲ့လူပဲ၊ ခု တတိယအခန်းထဲက စားပွဲမှာ ထိုင်နေတယ်"

"အင်း ကိုသိန်းမောင်လို လူတစ်ယောက်ဟာ ဒီလိုကိစ္စနဲ့ ပတ်သက်နေတာကတော့ သူ့အဖို့ မကောင်းဘူးပေါ့၊ ဒါပေမဲ့ တို့အနေနဲ့ မတတ်နိုင်ဘူးလေ၊ ဥပဒေရဲ့ချိန်ခွင်လျှာဆိုတာ ဘယ်ဘက်ကိုမှ တိမ်းလို့ရတာ မဟုတ်ဘူး"

ကျွန်ုပ်သည် စံအေးကို အပြင်တွင် အစောင့်ထားခဲ့ပြီး ဟုတ်လျှောင်ချော်ပွဲစားရုံ နောက်ဆုံးထောင့်ရှိ အခန်းကလေးထဲသို့ ဝင်လိုက်ကာ–

"ကိုသိန်းမောင် အချိန်မှန်သားပဲဗျ" ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းမောင်သည် ကျွန်ုပ်ကို သေချာစွာ ကြည့်လျက်ရှိ၏။ သူ့စိတ်ထဲတွင် ဝေခွဲမရ ဖြစ်နေပုံလည်း ရ၏။ သူကြည့်သလိုပင် ကျွန်ုပ်ကလည်း သူ့ကို အကဲခတ်၏။ သူ့မျက်နှာမှာ မျက်လုံးမျက်ခုံးကောင်းကောင်း ဖြစ်၍ လူချောတစ်ယောက်ဖြစ်၏။

"ခင်ဗျားက ဖိုးတုတ်ကလေးလား"

"ကျွန်တော်က သူ့ကိုယ်စားလှယ်ဆိုပါတော့၊ သူကတော့ ချိန်းထားတာကို မလာနိုင်တော့ဘူးဗျ၊ မနေ့ညကပဲ အသတ်ခံသွားရတယ်"

ဟု ဆိုကာ ကျွန်ုပ်က အိတ်ထဲတွင် ပါလာသည့် ပုလိပ်အရာရှိ ကတ်ပြားကို ပြလိုက်၏။

ကိုသိန်းမောင်သည် ရုတ်တရက်တောင့်တင်းပြီး နောက်မှကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် မှီချလိုက်ကာ–

"တော်တော် မိုက်တာပဲဗျာ၊ တော်တော် မိုက်တာပဲ"

ဟု ညည်းနေ၏။

"ကျွန်တော် ခုလို ဒုက္ခပေးရတာ စိတ်မကောင်းပါဘူးဗျာ။ တော်တော်မိုက်တယ်ဆိုတာ ဘယ်သူလဲ၊ ခင်ဗျားကိုယ် ခင်ဗျား ပြောနေတာလား၊ ဖိုးတုတ်ကလေးကို ပြောတာလား"

"ကျွန်တော် သူ့ကို တစ်ခါမှ မတွေ့ဖူးပါဘူးဗျာ"

"ဒီမှာ ကိုသိန်းမောင်၊ ကိုက်နေတဲ့သွားကို နုတ်ပစ်လိုက်တာဟာ အကောင်းဆုံးပဲဗျ၊ ဖြောင့်ချက်ပေးတာဟာ သွားဆရာရဲ့ ညှပ်နဲ့ သွားနုတ်ခံရသလို သက်သာပါတယ်ဗျာ၊ အဲဒီလိုမဟုတ်ဘဲ ပလာယာနဲ့ ဆွဲနုတ်ရမယ်ဆိုရင် တော့ ခင်ဗျားနာလိမ့်မယ်"

ကျွန်ုပ်က ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ကိုသိန်းမောင်မှာ အတော်ကြွေရသွားလေပြီ။ စောစောကလောက် တုန်လှုပ်ချောက်ချားခြင်း မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဆော့ချေ။ သူ၏ ထိန်းချုပ်နိုင်ပုံကို ကြည့်၍ ကျွန်ုပ်ပင်လျှင် အံ့သြရသေး၏။

"တကယ်ပါဗျာ၊ ကျွန်တော် သူ့ကို တစ်ခါမှလည်း မတွေ့ဖူးပါဘူး၊ သူအသတ်ခံရတယ်ဆိုတာကိုလည်း မသိပါဘူး။ သူနဲ့ ကျွန်တော် ဆက်သွယ်နေကြတာဟာ စာနဲ့ တယ်လီဖုန်းနဲ့လောက်ပဲ ဆက်သွယ်တာပါ၊ နို့-နေစမ်းပါဦး၊ သူ မနေ့ညက အသတ်ခံရတယ်လို့ ခင်ဗျားပြောသွားတယ်နော်"

"ဟုတ်တယ် ခင်ဗျားကို တယ်လီဖုန်းနဲ့နောက်ဆုံးပြောတာကတော့ ကျုပ်ပဲ"

"လက်စသတ်တော့ ကျွန်တော့်ကို ထောင်ဖမ်းတာကိုး။ ဟုတ်ပါပြီလေ၊ ကျွန်တော်သိရသလောက် အကုန်ပြောပြပါ့မယ်။ သူနဲ့ကျွန်တော် စာချင်းအဆက်အသွယ်ရတာကတော့ လွန်ခဲ့တဲ့ တစ်လလောက်ကပါ။ အဲဒီ စာထဲမှာ ကျွန်တော့်ကို ဒီနေရာကို လာတွေ့ဖို့ ချိန်းပါတယ်၊ ဒါပေမဲ့ ခြိမ်းခြောက်တာတို့ ဘာတို့တော့ စာထဲမှာ မပါပါဘူး"

"ငွေညှစ်တဲ့လူဆိုတာ ဘယ်မှာချက်ချင်း ငွေညှစ်ပါ့မလဲ၊ နုနုကလေးနဲ့ ဝင်တာပေါ့"

"ဒါပေမဲ့ ကျွန်တော့်ကို ငွေညှစ်လို့ ဘာရမှာလဲဗျာ၊ ကျွန်တော့်ဘဝမှာ လူမသိသူမသိ ဖုံးကွယ်ထားတာရယ်လို့ ဘာမှမှ မရှိတာပဲ၊ ကျွန်တော့် အလုပ်အကိုင်က ရုံးတက်တယ်၊ ဓမ္မသတ်တွေနဲ့ ပတ်သက်တာတွေကို ဖတ်တယ်၊ ကျွန်တော့်မှာ လူဆိုးက ငွေညှစ်တောင်းစရာ အကြောင်းရယ်လို့ ဘာမှမရှိဘူး"

"ဟုတ်ပါပြီလေ၊ ခင်ဗျား ရိုးရိုးသားသားနေတာကို ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ခင်ဗျားနဲ့ပတ်သက်လို့ ကျွန်တော်သိတာ သိပ်မကြာသေးဘူးဗျ၊ ခင်ဗျားက မန္တလေးကနော်"

"ဟုတ်ပါတယ် ကျွန်တော့်မိဘတွေကို ကျွန်တော်တောင် မတွေ့လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျွန်တော် ငယ်ငယ်ကလေးတည်းက ဆုံးသွားကြပါတယ်။ ကျွန်တော့်ကို မွေးစားတဲ့ ဘုန်းကြီးလည်း မကြာခင်မှာပဲ ပျံလွန်တော်မူသွားပါတယ်။ ဘကြီးဘုန်းကြီးက စာသင်ပေးတာနဲ့ ကျွန်တော်လည်း ကောလိပ်အထိ ရောက်ခဲ့ပါတယ်။ ကောလိပ်က အောင်ပြီး တရားမဝန်ထောက် စာမေးပွဲဖြေ၊ နောက်တော့ တရားဌာနမှာ အမှုထမ်းပြီး ကျွန်တော် အလုပ်ကြိုးစားတာနဲ့ ဟိုက်ကုတ်မှာ အတွင်းဝန်ကလေး ဖြစ်လာပါတယ်။ အထက်လူကြီးတွေက ကျွန်တော့်ကို သဘောကျလို့ ကျွန်တော့်ကို ရာထူးတိုးပေးဖို့ စီစဉ်နေကြပါတယ်။ ဒီလိုနေတုန်းမှာ ဖိုးတုတ်ကလေးဟာ ကျွန်တော့်ကို သဘောကျတဲ့ အစိုးရပိုင်းက ပုဂ္ဂိုလ်တွေ စိတ်ဝင်စားမယ့်အကြောင်း တစ်ခုရှိတယ်ဆိုပြီး ကျွန်တော့်ကို စာရေးချိန်းပါတယ်။ ကျွန်တော် သူ့ဆီကို လာတာဟာ ကျွန်တော် မိုက်တာပေါ့၊ တကယ်ဆို ပုလိပ်ကို တိုင်ပြီး"

"ဟုတ်ပါပြီလေ၊ ကျွန်တော် နားလည်ပါတယ်။ ခင်ဗျားအပေါ်မှာ ခင်ဗျားကို သဘောကျတဲ့ အထက်လူကြီးတွေက မယုံသင်္ကာဖြစ်လာအောင် အယုံအကြည်လျော့ပါးလာအောင် သူ လုပ်မှာပေါ့။ ငွေညှစ်တဲ့လူများဟာ ဒီကနေပြီး အစပျိုးတာပဲ။ နေစမ်းပါဦး၊ ခင်ဗျားဒီကိုလာမယ်ဆိုတာ တစ်ယောက်ယောက်ကိုများ အသိပေးခဲ့သလား၊ ဒါမှမဟုတ် လမ်းမှာ အသိတို့ဘာတို့များ တွေ့ခဲ့သလား"

"ဘယ်သူမှ အသိမပေးပါဘူး၊ ဒီနေရာမျိုးက နာမည်ပျက်ရှိတယ်မဟုတ်လား"

"အမှန်ကတော့ အသိပေးခဲ့ဖို့ ကောင်းတယ်၊ ဖိုးတုတ်ကလေး မလာတော့ ခင်ဗျား ဘာလုပ်သလဲ"

"သူ့ လိပ်စာကိုရှာပြီး သူ့အခန်းကို သွားပါတယ်"

"သူ့အခန်းရောက်တော့"

www.burmeseclassic.com

www.burmeseclassic.com



"သူ့အခန်းက ရှုပ်ပွလို့ခင်ဗျ၊ အဲဒီမှာ လူတစ်ယောက် ပစ္စည်းတွေကို မွှေနှောက်ရှာနေတယ်"

"အင်း ဟုတ်ပြီ၊ ဆိုပါဦး။ သူ့ပုံပန်းသဏ္ဌာန်ကကော"

"ကျွန်တော့် ကျောပေးထားတော့ ကောင်းကောင်းမမြင်ရဘူး ခင်ဗျ၊ အခန်းထဲမှာလည်း မီးတွေမှိတ်ထားတယ်၊ ကျွန်တော့်ကိုမြင်တော့ အတင်းကြီး ပြေးဆင်းသွားတယ်"

"အင်း အမျိုးသမီးပြောတာ မှန်သားပဲ၊ သူ့အရင် လူတစ်ယောက်မွှေနှောက်ရှာနေတယ်လို့ ပြောတာပဲဗျ။ ဒါတွေထားပါတော့၊ ဒီနေ့ ခင်ဗျားတွေ့တဲ့ အမျိုးသမီးကရော"

"ခင်ဗျာ၊ ကျွန်တော်တွေ့တဲ့ အမျိုးသမီး ဟုတ်လား"

"နေ့လယ်တုန်းက ဖိုက်စကွဲယားပန်းခြံထဲက အငြိမ့်စင်နားက ခုံပေါ်မှာလေ"

ကိုသိန်းမောင်၏ မျက်နှာသည် ရှက်သွေးရောင်ဖျန်းသွား၏။

"ဩော်–ဒါလား၊ ဟုတ်တယ်ခင်ဗျ၊ ကျွန်တော် သူ့ကို သိလည်း မသိဘူး။ တွေ့လည်း မတွေ့ဖူးဘူး။ ကျွန်တော် ထိုင်နေတုန်း သူရောက်လာတာပဲ။ ကျွန်တော်ဖြင့် ဗိုလ်ကြီးပြောမှပဲ သတိရတော့တယ်"

ထိုစဉ်က ယူနီဖောင်းဝတ် ရာဇဝတ်အုပ်များ၊ ဌာနအုပ်များကို ဗိုလ်ကြီးဟု ခေါ်လေ့ရှိကြ၏။

ကျွန်ုပ်သည် ခန်းဆီးလှပ်သွားသဖြင့် လှမ်းကြည့်လိုက်ရာ နောက်ဖေးဘက်မှ ရှေ့ဘက်သို့ ပြန်သွားသော ရင်ရင်မွှေကို ရိပ်ခနဲ မြင်လိုက်ရ၏။

"အဲဒါကတော့ ကျွန်တော်သိသလောက် ပြောတာပဲဗျာ၊ ဖိုးတုတ်ကလေး ဆိုတဲ့လူ အသတ်ခံရတာနဲ့ ပတ်သက်တာတော့ ကျွန်တော်ဘာမှ မသိရိုးအမှန်ပါ။ ဒီပြင်လည်း ကျွန်တော်ဘာမှ မသိပါဘူး။ တကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သတင်းစာတွေ ဘာတွေထဲမှာ ပါနေရင်တော့ ကျွန်တော့်အလုပ် အကိုင်ကို ထိခိုက်တော့မှာပဲ၊ ကျွန်တော့်ကို..."

"ဟုတ်ပါပြီလေ၊ ဒါအတွက်ဘာမှ မစိုးရိမ်ပါနဲ့၊ ကဲ ကဲ ပြန်ချင်ရင် ပြန်နိုင်ပါပြီ"

"ဒါဖြင့် ကျွန်တော့်ကို မဖမ်းဘူးပေါ့"

"ခင်ဗျား ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော် သိသားပဲ။ ခင်ဗျားကို ကျွန်တော် အချိန်မရွေးရှာနိုင်ပါတယ်။ ကဲ ကောင်းသောညပါ"

■

ကိုသိန်းမောင် ပြန်သွားသည့်အခါတွင် ကျွန်ုပ်သည် အခန်းပေါက်ကို ကျောပေးနေသည့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ကျွန်ုပ်ခေါင်းထဲတွင် မေးခွန်းများသည် တစ်သီကြီး ပေါ်နေကြ၏။ ယခုကိစ္စသည် ခြိမ်းခြောက် ငွေညှစ်တောင်းသဖြင့် အသတ်ခံရခြင်းလော။ သို့ဖြစ်လျှင် ဖိုးတုတ်ကလေး သည် မည်သူ့ကို ငွေညှစ်တောင်းသနည်း။ ထိုညက အလောင်းနားမှ ထွက် လာသည်ဟု ဘဟန်မြင်လိုက်သူမှာ ကိုသိန်းမောင်လော။ ထို့ပြင် ထိုညက ဖိုးတုတ်ကလေး၏ အိမ်သို့ လာသူသည် မည်သူနည်း။ ထို့ပြင် ရင်ရင်ရွှေ သည် ယခုကိစ္စတွင် မည်သို့ပါဝင်နေသနည်း။ မည်မျှသိသနည်း။

ကျွန်ုပ်သည် ဘီယာတစ်လုံးနှင့် အသည်းကင်တစ်ပန်းကန်ကို မှာကာ ပိုလိုတစ်လိပ်ဖြင့် အကြံထုတ်နေစဉ် ကျွန်ုပ်၏ မျက်လုံးများသည် အခန်း ထောင့်တိုင်ကြားထဲမှ ပြူထွက်နေသော စာရွက်ကလေးတစ်ရွက်ကို မြင် လိုက်သဖြင့် ထ၍ယူလိုက်၏။ ထိုစဉ် နောက်မှ ခြေသံကြားသဖြင့် လှည့် ကြည့်ရာ အခန်းထဲသို့ ဝင်လာသော ဒေါ်ရင်ရင်ရွှေကို တွေ့လိုက်သဖြင့် လှည့်ကြည့်လိုက်သည်တွင်–

"အဲဒီစာကို ကျွန်မကို ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကြောင်၍ရပ်နေစဉ် ဒေါ်ရင်ရင်ရွှေသည် ရှောစောင်ထဲမှ ခြောက်လုံးပြူးကလေးကို ပြောင်းဖော်၍ ချိန်လိုက်ပြီးလျှင်–

"ရှင်နဲ့ ဘာမှမဆိုင်ပါဘူး၊ ဒီစာကို ပေးပါ"

"ဩော်–လက်စသတ်တော့ ခင်ဗျားကိုး၊ အလောင်းနားက ပြေးထွက်သွားတယ်ဆိုတာလည်း ခင်ဗျားပဲ ဖြစ်ရမှာပေါ့၊ နို့ နေစမ်းပါဦး၊ ခင်ဗျားဟာ ဘာဖြစ်လို့ မောင်သိန်းမောင်ဆိုတဲ့ သူငယ်ကလေးကို သွားနှောင့်ယှက်ရတာလဲ၊ မောင်သိန်းမောင်နဲ့ ခင်ဗျားနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

"ရှင်းပါတယ်။ ကျွန်မသူ့ကို အသိပေးလို့ဖြစ်မလား၊ ဒီလို အမေမျိုး ရှိတယ်ဆိုတာ သားတစ်ယောက်ကို အသိပေးလို့ ဖြစ်ပါမလား။ ဒါကြောင့် ကျွန်မ ဖိုးတုတ်ကလေးကို သတ်ပစ်ခဲ့တာပဲ။ ဒါကြောင့် ဒီစာကို ကျွန်မ လိုချင်တာပဲ။ ဒီစာကိုတွေ့သွားရင် ကျွန်မသားလေးဟာ လူပုံလယ်မှာ အရှက်ကွဲရတော့မယ်။ ဒီတော့ ကျွန်မသားလေးကို အရှက်တကွဲ အကျိုးနည်း အဖြစ်မခံနိုင်ဘူး"

"ခင်ဗျားက အရှက်မကွဲစေချင်တာပဲ ရှိတာကိုး။ ခု ခင်ဗျားကြောင့် ခင်ဗျားသား လူသတ်မှု မသင်္ကာမှုနဲ့ အဖမ်းခံရတော့မလို ဖြစ်နေရတယ်။ ထံကောင်းပေလို့ပေါ့"

"ဟုတ်ပါတယ်။ ဒီလိုဖြစ်လာရင် သက်ဆိုင်ရာကို သွားပြီး ဖြောင့်ချက်ပေးဖို့ အဆင်သင့်ပါ။ ဒီစာကို တွေ့ပြီးရင် ဖြောင့်ချက်ပေးဖို့ပါပဲ။ ကျွန်မ ငယ်ငယ်လေးမှာတုန်းက ဖိုးတုတ်ကလေးက ကျောက်ထိုးဆရာ။ ကျွန်မက အဲဒီ တုန်းက အပျိုပေါက်ကလေး လူတစ်ယောက်နဲ့မှားယွင်းပြီး တိတ်တိတ်ကလေး ကလေးမွေးခဲ့တယ်။ အဲဒီ စက်ပိုင်သူဌေးသားက ကျွန်မကို ပစ်သွားတယ်၊ ဒီတင် ကျွန်မလည်း ကလေးကို သူများကို မွေးစားဖို့ ပေးခဲ့တယ်။ ကျွန်မ သားလေးအတွက် ပိုက်ဆံရှာပြီး ကျွန်မသားလေး လူလားမြောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပညာသင်ပေးခဲ့တယ်။ ဟိုက်ကုတ်မှာ ဝန်ထောက်တန်းရသွားတယ်"

"ဒါနဲ့ နောက်တော့ ခင်ဗျားသားလေးနဲ့ နီးနီးနေချင်လို့ ရန်ကုန်ကို ပြောင်းလာတယ်ဆိုပါတော့"

ဒေါ်ရင်ရင်ရွှေ၏ မျက်လုံးတွင် မျက်ရည်တွေဝဲလျက်ရှိ၏။

"ဒီတော့ ဖိုးတုတ်ကလေးကလည်း ခင်ဗျားနောက်လိုက်လာပြီး ငွေညှစ်တယ်ပေါ့"

"ဟုတ်ပါတယ်၊ တရားမဝန်ထောက်ကလေး မောင်သိန်းမောင်ဟာ ကျွန်မသားဖြစ်တယ်ဆိုတဲ့အကြောင်း ဖိုးတုတ်ကလေးဆီကို စာတစ်စောင် ရေးဖူးပါတယ်။ အဲဒီစာကို ကိုင်ပြီး ကျွန်မကို ငွေညှစ်တော့တာပါပဲရှင်၊ ကျွန်မမှာ ရှာလို့ဖွေလို့ရသမျှ သူ့ကိုပဲ ပေးနေရပါတယ်၊ ပေးလို့ပဲ မဆုံးတော့ပါဘူး"

"ဒါပေါ့၊ မျှော့ရယ် ငွေညှစ်သမားရယ်ဟာ ဘယ်တော့မှ ရောင့်ရဲတင်းတိမ်တယ်ရယ်လို့ မရှိဘူးခင်ဗျ"

"နောက်ဆုံးတော့ ကျွန်မကိုတင် ငွေညှစ်လို့အားမရသေးဘဲ ကျွန်မသားကိုလည်း ခြိမ်းခြောက်ပြီး ငွေတောင်းပါတယ်။ ဒါနဲ့ ကျွန်မက ယောကျ်ား အဝတ်အစားဝတ်ပြီး ကလေးတစ်ယောက်ကို လွှတ်ပြီး ငွေလာယူဖို့ ဒီနေရာကို ချိန်းလိုက်ပါတယ်။ သူလည်း ချိန်းတဲ့နေရာကို ရောက်လာပါတယ်၊ သူကတော့ ကျွန်မကို ကျွန်မသားလို့ ထင်တော့တာပေါ့လေ၊ ညောင်ပင်လေး ဆိပ်ကမ်း ဘောတံတားမှာပါ။ ဟိုရောက်တော့ ကျွန်မက သေနတ်ကိုထုတ်ပြီး စာကို တောင်းပါတယ်။ သူကလည်း ကျွန်မမှန်းသိသွားပြီး သေနတ်ကို အတင်းလုရာက နောက်ဆုံးမှာ ကျည်ဆန်ထွက်ပြီး သူ့ကိုမှန်လို့ သေသွားတာပါပဲ။ သူ့ကိုယ်ပေါ်မှာ ကျွန်မ စာကို ရှာပါသေးတယ်၊ အဲဒီမှာလည်း မတွေ့ပါဘူး"

"ဒါနဲ့ သူ့အိမ်ကို လိုက်ရှာတယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သူ့အိမ်ကို ရှာနေတုန်းမှာ ကျွန်မသား မောင်သိန်းမောင်ကလည်း သူချိန်းထားတဲ့အတိုင်း ရောက်လာတော့ ကျွန်မထွက်ပြေးပြီး သူပြန်သွားမှ ကျွန်မဘာသာ ပြန်လာခဲ့ပါတယ်။ အဲဒီတော့ မိန်းမအဝတ်အစားနဲ့ပါ၊ ဒီတင် ရှင်တို့နဲ့ တွေ့တာပါ"

"ဒီတော့ အဲဒီလူကို ပုလိပ်က လိုက်ရှာနေမှန်းသိတော့ ခင်ဗျားက ဖိုက်စကွဲယား ပန်းခြံနားသွားပြီး ကိုသိန်းမောင်ကို စောင့်၊ သူနဲ့တွေ့ရင် ပုလိပ်လိုက်နေတယ်ဆိုတာ သတိပေးမလို့ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မ သူ့ဆီကို တယ်လီဖုန်းဆက်လို့ မဖြစ်ပါဘူး။ ဒါနဲ့ သားလေးကိုလည်း မြင်ချင်၊ ဒီအကြောင်းကိုလည်း သတိပေးချင်လို့ ကျွန်မ သူ့ကို သွားစောင့်တာပါ"

"ခု ခင်ဗျားဟာ တရားဥပဒေရဲ့ အဆုံးအမကို ခံရတော့မယ် ဒေါ်ရင်ရင်ရွှေ၊ အဲဒီအခါမှာ ခင်ဗျားသားကို အသိပေးချင်သေးသလား"

"အမလေး မလုပ်ပါနဲ့ရှင်၊ ကျွန်မသားလေးကို အသိမပေးပါနဲ့၊ ဘာကြီးပဲဖြစ်နေနေ ကျွန်မဟာ သူ့အမေဆိုတာကို မသိပါစေနဲ့"

ကျွန်ုပ်သည် ဒေါ်ရင်ရင်ရွှေတို့ သားအမိအတွက် စိတ်မကောင်းဖြစ်လျက် ရှိ၏။ သို့ရာတွင် မျက်နှာထားကို တည်လိုက်ကာ တိုင်ကြားထဲမှ ရသည့် စာရွက်ကို ကိုင်ပြရင်း–

"ဟောဒီမှာ ဒေါ်ရင်ရင်ရွှေ၊ ဒီစာရွက်ဟာ ခင်ဗျားအတွက် အလွန်ကောင်းတဲ့ သက်သေခံပစ္စည်း၊ ဖိုးတုတ်ကလေးရဲ့ ခြိမ်းခြောက်ငွေတောင်းတဲ့စာ ခင်ဗျားက ဖိုးတုတ်ကလေးကို ပေးထားတဲ့စာ။ ဒါကို ရုံးတော်ကို တင်ပြရင် ဘယ်တရားသူကြီးမှ ခင်ဗျားကို ခွင့်မလွှတ်ဘဲ နေမှာမဟုတ်ဘူး၊ ဒီစာဟာ ခင်ဗျားလည်ပင်းကို တပ်မယ့် ကြိုးကွင်းကို ဆွဲဖြုတ်နိုင်တယ်။ ဒီတော့ ဒီစာကို ကျွန်တော် ဘာလုပ်ရမလဲ။ ရုံးတော်ကို တင်ရမလား။ ဖျက်ဆီးပစ်

www.burmeseclassic.com



ရမလား

"ဖျက်ဆီးပစ်လိုက်ပါရှင်၊ မီးရှို့ပစ်လိုက်ပါ၊ ကျွန်မအတွက် အရေးမကြီးပါဘူး"

"ဒေါ်ရင်ရင်ရွှေ စဉ်းစားပါ"

"စဉ်းစားစရာ မလိုပါဘူးရှင်၊ ကျွန်မ သားလေးရဲ့ အရှက်ကို ကျွန်မအသက်နဲ့ ကာကွယ်ရမှာပေါ့"

ကျွန်ုပ်သည် မီးခြစ်ကို ခြစ်လိုက်ပြီးနောက် စာအိတ်ကို မီးတောက်ပေါ်တွင် တင်လိုက်၏။ စာရွက်သည် ကျောက်ဖြူစားပွဲပေါ်တွင် ပြာမှုန့်ကလေးများအဖြစ် ပြောင်းလဲသွားခဲ့လေပြီ။ ထိုစာနှင့်အတူ လျှို့ဝှက်ချက်တစ်ခုနှင့် မိန်းမတစ်ယောက်၏ လွတ်လပ်ခွင့်သည်လည်း ပျောက်ကွယ်သွားခဲ့လေပြီ။

"အင်း–မိဘမေတ္တာဟာ အင်မတန်ကြီးမားကြောင်းကို ပြလိုက်တဲ့ ဥဒါဟရဏ်တစ်ခုပေါ့ဗျာ။ ခုလို ကိုယ့်အသက်ကို စွန့်ပြီး သားသမီးကို ချစ်တဲ့ အချစ်ကို ပြသွားတဲ့အတွက် သာဓုခေါ်ပါတယ်ဗျာ၊ သာဓုခေါ်ပါတယ်"

ကျွန်ုပ်သည် ဒေါ်ရင်ရင်ရွှေတို့ သားအမိ၏အဖြစ်ကို ကြည့်၍ စိတ်မကောင်းဖြစ်လျက်ရှိသဖြင့် အတန်ကြာမျှ ငိုင်နေမိသည်။ ထို့နောက်တွင်မှ သတိရကာ–

"ကဲ ဒေါ်ရင်ရင်ရွှေ၊ ရုံးတော်ရောက်မှ ခင်ဗျားကြိုက်သလို ကာကွယ်ပေတော့။ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်ကြောင့်လို့ ပြောချင်ပြော၊ မတော်တဆလို့ ဆိုချင်ဆို၊ ရန်ဖြစ်ကြရင်း ရုန်းရာကန်ရာက ဖြစ်သွားတယ်လို့ လျှောက်လဲချင် လျှောက်လဲ။ ခင်ဗျား ကြိုက်သလို ကာကွယ်ပေတော့။ လောလောဆယ်မှာတော့ ခင်ဗျားကို ကျွန်တော် ဖမ်းရလိမ့်မယ်၊ စိတ်မကောင်းပါဘူး... ဝမ်းနည်းပါတယ်"

ဒေါ်ရင်ရင်ရွှေသည် ခပ်မတ်မတ်ရပ်လိုက်ပြီးနောက် ကျွန်ုပ်ခေါ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဆော့ပွဲစားရုံအပြင်သို့ လိုက်လာခဲ့၏။ မလှမ်းမကမ်းတွင် ရန်ကုန်မြို့မ ပုလိပ်အဖွဲ့သို့ ထုတ်ပေးထားသည့် အနက်ရောင် ဒီဆိုးတိုးကားကြီးတစ်စင်း ရပ်လျက်ရှိ၏။

ကျွန်ုပ်က အပြင်တွင် စောင့်နေသည့် စံအေးသို့ လှမ်း၍–

"စံအေးရေ ဟောဒါ ဖိုးတုတ်ကလေးကို သတ်တဲ့ တရားခံပဲကွ၊ စတီးဝပ်အချုပ်ကိုသာ မောင်းပေတော့"

ကျွန်ုပ်သည် ဒေါ်ရင်ရင်ရွှေ၏ လက်ကိုတွဲကာ သူ့ကို ယုယကြင်နာစွာ ကားပေါ်သို့တက်စေ၏။ တရားခံတစ်ယောက်အပေါ်တွင် ကျွန်ုပ်အဘယ်ကြောင့် ယုယကြင်နာလျက်ရှိကြောင်းကိုမူ စံအေးသိမည် မဟုတ်ချေ။ ။

(စန္ဒာရုပ်စုံမဂ္ဂဇင်း၊
အမှတ် ၂၀၀၊ နိုဝင်ဘာလ၊ ၁၉၈၅)

www.burmeseclassic.com

www.burmeseclassic.com

## ချစ်တီးတိုက် စိန်ပျောက်မှု

www.burmeseclassic.com

www.burmeseclassic.com

## ၂။ ချစ်တီးတိုက်စိန်ပျောက်မှု

အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် မကြာမီပင် ဗြိတိသျှတို့သည် ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီစသည့် အောက်မြန်မာနိုင်ငံ ဒိစတြိတ်များတွင် တောရိုင်းကြီးများကို ခုတ်ထွင်ရှင်းလင်းကာ လယ်သစ်များ တည်စေခဲ့၏။ ထိုသို့ လယ်သစ်တည်ရာတွင် မြန်မာလယ်သမား၊ အလုပ်သမားတို့ကို ငှား၍မရခဲ့ချေ။ ထိုစဉ်က မြန်မာတို့သည် ကုလားဖြူအစိုးရဟု ခေါ်ဝေါ်ကြသော အင်္ဂလိပ်တို့ကို မယုံသင်္ကာဖြစ်သည့် အတွက်ကြောင့်တစ်ကြောင်း၊ မြန်မာတို့ ကိုယ်တိုင်ကလည်း ကိုယ်ရောက်ရာ နေရာကလေးတွင် ရောင့်ရဲကျေနပ်စွာ နေတတ်သည့် အလေ့အထရှိသည့် အတွက်ကြောင့်တစ်ကြောင်း အင်္ဂလိပ်အစိုးရအဖို့ မြန်မာ လယ်သမားတို့ကို ငှား၍မရဘဲ အိန္ဒိယပြည် တောင်ပိုင်းမှ အိန္ဒိယအမျိုးသားများကို နှစ်စဉ်နှစ်တိုင်း မြန်မာပြည်တွင်းသို့ တင်သွင်းခဲ့ရ၏။ ထိုသို့ အလုပ်သမားတင်သွင်းသည်ကို လေဘာအင်ပို့ဟု ခေါ်ပြီး နှစ်စဉ် မည်ရွေ့မည်မျှ တင်သွင်းကြောင်းကို သခင်မြန်မာပြည် ကြေးတိုင်မင်းကြီးဟောင်း ဘီ၊ အို၊ ဘင်းစ်၏ အစီရင်ခံစာထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်ုပ်ဖတ်ခဲ့ရဖူး၏။ စာရင်းဇယားများကို ကျွန်ုပ်ကူးယူထားလိုက်သဖြင့် ထိုစာရင်းဇယားများသည် ယခုတိုင် ကျွန်ုပ်၏ မှတ်စုစာအုပ်ထဲတွင် ရှိနေသော်လည်း ဤနေရာတွင် သက်ဆိုင်ခြင်း မရှိလှသဖြင့် ဖော်ပြခြင်းမပြုတော့ပြီ။ အင်္ဂလိပ်အစိုးရသည် အိန္ဒိယတောင်ပိုင်းမှ လယ်သမားများကု တင်သွင်းလာခဲ့ကာ တောင်ငူ၊ ပဲခူးစသည်တို့တွင် ရွာများ တည်ထောင်ပေးခဲ့ရာ ယခုတိုင်ပင်လျှင် တောင်ငူနှင့်ပဲခူးတစ်ဝိုက်၌ မြန်မာပြည်တွင် အစဉ်အဆက်နေထိုင်လျက်ရှိကြသော မြန်မာတိုင်းရင်းသား အိန္ဒိယရွာများ ရှိနေသေး၏။ ဟံသာဝတီခရိုင်တွင်မူကား စတိတ်ဆတ္တလီမန်ဟုခေါ်သော ရွာများကို တည်ထောင်ပေးခဲ့၏။ ယခု ကွမ်းခြံကုန်းတစ်ဝိုက်ရှိ အသင်းရွာများသည် ထိုစဉ်က စတိတ်ဆတ္တလီမန်ရွာများ ဖြစ်ခဲ့ကြ၏။ (စတိတ် ဆတ္တလီမန်ဆိုသည်မှာ စတိတ် ဆက်တဲလ်မင်းကို ထိုစဉ်က ခေါ်ခဲ့ကြသော မြန်မာ အသံထွက်ဖြစ်၏။ စကားချပ်)

အင်္ဂလိပ်အစိုးရသည် စကွက်တာနည်း၊ ပတ္တာနည်း၊ ဂရန်နည်း၊ ဓားမဦးချနည်း စသည်တို့ဖြင့် ထိုဒေသတစ်ဝိုက်တွင် လယ်သစ်များ တည်ခဲ့၏။ ဓားမဦးချနည်း ဆိုသည်မှာ ထိုဒေသသို့ လာရောက်အခြေချကာ တောခုတ်ရှင်းလင်း၍ လယ်သစ်တည်သူများကို လယ်မြေ အပိုင်စားပေးခြင်း ဖြစ်၏။ ဂရန်နည်းဆိုသည်မှာ ထိုသို့ဓားမဦးချ မလုပ်နိုင်သူများကို ဂရန်ဖြင့် အငှားချခြင်း ဖြစ်၏။ စကွက်တာနည်းဆိုသည်မှာ ထိုဒေသတွင် လာရောက်နေထိုင်သူတို့ကို နှစ်အပိုင်းအခြားဖြင့် မြေငှားချထားသော စနစ်ဖြစ်၏။ အင်္ဂလိပ်အစိုးရသည် ထိုနည်းများဖြင့် ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီစသည့်ဒေသများတွင် မြေရိုင်းများကို တူးဖော်ကာ လယ်သစ်များကို တည်စေ၏။

ခပ်စောစောပိုင်းတွင် အိန္ဒိယတောင်ပိုင်းသား အလုပ်သမားများကို တင်သွင်းလာခဲ့သော်လည်း နောက်ပိုင်းတွင် ကျွန်ုပ်တို့ မြန်မာလယ်သမားများ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရေကြည်ရာမြက်နုရာဆိုသကဲ့သို့ ပြောင်းရွှေ့လာခဲ့ကာ တောရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီးနောက် လယ်သစ်များကို တည်ခဲ့ကြ၏။

အင်္ဂလိပ်တို့သည် အလုပ်သမားများကိုသာ တင်သွင်းလာခဲ့သည် မဟုတ်၊ အရင်းအနှီးမြှုပ်နှံသူ ချစ်တီးယားခေါ် အိန္ဒိယတောင်ပိုင်းသားများကိုလည်း တင်သွင်းလာခဲ့လေရာ ကျွန်ုပ်တို့ မြန်မာနိုင်ငံရှိ မြို့ကြီး၊ မြို့ငယ်ကလေးများတွင် ချစ်တီးတိုက်များ အများအပြားရှိခဲ့ကြ၏။ ချစ်တီးများသည် အရင်းအနှီးမဲ့သော မြန်မာလယ်သမားများအား အတိုးကြီးကြီးဖြင့် ငွေချေးပြီးနောက် မဆပ်နိုင်သည့်အခါတွင် မြေများကို သိမ်းယူခဲ့ကြ၏။ သို့ဖြင့် ချစ်တီးများသည် မြေရှင်ကြီးများ ဖြစ်လာခဲ့ကြ၏။ ထို့ပြင် ချစ်တီးများသည် မြို့ပေါ်မှ ရွှေ၊ ရတနာစသည်တို့ကိုလည်း အပေါင်ခံကြသေးရာ ထိုခေတ်က ချစ်တီးတို့၏ အရင်းအနှီးသည် မြန်မာနိုင်ငံတွင် ထုထည်ကြီးကြီးဖြင့် ရှိခဲ့၏။

ဤသည်မှာ ယခု ကျွန်ုပ်ဖော်ပြမည့် အမှုတွင် ချစ်တီးများ ပါဝင်နေသည့်အတွက် အလျဉ်းသင့်လာသောကြောင့် ချစ်တီးတို့၏ နောက်ခံသမိုင်းကို အကျဉ်းရေးပြလိုက်ခြင်း ဖြစ်ပေ၏။

■

ပူပြင်းသော နွေရာသီ နေ့တစ်နေ့၌ ကျွန်ုပ်သည် ဂျူတီတာဝန်အားသည်နှင့် ဂါတ်တဲဝင်းအတွင်းရှိ ကျွန်ုပ်တို့ ရာဇဝတ်အုပ်များ နေထိုင်ရာ အိမ်ရှေ့ဝရန်တာတွင်ထိုင်ရင်း ပဲလှော်ကြော်ကို ကြက်သွန်နီနိုင်းချင်းနှင့် ရောစပ်ပရာရည်ရွှဲရွှဲ ညှစ်ထားသည့် ပဲလှော်ကြော်သုပ်ကို လက်ဖက်ရည်အဖန်ဖြင့် မြည်းရင်း ခပ်စောစောပိုင်းက ရောက်ရှိလာသော မြန်မာ့အလင်း သတင်းစာကို ဖတ်လျက်ရှိစဉ် ကျွန်ုပ်နှင့် လုပ်ဖော်ကိုင်ဖက် ကိုညဏ်လွင်သည် ဂျူတီမှ ဆင်းလာရင်း ကျွန်ုပ်အိမ်ပေါ်သို့ တက်လာပြီးလျှင်–

"တစ်ခုခုတော့ တစ်ခုခုပဲဗျို့၊ ဘာမှန်းသာ မသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အရင်းမရှိ အဖျားမရှိ ပြောသဖြင့် ကျွန်ုပ်က လက်တွင်ကိုင်ထားသည့် မြန်မာ့အလင်းသတင်းစာကို ပစ်ချလိုက်ကာ–

"ခင်ဗျားလာရင် အထိတ်တလန့်ချည်းပဲ၊ ဘာများလဲ ဆိုစမ်းပါဦး"

"အာလာကပ္ပကြီးကို သိတယ်မဟုတ်လား"

"ဘယ်အာလာကပ္ပလဲ၊ တောင်ချစ်တီးတိုက်က ချစ်တီးအာလာကပ္ပကြီးလား"

ကျွန်ုပ်တို့မြို့ကလေးတွင် ချစ်တီးတိုက်နှစ်တိုက်ရှိသဖြင့် တောင်ချစ်တီးတိုက်၊ မြောက်ချစ်တီးတိုက်ဟု အရပ်က ခွဲခြားခေါ်ဝေါ်ကြ၏။

"တောင်ချစ်တီးတိုက်က မဟုတ်ဘူးဗျ၊ မြောက်ချစ်တီးတိုက်က။ တောင်ချစ်တီးတိုက်က ချစ်တီးရဲ့ နာမည်က ဗီလေး ချစ်တီးယားတဲ့၊ အာလာကပ္ပ က မြောက်ချစ်တီးတိုက်က"

"သိပါဘူးဗျာ၊ ကျုပ်က ရောက်တာမကြာသေးတော့ ချစ်တီးတွေရဲ့ နာမည်ကို ကောင်းကောင်းမမှတ်မိဘူး။ သူတို့ နာမည်တွေကလည်း ခပ်ဆင်ဆင်တွေ မဟုတ်လား။ အာလာကပ္ပ ချစ်တီးက အသက်ကြီးကြီး၊ ဗိုက်ရွှဲရွှဲနဲ့ မဟုတ်လား၊ အဲဒီတော့ ဘာဖြစ်သလဲ ဆိုပါဦး"

ကိုညဏ်လွင်သည် ပဲလှော်ကြော်တစ်ဇွန်းကို ကောက်ဝါးကာ လက်ဖက်ရည်အဖန်ကို မှုတ်၍သောက်နေရာမှ–

"မနက်စောစောပိုင်းက ကျွန်တော့်အိမ်ကို ပေါက်လာတယ်ဗျ၊ ကျွန်တော်နဲ့တော့ မတွေ့လိုက်ဘူး၊ အိမ်က မိန်းမက ဘာကိစ္စလဲလို့မေးတော့ ကိစ္စမရှိပါဘူး ကြုံလို့ ဝင်လာတာပါလို့ ပြောသွားတယ်"

"ခင်ဗျားက သူ့ဆီ ပေါင်နှံထားတာရှိလို့ အတိုးလေးဘာလေး လာတောင်းတာနေမှာ"

"ကြံကြီးစည်ရာ၊ ကျွန်တော့်မှာ ပေါင်စရာ အကြောင်းလည်း မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဆေါင်စရာ ပစ္စည်းလည်း မရှိဘူး။ အာလာကပ္ပကြီး ဘာတွေများ အရေးကြီးနေသလဲ မဆိုနိုင်ဘူး"

ထိုသို့ပြောနေကြစဉ် ကျွန်ုပ်တို့ အမှုထမ်း၊ အရာထမ်းများ နေထိုင်ရာ ဂါတ်တဲဝင်းထဲသို့ မြင်းလှည်းတစ်စီးဝင်လာပြီး မြင်းလှည်းပေါ်တွင် စိုးရိမ်သော မျက်နှာနှင့် လိုက်ပါလာသော အာလာကပ္ပချစ်တီးကြီးကို မြင်လိုက်ရ၏။

"ဟော–ပြောရင်းဆိုရင်း အာလာကပ္ပချစ်တီးကြီး မဟုတ်လား"

ကျွန်ုပ်တို့ လှမ်းကြည့်လိုက်ရာ အာလာကပ္ပချစ်တီးကြီးသည် မြင်းလှည်းမှ ကောင်းကောင်းအရှိန်မသတ်ရသေးမီ သူ၏ ဝဖိုင့်သော ကိုယ်ခန္ဓာကြီးကိုမှ အားမနာနိုင်ဘဲ မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ ဂါတ်တဲထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရ၏။

"ဟုတ်တယ်ဗျို့ တော်တော်အရေးကြီးလာပုံပဲ၊ ကေန္တ ချစ်တီးတိုက်မှာ တစ်ခုခုတော့ဖြစ်ပြီထင်တယ်၊ ပစ္စည်းတစ်ခုခုတော့ ပျောက်တာဖြစ်လိမ့်မယ်"

"ခင်ဗျားက ဘာကြောင့် အတပ်ဟောနိုင်တာတုံး"

"လူသတ်မှုတို့ဘာတို့ဆိုရင် သူကိုယ်တိုင် လာနိုင်မှာမဟုတ်ဘူးဗျ။ ချစ်တီးတိုက်မှာ လူဆိုးဝင် လူသတ်မှုဖြစ်တယ်ဆိုရင် အသတ်ခံရသူဟာ သူမှအပ တခြားဘယ်သူမှ မဖြစ်နိုင်ဘူး၊ လူဆိုးဟာ သူ့ကို သတ်ပြီးမှ ပစ္စည်းကို ရမှာ။ ခု သူကိုယ်တိုင် လာနေပြီ၊ ဒါကြောင့် လူသတ်မှု မဟုတ်နိုင်ဘူး။ ဒုတိယအားဖြင့် ဒီလောက်ပူနေတဲ့ နေ့လယ်ခင်းကြီးမှာ သူကိုယ်တိုင် နောက်တစ်ခေါက် အရေးတကြီးပေါက်လာတယ်။ ပေါက်လာတော့လည်း ကြည့်ဦး၊ မြင်းလှည်းရပ်အောင်တောင် မစောင့်နိုင်ဘဲ ခန္ဓာကိုယ်ကြီးကိုမှ အားမနာ ခုန်ဆင်းတယ်။ တတိယအားဖြင့် ချစ်တီးများဟာ အမြဲ ကွမ်းစားလေ့ရှိတယ်၊ သူတို့ သွားလေရာမှာ ကွမ်းအစ် လွယ်အိတ်တစ်လုံးတော့ အမြဲပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အာလာကပ္ပကြီးခမျာ သွားလေရာပါတဲ့ ကွမ်းအစ်ကလေးတောင် မပါနိုင်ဘူး။ စတုတ္ထအားဖြင့် ချစ်တီးများဟာ ငွေနဲ့ပတ်သက်လာရင် တယ်ပြီး နှမြောတတ်ကြတယ်၊ ဣန္ဒြေမဆောင်နိုင်လောက်အောင် ဖြစ်တတ်ကြတယ်၊ ခု ခင်ဗျား ချစ်တီးကြီး ကွမ်းအစ်မပါ ဘာမပါနဲ့ နေပူကျဲကျဲကြီးမှာ ပေါက်လာ တယ်၊ ဒါကြောင့် လူသတ်မှု မဟုတ်နိုင်ဘူး။ နောက်ဆုံး အရေးကြီးတဲ့ အ ချက်တစ်ချက် ကျန်သေးတယ်ဗျ၊ ဘာလဲ ခင်ဗျားသိရဲ့လား"

"ဟင့်အင်း ဆိုပါဦး"

"အာလာကပ္ပကြီးမှာ ဖိနပ်တောင် မပါရှာဘူးဗျ။ ဒီတော့ အင်မတန် ဖိမ်ကျကျနေတဲ့ ချစ်တီးသူဌေးကြီး နွေနေ့လယ် နေပူကျဲကျဲကြီးမှာ ကွမ်းအစ် မပါ၊ ဖိနပ်မပါနဲ့ ဂါတ်တဲကို ဒုတိယအကြိမ် ရောက်လာတယ်၊ ရောက်တော့ လည်း မြင်းလှည်းတောင် အရှိန်မသတ်ရသေးဘဲ ခုန်ဆင်းပြီး ဂါတ်တဲရုံးခန်း ထဲကို ဝင်သွားတယ်ဆိုရင် ဒါဟာ အင်မတန် အဖိုးတန်တဲ့ ပစ္စည်းတစ်ခု ပျောက်တာပဲ ဖြစ်ရမယ်၊ တခြားဟာ မဖြစ်နိုင်ဘူး"

"အမယ်လေးလေး–တော်ပါတော့ ဦးစံရှားလက်သစ်ရယ်၊ ဟော –ပြော ရင်းဆိုရင်း ကျွန်တော်တို့ဆီကို လိုက်လာပြီဗျ။ စာသင်မောင်သင့်က ကျွန် တော်တို့ဆီကို ခေါ်လာတယ်ထင်တယ်"

ဆံပင်မွေးနုနုကျိုးတိုးကျဲတဲ ပေါက်နေသည့် ပြောင်တင်းသော ဦးခေါင်း နှင့် မည်းပြောင်နေသော မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်တွေ သီးနေ သော အာလာကပ္ပချစ်တီးသည် ကျွန်ုပ်တို့နှစ်ယောက်ကို မြင်လျှင် လက် နှစ်ဖက်ကို ယှက်၍ နမာစတေးလုပ်ပြီးနောက် လည်တွင်ရစ်လာသည့် ချစ်တီး ပိတ်ပဝါပါးပါးကလေးဖြင့် မျက်နှာမှ ချွေးသီးချွေးပေါက်များကို သုတ်သုပ်နေ ရှိ၏။

"ဗိုလ်ကြီးတို့ ကျွန်တော့်ကို ကယ်နိုင်ရင် ကယ်ကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ခိုကိုးရာမဲ့ဖြစ်သောကြောင့် ညှိုးငယ်လျက်ရှိသော မျက်နှာများကို မြင်ခဲ့ဖူးပြီဖြစ်သော်လည်း အာလာကပ္ပချစ်တီး၏ ဝိုင်းစက်ပြည့်ဖောင်းသော မျက်နှာကြီးပေါ်မှ အမူအရာလောက် ညှိုးငယ်လျက်ရှိသော မျက်နှာငယ်ပုံကိုကား တစ်ခါမျှ မမြင်ဖူးခဲ့သေးချေ။

"ဘယ်နှယ့်လဲ ဆရာကြီး၊ ဘာပစ္စည်းပျောက်လို့လဲ၊ ချစ်တီးဘုရားက စိန်ကြီးလား"

ကျွန်ုပ်သည် သူမျက်နှာငယ်ပုံကြောင့် ချစ်တီးတိုက်တွင် အဖိုးတန်ဆုံးဖြစ်သော စိန်ကြီးများပျောက်၍ ထိုသို့မျက်နှာငယ်နေရသလောဟု နောက်ပြောင်ကျီစယ်၍ မေးလိုက်ခြင်းဖြစ်၏။

အာလာကပ္ပချစ်တီးသည် မည်းပြောင်နေသော နဖူးကြီးကို လက်ဝါးဖြင့် ရိုက်လိုက်ကာ–

"ဟုတ်တာပေါ့ဗိုလ်ကြီးရယ်၊ ဗိုလ်ကြီး ဘယ်နှယ့်လုပ်များ သိသလဲ၊ တရားခံတို့ ဘာတို့များ မိထားလို့လား၊ ကျွန်တော့်ကို ကယ်ပါဗိုလ်ကြီးတို့ရယ်"

"သိလို့တော့ မဟုတ်ပါဘူးဗျာ၊ ခင်ဗျား ဒီလောက်တောင် သောကရောက်နေတာဟာ ချစ်တီးဘုရားက စိန်ကြီးများဖြစ်လေမလားလို့ နောက်လိုက်တာပါ၊ ခု ရမ်းသန်းပစ်လိုက်တာ မှန်နေပြီပေါ့"

"ဟုတ်တယ်ဗိုလ်ကြီး၊ ဒီစိန်ကြီးက နည်းတဲ့ စိန်ကြီးမဟုတ်ဘူး၊ ရတီသုံးဆယ်လောက် ရှိတယ်။ အလွန်အရည်အသွေး ကောင်းတယ်။ ကျွန်တော်တို့ ဒီစိန်ကြီးဟာ မြန်မာပြည်က စိန်ကြီးလည်းမဟုတ်ပါဘူး ဗိုလ်ကြီး၊ အင်မတန်နာမည်ကြီးတဲ့ ကိုဟီးနူးစိန်ကြီးလောက် အရည်အသွေးကောင်းလွန်းလို့ မဒရပ်မှာရှိတဲ့ ကျွန်တော့်အစ်ကိုနဲ့ ကျွန်တော်တို့ ဝယ်ထားခဲ့ကြတာ၊ ဒီရောက်တော့ ကျွန်တော်တို့ဘုရားကို စိန်ကြီးလှူချင်တာနဲ့ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဆီက တောင်းတောင်းပန်ပန်နဲ့ ဝယ်လာခဲ့တာ။ တစ်လုံးနဲ့ ဒီလောက ရတီချိန်များတဲ့ စိန်ဆိုလို့ အလွန်ရှားပါတယ်။ ဒါကြောင့် ကျွန်တော် မသုံး ရက်မစွဲရက် စုဆောင်းပြီး ဒီစိန်ကြီးကို ဘုရားမှာ လှူထားတာ၊ ခုတော့ ဒီ စိန်ကြီး မရှိတော့ဘူး ဗိုလ်ကြီး"

အာလာကပ္ပချစ်တီး၏ အသံမှာ ငိုသံပင်ပေါက်နေလေပြီ။

"ဒါဖြင့် တိုင်ချက်ဖွင့်မယ်ပေါ့"

"တိုင်ချက် မဖွင့်ချင်ဘူးဗိုလ်ကြီး၊ ဒီ စိန်ကြီးပျောက်တာကို လူသိဖို့မပြော နဲ့ ဒီစိန်ကြီးရှိတာကိုတောင် လူမသိစေချင်ပါဘူး။ ကျွန်တော် ရာဇဝတ်ဝန်ကြီး ကို သွားပြောပြီးပါပြီ။ ရာဇဝတ်ဝန်ကြီးက ဗိုလ်ကြီးတို့ဆီ လွှတ်လိုက်ပါ တယ်။ သူလည်း ဗိုလ်ကြီးတို့ကိုခေါ်ပြီး ပြောထားမယ်လို့ မှာလိုက်ပါတယ်"

ကျွန်ုပ်နှင့်ကိုညဏ်လွင်တို့သည် တစ်ယောက်ကိုတစ်ယောက် လှမ်း ကြည့်လိုက်ကြ၏။ တိုင်ချက်ဖွင့်မထားသည့် အမှုတစ်ခုကို လိုက်ဖို့ဆိုသည် မှာ တော်တော်ခက်သည့်ကိစ္စ ဖြစ်၏။ သို့သော် ရာဇဝတ်ဝန်ကြီးက အမိန့်ပေး လျှင်မူ ကျွန်ုပ်တို့ မလိုက်၍ မဖြစ်တော့ချေ။

"ရာဇဝတ်ဝန်ကြီးဆီက အမိန့်တော့ မရသေးဘူး ဆရာကြီး။ ကောင်းပြီ လေ၊ ကျွန်တော် အမိန့်တောင်းပြီး လိုက်ခဲ့မယ်"

အာလာကပ္ပချစ်တီး ပြန်သွားသည့်အခါတွင် ကျွန်ုပ်နှင့် ကိုညဏ်လွင်တို့ သည် ဝန်မင်းထံအမိန့်တောင်းပြီးနောက် မြောက်ချစ်တီးတိုက်သို့ စက်ဘီး ကိုယ်စီဖြင့် လာခဲ့ကြ၏။ ချစ်တီးတိုက်မှာ အတော်ကျယ်ဝန်းသော ဝင်းကြီး တစ်ခုဖြစ်ပြီး ဘေးပတ်ပတ်လည်တွင် ဆယ်ပေခန့်မြင့်သော အုတ်ရိုးကြီးများ ပတ်လည်ကာထားရုံမျှမက အုတ်ရိုးပေါ်တွင်လည်း ဖန်ကွဲ၊ မှန်ကွဲများကို ထောင်၍ စိုက်ထားလေရာ တော်တော်နှင့် အထဲသို့ ဝင်၍မရချေ။

ကျွန်ုပ်တို့သည် ချစ်တီးငယ်ငယ်တစ်ယောက် လာဖွင့်ပေးသော မလွယ်

www.burmeseclassic.com

www.burmeseclassic.com



ခေါက်ကလေးမှ အထဲသို့ ဝင်လာခဲ့ကြ၏။ ဝင်းထဲမှ တိုက်ကြီးမှာလည်း အုတ်ရိုးနှစ်လွှာကာထားသည့် နှစ်ထပ်တိုက်ကြီးဖြစ်လျက် တံခါးပေါက်များ၊ ပြတင်းပေါက်များတွင် သုံးမတ်လုံးခန့်ရှိ သံတိုင်ကြီးများ စိုက်ထား၏။ အာ သာကပ္ပချစ်တီးမှာ လွန်စွာ စိတ်ချောက်ချားဟန်ရှိနေသည့်အတွက် ကျွန်ုပ်တို့ သည် သူ့အားအတန်ကြာမျှ ဖျောင်းဖျရသေး၏။

"ကဲ–ဆရာကြီး ဖြစ်ပုံပျက်ပုံကို ခေါင်းအေးအေးနဲ့ ပြောစမ်းပါဦး၊ အဖြစ် အပျက်ကို နားမထောင်ခင် စိန်ပျောက်သွားတဲ့ ချစ်တီးဘုရားကိုတော့ ကျွန် တော်တို့ ကြည့်ချင်သေးတယ်ဗျာ နောက်တော့မှ အဖြစ်အပျက်ကို ပြောပြပါ"

"ရပါတယ်ဗိုလ်ကြီး ကြွပါ၊ ကြွပါ"

ဟု ဆိုကာ အာလာကပ္ပချစ်တီးသည် ကျွန်ုပ်တို့ကို မှောင်ရီရီဖြစ်လျက် ရှိသော အခန်းတစ်ခုဆီသို့ ခေါ်သွားပြီးလျှင် ခါးကြားမှ သော့တွဲကြီးကို ထုတ်လိုက်ပြီးနောက် နှစ်ထပ်ရှိသော သံတိုင်တံခါးများကို တစ်ထပ်ပြီး တစ်ထပ်ဖွင့်၍ ရှေ့မှ ဝင်သွား၏။ မည်းမှောင်လျက်ရှိသော ဘုရားခန်းထဲတွင် ကား မီးရောင်မှိန်မှိန်ထွန်းထားပြီး အခန်းတစ်ခုလုံးမှာလည်း အမွှေးတိုင် မှ အနံ့များ ပျံ့လျက်ရှိလေရာ ထိုအနံ့များကြောင့် ကျွန်ုပ်တို့မှာ ခေါင်းထဲတွင် နောက်တောက်တောက် ဖြစ်လျက်ရှိကြ၏။

ကျွန်ုပ်သည် ဘာသာအသီးသီးမှ ကိုးကွယ်ကြသော ရုပ်တုတော်များ၊ ဆင်းတုတော်များကို မြင်ခဲ့ဖူး၍ ထိုဆင်းတုတော်၊ ရုပ်တုတော်များတွင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ လှူဒါန်းစီခြယ်ထားသည်ကို မြင်ခဲ့ဖူးပြီဖြစ် သော်လည်း ယခု အာလာကပ္ပချစ်တီး၏ ချစ်တီးတိုက်မှ ချစ်တီးဘုရားမှာ ကဲ့သို့ တစ်နေရာတည်းတွင် စုပြုံခြယ်လှယ်ထားသော ကျောက်မျက်ရတနာ များကိုကား မမြင်ဖူးသေးချေ။

အခန်းသို့ ပြန်ရောက်ကြသည့်အခါတွင် ကျွန်ုပ်တို့သည် အိန္ဒိယကော်

www.burmeseclassic.com

www.burmeseclassic.com



ဓားကြီးများခင်းထားသည့် ကြမ်းပြင်တွင် ထိုင်လိုက်ရင်း ကျွန်ုပ်က စတင်၍–

“ကဲ–ဆရာကြီး၊ အဖြစ်အပျက်ကို ခေါင်းအေးအေးထားပြီး ပြောပြစမ်းပါဦး၊ ဒါမှ ကျွန်တော်တို့အနေနဲ့ အမှုမှန်ပေါ်အောင် လိုက်နိုင်မှာ”

အာလာကပ္ပချစ်တီးသည် ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ ထွေးခံကို အနီးသို့ဆွဲယူ၍ ကွမ်းသွေးထွေးလိုက်ပြီးလျှင်–

“ဒီနေ့နေ့လယ်မှာ ဘုရားခန်းဖွင့်ပြီး ထုံးစံအတိုင်း ကျွန်တော်တို့တိုက်က ပန်းမိုက်တို့ဘာတို့ကိုသိမ်းတဲ့ ကောင်လေး မူတူးဆာမိနဲ့ ကျွန်တော့်ညီ ဗီရာကပ္ပတို့ အထဲကိုဝင်ကြတယ် ခင်ဗျ။ ဒါနဲ့ ဆင်းတုကို အဝတ်နဲ့ ပွတ်တိုက်သန့်ရှင်းပြီးတော့ တစ်နေ့ကတင် ဖြုတ်ထားဆဲ စိန်ကြီးတပ်မယ်ဆိုပြီး...”

“ခဏကလေးဗျ၊ ခင်ဗျားပြောသွားတဲ့ စကားထဲမှာ ထုံးစံအတိုင်းဆိုတဲ့ စကားတစ်လုံးပါလို့ ပြောသံကြားလိုက်မိတယ်၊ အဲဒါ ဘာကိုဆိုလိုတာလဲ”

“ကျွန်တော်တို့တိုက်မှာ ထုံးစံလုပ်ထားတယ်ခင်ဗျ။ ဘုရားခန်းထဲကိုဝင်ရင် ကျွန်တော်ဖြစ်ဖြစ်၊ ကျွန်တော့်ညီ ဗီရာကပ္ပဖြစ်ဖြစ် တစ်ယောက်ယောက်ရှိမှ ဝင်ရမယ်လို့ သတ်မှတ်ထားတယ်။ သန့်ရှင်းရေးလုပ်တဲ့ကောင်လေးဝင်ရင်လည်း ကျွန်တော်တို့တစ်ယောက်ယောက်ရှိရမယ်၊ တခြားတိုက်သားတွေ ဝင်ရင်လည်း ကျွန်တော်တို့ နှစ်ယောက်အနက် တစ်ယောက်ယောက်ရှိမှ ဝင်ရမယ်လို့ သတ်မှတ်ထားပါတယ်”

“ခင်ဗျားတို့ချစ်တီးတိုက်မှာ လူဘယ်နှယောက်ရှိသလဲ”

“ကျွန်တော်ရယ်၊ ကျွန်တော့်ညီ ဗီရာကပ္ပရယ်၊ ချစ်တီးအမျိုးသား စာရေး သုံးယောက်ရယ်၊ ထမင်းချက် ချစ်တီးတစ်ယောက်ရယ် အားလုံးပေါင်း ခြောက်ယောက်နေကြပါတယ်။ သန့်ရှင်းရေးလုပ်တဲ့ သူငယ်ကလေး မူတူးနဲ့ဆိုရင် အားလုံး ၇ ယောက်ရှိပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ဆိုပါဦး"

"ဒါနဲ့ ဘုရားခန်းထဲကို သန့်ရှင်းရေးလုပ်ရင်လည်း ကျွန်တော် ဖြစ်ဖြစ်၊ ကျွန်တော့်ညီဖြစ်ဖြစ် တစ်ယောက်ယောက်တော့ အမြဲရှိပါတယ်။ မနေ့က တော့ ကျွန်တော်က ဘုရားက စိန်ကြီးကို တိုက်မယ်ဆိုပြီး ခဏဖြုတ်တိုက်ပြီး ဒီနေ့မှ တပ်မယ်ဆိုပြီး အနားက စားပွဲအံဆွဲကလေးမှာ ဘူးနဲ့ထည့်ထားပါ တယ်။ ဒီနေ့မနက် ကျွန်တော့်ညီ ဗီရာကပ္ပက တပ်မယ်လုပ်တော့ ဘူးကလေး ထဲမှာ စိန်ကြီး မရှိတော့ဘူးခင်ဗျ"

"စိန်ကြီးကို ခင်ဗျား ဘယ်အချိန်ကအထိ တွေ့သေးသလဲ"

"မနက်စောစောဘုရားရှိခိုးတုန်းက ရှိသေးတယ်ခင်ဗျ၊ နေ့လယ် ထမင်း စားပြီးတော့လို့ အမွှေးတိုင်လဲ စိန်ကိုတပ်မယ် လုပ်တော့မှ မရှိတာ"

"သေချာတယ်နော်"

"သေချာပါတယ်ခင်ဗျ၊ မနက်ပိုင်းတုန်းကတောင် ကျွန်တော် အဝတ်နဲ့ တိုက်ခဲ့သေးတာပဲ"

"ဒီဘုရားခန်းတံခါးနှစ်ထပ်က သော့တွေကို ဘယ်သူ ကိုင်သလဲ"

"သေချာပါတယ်၊ ကျွန်တော့်လည်ပင်းမှာ ကြိုးနဲ့အမြဲ ဆွဲထားတာပဲ"

အာလာကပ္ပချစ်တီးက ချစ်တီးပိတ်အင်္ကျီအောက် ရင်ဘတ်ပေါ်တွင် ကြိုးဖြင့်ဆွဲထားသည့် သော့ကို ထုတ်ပြ၏။

"အင်း ဒီလိုဆိုရင်တော့ သူခိုးက သော့တုနဲ့ဖွင့်ပြီး ခိုးတာပဲ ဖြစ်မှာပဲ။ သော့ခလောက်က ခပ်ရိုးရိုး ကြေးသော့ခလောက်ဆိုတော့ သိပ်မခက်ဘဲကိုး၊ မနက်က ဘုရားရှိခိုးပြီး ဘုရားခန်းကို သော့ခတ်ပြီးတော့ ခင်ဗျား ဘာလုပ်သ သလဲ"

"ကျွန်တော် တစ်ရေးအိပ်ပါတယ်"

"ဒါဖြင့် ခင်ဗျားအိပ်နေတုန်းမှာ ခင်ဗျားညီ ဗီရာကပ္ပနဲ့ မှတ်းဆာမိနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းကို ဝင်တယ်ပေါ့"

ကျွန်ုပ်က ဗီရာကပ္ပကို တစ်ချက်မျှ ကြည့်လိုက်၏။ ဗီရာကပ္ပမှာ ပိန်ပိန်သေးသေး၊ အသက်သုံးဆယ်ကျော် လေးဆယ်တွင်း ဖြစ်၏။ အာလာကပ္ပနှင့် ဗီရာကပ္ပတို့သည် အတန်ကြာမျှ မဒရာစီလို ပြောဆိုလျက်ရှိကြသဖြင့် ကိုညဏ်လွင်က ကြားဖြတ်၍–

"ကျွန်တော်တို့နှစ်ယောက်ဟာ တရားဥပဒေကို ကိုယ်စားပြုနေတယ်နော်၊ ဒါကို သတိထားပါ၊ ခင်ဗျားတို့ အချင်းချင်းပြောချင်ရင် ကွယ်ရာမှာပြောပါ၊ ကျွန်တော်တို့ရှေ့မှာတော့ ကျွန်တော်တို့ နားမလည်တဲ့ စကားတွေနဲ့ မပြောပါနဲ့၊ မြန်မာလိုပဲ ပြောကြပါ"

ကိုညဏ်လွင်၏စကားကြောင့် သူတို့နှစ်ယောက်သည် မဒရာစီလို အပြောရပ်သွားကြ၏။

"စိတ်မရှိပါနဲ့ ဗိုလ်ကြီးတို့၊ သူက သူ့အပေါ်မှာ ပုလိပ်က မယုံသင်္ကာဖြစ်မှာ စိုးတဲ့အကြောင်း၊ မနက်သန့်ရှင်းရေးလုပ်တဲ့ မူတူးဆိုတဲ့ ကောင်လေးကို သူ မသင်္ကာဖြစ်တဲ့အကြောင်း သူ့ကို ရှာသင့်ကြောင်း ပြောနေတာပါ"

ထိုစကားကို ပြောနေသည့်အချိန်၌ ကျွန်ုပ်တို့အနီးတွင် မူတူးဆာမိလည်း ရှိနေရာ ဤတွင် သူငယ်ကလေးမူတူးက–

"ဘာ ကျွန်တော် ယူရမှာလဲ၊ ခင်ဗျားယူပြီး ကျွန်တော့်ကို လွှဲမချနဲ့၊ ခင်ဗျား တစ်ချိန်လုံးရှိနေတာပဲ၊ ကျွန်တော် ဘယ့်နှယ့်လုပ်ပြီး ယူလို့ရမှာလဲ"

ကျွန်ုပ်က ဗီရာကပ္ပဘက်သို့ လှည့်လိုက်လျက်–

"ဟုတ်လား ခင်ဗျားတစ်ချိန်လုံး ရှိနေတယ်ဆို"

"ကျွန်တော်လည်း တစ်ချိန်လုံးထိုင်ကြည့်နေတာပဲ ခင်ဗျ၊ ဒါပေမဲ့ ကျောက်တွေကို သုတ်ရအောင်ဆိုပြီး ကျွန်တော့်အခန်းထဲ ပြန်ပြီးတတ်ကြေးနဲ့ ပွမ်းလိပ်သွားယူတယ်၊ အဲဒီတုန်းမှာ ဖြုတ်တာပဲ ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားထွက်သွားတာ တစ်မိနစ်လောက်တောင် မကြာဘူး၊ ချက်ချင်း • ထွက်သွားပြီး ချက်ချင်းပြန်ရောက်လာတာပဲ။ ဗိုလ်ကြီးတို့ ကျွန်တော့်ကို ရှာချင်ရှာကြပါ၊ ကျွန်တော်မှ မယူတာ၊ ဘာမှ ကြောက်ဖို့ မလိုဘူး၊ အရှာခံရဲ ပါတယ်"

ကျွန်ုပ်တို့သည် မူတူးဆာမိကိုခေါ်ကာ သူ့အခန်းတွင် ရှာကြ၏။ သို့ရာ တွင် ဘာကိုမျှမတွေ့။

"ကျွန်တော်အစကတည်းက သူတို့နဲ့လိုက်နေချင်တာ မဟုတ်ဘူး။ ပုတီးကုန်းတိုက်က ဆရာကြီးက လိုက်သွားပါကွာဆိုလို့ လိုက်လာရတာ၊ ခုတော့ ကျွန်တော် မယူဘဲနဲ့ ကျွန်တော့်ကို စွပ်စွဲတယ်" ဟု မူတူးဆာမိသည် ငိုလျက်ရှိ၏။

"ကဲ–ဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့ကွာ၊ မင်းကို ဘယ်သူကမှ သေကာ မဖြစ်သေးပါဘူး၊ ရှာရတာကတော့ ဝတ္တရားအရ ရှာရတာပါ၊ ကဲ ကဲ လုပ်စရာရှိရင် သွားလုပ်ချေတော့"

သို့ရာတွင် မူတူးဆာမိမှာ မကျေနပ်နိုင်သေးဘဲ ဗီရာကပ္ပကို လက်ညှိုး ထိုးပြကာ–

"ဗိုလ်ကြီးတို့ သူ့ကိုကော မရှာကြတော့ဘူးလား"

စာသင်မောင်သင့်နှင့် ပုလိပ်တစ်ယောက်သည် ဗီရာကပ္ပ၏ အခန်းကို လည်း ရှာကြ၏။ သူ့ကိုယ်ပေါ်တွင် ရှာကြ၏။ သို့ရာတွင် ဘာကိုမျှ မတွေ့ရ ချေ။

ကျွန်ုပ်က မျက်နှာထားတင်းတင်းဖြင့်–

"ကဲ–ဆရာကြီး ကျွန်တော်တို့ ဘုရားခန်းထဲကို ဝင်ရှာချင်တယ်၊ ခင်ဗျား လိုက်ခဲ့ပါ။ ဒီပစ္စည်းဟာ တခြားနေရာမှာ မရှိဘူးဆိုရင်တော့ ဒီအခန်းထဲမှာပဲ ရှိဦးမယ်၊ ဒီတော့ ကျွန်တော်တို့ ရှာချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဗိုရာကပ္ပသည် ယောင်ယမ်း၍ အော်လိုက်၏။ ဘယ့်နှယ်လုပ်ရှိနိုင်မလဲ ဟု ပြောသည်ဟု ကျွန်ုပ်နားထဲတွင် ကြားလိုက်သည်ထင်၏။ ကျွန်ုပ်က ဗိုရာကပ္ပကို လှမ်းကြည့်လိုက်ရင်း–

"ဒီမှာ ဗိုရာကပ္ပ၊ မူတူးဆာမိ သန့်ရှင်းရေးလုပ်နေတုန်းက ခင်ဗျားအခန်းထဲကိုဝင်ပြီး ဂွမ်းလိပ်နဲ့ကတ်ကြေးယူတယ်လို့ ပြောသွားတယ်နော်။ ဒီတော့ ဂွမ်းလိပ်က ဘယ်မှာထားသလဲ"

"ကျွန်တော့်ဘေးက အိပ်ရာဘေးက စားပွဲပေါ်မှာပါ"

"ကတ်ကြေးကကော"

"ကတ်ကြေးလည်း အဲဒီနေရာမှာပဲ ထားပါတယ်"

"ကဲ–ဒီလိုဆိုရင် ခင်ဗျားအဲဒီတုန်းက ဂွမ်းလိပ်နဲ့ ကတ်ကြေးယူတာကလေးကို ပြန်လုပ်ကြည့်ရအောင်ဗျာ၊ တစ်ဆိတ် သွားသာ ယူပေးစမ်းပါ"

ဗိုရာကပ္ပသည် ထိုင်ရာမှ ထကာ အခန်းထဲမှဂွမ်းလိပ်ကိုယူလာ၏။

သူ သွားနေစဉ် ကျွန်ုပ်သည် လက်ပတ်နာရီကို ငုံ့ကြည့်နေ၏။ သူ ပြန်လာသည့်အခါ၌ ကျွန်ုပ်က–

"ကဲ–အပန်းမကြီးဘူးဆိုရင် ကတ်ကြေးကလေးလည်း ယူပေးစမ်းပါဦးဗျာ"

ဗိုရာကပ္ပသည် လွန်စွာဒေါသထွက်လျက်ရှိသော မျက်နှာဖြင့် ထိုင်ရာမှ ထသွားပြီး ကတ်ကြေးကို ယူလာ၏။ ထိုအခေါက်တွင်လည်း ကျွန်ုပ်သည် နာရီကို ငုံ့ကြည့်ကာ ကြာသည့် အချိန်နှစ်ခုကို မှတ်စုထဲတွင် မှတ်ထားလိုက်၏။

ကျွန်ုပ်သည် ကျွန်ုပ်လက်တွင် ပတ်ထားသည့် ရိုးကုမ္ပဏီမှ ထုတ်သည့် အယ်လဂျင်ရွှေရောင် လက်ပတ်နာရီကလေးကို ကိုညာဏ်လှ လက်ထဲသို့ ထည့်လိုက်ပြီးလျှင်–

www.burmeseclassic.com

www.burmeseclassic.com



"ကဲ–ဗိုလ်ညဏ် ဟောဒီနာရီကို ကြည့်ထား၊ ကျွန်တော် လက်တွေ့ပြမယ်။ ဗီရာကပ္ပဟာ ပထမခေါက် အခန်းထဲဝင်သွားတုန်းက ဆယ့်နှစ်စက္ကန့်ကြာတယ်၊ ဒုတိယအခေါက်ဝင်သွားတော့ ဆယ့်ငါးစက္ကန့်ကြာတယ်။ ကဲ–ဒီတော့ သူ့အခန်းထဲကို ကျွန်တော် ဝင်ပြမယ်၊ ခင်ဗျားက ကျွန်တော့်ကို တစ်၊ နှစ်၊ သုံး ဆိုပြီး အချက်ပေးလွှတ်လိုက်"

"တစ်၊ နှစ်၊ သုံး"

ဟု ကိုညဏ်လွင်က အော်လိုက်၏။

"ကျွန်တော်က ဟောဟိုအခန်းထဲက ပစ္စည်းတစ်ခုခုကို ဖြုတ်ယူမယ်။ ဆရာကြီး စိတ်တော့မရှိပါနဲ့ဗျာ၊ စိန်ထည့်ထားတဲ့ သေတ္တာကလေးက သော့ကို ခဏပေးပါ၊ ကျွန်တော်ဖွင့်ကြည့်မယ်"

ကျွန်ုပ်သည် ဘုရားခန်းထဲသို့ ခပ်သုတ်သုတ် ဝင်သွားကာ ပါလာသည့် သော့ဖြင့် စိန်ထည့်သည့် သေတ္တာကလေးကို ဖွင့်လိုက်သည်။ ထို့နောက် ပြန်ထွက်လာခဲ့၏။

"ဘယ့်နှယ့်လဲ ဘယ်လောက်ကြာသလဲ"

"စက္ကန့်ရှစ်ဆယ်ဗျ"

"ဘယ့်နှယ့်လဲ။ ဒါတောင် ကျွန်တော် အမြန်ဆုံး ဖြတ်တာ၊ ဒီတော့ ဗီရာကပ္ပ ထွက်သွားတဲ့အချိန်ဟာ စုစုပေါင်းမှ ဆယ့်နှစ်စက္ကန့်နဲ့ ဆယ့်ငါးစက္ကန့်ကြားမှာ ရှိတယ်လို့ အကြမ်းဖျင်းထား။ ဒီသေတ္တာကို ဖွင့်ရတာဟာ စက္ကန့်ရှစ်ဆယ်ကြာတယ်၊ ဒီတော့ မူတူးဆာမိဟာ ဒီပစ္စည်းကို ဖြတ်ပြီး ဝှက်ထားဖို့ မပြောနဲ့ သေတ္တာကို ဖွင့်ချိန်တောင် မရလိုက်ဘူး"

ထိုသို့ပြောဆိုလျက်ရှိကြစဉ် အခန်းထဲမှ ဝမ်းသာအားရ ပြေးထွက်လာသော စာသင်မောင်သင့်နှင့် အမှုထမ်းနှစ်ဦးတို့ကို ကျွန်ုပ်တို့ မြင်လိုက်ရ၏။ မောင်သင့်၏ လက်ထဲတွင်မူ စိန်ကြီးတစ်လုံး။ ဝမ်းဖြင့် ဖြစ်ကတတ်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ထုပ်ထားလျက်။

"ဘယ်က တွေ့တာလဲဟေ့ မောင်သင့်"

"ဗီရာကပွဲရဲ့ မွေ့ရာကြားထဲက တွေ့တာခင်ဗျ၊ မွေ့ရာကြားထဲမှာ ချုပ်ရိုး အပြကလေးတစ်ခု တွေ့တယ်၊ ငွမ်းစဖြူဖြူကလေး ထွက်နေတာနဲ့ ဆွဲကြည့် လိုက်တော့ စိန်ကြီးပါလာတာပဲ"

အာလာကပွဲချစ်တီးသည် စိန်ကြီးကို သေချာစွာ ယူကြည့်ကာ–

"ဟုတ်တာပေါ့ခင်ဗျ ဟုတ်တာပေါ့။ ဒီကောင် တော်တော် ရက်စက်တဲ့ ကောင်ဗျာ၊ လုပ်ရက်တယ်ဗျာ" ဟု တဖျစ်တောက်တောက် ညည်းညူလျက် ရှိ၏။

ကျွန်ုပ်က သူ့လက်ထဲမှ စိန်ကြီးကို ပြန်ယူလိုက်ကာ–

"ကဲ–ဆရာကြီး ဒီပစ္စည်းကိုတော့ ကျွန်တော်တို့ကို အပ်လိုက်ဦးဗျာ၊ ကျွန်တော်တို့ လက်ထဲရောက်ရင် စိတ်ချရပါတယ်။ မြန်နိုင်သမျှမြန်မြန် ကျွန်တော် ပြန်ပေးပါ့မယ်"

"လိုလို့လား ဗိုလ်ကြီးရယ်"

အာလာကပွဲသည် တွန့်ဆုတ်သော အမူအရာဖြင့် ပြောလေ၏။

"ထုံးစံအတိုင်းမို့လို့ပါ၊ ဒီပစ္စည်းဟာ သက်သေခံပစ္စည်းအဖြစ် ရုံးတော် ကိုတင်ရမယ် မဟုတ်လား၊ ကိစ္စပြီးတာနဲ့ ချက်ချင်း ပြန်ပေးပါ့မယ်။ စိတ်ချပါ"

"ဒီလိုဆိုရင်လည်း ယူပါခင်ဗျာ ယူပါ"

ကျွန်ုပ်သည် ရှာဖွေပုံစံတွင် လက်မှတ်ထိုးကာ စိန်ကြီးကို ယူလာခဲ့ကြ၏။ အပြင်သို့ အရောက်တွင် ကျွန်ုပ်ခေါင်းထဲ၌ လက်ခနဲ အလင်းရောင်တစ်ခု ဝင်လာပြန်သဖြင့် ကျွန်ုပ်က ကိုညဏ်လွင်လက်ကို ဖမ်းဆွဲလိုက်ကာ–

"ဘုရားခန်းနဲ့ ကပ်လျက် အခန်းကို ကျွန်တော်သေသေချာချာ ကြည့်ချင် သေးတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ချစ်တီးတိုက်သို့ ပြန်ဝင်လာခဲ့ကြပြီး ကပ်လျက် အခန်းကို ကြည့်၏။

အခန်းမှာ သော့ခတ်မထားသည့်အတွက် ကျွန်ုပ်တို့လည်း အထဲသို့ ဝင်လာခဲ့ကြ၏။ အခန်းထဲတွင် ခုတင်၊ အိပ်ရာ စသည်တို့ မရှိဘဲ ပစ္စည်းအတိုအစများနှင့် အဟောင်းအမြင်းများသာရှိလျက် အခန်းတစ်ခုလုံးသည် ဖုန်တွေတက်လျက်ရှိ၏။ ကျွန်ုပ်သည် စားပွဲပေါ်တွင်ရှိသည့် လေးထောင့်ပစ္စည်းတစ်ခု ချထားသည့် အရာတစ်ခုကို တွေ့သဖြင့် ထိုအရာကလေးကို စိုက်ကြည့်နေပြီးနောက် ပြတင်းပေါက်အပြင်သို့ လှမ်းကြည့်နေ၏။ ကိုညဏ်လွင်က စိတ်မရှည်နိုင်သည့် အမူအရာဖြင့်–

"ကဲ–ဗိုလ်ဂျမ်း၊ ကျွန်တော်တို့ဒီကို ဘာလုပ်ဖို့ လာတာလဲ"

ဟု မေးလိုက်သည့် အခါတွင်မှ ကျွန်ုပ်က–

"ဒီတံခါးကို မင်းတုပ်ထိုးထားသလားလို့ စဉ်းစားနေတာဗျ"

"ဟုတ်တယ်ဗျ၊ မင်းတုပ်ထိုးထားတယ်"

"စိန်ကြီးကို တစ်ယောက်ယောက် ခိုးတယ်ဆိုတာကတော့ သေချာနေပြီ၊ ဒါပေမဲ့ အမှုတစ်ခုဟာ တရားခံကို မမိမချင်း ပြီးတယ်လို့ မခေါ်နိုင်သေးဘူးဗျ၊ တရားခံကို ရှာရဦးမယ်"

"ဗီရာကပဲ ခိုးတာပဲ ဖြစ်ရမှာပေါ့ဗျ"

"ဗီရာကပဲ ခိုးတယ်လို့ ခင်ဗျားကို ဘယ်သူ ပြောသလဲ"

"နို့ သူ့အိပ်ရာထဲက တွေ့နေပြီပဲဟာ"

"အဲဒါက စိန်မဟုတ်ဘူးဗျ"

"စိန်မဟုတ်ရင် ဘာလဲဗျ၊ ကျောက်ခဲလား"

ဟု ကိုညဏ်လွင်က စိတ်တိုတိုဖြင့် မေးလိုက်၏။

"အတုဗျ"

www.burmeseclassic.com

www.burmeseclassic.com



"အကျိုးနည်း။ ဒီလိုဆိုရင် အေးအေးဆေးဆေး လုပ်နေလို့ ဖြစ်မလား ဗျ။ လာ အာလာကပွဲကြီးကို သွားပြောကြမယ်၊ ခု ကျွန်တော်တို့ တွေ့တာက အတုတွေဆိုရင် အစစ်ကို ယူတဲ့ သူခိုးဟာ ဒီလောက်ဆိုရင် လစ်သွားလောက် ပြီပေါ့"

ကျွန်ုပ်က ကိုညဏ်လွင်ကို ခပ်ပြုံးပြုံး ကြည့်လိုက်လျက်–

"ခင်ဗျားဟာ လူတော်တော့ လူတော်တစ်ယောက်ပါပဲ၊ ဒါပေမဲ့ တယ်ပြီး အလျင်စလို လုပ်တတ်တာကိုး။ ခုလည်း ခင်ဗျား အလျင်စလို ကောက်ချက် ဆွဲလိုက်ပြန်ပြီ"

"ဘာအလျင်စလို ကောက်ချက်ဆွဲတာလဲဗျ"

"အစစ်ကို ယူသွားတဲ့သူခိုးဟာ လစ်ပြေးလောက်ပြီဆိုတဲ့ ကောက် ချက်ပေါ့"

"နို့ မဟုတ်ဘူးလား"

"သေတ္တာလေးထဲမှာ ထည့်ထားတဲ့ စိန်ကြီးဟာ အတုမဟုတ်ဘူးလို့ ခင်ဗျား ဘယ့်နှယ့်ပြောနိုင်သလဲ။ ပြီးတော့ စိန်အစစ်ကြီးကိုလည်း ခပ်စောစော ကတည်းက ယူပြီး အတုပြန်ထည့်ထားတာ မဟုတ်ဘူးလို့ ခင်ဗျားဘယ့်နှယ့် လုပ် အာမခံနိုင်သလဲ"

"ဗျို့ ဗိုလ်ဂျမ်း၊ ရှင်းရှင်းလုပ်စမ်းဗျာ၊ ဒါဖြင့် တစ်ယောက်ယောက်ဟာ ဒီစိန်ကြီးကို စောစောကတည်းက ဖြုတ်လဲထားတယ်ပေါ့၊ ဟုတ်လား"

ကျွန်ုပ်သည် ကိုညဏ်လွင်ကို မည်သို့မျှမပြောတော့ဘဲ အပြင်ဘက်တွင် ကုလားသိုက်ကျားဝင်ဆိုသည့် စကားကဲ့သို့ ဆူညံဆူညံပြောဆိုလျက်ရှိ သော ချစ်တီးများရှိရာသို့ လာခဲ့ပြီးလျှင်–

"မင်းတို့ဆရာကြီး အာလာကပွဲကြီးရဲ့ ပစ္စည်းတွေထဲမှာ ဒီလို ကတ် ပြားမျိုးလေးများ မြင်ဖူးသလား" ဟု မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကတ်ပြားကလေးမှာ ယခုခေတ် ဖိတ်စာကတ်ပြားရိုက်သည့် အရွယ်လောက်ရှိပြီး ကြွေရောင်သုတ်ထားသည့် ကတ်ပြားအဖြူကလေး ဖြစ်၏။

ချစ်တီးလူငယ်တစ်ယောက်သည် ကျွန်ုပ်လက်ထဲမှ ကတ်ပြားကလေးကို ယူကြည့်လိုက်ကာ–

"ဟင့်အင်း ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးဘူး ဗိုလ်ကြီး"

ကျွန်ုပ်တို့သည် ထိုကတ်ပြားကလေးကို ပြန်ယူလာခဲ့ပြီးနောက် တိုက်ရှေ့စက္ကူစုတ်များထားသည့် ခြင်းတောင်းကလေးကို မှောက်လှန်ကြည့်ကြသေး၏။ သို့ရာတွင် ဘာကိုမျှ မတွေ့ရချေ။

ခဏကြာလျှင် ကျွန်ုပ်တို့လည်း ချစ်တီးများကို နှုတ်ဆက်ကာ ဌာနသို့ ပြန်လာခဲ့၏။

ဌာနခေါ် ဂါတ်တဲသို့ ပြန်ရောက်သည့်အခါတွင် ကျွန်ုပ်သည် ဝတ်လာသည့် ကာကီလက်ရှည်အင်္ကျီကို ချွတ်လိုက်ကာ ကိုညဏ်လွင် မခံချင်အောင် စ သည့်အနေဖြင့်–

"ဗျို့ ဗိုလ်ညဏ်၊ ကျွန်တော်တော့ အဲဒီအမှုအတွက် လုပ်စရာကလေးတွေ ရှိနေတယ်ဗျာ၊ အပြင် ခဏသွားဦးမယ်။ ကျွန်တော့်အင်္ကျီမှာ ကပ်နေတဲ့ အမှုန့်ကလေးတွေကို ဝက်မှင်ဘီးနဲ့ တိုက်ပေးပါလား။ ပြန်လာရင် ခင်ဗျားကို လက်ဖက်ရည် တိုက်ပါ့မယ်" ဟု ပြောလေလျှင် ကိုညဏ်လွင်က–

"အံမာ ဗိုလ်ဂျမ်းက လူကို တယ်နှိမ်ပါကလားဗျ၊ ခင်ဗျား အင်္ကျီမှာ ဘာတွေပေနေလို့လဲ၊ ဘာမှ..."

ကိုညဏ်လွင်သည် ပြောရင်းဆိုရင်း စကားရပ်သွားကာ–

"ဟုတ်သားပဲ၊ ခင်ဗျား အင်္ကျီမှာ ဖြူဖြူအမှုန့်တွေ။ ဘာတွေများ ပေလာသလဲ မသိဘူး"

"အဆိပ်မှုန့်တွေ မဟုတ်ပါဘူးဗျ၊ လက်သမားများသုံးတဲ့ မြေဖြူမှုန့်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



အံ့ဆွဲတို့ ဗီရိုတို့စတဲ့ ပရိဘောဂတွေလုပ်တဲ့ လက်သမားများ အံ့ဆွဲတွေ ချောမွေ့နေအောင်၊ ကျပ်မနေအောင် ဒီမြေဖြူကို နာနာတိုက်ပေးရတယ် မဟုတ်လား"

"အဲဒါနဲ့ ဘာဆိုင်သလဲဗျ"

"ဆိုင်ကြောင်းကို နောက်တော့ သိမှာပေါ့ဗျာ"

ဟုသာ ကျွန်ုပ်က ပြောလိုက်ပြီး ကျွန်ုပ်သည် စာတိုက်သို့ လာခဲ့ကာ ရန်ကုန်သို့ ကြေးနန်းတစ်စောင်ရိုက်လိုက်၏။

■

ရက်အနည်းငယ်ကြာသွား၏။ ကိုဉာဏ်လွင်မှာ တရားခံဖမ်းစရာရှိသဖြင့် နယ်သို့ ထွက်သွားရာ တစ်ပတ်ခန့်ကြာမှ ပြန်ရောက်လာ၏။ ကျွန်ုပ်သည် စုံစမ်းစရာရှိသည်တို့ကို စုံစမ်းပြီးနောက် တရားခံကိုမိခဲ့ပြီဖြစ်ရာ ကိုဉာဏ်လွင်ကို နောက်ပြောင်ကျီစယ်လိုသည့်အတွက် ဌာနာဝင်းထဲသို့ ပြန်ရောက်လျှင်ရောက်ချင်း ကိုဉာဏ်လွင်၏ အိမ်သို့သွားကာ–

"ကဲ ဗိုလ်ဉာဏ် ကျုပ်ကို ဆရာလို့ခေါ်စမ်း"

ဟု ရင်ကိုကော့၍ ပြော၏။ ကိုဉာဏ်လွင်သည် ဘုမသိဘမသိဖြင့် ကြည့်ကာ–

"ဘာကြောင့်"

"ချစ်တီးဘုရားက စိန်ကိစ္စပြီးသွားပြီဗျ၊ အဲဒီဖေကို လိုက် လိုက်တာ ဘာခံနိုင်မှာလဲဗျာ"

"ပြီးပြီ ဟုတ်လား"

"ပြီးလို့ တရားခံတွေကိုတောင် ဖမ်းထားပြီဗျ"

"ဟုတ်လား၊ တရားခံက ဘယ်သူတွေလဲ"

"သန့်ရှင်းရေးလုပ်တဲ့ မှုတူးဆာမိနဲ့ တိုက်သားထဲက ချစ်တီး တစ်

www.burmeseclassic.com

www.burmeseclassic.com



သောက်ရယ်။ ဗင်ကာထရံဆွာမိဆိုတဲ့ ချစ်တီး၊ ထမင်းချက် လုပ်တဲ့ကောင်။ ခင်ဗျားကို မြေဖြူအကြောင်းပြောပြီး စကားရိပ်ပေးခဲ့သားပဲ။ ခင်ဗျားမှ မဖမ်းဘတ်ဘဲကိုး"

"ဟုတ်တယ်လေ လက်သမားတွေသုံးတယ်လို့တောင် ခင်ဗျားပြောခဲ့သေးတယ်"

"ဟုတ်ပါ့ဗျာ။ အံဆွဲတွေကို ကျပ်မနေဘဲ ချောင်နေအောင် လက်သမားတွေ တိုက်လေ့ရှိတယ်။ အံဆွဲကို မမြည်အောင် တိုက်ထားတယ်ဗျ။ တိုက်တဲ့လူက သန့်ရှင်းရေးလုပ်တဲ့ကောင်လေး မူတူးဆာမိရယ်။ မဆိုးဘူးဗျ၊ တော်တော် ဉာဏ်သွားတဲ့ ကောင်တွေ"

ကျွန်ုပ်သည် ကိုဉာဏ်လွင်ပေးသော ပိုလိုတစ်လိပ်ကို ဖွာရှိုက်ရင်း–

"ကဲ–နားထောင် ကျွန်တော်အစအဆုံး ပြောပြမယ်၊ ဘုရားခန်းနဲ့ကပ်လျက် အခန်းထဲမှာ ထမင်းချက် ဗင်ကာထရံက စောင့်နေတယ်ဗျ၊ မူတူးဆာမိဟာ အခန်းထဲက အံဆွဲကို မမြည်အောင်ဖွင့်၊ စိန်ကြီးထည့်ထားတဲ့ သေတ္တာကလေးကိုထုတ်၊ တံခါးမင်းတုပ်ကိုဖွင့်၊ ကပ်လျက် အခန်းထဲမှာစောင့်နေတဲ့ ဗင်ကာထရံကို ပေး၊ အသာပြန်လာ၊ ဗင်ကာထရံက အပြင်မှာ သူလုပ်ထားတဲ့ သော့တုနဲ့ သေတ္တာကလေးကိုဖွင့်၊ ဒီတုန်းမှာ ဗီရာကပ္ပက ကတ်ကြေးယူဖို့ နောက်တစ်ခေါက်ထွက်တော့ မူတူးဟာ စိန်တုထည့်ပြီး လဲထားတဲ့ သေတ္တာကလေးကို ဗင်ကာထရံဆီက ပြန်ယူပြီး အံဆွဲထဲထည့်ပြီး အသာပြန်ထည့်ထားတာပဲဗျ၊ ပြီးတော့ သူတို့ ထည့်ထားတဲ့ စိန်တုကို ဗီရာကပ္ပရဲ့ မွေ့ရာအောက်မှာ သွားထည့်၊ ရုတ်တရက်ကြည့်ရင်တော့ ဗီရာကပ္ပအပေါ်ကို ပုံကျနေတော့တာပေါ့ဗျာ"

"နေစမ်းပါဦး၊ ကတ်ကလေးက ဘာဆိုင်လို့တုံး၊ ကတ်ကလေးကို ခင်ဗျားထုတ်ပြတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကတ်ကလေးက လက်ဗွေရာတွေထင်အောင် အမှုန့်ဖြူးထားတဲ့ ကတ်ကလေးဗျ။ ကျုပ်ရန်ကုန်ရောက်တုန်းက ရုံးချုပ်က မိတ်ဆွေတစ်ယောက်ဆီက တောင်းလာတာ၊ သူတို့တောင် မသုံးကြသေးဘူး၊ စမ်းသပ်နေတဲ့ အဆင့်မှာပဲ ရှိသေးတယ်။ ဒီတော့ ဒီကတ်ကို ဗင်ကာထရံအကိုင်ခိုင်း ကြည့်တော့ သူ့လက်ရာ ထင်ကျန်ရစ်ခဲ့တာပေါ့ဗျ။ ရန်ကုန်ရုံးချုပ်က လက်ဗွေရာကို စုံစမ်းကြည့်တော့ ပုတီးကုန်း ချစ်တီးတိုက်က စိန်ကြီးကို ခိုးသွားတဲ့ ကောင်ဗျ။ စီအိုင်ဒီကလည်း ဒီကောင့်ကို လိုက်ရှာနေတာ၊ သူ့နာမည်ရင်းက ဗင်ကာထရံ မဟုတ်ဘူး၊ ရာမ တဲ့"

"နို့ မြေဖြူကကော ခင်ဗျားဘယ်က ပေလာတာလဲ"

"အံဆွဲနှုတ်ခမ်းကို လျှောက်စမ်းကြည့်လိုက်တော့ လက်မှာ ပေလာတယ်ဗျ၊ ဒါတော့ ခင်ဗျား မမြင်လိုက်ဘူး။ ဒီအံဆွဲဟာ အသစ်မဟုတ်ဘဲနဲ့ မြေဖြူတွေပေနေတဲ့ပုံထောက်တော့ တစ်ယောက်ယောက် သုတ်ထားတယ်ဆိုတာ ထင်ရှားတယ်။ ကျုပ်လည်း အားရဝမ်းသာနဲ့ လက်ဖျားက မြေဖြူတွေကို အကျီလက်ကို သုတ်လိုက်မိတာ။ ခု နှစ်ယောက်လုံးကို ဖမ်းထားလိုက်ပြီလေ၊ စိန်အစစ်ကိုလည်း ရာမဆီမှာ သွားတွေ့တယ်။ ဒီကောင်တွေ တစ်ချက်ပဲ မှားသွားတယ်။ ဒီတစ်ချက်ကြောင့် ခံလိုက်ရတာ"

"ဘယ်တစ်ချက်လဲဗျ"

"လူသူမရှိတဲ့ အခန်းထဲက ဖုန်တွေတက်နေတဲ့ စားပွဲပေါ်မှာ သေတ္တာကလေးတင်ထားတော့ အဲဒီသေတ္တာရာကလေး ကျန်ရစ်တာပေါ့ဗျ၊ ဒါကိုတော့ ခင်ဗျားလည်း မြင်လိုက်မှာပေါ့"

"ဟုတ်တယ် မြင်လိုက်တယ်"

"အဲဒီမှာတင် ကျုပ် သဲလွန်စရသွားတာပဲ၊ ကဲ ကိုယ့်လူ ဘာစားမလဲ"

"ဗျာ ဘာဖြစ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က အိတ်ထဲတွင်ရှိသည့် ရာတန်တစ်ရွက်ကို ထောင်ပြလိုက်ကာ–

"အာလာကပ္ပကြီးက ကျုပ်ကို ဆုချသွားတာလေဗျာ။ ချစ်တီးဆိက ဒွှည်းဆိုတာ အလကားရခဲဘိခြင်း။ ဘီကျင်ကို သွားပြီး ဂျက်ဖရီဘီယာ ကလေးနဲ့၊ ကရပ်ချိစ်ကလေးနဲ့၊ ဘဲကင်ကလေးနဲ့ အမောဖြေလိုက်ကြရ အောင်"။ ။

(စန္ဒာရုပ်စုံမဂ္ဂဇင်း၊
အမှတ် ၂၀၁၊ ဒီဇင်ဘာ၊ ၁၉၈၅)

www.burmeseclassic.com

www.burmeseclassic.com

ဖွဲနိုးယဝိ

www.burmeseclassic.com

www.burmeseclassic.com

## ၃။ ဖွဲနိုးမပိ

ကျွန်ုပ်တို့ မြန်မာနိုင်ငံကို အုပ်စိုးခဲ့စဉ်က အင်္ဂလိပ်တို့သည် ဒိစတြိတ် မြို့ကြီးများတွင် ရုံးများ၊ အစိုးရအရာရှိကြီးများ၏ နေအိမ်နှင့် ကလပ်များကို ကောင်းပေ့ဆိုသော နေရာများ၌ ထားခဲ့ကြ၏။ ကျွန်ုပ်သိသလောက် ပြောရမည်ဆိုလျှင် ဟင်္သာတ၊ ပြည်၊ မင်းဘူး၊ မကွေး၊ ချောက်၊ ရေနံချောင်း၊ ပခုက္ကူ၊ မြင်းခြံ၊ စစ်ကိုင်း၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ စသည့် မြို့ကြီးများတွင် အစိုးရရုံးများနှင့် မျက်နှာဖြူ အစိုးရ အရာရှိကြီးများ၏ အိမ်များ၊ ကလပ်များ၊ တင်းနစ်ကွင်းများ၊ ဂေါက်ကွင်းရှိရာ နေရာများသည် အလွန်လှပ၍ ရှုခင်းကောင်းသောနေရာများဖြစ်ကြ၏။ ဥပမာအားဖြင့် ပြည်မြို့မှ မင်းကြီးတောင်ဆိုလျှင် အလွန်ရှုခင်း ရှုကွက်ကောင်းသည့်နေရာဖြစ်၏။ မင်းကြီးတောင်ပေါ်မှ မျှော်ကြည့်လျှင် ရစ်ခွေစီးဆင်းနေသော ဧရာဝတီမြစ်ကြီးနှင့်တကွ အနောက်ဘက်ကမ်းရှိ ဖိုးဦးတောင်သည်တို့ကို မြင်ရ၏။ ထိုနည်းအတူပင် ပခုက္ကူ၊ စစ်ကိုင်း စသည့် မြို့များတွင်လည်း အစိုးရ ရုံးစိုက်ရာရပ်ကွက်များမှ ကြည့်လျှင် ဧရာဝတီမြစ်ကြီးနှင့်တကွ မြစ်တစ်ဖက်ကမ်းမှ လှပသော ရှုခင်းများကို မြင်ရသည်မှာ ငေးမောစွာ ခံစားကြည့်နူးစရာကောင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အမှုထမ်းလျက်ရှိရာ ဒိစတြိတ်မြို့ကြီးမှာ မြန်မာပြည် အလယ်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်လျက် ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိ၏။ ကျွန်ုပ်သည် ထိုစဉ်က စီပီအိုခေါ် အမှုလိုက်ရာဇဝတ်အုပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ နေ့တိုင်းဆိုသလိုပင် မြို့ထဲရှိ မြို့မဌာနာမှနေ၍ တရားရုံးများရှိရာ ရပ်ကွက်သို့ စက်ဘီးတစ်စီးဖြင့် သွားရ၏။ အများအားဖြင့် လူသတ်မှုများ စစ်ဆေးရာ ဒိစတြိတ်စက်ရှင်ရုံးကြီးသို့ နေ့တိုင်းလိုလို သွားရ၏။ အမှုမရှိသည့် နေ့များတွင်လည်း ကျွန်ုပ်သည် ထိုစက်ရှင်ရုံးကြီးသို့ သွားရောက်လေ့ရှိ၏။ စက်ရှင်ရုံးဝင်းအတွင်းရှိ အိန္ဒိယအမျိုးသား ကာလူး၏ လက်ဖက်ရည်ဆိုင်မှာ လစ်ပတန်လက်ဖက်ခြောက်ကျကျကို နို့ကျဲနှင့် ဖျော်ပြီး ရောင်းသဖြင့် နာမည်ကြီးသောကြောင့်ဖြစ်၏။ ထိုခေတ်က လက်ဖက်ရည်ဆိုင်များမှ လက်ဖက်ရည်မှာ များသောအားဖြင့် လစ်ပံတန် လက်ဖက်ခြောက်၊ သို့မဟုတ် ဗရွတ်ဘွန်းလက်ဖက်ခြောက်တို့နှင့် နှပ်ပြီး နို့စိမ်းဘူးဖြင့် ဖျော်ကြသည့် ဆိုင်ချည်း ဖြစ်၏။ သို့ရာတွင် ကာလူး၏ ဆိုင်မှာ အခြားသောဆိုင်များထက် ပိုကောင်းသဖြင့် သူ့ဆိုင်တွင် လူစည်ခြင်း ဖြစ်၏။ ကာလူးဆိုင်မှ ကြက်သားစမူဆာသုပ်၊ ချာပါတီနှင့် ဘာဂျီတို့သည်လည်း အလွန်စား၍ကောင်း၏။ ကာလူးမှာ ကျွန်ုပ်တို့ ငယ်စဉ်ကပင်လျှင် အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်တွင်းသို့ ရောက်နေပြီဖြစ်သည့်တိုင် သူကိုယ်တိုင် ဂျုံကြိတ်ကာ သူကိုယ်တိုင် ချာပါတီလုပ်နိုင်သေး၏။ ဘာဂျီ စသည်တို့ကိုချက်လျှင်လည်း သူကိုယ်တိုင် ချက်ပြုတ်နိုင်သေး၏။ "အဘိုးကြီး၊ အသက်ကြီးပြီပဲ၊ ဘာဖြစ်လို့ ဒီလောက်အလုပ်လုပ်နေရတာလဲ၊ သားတွေကို ခိုင်းပါတော့လား" ဟု ကျွန်ုပ်တို့က ပြောသည့်အခါတွင် ကာလူးက "ဒီခေတ်ကောင်လေးတွေဟာ ရှေ့တုန်းကကောင်းကောင်း မလုပ်တတ်ဘူး ဆရာ၊ ကောင်းကောင်းလည်း မစားတတ်ဘူး၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် လုပ်ရတာ" ဟု ပြောတတ်၏။ ဒီခေတ်

www.burmeseclassic.com



ကောင်လေးတွေဟု သူပြောသော သူ့သားများမှာ ထိုစဉ်ကပင်လျှင် အသက် လေးဆယ်ကျော် ငါးဆယ်တွင်းသို့ ရောက်နေလေပြီ။ ကာလူးသည် တစ်နေ့လျှင် ဆိတ်နို့ တစ်ပိဿာ၊ လက်နှစ်လုံး သုံးလုံးခန့် ထူသည့် ချာပါတီနှင့် ဘာဂျီတို့ကို စားကာ အသက်တစ်ရာကျော်ထိ နေသွားခဲ့ရာ ကျွန်ုပ်တို့ ပင်စင်ယူခါနီးမှပင် ကွယ်လွန်သွားခဲ့၏။ ကာလူး၏ လက်ဖက်ရည်၊ ချာပါတီနှင့် ဘာဂျီတို့ကြောင့် ကျွန်ုပ်သည်လည်း အမှုမရှိသည့်နေ့များတွင်ပင် စက်ရှင်ရုံးထဲရှိ လက်ဖက်ရည်ဆိုင်သို့ မသွားဘဲ မနေနိုင်အောင်ဖြစ်ခဲ့ရ၏။ လက်ဖက်ရည်နှင့် အစားအသောက်ကောင်းခြင်းအပြင် ကာလူးဆိုင်တွင် ကျွန်ုပ်တို့လခစားများအတွက် ကြွေးစာရင်း စာအုပ်လည်း ဖွင့်ထားသည့်အတွက် ကျွန်ုပ်သည် ထိုမြို့ကလေးတွင် အမှုထမ်းခဲ့စဉ်က ကာလူးဆိုင်သို့ မရောက်သည့်နေ့ဟူ၍ မရှိခဲ့ဖူးချေ။

တစ်နေ့သ၌ ကျွန်ုပ်သည် အမှုလိုက်စရာမရှိသည့်အတွက် ကာလူးဆိုင်သို့ ထွက်လာကာ ငရုတ်သီးစပ်စပ်၊ မန်ကျည်းရည် နိုင်နိုင်၊ မဆလာနံ့သင်းသင်းတို့ဖြင့် သုပ်ထားသော ကြက်သားစမူဆာသုပ် တစ်ပွဲကို စားပြီးနောက် လစ်ပတန် လက်ဖက်ခြောက်ကို ကျကျနနပ်ထားသည့် လက်ဖက်ရည်တစ်ခွက်ကို ဖိမ်ခံသောက်လျက်ရှိစဉ် စက်ရှင်ရုံးဝင်းထဲသို့ ချက်ပလက်ခေါင်းရှည် ဘတ်စ်ကားကြီးတစ်စင်း ထိုးဝင်လာကာ ကာလူးဆိုင်ရှေ့သို့ လာရပ်ပြီး ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်ကို တွေ့ရ၏။ထိုကားမှာ ဒီစတြိတ်မြို့ကြီးသို့ ပြေးဆွဲနေသည့် တောမြို့ကလေးမှ ဘတ်စ်ကားဖြစ်ပြီး ကားပိုင်ရှင်မှာ ကိုဖိုးထိုက်ဆိုသူဖြစ်၏။ကိုဖိုးထိုက်သည် ကားအုံနာတစ်ယောက်မျှသာမက ကားကိုလည်း ကိုယ်တိုင်မောင်းသဖြင့် အုံနာ ဒရိုင်ဘာတစ်ယောက်ဟု ဆိုလျှင် ပို၍မှန်ပေလိမ့်မည်။ ကိုဖိုးထိုက်မှာ အသက်လေးဆယ်ခန့်ရှိပြီး မျက်လုံးမျက်ခုံး ကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းမွေး

www.burmeseclassic.com

www.burmeseclassic.com



ရေးရေးတို့ရှိပြီး သျှောင်တစောင်းထုံးထားသည့်အတွက် ရှေးခေတ်မျက်စိဖြင့် ကြည့်လျှင် မြန်မာယောကျ်ားပီသသူတစ်ဦးဖြစ်၏။ သျှောင်တွင် ဗန်းမော် မွေးပွတဘက်တစ်ထည်ကို အမြဲပေါင်းထားတတ်သဖြင့် ရုတ်တရက် ကြည့်လျှင် အသက်လေးဆယ်တွင်းဟု မထင်ရဘဲ ငါးဆယ်ကျော် လူကြီး တစ်ယောက်နှင့် တူနေ၏။

ကျွန်ုပ်ကို မြင်သည့်အခါတွင် ကိုဖိုးထိုက်သည် ပြုံးကာ–

"ရာဇဝတ်အုပ်မင်း တစ်ယောက်တည်းလား"

"ဟုတ်တယ် ကိုဖိုးထိုက်ရေ၊ အမှုမရှိတဲ့နေ့ပေမယ့် ကာလူးဆိုင်ကို မလာဘဲ မနေနိုင်ဘူးဗျ၊ လက်ဖက်ရည်သောက်ဦးလေ"

ကိုဖိုးထိုက်က ခေါင်းယမ်းပြလိုက်ကာ ဆေးငုံထားသည့်ပါးစပ်ကို လက်ညှိုးထိုးပြလိုက်လျက်–

"ကျွန်တော်တို့က လက်ဖက်ရည်သမားမဟုတ်ဘူးခင်ဗျ၊ ဆေးရွက်ကြီး သမား"

ကိုဖိုးထိုက်သည် ဆေးရွက်ကြီးဖတ်များကိုထွေးလိုက်ပြီးနောက် စားပွဲ တွင် ဝင်ထိုင်လိုက်ကာ–

"ရာဇဝတ်အုပ်မင်းနဲ့ တွေ့တာ အတော်ပဲခင်ဗျ၊ ကျွန်တော်တို့ မြို့က အမှုကလေးတစ်ခုအကြောင်း ပြောရဦးမယ်" ဟုဆိုကာ သူ့မိတ်ဆွေ ကား သမား ကိုစက်ဖေ၏ အဖြစ်အပျက်ကို ပြောပြလေရာ ကျွန်ုပ်သည် သူပြော သည့် အမှုအကြောင်းကို သူ့စကားဖြင့် မဟုတ်ဘဲ ကျွန်ုပ် အရေးအသားဖြင့် ပြန်လည် တင်ပြလိုက်ရပေ၏။

■

တပေါင်းလ ပူပြင်းသော ရက်တစ်ရက်၌ ကားဆရာ ကိုစက်ဖေသည် 'အောင်ပါလေ' အမည်ရှိ သူပိုင် ချက်ပလက်ကားကြီးဖြင့် မြို့နှင့် ဆယ်မိုင်ခန့်

www.burmeseclassic.com

www.burmeseclassic.com



ဘွာသည့် ရွာကလေးတစ်ရွာသို့ မန်ကျည်းသွားတင်ပြီး ပြန်လာခဲ့၏။ ထိုမန်ကျည်းများမှာ ပွဲရုံမှ ဝယ်ထားသည့် မန်ကျည်းများဖြစ်ပြီး နောက်တစ်နေ့တွင် မီးရထားနှင့် တင်ရန်အတွက် ကားဖြင့် သွား၍တိုက်ခြင်း ဖြစ်၏။ ကိုစက်ဖေသည် ဟော့ဟော့ရမ်းရမ်း နေထိုင်ခြင်း မပြုသည့်တိုင် ညနေတိုင်လျှင် ဆန်းလျက်ဖြင့် ချက်သည့် ချက်အရက်ကလေး နှစ်ခွက်လောက်ကိုမူ မှန်မှန်သောက်တတ်၏။ သူနှင့် သူ့ဇနီး မတင်မြတို့မှာ သားသမီးမရှိဘဲ လင်ကိုယ်မယားနှစ်ယောက်တည်း ဖြစ်သည့်အတွက် ကောင်းကောင်းမွန်မွန် နေနိုင်၏။ မတင်မြမှာ ကိုစက်ဖေထက် ဆယ်နှစ်ခန့်ငယ်ပြီး ရုပ်ချောသည့် မိန်းကလေးတစ်ဦးဖြစ်သည့်အတွက် ဝတ်ချင်စားချင်၊ လှချင်ပချင်သူဖြစ်ရာ ဈေးထဲတွင် အဝတ်အစားအသစ်ပေါ်လျှင် မတင်မြ၏ ခါးပေါ်သို့ ရောက်သည်ချည်းဖြစ်၏။ ထိုခေတ်က အဝတ်အစားအသစ်ဆိုသည်မှာလည်း ယခုခေတ်လို နေ့တိုင်းပေါ်နေသည်မဟုတ်ချေ။ သုံးလေးလမှ တစ်ခါဆိုသလို အဝတ်အစားအသစ်အဆန်းများရောက်လာတတ်သဖြင့် ပိုက်ဆံလည်း များစွာ မကုန်လှချေ။ တစ်ခါတစ်ရံ ဘောက်စ်ဝါလား ခေါ် ပခြုပ်ကြီးများဖြင့် လာရောင်းသည့် ဘာဘူကုလားအထည်သည်ကြီးများလည်း လာတတ်သေးရာ ထိုအခါမျိုးတွင် အထည်ဆန်းကလေးများ ပါလာတတ်၏။ အထည်ဆန်းပါလျှင် ပါသလောက်လည်း တစ်ဝတ်စာ၊ နှစ်ဝတ်စာ စသည်လောက်ကိုမူ အလွယ်တကူ ဝယ်နိုင်ကြ၏။ လက်ငင်း မပေးနိုင်သေးလျှင်လည်း လပေးစနစ်ဖြင့် ဝယ်ယူနိုင်သေး၏။ ဥပမာအားဖြင့် ထိုခေတ်က ခေတ်စားသည့် ကိုကိုမကြည့်ဝံ့ ဆိုသည့် ရှုံသားစဆိုလျှင် တစ်ဝတ်စာမှ နှစ်ကျပ် သုံးကျပ်လောက်သာကျ၏။ ထို့ကြောင့် အသစ်အဆန်းကလည်း နေ့တိုင်း လတိုင်းမပေါ်၊ ဈေးလည်းချိုသဖြင့် လူတိုင်းလိုလို အသစ်အဆန်းကို ဝယ်နိုင် ဝတ်နိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မတင်မြမှာ ငယ်လည်းငယ်၊ ရုပ်ကလည်းချောသဖြင့် ကိုစက်ဖေက လည်း သူ့ဇနီးကို အလိုလိုက်၏။ အဝတ်အစားအသစ်ပေါ်တိုင်း ဝယ်ပေး၏၊ အစားအသောက်ကလေး ကောင်းကောင်းမွန်မွန် သူစားရလျှင်လည်း ဇနီး သည်ဖို့ ဝယ်ခြမ်းလာတတ်၏။

ဆိုခဲ့သည့်အတိုင်း ထိုနေ့က ကိုစက်ဖေသည် ရွာတစ်ရွာမှ မန်ကျည်း တိုက်ပြီး သူ့ချက်ပလက်ခေါင်းရှည်ကားကြီးကို တစ်ယောက်တည်း မောင်း၍ ပြန်လာခဲ့၏။ မန်ကျည်းရောင်းသူက သူ့ကို ထန်းလျက်အရက် ကောင်း ကောင်းတိုက်ကာ ကြက်သားကို ထန်းရည်နယ်ဖြင့် ချက်၍ ကျွေးလိုက်သဖြင့် လည်း ကိုစက်ဖေသည် အရှိန်ကလေးရလာကာ ကျေနပ်ရောင့်ရဲစွာဖြင့် မော် တော်ကားကို အေးအေးလူလူ မောင်းလာခဲ့၏။ လမ်းတွင် ကားမောင်းရင်း သီချင်းကလေးပင် ညည်းလာလိုက်သေး၏။

ကိုစက်ဖေသည် အစားကောင်း၊ အသောက်ကောင်း စားသောက်ရလျှင် သူ့မိန်းမ မတင်မြကို ဘယ်တော့မျှမမေ့။ ယခုလည်း သူက ထန်းလျက် အရက်ကောင်းကောင်းနှင့် ကြက်သားထန်းရည်နယ်တို့ ချက်ထားသည့် ဟင်းကို စားခဲ့သောက်ခဲ့ရပြီဖြစ်ရာ သူ့မိန်းမက ကြက်ဥမှာလိုက်သည်ကို သတိရလာ၏။ ထို့ကြောင့် ရှေ့က ရွာကလေးတွင် ကြက်ဥဝယ်ဦးမည်ဟု စိတ်ကူးရ၏။

လမ်းမှာ ချိုင့်ကျင်းများသဖြင့် ကိုစက်ဖေသည် တစ်နာရီကို ဆယ်မိုင်နှုန်း သာသာကလေးသာ မောင်းလာခဲ့၏။ ရှေ့ရွာကလေးရှိ တဲတစ်တဲတွင်မှ 'ကြက်ဥလတ်လတ်ဆတ်ဆတ်ရပြီ' ဟု ပျဉ်ပြားစတစ်ချပ်ပေါ်တွင် ထုံးဖြင့် ဖြစ်သလိုရေးထားသည့် ဆိုင်းဘုတ်တစ်ခုကို အခန့်သင့်တွေ့ရ၏။ ကိုစက်ဖေ သည် ကားကိုစက်ရှိန်သတ်ကာ ဟွန်းနှစ်ချက် ခပ်ပြင်းပြင်း နှိပ်လိုက်၏၊ ချက်ချင်းဆိုသလိုပင် ထဘီရင်ရှားထားသည့် မျက်နှာဝိုင်း ခပ်ဆိုးဆိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ထွက်လာကာ-

"ကြက်ဥလိုချင်လို့"

"မရှိတော့ဘူးတော့၊ ကုန်သွားပြီ"

မည်သည့်နေရာတွင် ရနိုင်သနည်းဟု ကိုစက်ဖေက မေး၏။ မိန်းမ ခပ်ရွယ်ရွယ်က မပြောချင့်ပြောချင်ဖြင့်-

"ပြောတတ်ဘူးတော့၊ ဟို ရွာအဖျားက ဒေါ်နက်ထယ်တို့ တဲမှာများ ရမလားမသိဘူး"

မိန်းမရွယ်သည် သူ့ တာဝန်ပြီးဆုံးပြီဟု ယူဆသည့်နှယ် အိမ်ထဲသို့ ချာခနဲ လှည့်ဝင်သွား၏။ အိမ်ထဲသို့ ပြန်အဝင်တွင် "ယစ်မျိုးပုလိပ်ကို ကြောက်ရတဲ့အထဲ ဒီဥဝယ်တဲ့ လူတွေကလည်း ခဏခဏ လာနေတာပဲ" ဟူသော သြဘာသံကို ကြားလိုက်ရ၏။ အရက်ပုန်းချက်နေတုန်း ယစ်မျိုး ပုလိပ်ကိုလန့်နေသော အရက်သည်မ ဖြစ်ဟန်တူ၏။

ကိုစက်ဖေသည် သူ့ကို စိတ်မဆိုးနိုင်။ သူ့ဘာသာသူ သဘောကျ၍ ပြုံးရင်း ကားကိုဆက်မောင်းလာခဲ့၏။ ရွာဖျားသို့ ရောက်သည့်အခါတွင် ကလေးတစ်ယောက်ကို မေးသဖြင့် ဒေါ်နက်ထယ်တို့ တဲဆီသို့ ကားကို မောင်းလာခဲ့ပြီး ကားပေါ်မှ ဆင်း၏။ ထနောင်းဆူးတို့ ကာရံထားသည့် ခြံစည်းရိုးဝင်းထဲသို့ ဝင်လာခဲ့ပြီးနောက် တဲထဲသို့ လှမ်းကြည့်လိုက်၏။ လူ သူ အရိပ်အယောင်ဆို၍ တစ်ယောက်မျှ မတွေ့ရချေ။ ထို့ကြောင့် ကိုစက်ဖေ သည် တဲခြေရင်းမှ ကွေ့ပတ်ကာ နောက်ဖေးဘက်သို့လာခဲ့၏။ နောက်ဖေး ဘက်တွင် ဆီးပင် သုံးလေးပင်နှင့် မန်ကျည်းပင်ကြီးတစ်ပင်ကို တွေ့ရပြီး ဆီးပင်အောက်တွင် နွားစားခွက်တစ်လုံးကို တွေ့ရ၏။ နွားများကိုကား မ တွေ့ရချေ။ နောက်ဖေးတွင်လည်း လူသူ အရိပ်အယောင်ဆို၍ ဘာမျှ မမြင် ရချေ။ ကိုစက်ဖေသည် တဲထဲသို့ ခေါင်းဝင်၍ ကြည့်လိုက်၏။ တဲထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ယောက်မျှ မရှိ။ ဒေါ်နက်ထယ်သည် စောစောက မိန်းမရွယ်ကဲ့သို့ အရက်ပုန်းများ ချက်နေသလောဟုပင် စိတ်တွင် တွေးလိုက်မိသဖြင့် ပြုံးမိသေး၏။

ထိုစဉ် တဲနောက်ဖေးပြောင်းခင်းထဲမှ အသက်ငါးဆယ်ကျော် ခြောက်ဆယ်တွင်း မိန်းမကြီးတစ်ယောက်သည် ထဘီရင်ရှားဖြင့်ပင် သူ့ဆီသို့ ပြေးလာကာ–

"ဘာကိစ္စရှိလို့လဲဟေ့၊ မင်းက ဘယ်ကလဲ၊ ဘာဖြစ်လို့ ငါ့အိမ်ထဲကို ဝင်ရတာလဲ" ဟု ရန်ထောင်ရင်း သူ့ကို မသင်္ကာသည့် မျက်လုံးများဖြင့် ကြည့်နေသည်ကို တွေ့ရ၏။ ဒေါ်နက်ထယ်သည်လည်း စောစောက မိန်းမရွယ်ကဲ့သို့ပင် အရက်ပုန်းချက်နေခြင်း ဖြစ်ပေလိမ့်မည်ဟု ထင်သဖြင့် ကိုစက်ဖေ ပြုံးလိုက်ပြန်၏။

ကိုစက်ဖေသည် သူ ပြောသည့်စကားဆုံးအောင် စောင့်၍ နားထောင်နေပြီးနောက် ကြက်ဥဝယ်လိုကြောင်း ပြောပြ၏။

အဘွားကြီးသည် ကိုစက်ဖေ၏ လက်ကို ဆွဲထားကာ–

"ငါ နားမကြားရဘူး၊ နားလေးနေတယ်။ နေစမ်းပါဦး မင်းက ဘယ်သူလဲ၊ ဘာကိစ္စ ငါ့အိမ်ထဲကို ဝင်တာလဲ"

ကိုစက်ဖေကလည်း အသံကို မြှင့်ကာ သူလာသည့်ကိစ္စကို ပြောပြ၏။ သို့ရာတွင် အဘွားကြီးက ကြားဟန်မတူ။ သူ့လက်ကို ဆွဲကာ အိမ်ထဲသို့ ဝင်သွားပြီး ဝါးကွပ်ပျစ်ကလေးတစ်လုံးပေါ်တွင်ရှိသည့် ကျောက်သင်ပုန်းနှင့် ကျောက်တံကို ထိုးပေးပြီး–

"ရော့ အဲဒီ ကျောက်သင်ပုန်းပေါ်မှာ ရေးပြ"

ကိုစက်ဖေသည် သူ ပြောသည့်အတိုင်း သူ့နာမည်နှင့်တကွ 'ကြက်ဥ' ဟု ရေးပြပြီး ပါးစပ်ကလည်း "ကြက်ဥ" ဟု အော်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည်ကို ငါ မကြားဖူးဘူး။ သွား သွား၊ ဒီမှာ ကြက်ဥလည်း မရောင်းဘူး၊ ကြက်ဥရောင်းတယ်လို့ မင်းကို ဘယ်သူပြောလိုက်လို့တုံး။ ကြုံကြုံဖန်ဖန်တော်၊ အရေးထဲမှာ ကြက်ဥလာဝယ်တဲ့ လူက ရှိသေးတယ်"

ကိုစက်ဖေသည် စိတ်မောစွာဖြင့် ဒေါ်နက်ထယ်၏ တဲထဲမှ ထွက်ကာ ကားပေါ်သို့တက်၍ မောင်းလာခဲ့၏။ ရွာနှင့်မလှမ်းမကမ်း ထန်းပင်အုပ်အုပ်နှင့် တဲသိုက်ကလေးတွင် ကြက်ဥရောင်းရန်ရှိသည် ဆိုသည့် ဆိုင်းဘုတ်ကလေးကို တွေ့လိုက်သဖြင့် ပထမဆုံးဝင်သည့် အိမ်မှ အမျိုးသမီးပြောလိုက်သည်မှာ ထိုတဲသိုက်ပင် ဖြစ်လိမ့်မည်ဟု တွက်ကာ ကားပေါ်မှဆင်း၍ ကြက်ဥဝယ်၏။ ကြက်ဥ လတ်လတ်ဆတ်ဆတ်များကို တွေ့ရသဖြင့် ကိုစက်ဖေလည်း ကြက်ဥဆယ်လုံးခန့် ဝယ်လာခဲ့၏။ လမ်းတွင်မူ ဒေါ်နက်ထယ် ဆိုသည့် အမျိုးသမီးကြီး၏ တဲတွင် သူ့နာမည်ကို စာဖြင့်ရေးပေးခဲ့ရသဖြင့် စိတ်ထဲတွင် စနိုးစနောင့်ဖြစ်လျက် ရှိ၏။ အဘယ့်ကြောင့်များ မိမိ နာမည်ကို ကျောက်သင်ပုန်းပေါ်တွင် ရေးပေးခဲ့မိလေသနည်း။ ကြက်ဥမရ ဟုဆိုလျှင် အသာပြန်ထွက်လာလျှင် ဖြစ်နိုင်ပါလျက် အဘယ့်ကြောင့် စကားကြောရှည်နေမိသနည်းဟု တထင့်ထင့် ဖြစ်နေ၏။ သို့ရာတွင် ထန်းလျက် အရက်ကောင်းကောင်းကလေးကို သောက်ခဲ့ရပြီး ထန်းရည်နယ်ဖြင့် ချက်ထားသည့် ကြက်သားဟင်းကို စားခဲ့သည့် ကိုစက်ဖေသည် အရှိန်ကလေး ရနေပြီဖြစ်သည့်အလျောက် စိတ်ညစ်စရာအကြောင်းများကို ခေါင်းထဲမှ ဖယ်ထုတ်ပစ်လိုက်၏။ အိမ်ပြန်ရောက်သည့်အခါတွင်လည်း ဇနီးသည် မတင်မြကို ထိုအကြောင်းတစ်လုံးမျှ မပြောမိရန် မေ့မေ့ပျောက်ပျောက်ပင် နေလိုက်၏။

ကိုစက်ဖေသည် ကြက်ဥဝယ်ပြီးနောက် ကားကို အေးအေးဆေးဆေး မောင်းလာခဲ့ရာ အိမ်သို့ ည ၈ နာရီ ထိုးခါနီးမှ ရောက်၏။ မတင်မြအား ချုပ်ရှင်လိုက်ပြမည်ဟု ပြောခဲ့သော်လည်း အချိန်မရတော့ပြီ။ အိမ်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လျှင် ရေမိုးချိုးကာ ဖနီးသည် မတင်မြအား ရုပ်ရှင်လိုက်မပို့နိုင်သည့်အတွက် တောင်းပန်ရ၏။ မတင်မြမှာ ထမင်းစားပြီးလေပြီ။ ရခါစတွင်မူ ချစ်စခင်စကြင်နာစ ဆိုသည့်အတိုင်း ထမင်းလက်ဆုံ စားကြသေးသော်လည်း နောင်တွင် မတင်မြကလည်း မစောင့်တော့ဘဲ ဆာလျှင်စားပစ်လိုက်၏။ ကိုစက်ဖေကလည်း တစ်ခါတစ်ရံတွင် လမ်းကြုံရာ ထမင်းဆိုင်မှာပင် ထမင်းဝင်စားခဲ့၏။ ထမင်းစားပြီးလျှင် ခရီးဆောင် ကိုလံဘီယာ ဓာတ်စက်ကလေးကို ဖွင့်ကာ ထိုခေတ်က ခေတ်စားခဲ့သော 'ဦးကာလိန်၊ ဆင်ကြီးဂမ္ဘုန်ရှိ၊ မောင်မောင်ဆိုလေ ထီးရိုးရှည်' စသည့် ဓာတ်ပြားသီချင်းများကို နားထောင်ပြီး အိပ်ရာသို့ ဝင်ကြမြဲဖြစ်၏။

သို့ရာတွင် ယခုမူ အကြင်လင်မယားရယ်လို့ ဖြစ်လာသည်မှာလည်း ကြာပြီ။ ထို့ကြောင့် ချစ်စခင်စကလို ယုယကြင်နာမှုတွေ မရှိတော့။ အိမ်သို့ ရောက်သည်နှင့် ကိုစက်ဖေကလည်း မောမောဖြင့် အိပ်ရာသို့ ဝင်၏။ မတင်မြကလည်း ယောက်ျားပြန်လာအောင် မစောင့်တော့ဘဲ အိပ်ရာသို့ ဝင်နှင့်၏။ သို့မဟုတ်လျှင်လည်း အိမ်နီးနားချင်းများထံ အလည်သွား၏။

ယနေ့လည်း ကိုစက်ဖေသည် ဝယ်လာသည့် ကြက်ဥဆယ်လုံးကို မတင်မြအား ပေးကာ ထမင်းစားပြီးလျှင် "ငါတော့ တစ်နေ့လုံးပင်ပန်းလာတယ်ကွာ၊ အိပ်ချင်ပြီ" ဟုဆိုကာ အိပ်ရာသို့ ဝင်ခဲ့၏။ မတင်မြသည် သူ့ယောက်ျား နေ့လယ်က ဘယ်ရောက်၍ ဘာတွေလုပ်ခဲ့သည်ကို မေးမြန်းမနေတော့ချေ။ သူက မေးလျှင် သူ့ယောက်ျားကလည်း သူ့မိန်းမ ဘာတွေလုပ်၍ နေ့လယ်က ဘယ်သွားသည် စသည်တို့ကို မေးမြန်းနေပေဦးမည်။ ကိုစက်ဖေသည် သူ့ကို အမေးအမြန်း ထူမနေဘဲ မတင်မြ နှုတ်ဆိတ်နေသည်ကို သတိပင် မထားမိဘဲ အိပ်ရာထဲသို့ ဝင်လာခဲ့၏။

■

www.burmeseclassic.com

www.burmeseclassic.com



လေးငါးရက်ခန့် ကြာသွား၏။

ကိုစက်ဖေသည် မန်ကျည်းပို့စရာရှိသဖြင့် မီးရထားလမ်းဆုံရှိ မြို့ကြီးတစ်မြို့သို့ သူ့ကားဖြင့် မန်ကျည်းသွားပို့၏။ ထိုမြို့ကြီးရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း 'မြန်မာ့အလင်း' သတင်းစာကို ကောက်ဖတ်လိုက်သည့်အခါ သတင်းတိုကလေးတစ်ပုဒ်ကို သွားတွေ့၏။ ထိုသတင်းထဲတွင် သူ့အမည်ကို ရုတ်တရက် မြင်လိုက်သဖြင့် ဖတ်မိခြင်း ဖြစ်၏။ သူ့အမည်သာ မပါလျှင် ထိုသတင်းတိုကလေးကို ဖတ်မိမည်ပင် မဟုတ်ချေ။

သတင်းမှာ တကယ့်တိုတိုကလေးဖြစ်၏။ – – ဒီစတြိတ်၊ – –မြို့နယ်၊ မန်ကျည်းပင်ပုရွာနေ ဒေါ်နက်ထယ်ဆိုသူ အသက် ၆၀ ကျော် အဘွားကြီးအား လူဆိုးများက ရိုက်နှက်ပြီး ရှိသမျှ ပစ္စည်းများကို လုယူသွားကြောင်း ဆိုသည့် သတင်းကလေးမျှသာ ဖြစ်၏။ သာမန်အားဖြင့်ဆိုလျှင် ကိုစက်ဖေသည် ထိုသတင်းတိုကလေးကို ဖတ်မိမည် မဟုတ်သော်လည်း ယခုမူ မိမိအမည်ကို တွေ့လိုက်ရသဖြင့် ဖတ်လိုက်မိခြင်း ဖြစ်၏။ လူဆိုသည်မှာ ကိုယ့်နာမည်ကို ပုံနှိပ်စာလုံးဖြင့် တွေ့လိုက်သည်ဆိုလျှင် မအောင့်နိုင် မအည်းနိုင် ဖတ်ချင်ကြသည် မဟုတ်လော။ သတင်းခေါင်းစဉ်မှာ 'အသက် ၆၀ ကျော် အဘွားအို အလုခံရခြင်း' ဟု ခေါင်းတပ်ထားပြီး အောက်တွင် မန်ကျည်းပင်ပုရွာနေ ဒေါ်နက်ထယ်ဆိုသူ အဘွားကြီးအား ရိုက်နှက်၍ ရှိသမျှ ရွှေငွေပစ္စည်းတို့ကို ယူသွားကြောင်း၊ ထိုနေ့ညနေက ကိုစက်ဖေဆိုသူ ဒရိုင်ဘာတစ်ဦးလာသွားကြောင်း၊ ထို့ကြောင့် ပုလိပ်တို့က ကိုစက်ဖေကို လိုက်လံ စုံစမ်းရှာဖွေလျက် ရှိကြောင်းဖြင့် ပါရှိ၏။

ကိုစက်ဖေသည် သတင်းကို ဖတ်ပြီးနောက် ထိတ်လန့်သွား၏။ သို့ရာတွင် သူနှင့်မည်သို့မျှ ပတ်သက်ခြင်းမရှိ ဟူသော ယုံကြည်ချက်ကြောင့် စိတ်အေးသွား၏။ သို့တိုင် ထိုကိစ္စနှင့်ပတ်သက်၍ ပုလိပ်က မိမိအား

www.burmeseclassic.com

www.burmeseclassic.com



မေးလားမြန်းလား လှုပ်ဦးမည်ဖြစ်သဖြင့် ပုလိပ်လာမမေးခင် မိမိက သွားရောက် ရှင်းလိုက်လျှင် ကောင်းမည်ဟု သဘောရ၏။

ကိုစက်ဖေသည် သတင်းကို နောက်တစ်ခေါက် ပြန်ဖတ်ကြည့်၏။ ဒေါ်နက်ထယ်ဆိုသည့် အဘွားကြီးကို လူဆိုးတို့က တုံးသော ပစ္စည်းတစ်ခုဖြင့် ခေါင်းကို ရိုက်နှက်သွားကြောင်း၊ အိမ်ထဲတွင် လက်ပြန်ကြိုးတုပ်ပြီး သတိလစ်လျက် လဲနေကြောင်း၊ နောက်တစ်နေ့မနက် အိမ်နီးနားချင်းများက တွေ့၍ပြုစုသည့်အခါတွင်မှ သတိပြန်ရလာကြောင်းဖြင့် ပါရှိ၏။

"အိမ်ပြန်ရောက်လို့ ရှင်းပြလိုက်ရင် ပြီးသွားမှာပါ" ဟု ကိုစက်ဖေသာမန်အားဖြင့် အောက်မေ့၍ စိတ်သက်သာရသွား၏။

အိမ်ပြန်ရောက်သည့်အခါတွင်မူ ကိုစက်ဖေသည် ဂါတ်တဲသို့ပင် သွားစရာ မလိုတော့ချေ။ ပုလိပ်တို့မှာ အိမ်သို့ ရောက်နေကြလေပြီ။

ကိုစက်ဖေသည် သူ့မိန်းမ မတင်မြကိုပင် အကျိုးအကြောင်း မေးမြန်းမနေနိုင်တော့ဘဲ အိမ်ရှေ့တွင် ထိုင်နေသည့် ပုလိပ်အရာရှိနှစ်ဦးဆီသို့ လျှောက်လာခဲ့၏။

ပုလိပ်အရာရှိတစ်ဦးက သူ့ကို ပြုံး၍ နှုတ်ဆက်ကာ–

"ကိုစက်ဖေဆိုတဲ့ နာမည်ကတော့ တော်တော်လေး ထူးဆန်းတဲ့ နာမည်ပဲဗျ" ဟု ပြော၏။

ကိုစက်ဖေမှာ သူ့ကို ပြောသည်ကိုပင် သတိမပြုမိဘဲ–

"ကျွန်တော်တောင် ဂါတ်တဲကို လာမလို့ စိတ်ကူးနေတာဗျာ။ အတော်ပဲ၊ သတင်းကို လမ်းမှာ ဖတ်ခဲ့ရတယ်။ ကျွန်တော်လည်း ဂါတ်တဲကို လာမလို့ စိတ်ကူးနေတာ"

"စကားတစ်ခွန်းကို နှစ်ခါထပ်ပြောနေစရာ မလိုပါဘူးဗျာ၊ ကျွန်တော်တို့ နားလည်ပါတယ်" ဟု ကျန်သည့်ပုလိပ်အရာရှိက မျက်နှာထားတင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



ခြင့် ပြော၏။

ကိုစက်ဖေသည် မတင်မြကို လှမ်းကြည့်လိုက်၏။ မတင်မြမှာ အထိတ်ထိတ်အလန့်လန့်ဖြစ်လျက်ရှိပြီး မျက်နှာပျက်နေ၏။ သို့ရာတွင် အကျိုးအကြောင်း ဘာမျှ သိပုံမရသေးချေ။

"ဟောဒီက ရာဇဝတ်အုပ်မင်းတို့က မင်းကို ဘာမှ မပြောသေးဘူးလား"

"ပြောချိန်မရသေးဘူးဗျ၊ ကျွန်တော်တို့လည်း ခုလေးတင် ရောက်တာ"

"ကျွန်မလည်း ခုတင် မအေးမြင့်တို့အိမ် သွားလည်နေရာက ပြန်ရောက်တာ၊ အိမ်ရောက်တော့ တွေ့လို့ မေးမယ်လုပ်တုန်းမှာ..."

"ဒီနေ့ရောက်တဲ့ မြန်မာ့အလင်း သတင်းစာကို မင်း မဖတ်ရသေးဘူးလား"

မတင်မြက ခေါင်းယမ်းပြ၏။

"ဟိုတလောက မန်ကျည်းပင်ပုက အပြန်မှာ အဘွားကြီးတစ်ယောက်ရဲ့တဲကိုဝင်ပြီး ငါ ကြက်ဥဝယ်တယ်။ အမှန်က အိမ်မှားပြီး ဝင်မေးမိတာပါ။ အဲဒီ အဘွားကြီးကို ရိုက်ပြီး ပစ္စည်းကို လုသွားလို့ ဒါကြောင့် ငါ့ဆီကိုလာပြီး စုံစမ်းကြတာ"

ရာဇဝတ်အုပ်နှင့်ပါလာသော စာသင်ကြီးက မတင်မြကို လှမ်းပွေ့လိုက်၏။ ကိုစက်ဖေသည် သူ့ဇနီး မတင်မြ၏ အဖြစ်ကို သတိမထားမိသေးချေ။ ကြည့်လိုက်သည့်အခါ မတင်မြမှာ မူးမေ့လဲကျသွားသဖြင့် စာသင်ကြီးက ဆီး၍ ပွေ့လိုက်ရခြင်း ဖြစ်၏။ အမှန်အားဖြင့် ထိုမျှလောက်ကလေးသည် ဘာမျှ မူးမေ့စရာ မဟုတ်ချေ။

"ခင်ဗျားက ကျောက်သင်ပုန်းပေါ်မှာ ခင်ဗျားနာမည်ကို ရေးပစ်ခဲ့လို့ ကျွန်တော်တို့ လိုက်လာရတာဗျ၊ အဲဒီနေ့ညနေက ခင်ဗျား အဘွားကြီးတဲကို ဝင်ပြီး ကြက်ဥဝယ်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ခင်ဗျ၊ အဲဒီတဲမှာ ကြက်ဥရတယ်ဆိုလို့ ဝင်ဝယ်တာ။ မရခဲ့ပါဘူး၊ တခြားနေရာက ရလာတာပါ"

"ဟုတ်ပြီလေ၊ ကြက်ဥကိစ္စကို ထားပါတော့။ အဲဒီရွာက လူတွေက 'အောင်ပါလေ' ဆိုတဲ့ ကားကြီးနဲ့ လူတစ်ယောက်လာတာ တွေ့လိုက်တယ်တဲ့။ မြို့ဘက်ကို ပြန်မောင်းသွားတယ်တဲ့။ ဒါနဲ့ ကျွန်တော်တို့စုံစမ်းတော့ 'အောင်ပါလေ' ဆိုတာ ခင်ဗျားကားနာမည်၊ ခင်ဗျားနာမည်ကလည်း ကျောက်သင်ပုန်းပေါ်မှာ ရေးထားတဲ့အတိုင်း ကိုစက်ဖေဆိုတော့ ခင်ဗျားပဲ ဖြစ်ရမယ်ဆိုပြီး ကျွန်တော်တို့ လာစုံစမ်းတာပါ။ ဒီတော့ အဖြစ်အပျက်ကလေးကို ပြန်ပြောစမ်းဗျာ၊ ကျွန်တော်တို့လည်း လိုက်စရာရှိတာ မြန်မြန်လိုက်နိုင်တာပေါ့၊ ခင်ဗျားအတွက်လည်း နောက်ထပ် သောကရောက်စရာ မလိုတော့ဘူးပေါ့"

"အဖြစ်အပျက်က ဘယ်လိုဖြစ်လို့လဲဗျာ၊ သတ်သွားလို့လား။ အဘွားကြီး အသက်ရှင်လျက်ကော ရှိနေသေးရဲ့လား"

"ရှိပါတယ်။ ဒါပေမဲ့ အဘွားကြီးက အသက်ကလည်းကြီး၊ နားကလေး၊ အရိုက်ကလည်း ခံထားရတော့ နဝေတိမ်တောင်ဖြစ်ပြီး ဘာကိုမှ သေသေချာချာ မပြောနိုင်ဘဲ ဖြစ်နေတယ်။ ဒီတော့ ခင်ဗျား ကျွန်တော်တို့ကို ကူညီစေချင်တယ်"

ကိုစက်ဖေသည် အရပ်လူကြီးထံသွား၍ အကူအညီတောင်းရမည်လောဟု စိတ်ကူး၏။ သို့ရာတွင် မိမိတွင် အပြစ်မရှိဘဲ အဘယ်ကြောင့် အထိတ်တလန့် ဖြစ်နေရမည်နည်း။ ဤသို့လုပ်လျှင် သင်္ကာမကင်းပို၍ပင် မိမိအပေါ်တွင် ဖြစ်လာနိုင်သည် မဟုတ်လော။ ထိုသို့တွေးမိသဖြင့် ကိုစက်ဖေက ခေါင်းညိတ်ပြလိုက်၏။ ရာဇဝတ်အုပ်ကလည်းပြန်၍ ခေါင်းညိတ်ပြလေ၏–

"ကဲ–ဆိုစမ်းပါဦး၊ ခင်ဗျား သူ့ဆီကို ဘယ်နေ့ဘယ်အချိန်က ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတာလဲ"

"ရောက်သွားတာ မဟုတ်ဘူးခင်ဗျ၊ ကျွန်တော် သူ့ကို သိတောင် မသိဘူး။ ကြက်ဥဝယ်မယ်ဆိုပြီး သူ့တဲထဲကို ဝင်သွားတော့"

"ဒါဖြင့် တဲထဲကို ဝင်တယ်ဆိုတာကိုတော့ ဝန်ခံတယ်နော်"

"ဟုတ်ပါတယ်၊ ဝန်ခံပါတယ်။ ကြက်ဥဝယ်မယ်ဆိုပြီး ဝင်တာပါ။ အဘွားကြီးက နားမကြားတော့ ကျွန်တော့်နာမည်ကို ကျောက်သင်ပုန်းပေါ်မှာ ရေးပေးခဲ့တယ်ဆိုတာလည်း ဟုတ်ပါတယ်။ ကျွန်တော့် လက်ရေးပါ။ ဒါပေမဲ့ 'ဝန်ခံတယ်' ဆိုတဲ့ စကားကိုတော့ မသုံးစေချင်ဘူးဗျာ၊ ဝန်ခံရအောင် ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

ရာဇဝတ်အုပ်လုပ်သူက–

"ဟုတ်ပါပြီလေ၊ စကားအဖြစ်ပြောတာပါ၊ ထားပါတော့"

"ဘယ်လိုပဲဖြစ်ဖြစ်ဗျာ ဒီစကားကိုတော့ မသုံးစေချင်ဘူး"

မတင်မြသည် သူ့ကို လှမ်းကြည့်ပြီး တစ်စုံတစ်ရာ ဝင်ပြောမည်ပြု၏။ သို့ရာတွင် ကိုစက်ဖေက လှမ်း၍ ဟန့်လိုက်၏။

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ပြောတဲ့အတိုင်း ကျွန်တော် အဘွားကြီးတဲထဲကို ဝင်ပါတယ်၊ အဘွားကြီးရဲ့နာမည်ကိုလည်း အဲဒီရွာရောက်မှ သိတာပါ၊ ဝင်တဲ့ကိစ္စကတော့ ကြက်ဥဝယ်ဖို့ပါ"

"အဲဒီ အဘွားကြီးက ကြက်ဥမှ မရောင်းတာပဲ"

"ရွာထိပ်က မိန်းမတစ်ယောက်က အဲဒီမှာ ရတယ်လို့ ပြောတာနဲ့ ကျွန်တော် ဝင်တာပါ။ ကျွန်တော် ကားပေါ်က ဆင်းပြီး တဲထဲကို ဝင်သွားတော့ တဲထဲမှာ ဘယ်သူမှ မရှိဘူး။ ပြန်လှည့်မယ်လုပ်တုန်းမှာ အဲဒီအဘွားကြီး နောက်ဖေးပြောင်းခင်းထဲက ထွက်လာတာနဲ့ သူ့ကို မေးကြည့်ပါတယ်။ အဘွားကြီးက လုံးလုံးနားမကြားတော့ ကျွန်တော်လည်း စိတ်ပျက်ပျက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့မယ်လုပ်တော့ သူက နာမည်ကို အတင်းအရေးခိုင်းနေတာနဲ့ ကွပ်ပျစ်ပေါ်က ကျောက်သင်ပုန်းနဲ့ ကျောက်တံကို ကောက်ပြီး ကျွန်တော့်နာမည်ကို ရေးပစ်ခဲ့ပါတယ်။ ကျွန်တော်ထွက်လာတော့ အကောင်းပါ၊ ဘာမှ မဖြစ်ပါဘူး။ ရိုက်ပြီး လုတယ်ဆိုတာလည်း ကျွန်တော်လုံးဝ မသိပါဘူး။ ကျွန်တော် အဲဒီတဲထဲက ထွက်လာတော့ အချိန်..."

"အစ်ကိုကြီး" ဟု မတင်မြက လှမ်း၍ အော်လိုက်၏။

"အသာနေစမ်းပါကွာ၊ မင်း ဝင်မရှုပ်စမ်းပါနဲ့၊ နဂိုကမှ မသင်္ကာအဖြစ်ခံနေရတဲ့ အထဲမှာ မင်းပြောတာနဲ့ ပိုရှုပ်ကုန်လိမ့်မယ်။ ကျွန်တော် သူ့တဲက ထွက်လာတော့ ၆ နာရီ ၁၅ မိနစ်ပါ၊ နာရီကို ငုံ့ကြည့်လိုက်မိလို့ ကျွန်တော် သေသေချာချာ မှတ်မိပါတယ်"

ရာဇဝတ်အုပ်က သက်ပြင်းချလိုက်ပြီး–

"အဲဒါမှ ပြဿနာပဲ"

"ဘာပြဿနာလဲဗျာ"

"ခင်ဗျားမရောက်ခင်ကလေးတင် မတင်မြကို မေးကြည့်တော့ အဲဒီနေ့က ခင်ဗျားဟာ ၆ နာရီလောက်မှာ အိမ်ပြန်ရောက်တယ်လို့ ပြောသွားတယ်၊ ခု ခင်ဗျားပြောတော့ ၆ နာရီ ၁၅မိနစ်ကျမှ အဲဒီရွာက ထွက်လာတယ်ဆိုတော့ တစ်ခုနဲ့တစ်ခု မညီညွတ်ဘဲ ဖြစ်နေတယ်"

ကိုစက်ဖေသည် မချုပ်တည်းနိုင်တော့ချေ။ သူတို့လင်မယားနှစ်ယောက်တည်းရှိသည့်နှယ် မတင်မြဘက်သို့ လှည့်ကာ–

"အဲဒီနေ့က ဘယ်မှာ ၆ နာရီရောက်လို့လဲကွ၊ ၈ နာရီကျော်မှ ရောက်လာတာ မင်း မသိဘူးလား။ အဲဒီညက 'တောင်ညိုညို' ဇာတ်ကားပြနေလို့ ကြည့်ချင်တာတောင် မမီလို့ မကြည့်ရဘူး မဟုတ်လား"

"ကျွန်မတော့ ခြောက်နာရီလောက်ထင်လို့ ပြောလိုက်မိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး မင်းလုပ်တာနဲ့ ငါတရားခံဖြစ်မယ်၊ ကြပ်ကြပ်လုပ်။ ကဲဗျာ နောင်ကြီးတို့ ရှင်းရှင်းမေးမယ်။ ခင်ဗျားတို့ ကျွန်တော့်ကို မသင်္ကာဖြစ်နေကြတာ ဟုတ်လား။ ခင်ဗျားတို့လုပ်ပုံမျိုးနဲ့ဆိုရင် ကျွန်တော်တို့ လင်မယားဟာ လိပ်မှတ်တမ်းမှာ လူဆိုးစာရင်းဝင်တွေ ဖြစ်တော့မှာပဲ။ အဘွားကြီးဆီက ကျွန်တော် ခြူးတစ်ပြားတောင် မယူခဲ့ဘူး၊ သူ့ကို ရိုက်ဖို့နှက်ဖို့ဆိုတာ ဝေးရော။ ခုတော့ ကျွန်တော့်မိန်းမစကားပြောမှားတာနဲ့ ကျွန်တော့်ကို မသင်္ကာဖြစ်နေကြပြီ။ ကဲ နောက်ထပ် ဘယ်အချက်တွေ တွေ့သေးသလဲ၊ မသင်္ကာတာရှိရင်လည်း ရှင်းရှင်းမေးဗျာ"

ကိုစက်ဖေမှာ လူရိုးစိတ်တိုတစ်ဦး ဖြစ်သည့်အတိုင်း စိတ်တိုလျက် ရှိလေပြီ။

"မဟုတ်သေးပါဘူးလေ၊ ဒီလိုလည်း မပြောပါနဲ့ဦး။ ခု ကျွန်တော်တို့က အချက်အလက်ကို စုဆောင်းနေရုံပဲရှိပါသေးတယ်"

"ကဲ ဘာတွေများ စုဆောင်းမိပြီလဲဗျာ၊ ကျွန်တော်ဖြည့်နိုင်ရင်လည်း ဆပ်ဖြည့်ရအောင် ပြောပါဦး"

ကိုစက်ဖေက စိတ်ချဥ်ပေါက်ပေါက်ရှိသဖြင့် ရွဲ့ပြောလိုက်၏။

"ခင်ဗျားရောက်နေတဲ့ အချိန်လောက်တုန်းက ဒေါ်နက်ထယ် ဆိုတဲ့ အဘွားကြီးရဲ့အော်သံကို ကြားရတယ်လို့ အိမ်နီးနားချင်းတွေက ထွက်ထားကြတယ်ဗျ။ အဲဒီတုန်းက တိတိကျကျပြောရရင် (ထွက်သွားပါ) လို့ အော်နေတယ်တဲ့"

ကိုစက်ဖေက မရယ်ချင့်ရယ်ချင် ရယ်လိုက်လျက်–

"ဟုတ်သားပဲ၊ ကျွန်တော့်ကို မောင်းထုတ်နေတာပေါ့၊ အိမ်နီးချင်းတွေက သူ့အော်သံကို ကြားတယ်ဆိုရင် အဲဒီတုန်းက ဘာဖြစ်လို့ ပြေးမလာကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကလည်း ပြောပါတယ်၊ ခါတိုင်းလည်း အဲဒီအဘွားကြီး ဒီလို အော်ပြောနေကျပဲတဲ့၊ ဒါပေမဲ့ အဲဒီတုန်းက သူအော်တာက ခါတိုင်းထက် ပိုပြီး ကျယ်တယ်တဲ့၊ သူတို့လည်း ပြေးလာကြမလို့ပဲတဲ့"

"ဒါပေမဲ့ တစ်ယောက်မှရောက်မလာကြဘူးခင်ဗျ"

"အော်သံရပ်သွားတာနဲ့ မလာကြတော့ဘူးတဲ့"

ထိုသို့ပြောဆိုပြီးနောက် ရာဇဝတ်အုပ်သည် သူတို့ကို နှုတ်ဆက်ပြန် သွား၏။ သွားခါနီးတွင် နောက်ထပ်ဘာမျှ မေးမြန်းစရာ မရှိသေးကြောင်း၊ အကယ်၍ ရှိခဲ့ပါက လာရောက်မေးမြန်းမည်ဖြစ်ကြောင်း၊ လောလောဆယ် တွင်မူ ကိုစက်ဖေသည် မည်သည့်နေရာသို့မျှ မသွားရန်နှင့် နေရာပြောင်းရွှေ့ ခြင်း မပြုရန် အကြံပေးလိုကြောင်း၊ နေရာအပြောင်းအရွှေ့၊ ခရီးအသွားအ လာ ရှိသည်ဆိုက ပုလိပ်ဘက်သို့ အကြောင်းကြားပြီးမှ သွားစေလိုကြောင်း ဖြင့် ပြောသွား၏။

ပုလိပ်များထွက်သွားသည့်အခါတွင် ကိုစက်ဖေသည် မတင်မြ ဘက်သို့ လှည့်ကာ–

"နေစမ်းပါဦး၊ အဲဒီညက ငါ ၈ နာရီကျော်မှ ပြန်ရောက်တာကို မင်းအ သိပဲ။ ဓာတ်ရှင်မမီလို့ မင်းကတောင် စိတ်ကောက်သေးတယ် မဟုတ်လား၊ ဘာဖြစ်လို့ ၆ နာရီလောက်မှာ ရောက်လာတယ်လို့ လိမ်ပြောရတာလဲ"

ကိုစက်ဖေအဖို့မူ အကျပ်အတည်းတစ်ခုကို လွန်မြောက်သွားလေပြီဟု စိတ်သက်သာရာရသွား၏။ မတင်မြစိတ်တွင်လည်း ထို့အတူပင်။ အကျပ် အတည်းတစ်ခုကို လွန်မြောက်သွားသဖြင့် စိတ်အေးသွား၏။

"ပြောစမ်းပါဦး၊ ငါ ၆ နာရီမှာ ပြန်ရောက်တယ်လို့ ဘာဖြစ်လို့ ပုလိပ်ကို လိမ်ပြောလိုက်တာလဲ"

မတင်မြ၏ မျက်နှာမှာ အနည်းငယ် ဖြူရော်လျက်ရှိပြီး နှုတ်ခမ်းများမှာ

www.burmeseclassic.com

www.burmeseclassic.com



ည်း တရှုရှုတုန်နေကြသည်ကို ကိုစက်ဖေ သတိပြုလိုက်မိ၏။

"ဒါတော့ သူတို့က ရှင် ဘယ်အချိန်အိမ်ကို ပြန်ရောက်သလဲလို့ မေးတာ ။ီးရှင့်၊ ဒီတော့ ကျွန်မလည်း မှန်းပြီး ပြောလိုက်တာပေါ့"

"ဘာဖြစ်လို့ မှန်းပြီးပြောရမှာလဲကွ။ ငါ ၈ နာရီကျော်မှ ပြန်ရောက်တာ င်းလည်းသိနေတာပဲ။ ၈ နာရီကျော်မှ ရောက်တယ်ဆိုရင် အဲဒီအတိုင်း ပြောပေါ့"

"ကျွန်မက ကျွန်မက ဟိုဘက်က ဒေါ်အေးဘုံကြီးကို ရှင် ၆ နာရီမှာ ြန်ရောက်တယ်လို့ ပြောထားမိလို့"

ကိုစက်ဖေသည် ဦးနှောက်ခြောက်သွား၏။ သူ ပြန်လာသည့် အချိန်ကို ဒေါ်အေးဘုံကို အဘယ့်ကြောင့် လိမ်ပြောရသနည်း။ ဒေါ်အေးဘုံဆိုသူမှာ ည်သူနည်း။ ဟုတ်၏၊ ဒေါ်အေးဘုံဆိုသည်မှာ သူတို့တန်းလျားတွင် အခန်း င်းကပ်နေသူ မဟုတ်လော။ မိန်းမကြီးက စပ်စပ်စုစုနိုင်သော်လည်း သဘော ကောင်းသူ ဖြစ်၏။ သို့ရာတွင် အရပ်ထဲလှည့်၍ အတင်းပြောတတ်သဖြင့် သူ့ကို အဝေးက ရှောင်ကြ၏။

"နေစမ်းပါဦး၊ အဲဒီညက ငါ ပြန်ရောက်တာ ၈ နာရီကျော်ပြီဆိုတာ င်းသေသေချာချာ သိလျက်နဲ့ ၆ နာရီမှာ ရောက်တယ်လို့ ဘာဖြစ်လို့ ဒေါ်အေးဘုံကို ပြောရတာလဲ"

"ဟို ဟို ကျွန်မတို့ အခန်းဘက်က ကျွန်မတို့ဘက်က..."

"ကျွန်မတို့အခန်းဘက် ဘာဖြစ်သလဲကွ၊ ရှင်းရှင်းပြောစမ်းပါ"

"ကျွန်မအခန်းဘက် ယောကျ်ားသံကြားလို့ ဒေါ်အေးဘုံမေးတာနဲ့ ရှင် ၆ နာရီကတည်းက ပြန်ရောက်တယ်လို့ ပြောလိုက်တာ၊ စကားပြောသံကို ည်း ကြားမှာပေါ့"

"နေစမ်းပါဦး၊ တို့အခန်းဘက်က ယောကျ်ားသံကြားရအောင် ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



လာလို့လဲ"

ထိုအခါကျမှ မတင်မြသည် စကားများ၏ အဓိပ္ပာယ်ကို ရိပ်မိသွားဟန် ဖြင့် အလန့်တကြား ဖြစ်နေ၏။ သို့ရာတွင် ဘာမျှမပြောမိချေ။

"ပြောလေကွာ၊ ယောကျ်ားသံကြားရအောင် ဘယ်သူလာလို့လဲ၊ အင်း ငါ မပြောလိုက်ချင်ဘူး"

မတင်မြ၏မျက်နှာသည် ရဲတက်သွား၏။

"ရှင် ဒီလို အရမ်းမပြောနဲ့၊ ကျွန်မဆီ ဟို ဟို မြမောင်ဆိုတဲ့ ကောင်လေး အလည်လာတာ"

"ဘယ်မြမောင်လဲ၊ မြို့မတူရိယာအဖွဲ့က ဘင်ဂျိုတီးတဲ့ မြမောင်လား"

ထိုခေတ်က မြို့ကြီးတိုင်းမှာလိုလိုပင် မြို့မအမည်ဖြင့် အပျော်တမ်း တူရိ ယာအဖွဲ့များ ရှိတတ်ကြ၏။

"ဟုတ်တယ်"

မတင်မြ၏အသံမှာ ငိုသံပါလာကာ အင်္ကျီလက်ဖျားဖြင့် မျက်ရည်စများ ကို သုတ်နေ၏။

"ဒါနဲ့ ဒေါ်အေးဘုံကြီးထွက်လာပြီး မေးတာနဲ့ ရှင်ရောက်နေပြီလို့ ပြော လိုက်တာ"

ကိုစက်ဖေသည် မတင်မြကို မသင်္ကာသည့် အကြည့်ဖြင့် ကြည့်လိုက ၏။ မတင်မြမှာ အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ပေါက်လှ၍ မျက်နှာကလည်း ချောသူဖြစ်၏။

"မင်းကို ငါပြောထားတယ် မဟုတ်လား၊ ဒီကောင်လေး အိမ်ကို ခဏ ခဏ လာနေတာ ငါမကြိုက်ပါဘူးလို့၊ ခု မင်းက ငါ့ကွယ်ရာမှာ"

"ရှင် ကျွန်မကို ဒီလို မစွပ်စွဲပါနဲ့၊ ရိုးရိုးတန်းတန်း..."

"ဒါတွေ ငါနားမလည်ဘူးကွာ၊ မင်း ဘာဖြစ်လို့ ဒီကောင်လေး အိမ်လာ

www.burmeseclassic.com



ဘာကို လက်ခံနေရတာလဲကွ"

"မောင်းထုတ်လို့ရမှာလားရှင့်၊ ရှင်နဲ့လည်းအသိပဲ၊ သူ့ဘာသာ သူလာတာ ကျွန်မ ဘာတတ်နိုင်မှာလဲ၊ ဒီကတော့ အဟင့် အဟင့်..."

မတင်မြသည် ငိုလျက်ရှိလေပြီ။

"ဒီကတော့ ဒေါ်အေးဘုံကြီး အတင်းပြောတတ်လွန်းလို့ လွယ်လွယ်ပြီးအောင် ပြောလိုက်မိတယ်။ သူ့ဘာသာသူ ကိစ္စပေါ်လာပြီး ပုလိပ်လာမေးတော့လည်း သူ့ကိုလည်း ဒေါ်အေးဘုံ ပြောထားတဲ့စကားနဲ့ ကိုက်အောင် သူလည်း အပြစ်လွတ်အောင် ဆိုပြီး ၆ နာရီ ပြန်ရောက်တယ်လို့ စေတနာနဲ့ ပြောလိုက်မိတာ၊ ခုတော့ စေတနာ ဝေဒနာဖြစ်ရပြီ အဟင့်..."

ကိုစက်ဖေသည် မည်သို့မျှ မပြောသာတော့ချေ။ သို့ရာတွင် ဘဝင်မကျနိုင်သေးချေ။ သူ့ဇနီးသည် မတင်မြကို ကြည့်လိုက်၏။ မတင်မြက အသက် ၃၈ နှစ်ဆိုသည့်တိုင် ၃၀ အောက်မှာပင် ထင်ရ၏။ အသားအရည် စိုပြည်ရွှန်းတင့်၍ ကိုယ်လုံးကိုယ်ပေါက်လည်း သွယ်သွယ်နွဲ့နွဲ့ကလေးဖြစ်၊ မျက်ခုံးမျက်လုံးကောင်းသဖြင့် မျက်နှာကလေးရှင်းနေကာ မြင်ရသူကို ရင်အေးစေ၏။ ယခု ထိုဇနီးသည်...။

"ဘာလဲ ရှင် ကျွန်မကို ဒီလောက်တောင် မယုံသင်္ကာ ဖြစ်နေရင်လည်း ကျွန်မ ဆင်းမယ်"

ကိုစက်ဖေသည် ငိုင်သွား၏။ စင်စစ် မြမောင်ကို သူပင် အိမ်သို့ ခေါ်လာခဲ့ခြင်းဖြစ်၏။ သူပင်လျှင် မြမောင်နှင့် အရက်ကို ခွက်လှည့်သောက်ခဲ့၏။ ထိုစဉ်က သူ့ဇနီးမတင်မြလျှင်ပင် မြမောင်လာလျှင် သူ့ယောကျ်ား အရက်သောက်ဖြစ်သည်ဟုဆိုကာ မြမောင်လာသည်ကို မနှစ်သက်ခဲ့ချေ။ ယခုမူ မြမောင်နှင့် သူ့ဇနီးချော မတင်မြတို့သည် သူ့ကွယ်ရာတွင်...

ကိုစက်ဖေ ရှေ့ဆက်၍ မတွေးရဲတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မဆင်းနဲ့၊ ငါသွားမယ်" ဟုဆိုကာ ကိုစက်ဖေသည် သူ့အဝတ်အစားလေးငါးထည်ကို သားရေသေတ္တာကလေးဖြင့် ထည့်၏။

"မင်းတို့နှစ်ယောက် ပျော်ပျော်ကြီးနေကြပေါ့ကွာ"

မတင်မြသည် ငိုနေရာမှ အလန့်တကြားဖြင့် သူ့ဆီသို့ ပြေးလာကာ လက်ကို အတင်းဆွဲထား၏။

"မသွားနဲ့လေ၊ ရှင်သွားလို့ ဘယ်ဖြစ်မလဲ၊ ကျွန်မ သွားပါ့မယ်"

"ဘာဖြစ်လို့မဖြစ်ရမှာလဲ၊ ငါ သွားမယ်"

"ရှင် သွားလို့မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ပုလိပ်ရှိတယ်"

ကိုစက်ဖေသည် ထိုအခါကျမှ စောစောက ပုလိပ်လာသွားသည့် ကိစ္စကို သတိရလာ၏။ မိမိသည် အမှုတစ်ခုတွင် နံပါတ်တစ် မသင်္ကာဖြစ်နေသူ မဟုတ်လော။ မတင်မြသည် ကြမ်းပေါ်တွင် ထိုင်ချလိုက်ရင်း–

"ရှင့်ကို ဘယ်မှ မသွားပါနဲ့လို့ ပုလိပ်က ပြောသွားတယ် မဟုတ်လား။ နေရာတို့ဘာတို့ ပြောင်းရင်လည်း သူတို့ကို အကြောင်းကြားပြီးမှ ပြောင်းပါလို့ ပြောသွားတယ် မဟုတ်လား၊ ခု ရှင်ထွက်သွားလို့ရှိရင် ပုလိပ်က ရှင့်အပေါ်မှာ ပိုပြီး မသင်္ကာဖြစ်လာမှာပေါ့၊ ခုတောင် ရှင့်ကို မသင်္ကာဖြစ်နေကြပြီ မဟုတ်လား"

ကိုစက်ဖေသည် သားရေသေတ္တာကလေးကို ကြမ်းပြင်ပေါ်သို့ချလိုက်ကာ ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

"ငါ မကြောက်ပါဘူး၊ မင်းတို့ အကြောင်းကို ဖုံးကွယ်ချင်လို့ ငါ့အစောကြီးပြန်ရောက်တယ်လို့ မင်းလိမ်ပြောတာကို ပုလိပ်က သိရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။ ခုတော့ မင်းတို့က မင်းတို့ကိစ္စကို ဖုံးကွယ်ချင်တာနဲ့ ငါ့အ

www.burmeseclassic.com

www.burmeseclassic.com



ဆောကြီးပြန်ရောက်တယ်လို့ ပြောတယ်၊ ဒီတင် ငါ့ထွက်ချက်နဲ့မင်းထွက်ချက် လွဲနေတယ်၊ ဒါကြောင့် ငါ့အပေါ်မှာ ပုလိပ်က ပိုပြီး သံသယဖြစ်နေတာ။ မင်းတို့လို သစ္စာမရှိတဲ့ မိန်းမတွေဟာ ဒီလိုချည်းပဲ၊ မင်းတို့ပလူးတာကို အိမ်နားနီးချင်း မသိစေချင်တော့ အဲဒီကောင်ကို ကိုယ့်ယောက်ျားဖြစ်သ ယောင် ဘာယောင်လုပ်..."

"ဒီလိုဆိုရင်လည်း ရှင့်ဘာသာရှင် သွားချင်သွား၊ မသွားချင်နေပေါ့။ ဒါပေမဲ့ သွားမယ်ဆိုရင်တော့ ဒီအိမ်က ဘာကြောင့် ဆင်းသွားတယ်ဆိုတာ ကို ပုလိပ်ကို ရှင်းရှင်းပဲ ပြောပြလိုက်ပေါ့။ ဒီလိုဆိုရင် ရှင်လည်း အမှုမပတ် တော့ဘူး၊ ကျွန်မလည်း အဲဒီအထဲမှာ ကန့်လန့်ကန့်လန့်နဲ့ ပါမနေရတော့ ဘူး။ ကျွန်မ လိမ်ပြောတာဟာ ရှင့်ကို ဖုံးကွယ်ချင်လို့ မဟုတ်ဘူး၊ ကျွန်မ ကိစ္စနဲ့ကျွန်မ လိမ်ပြောတာလို့ ပုလိပ်ကို ပြောပြလိုက်ပေါ့။ ဒီလိုဆိုရင် ရှင်းရှင်း ပြောလိုက်တာပဲ ကောင်းတယ်"

ကိုစက်ဖေသည် စဉ်းစားနေ၏။ မတင်မြက–

"သူတို့မယုံရင် မြမောင်ကို ခေါ်စစ်လိမ့်မယ်၊ သူ့ကို ခေါ်စစ်လိုက်လို့ အဲဒီအချိန်မှာ ကျွန်မနဲ့အတူ ရှိနေတာဟာ ရှင်မဟုတ်ဘူး၊ သူပါလို့ မြမောင် က ထွက်ရင် ရှင်အဖို့လည်း ကောင်းသွားတာပေါ့၊ ပုလိပ်က ရှင့်အပေါ်မှာ ဘာမှ သံသယ ဖြစ်တော့မှာ မဟုတ်ဘူး"

"မြမောင်ကကော အမှန်အတိုင်းထွက်မှာတဲ့လား" ဟု ကိုစက်ဖေက စိတ်ချဉ်ပေါက်ပေါက်ဖြင့် မေးလိုက်၏။

"အို ထွက်မှာပေါ့၊ အဲဒီအချိန်က သူ ကျွန်မနဲ့အတူ ရှိနေတာပဲ၊ ဘာ ထွက်စရာ ရှိသလဲ"

ကိုစက်ဖေအဖို့ ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ်ဆိုသည့် ကိန်း ချိုးဆိုက်နေ၏။ မတင်မြ၏ကိစ္စကို ဖုံးကွယ်ထားက သူ့အပေါ်တွင် အမှုပတ်

www.burmeseclassic.com

www.burmeseclassic.com



နေမည်။ သူ့အပေါ်တွင် အမှုမပတ်စေလို၍ မတင်မြကိစ္စကို ပုလိပ်အား ဖွင့်ပြောလိုက်လျှင် သူ့မိန်းမ၏အဖြစ်ကို အထုပ်ဖြေပြသည့်နှယ် ဖြစ်မည်။ ကိုစက်ဖေသည် အရှက်တကွဲ အကျိုးနည်း အဖြစ်မခံနိုင်သေးချေ။

"ကောင်းပြီ၊ ဒီလိုဆို ငါ ဒီနေ့ညတော့ နေဦးမယ်၊ နောက်မှ အခြေအနေကို ကြည့်ပြီး မင်းနဲ့ရှင်းရမယ်"

"ရှင် ထမင်းကော စားခဲ့ပြီးပြီလား"

ကိုစက်ဖေက ခေါင်းကို ယမ်းပြလိုက်၏။ ကိုစက်ဖေမှာ ယခုမှ ဆာမှန်းသိလာ၏။ မတင်မြက ဆံပင်ကို ကပိုကရို ပြန်ထုံးကာ ထိုင်ရာမှ ထကာ ထမင်းခူးရန် နောက်ဖေးမီးဖိုချောင်ဘက်သို့ ထွက်သွား၏။ ကိုစက်ဖေသည် ကပိုကရိုနှင့်ပင်လှနေသော သူ့မိန်းမကို လှမ်းကြည့်ပြီး သက်ပြင်းကြီး တစ်ချက်ချလိုက်၏။

■

ကိုစက်ဖေသည် မတင်မြ ပူပူနွေးနွေးခူးပေးသော ဝက်သားဟင်းလေးချက်ဖြင့် ထမင်းနှစ်ပန်းကန် ကုန်အောင် စားပစ်လိုက်၏။ သူ့မိန်းမသည် ဝက်သားဟင်းလေးအချက် အလွန်ကောင်းသူဖြစ်ရာ မနက်ဖြန်ဆိုလျှင် သူ့မိန်းမ၏ လက်ရာကို စားရတော့မည်မဟုတ်ဟု ကိုစက်ဖေ တွေးလိုက်မိ၏။ စားသောက်ပြီး၍ အိပ်ရာသို့ဝင်ကြသည့်အခါတွင် မတင်မြက အိပ်ခန်းထဲသို့ ဝင်သွားပြီး ကိုစက်ဖေက အိမ်ရှေ့ခန်းတွင် ဖျာခင်း၍အိပ်၏။ မတင်မြက လာ၍ ခြင်ထောင်ထောင်ပေး၏။ ကိုစက်ဖေသည် တော်တော်နှင့် အိပ်မပျော်ချေ။ မိမိသည် အလုပ်ကို ကြိုးစား၍လုပ်ကိုင်ပြီး မတင်မြကလည်း အဝတ်အစား ဝယ်သည်မှအပ ကျန်အိမ်မှုကိစ္စများတွင် စီးသည့်ရေ ဆည်သည့်ကန်သင်း ဆိုသကဲ့သို့ သူ ရှာဖွေပေးသမျှကို ကျစ်လျစ်စွာ ထိန်းသိမ်း၏။ မိမိကဲ့သို့သော အလုပ်အကိုင်သမားတစ်ယောက်အဖို့ ထိန်းသိမ်းယုယပေး

www.burmeseclassic.com



ချည့်သူ တစ်ယောက် အမှန်လိုအပ်၏။ မတင်မြလို မိန်းမသည်လည်း သူ့ရှေ့တင် မားမားမတ်မတ်ရပ်ပေးမည့်သူတစ်ဦး အမှန်လိုအပ်၏။ သူထွက်သွားလျှင် မတင်မြကို တစ်ခုလပ်ဟု အထင်သေးကြတော့မည်၊ စော်ကားရဲကြတော့မည်ဟု တွေးမိကာ ကိုစက်ဖေ စိတ်မကောင်း ဖြစ်သွား၏။ ကိုစက်ဖေသည် အိပ်မပျော်နိုင်ဘဲ တောင်တွေး မြောက်တွေး တွေးလျက်ရှိ၏။ သန်းခေါင်လောက်သို့ရောက်သည့်အခါ၌ မိမိတွင် ယုယကြင်နာသူ ကင်းနေသကဲ့သို့ မတင်မြတွင်လည်း ယုယကြင်နာသူ ကင်းနေလိမ့်မည်ဟု သူ တွေးမိ၏။

နာရီပြန်နှစ်ချက်ထိုးသည့်အခါ၌ ကိုစက်ဖေသည် အိပ်ရာမှ ထလာခဲ့ကာ မတင်မြအိပ်နေသည့် အခန်းတံခါးကို တွန်းကြည့်လိုက်၏။ မတင်မြအိပ်ပျော်နေလျှင်လည်း မနှိုးတော့။ သို့ရာတွင် သူ အိပ်ပျော်မပျော်ကိုမူ ကိုစက်ဖေ သိချင်နေ၏။

တံခါးကို တွန်းဖွင့်လိုက်သည့်အခါ ပြတင်းပေါက်တွင် ရပ်နေသော မတင်မြကို တွေ့ရ၏။

"အိပ်မပျော်ဘူးလား" ဟု ကိုစက်ဖေက မေးလိုက်၏။

"အိပ်မပျော်လို့ ဒီမှာလာရပ်နေတာပေါ့၊ သွား သူများကို သိပ်အထင်သေးတာပဲ၊ ဒီကဖြင့် ကိုယ့်ယောက်ျား ဒုက္ခရောက်မှာစိုးလို့ ပြောလိုက်တာ၊ စေတနာကို ဝေဒနာထင်နေတယ်၊ အစ်ကိုကြီး မကောင်းဘူး"

မတင်မြက တဟင့်ဟင့် ရှိုက်လိုက်၏။ ကိုစက်ဖေ ဘာမျှမပြောတော့ချေ။

■

ဒေါ်နက်ထယ်ကို ရိုက်လုသွားသည့် ကိစ္စနှင့်ပတ်သက်၍မူ နောက်ထပ်သတင်းအကျယ်ကို သိရ၏။ ဒေါ်နက်ထယ်သည် သတိကောင်းစွာ ရလာ

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါတွင် အဖြစ်အပျက်ကို ပြောပြ၏။ မိမိထံသို့ ကားဖြင့် လူတစ်ယောက် ကြက်ဥလာဝယ်ကြောင်း၊ ထိုလူ ထွက်သွားပြီးနောက် မကြာမီမှာပင် အုန်းတံမြက်စည်းရောင်းသူတစ်ယောက် ရောက်လာသဖြင့် တံမြက်စည်းသည်ကိုခေါ်၍ တံမြက်စည်းတစ်ချောင်းဝယ်ကာ ပိုက်ဆံထုတ်ပေးရန် အိမ်ထဲသို့ ဝင်လာခဲ့ကြောင်း၊ ထို့နောက်တွင်မူ နောက်မှ ရိပ်ခနဲ လူတစ်ယောက် ရောက်လာသည်ကို မြင်လိုက်ရပြီး ဘာကိုမျှ သတိမရတော့ကြောင်းဖြင့် ထွက်ဆို၏။

နောက်တစ်နေ့မနက် ကိုစက်ဖေတို့ လင်မယားနှစ်ယောက် ထမင်းကြမ်းနှင့်ပဲပြုတ်ကို စားနေစဉ် စာသင်ကြီးရောက်လာကာ ထိုအဖြစ်အပျက်ကို ပြောသွားခြင်း ဖြစ်၏။ မိမိလင်ယောက်ျားကို သံသယမဖြစ်စေလိုသဖြင့် မတင်မြသည် လိမ်ပြောခြင်းဖြစ်သည်ဟုလည်း စာသင်ကြီး ယုံကြည်သွားကာ "ဒီလိုမိန်းမမျိုးကိုရတာ ကံကောင်းပါပေတယ်ဗျာ" ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်သွား၏။

■

ကိုဖိုးထိုက်သည် ဆေးရွက်ကြီးတစ်ခုံကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်ရင်း–

"အဲဒါကတော့ ကျွန်တော့်မိတ်ဆွေ ကိုစက်ဖေရဲ့ အဖြစ်အပျက်ကလေးပဲ ဆရာရေ၊ ကိုစက်ဖေတစ်ယောက် ဖွဲခိုးသလားလို့ ပုလိပ်က လိုက်လာပါတယ်၊ ဖွဲခိုးတဲ့အမှုကိုတော့ မမိဘူး၊ မတင်မြ ဆန်ခိုးတာကိုတော့ ကိုစက်ဖေ မိသွားတာပေါ့၊ ကဲ ကျွန်တော်လည်း ပြန်ဦးမှပဲ"

ဟု ဆိုကာ ကိုဖိုးထိုက်သည် သူ့ချက်ပလက်ကားကြီးကို ဆောင်း၍ စက်ရှင်ရုံးထဲမှ ထွက်သွားလေ၏။ ။

(ငွေတာရည်မဂ္ဂဇင်း၊
အမှတ် ၂၉၂၊ ဇန်နဝါရီ၊ ၁၉၈၆)

www.burmeseclassic.com

www.burmeseclassic.com

အမှိုက်ကအစ

www.burmeseclassic.com

www.burmeseclassic.com

## ၄။ အမှိုက်ကအစ

လူတစ်ယောက်လျှင် ဝါသနာတစ်ခုစီ ရှိတတ်ကြရာ၌ ကျွန်ုပ်၏ ဝါသနာတစ်ခုမှာ မှတ်သားဖွယ်စာတိုစာစများကို ကူးယူလေ့ရှိခြင်းပင်ဖြစ်၏။ ကျွန်ုပ်သည် ထိုစဉ်က မြန်မာ့အလင်းသတင်းစာကြီးတွင် နေ့တိုင်းပါရှိသော 'ယနေ့သတိပြုရန်' ဆိုသည့် အခန်းမျိုးမှ စာများကို ကူးယူထားလေ့ရှိ၏။ ထိုစဉ်က မြန်မာ့အလင်းသတင်းစာ စာမျက်နှာ တစ်နေရာ၌ (စာမျက်နှာတစ်နေရာဟု ကျွန်ုပ်ပြောရခြင်းမှာ ထိုစဉ်က နေ့စဉ်သတင်းစာများတွင် အနည်းဆုံး စာမျက်နှာ သုံးဆယ့်နှစ်မျက်နှာရှိပြီး အထူးထုတ်များတွင် ခြောက်ဆယ့်လေးမျက်နှာအထိ ရှိတတ်သောကြောင့် လွယ်ကူအောင်ပြောလိုက်ခြင်းဖြစ်၏။) သုံးလေးလက်မခန့် ဘောင်ခတ်ထားသည့်နေရာတစ်ခုရှိပြီး ထိုဘောင်ထဲတွင် ဖော့လုံးခေါင်းပေါင်း၊ သိုရင်းအင်္ကျီ၊ ပုဆိုးကွက်တုံးနှင့် နှုတ်ခမ်းမွေးကားကားကြီးရှိသော အဘိုးကြီးတစ်ယောက်၏ ကာရီကေးချားပုံပါရှိလျက် ထိုရုပ်ပုံအထက်တွင် 'ယနေ့သတိပြုရန်' ဟူသော ခေါင်းစဉ်တပ်ထားလေ့ရှိ၏။ ထိုဘောင်ခတ်ထားသည့် ထိုကွက်လပ်ထဲတွင် လောကီ၊ လောကုတ္တရာနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာများပါရှိတတ်၏။ ဥပမာအားဖြင့် 'အရက်သေစာသောက်စား မူးယစ်ပြီး လောင်းကစားခြင်းပြုမှသာ လူမိုက်ခေါ်သည်မဟုတ်၊ လောက

www.burmeseclassic.com



တွင် မိမိ ပြုသင့်ပြုအပ်သော အလုပ်များကို မလုပ်သူများကိုလည်း လူမိုက်ဟု ခေါ်နိုင်သည်' စသော စာမျိုး။ 'မိန်းမတို့၏ အဆင်းနှင့် စပ်သော စက္ခုအတွေ့သည် ယောကျ်ားတို့၌ အထက်သန်ဆုံးဖြစ်၏။ ထို့အတူ ယောကျ်ားတို့၏ အဆင်းနှင့်စပ်သော စက္ခုအတွေ့သည်လည်း မိန်းမတို့တွင် အထက်သန်ဆုံးဖြစ်ပေ၏' ဆိုသည့် စာမျိုး။'အိုချင်လျှင် တစ်ခဏလေး၊ ပျိုချင်လျှင် တစ်ဘဝပေး' စသော စာမျိုးတို့ဖြစ်၏။ ထိုဆုံးမစာယောင်ယောင် နီတိယောင်ယောင် စာများသည် ယခုခေတ်တွင် အဆန်းမဟုတ်တော့သည့်တိုင် ထိုခေတ်ကမူ ကျွန်ုပ်တို့မှာ (ရွှေဥဒေါင်းကြီး ပြောသလို) 'အလန့်တကြား ဖြစ်အောင်' ကောင်းလွန်းရကား ထိုစာများကို မှတ်စုတွင် ရေးမှတ်ထားလေ့ရှိကြ၏။ ကျွန်ုပ်သည် မော်ပီဆရာသိန်းကြီး ရေးသည့် 'အရှုးလွယ်အိတ်' ကို ဖတ်ပြီးကတည်းက စာတိုပေစများကို ကူးယူသည့်အလေ့ကို လုပ်လာခဲ့ရာ ယနေ့ထက် တိုင်အောင်ပင်ဖြစ်၏။

ကျွန်ုပ်သည် ငယ်စဉ်က စာရေးဆရာရူး ရူးနေသူတစ်ယောက် ဖြစ်ခဲ့သည့်အလျောက် ကံအကြောင်းတရားကြောင့် ပုလိပ်ဖြစ်သွားသည့်တိုင် ထိုစာရူးပေရူးစိတ်သည် ကျွန်ုပ်တွင် ကုန်ခန်းခြင်းမရှိသေးချေ။ ထိုစဉ်က ဒီဆုဇာဆေးတိုက်မှ ထုတ်သော 'သက်စောင့်မဂ္ဂဇင်း' 'ကောဇာသစ်မဂ္ဂဇင်း' စသည်တို့မှ ဆကာကြီးထိပ်တင်၏ ဝတ္ထုတိုကလေးများ၊ သူရိယ မဂ္ဂဇင်းမှ 'ရေးသူ–ဆုရသည်' ၏ဝတ္ထုတိုကလေးများ၊ (ရေးသူ–ဆုရသည်ဟု ကလောင်အမည်တပ်ခြင်းမှာ ထိုခေတ်က ကလောင်အမည်ထားလေ့မရှိကြသေးဘဲ ပေးပို့သူတို့၏ ဝတ္ထုများကိုထည့်ကာ ဝတ္ထုတိုင်းကို 'ရေးသူ–ဆုရသည်' ဟု ကလောင်အမည်တပ်ပေးခြင်း ဖြစ်၏။ ထို ရေးသူ–ဆုရသည်များထဲတွင် ပီမိုးနင်း၊ ရွှေဥဒေါင်း စသူတို့ပင် ပါဝင်သည်ဟု နောင်တွင် ကျွန်ုပ်သိရဖူး၏။) ထို့ပြင် 'သူကြီးဂေဇက်' နှင့် 'ရွှေပြည်တော်' စာစောင်တို့မှ ဖေယျကြီး၏

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတိုကလေးများ၊ မြန်မာ့အလင်းသတင်းစာကြီးမှ ရွှေကျေး၏ 'အိုတင်ငါ' အခန်းဆက် ဝတ္ထုကြီးနှင့် သူရိယ နေ့စဉ်သတင်းစာကြီးမှ ရွှေဥဒေါင်းကြီး၏ 'ရူပနန္ဒ' စသည့် အခန်းဆက် ဝတ္ထုရှည်ကြီးများ စသည်တို့ကိုလည်း ကျွန်ုပ်သည် စွဲစွဲမြဲမြဲ ဖတ်ခဲ့၏။ ဦးဖိုးကျား၏ 'ကိုယ်တွေ့ဝတ္ထုများ' မှ 'အခမဲ့ ကုလီထမ်းခြင်း၏ အကျိုး'၊ 'ကျိုက်ထီးရိုးသို့ ဘုရားဖူးသွားခြင်း' စသည့် ဝတ္ထုတိုများသည်လည်း ကျွန်ုပ်၏ အသည်းစွဲ ဝတ္ထုများဖြစ်ကြ၏။ သို့ဖြင့် ကျွန်ုပ်သည် မှတ်စုစာအုပ်များထဲတွင် စာတိုပေစတွေ ပြည့်နှက်နေအောင် ကူးထားခဲ့ကာ စာရူးပေရူး ရူးပြီး စာရေးဆရာဖြစ်ရန် အားထုတ်ခဲ့ဖူး၏။

သို့ရာတွင် ကံကောင်းချင်၍လော၊ ကံဆိုးချင်၍လော မသိ။ ကျွန်ုပ်သည် ပုလိပ် ဖြစ်လာခဲ့ရာ (ဤတွင် ကံကောင်းချင်၍လော၊ ကံဆိုးချင်၍လော ဆိုသည့် စကားကို ကျွန်ုပ်သုံးရခြင်းမှာ အခြားကြောင့်မဟုတ်ပါ။ စာရေးဆရာဖြစ်ရခြင်းနှင့် ပုလိပ်ဖြစ်ရခြင်းတွင် ဘယ်သင်းက ပိုကောင်းသည်ကို ကျွန်ုပ် မဝေခွဲတတ်၍ ပြောရခြင်းဖြစ်ပါသည်။) စာနယ်ဇင်းများတွင် ပါသည့် စာတိုပေစများကို ကူးယူခြင်းမပြုနိုင်တော့သည့်တိုင် စိတ်ဝင်စားဖွယ်ကောင်းသည့် ရာဇဝတ်မှုများကို မှတ်တမ်းတင်သည့် အလေ့အထကား ကျန်ရစ်ခဲ့၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်တွေ့ကြုံခဲ့ရသော အမှုအခင်းများတို့သာမက အခြားသူများ တွေ့ရသော အမှုအခင်းများကိုလည်း အခါအခွင့်သင့်တိုင်း မှတ်တမ်းတင်ခဲ့၏။

ယခု ကျွန်ုပ် ဖော်ပြမည့် အမှုမှာ ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခဲ့ရသည့် အမှုမဟုတ်ဘဲ မိတ်ဆွေတစ်ဦးဖြစ်သူ၏ ပြောပြချက်ကို မှတ်တမ်းတင်ထားခြင်းဖြစ်ရာ သူ၏ ပြောပြချက်ကို ကျွန်ုပ်က ပြောဟန်အတိုင်း မရေးတော့ဘဲ စာအရေးအသားဟန်ဖြင့် ပြန်လည်တင်ပြလိုက်ရခြင်းဖြစ်၏။

■

www.burmeseclassic.com

www.burmeseclassic.com



သူ့အမှုကို ဒိစတြိတ်စက်ရှင် တရားရုံးတွင် စစ်ဆေးပါသည်။ ထိုစဉ်က စက်ရှင်တရားသူကြီးမှာ မြန်မာစကားကို ရေလည်စွာ ရေးတတ် ဖတ်တတ်သည့် စကော့လူမျိုး မစ္စတာ မက္ကင်ဇီ (အက်စကွိုင်းယား) ဖြစ်ပါသည်။ (အက်စကွိုင်းယားမှာ အင်္ဂလိပ် လူကြီးလူကောင်းများနောက်တွင် ရှိသေသမှု ဆပ်၍ ထည့်သော အမည်ဖြစ်၏။) မစ္စတာမက္ကင်ဇီမှာ အသက် လေးဆယ်ကျော် ငါးဆယ်အတွင်းသို့ ရောက်ရှိပြီး သူ့ခေါင်းမှ ဆံပင်များသည် ဖြူဖွေးထွက်ရှိပါသည်။ ထိုအချိန်မှာ ဆောင်းတွင်းကြီးဖြစ်၍ ကျွန်တော်တို့ ဆွေမျိုးသားချင်းများလည်း ဘခွေးလူအောင်၏ အမှုကိုလာ၍ နားထောင်ကြပါသည်။

ဘခွေးလူအောင်မှာ ကျွန်တော့်အဖေ၏ ညီဖြစ်ပြီး ရွာတွင် ဩဇာတိက္ကမရှိသူဖြစ်ပါသည်။ ကျွန်တော့်အဖေ သူကြီးရာထူးကို လက်ခံသည့်အခါတွင် ဘခွေးသည် မြင်းမွေးခြင်း၊ တောလိုက်ခြင်းဖြင့် အချိန်ကုန်နေတတ်ပါသည်။ ဘခွေးလူအောင်သည် ရွာတွင် လူချစ်လူခင် များသည့်အတွက်ကြောင့်လည်းကောင်း၊ ဩဇာတိက္ကမ ရှိသည့်အတွက်ကြောင့်လည်းကောင်း၊ သူ့အမှုကို ခံမည်ဆိုသောအခါတွင် ကျွန်တော်တို့ရွာမှ ဆွေမျိုးသားချင်းများ မိတ်ဆွေများနှင့် ရွာနီးချုပ်စပ်မှ ဘခွေး၏ မိတ်ဆွေများလည်း အမှုကို လာရောက်နားထောင်ကြပါသည်။ အချို့ကလည်း ဘခွေးကို အားပေးရန် လှည်းတစ်တန်၊ မြင်းတစ်တန်၊ သဘော်တစ်တန်ဖြင့် လာကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ရွာမှာ ထိုဒိစတြိတ်ရှိ မြို့နယ်ကလေးအတွင်းမှ အလွန်ချောင်ကျသည့် ရွာကလေးတစ်ရွာဖြစ်သည့်အတွက် ဒိစတြိတ်မြို့ကြီးသို့လာလျှင် မြို့ငယ်ကလေးသို့ မြင်းဖြင့်သော်လည်းကောင်း၊ လှည်းဖြင့်သော်လည်းကောင်း လာရပြီး မြို့ငယ်ကလေးမှ တစ်ဖန် ဒိစတြိတ်မြို့ကြီးသို့ သဘော်စီးရပါသည်။

သူ့အမှုကို စတင်စစ်ဆေးသည့်နေ့၌ စက်ရှင်ရုံးခန်းထဲတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ သက်သေတဲများတွင် လည်းကောင်း ကျွန်တော်တို့ ရွာသား... ရွာနီးချုပ်စပ်မှ မိတ်ဆွေတွေနှင့် ပြည့်နေပါသည်။

ရှေ့ဖတ်စာရေးက အမှုခေါ်သည့်အခါတွင် ဘဒွေးလူအောင်သည် အ... ခံရန် ဝက်ခြံထဲသို့ ဝင်လာပါသည်။ ဘဒွေးသည် လူသတ်တရားခံများ ဝတ်... သော အကျီနီကြီးကို ဝတ်ထားပြီး ခေါင်းတွင် မျက်နှာသုတ်ပဝါတစ်ထည်... ပေါင်းထားပါသည်။လက်တွင်လည်း လက်ထိတ်ကြီးခတ်လျက် ဖြစ်... သည်။ ကျွန်တော်သည် ဘဒွေးလူအောင်ကို ကြည့်ရင်း ရင်ထဲတွင် ဆို့သွား... သည်။ ကိုယ့်ဘဒွေးအရင်းခေါက်ခေါက်တစ်ယောက် လူသတ်တရားခံအဖြ... တရားစွဲခံရသည်ကို မြင်ရလျှင် မည်သို့ရှိမည်ကို ကိုယ်ချင်းစာကြည့်နိုင်... သည်။ တူတွေ၊ တူမတွေထဲတွင် ဘဒွေးသည် ကျွန်တော့်ကို အချစ်ဆုံးဖြစ်... ကျွန်တော်ကလည်း အဖေဘက်၊ အမေဘက်မှတော်စပ်သော ဦးလေး၊ ဦး... ကြီး၊ ဘဒွေး၊ ဘကြီးများထဲတွင် ဘဒွေးလူအောင်ကို အချစ်ဆုံးဖြစ်သ... အတွက် ကျွန်တော့်အဖို့ဆိုလျှင် ပို၍စိတ်ထိခိုက်ခြင်းဖြစ်ပါသည်။ဘဒွေး... အောင်သည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး ပိန်ပိန်ပါးပါး၊ နှုတ်ခမ်းမွေး... ကားကားကြီးနှင့် ဖြစ်ပါသည်။ တရားခံ ဝက်ခြံသည် သူ့ကိုယ်လုံးအတွက်... ကြီးနေကာ အမှုသည်လည်း သူနှင့်စာလျှင် များစွာ ကြီးလေးနေသည်... ကျွန်တော်ထင်နေပါသည်။

ကျွန်တော်သည် ဘဒွေးလူအောင်၏ မျက်နှာကို လှမ်းကြည့်လိုက်... သည်။ ဘဒွေးလူအောင်၏ မျက်လုံးများမှာ စူးရှတောက်ပြောင်ပြီး နှာ... သည် တန်းနေကာ နှုတ်ခမ်းအစုံသည်လည်း မျဉ်းဖြောင့်တစ်ကြောင်း... ဖြောင့်တန်းနေပါသည်။ သူ့ရုပ်လက္ခဏာသည် ထိုသို့သော ပြစ်မှုကြီးမျိုး... ကျူးလွန်သူမျိုး၏ ရုပ်လက္ခဏာမျိုး မဟုတ်ပါ။ အေးဆေးတည်ငြိမ်၍ နူး... သိမ်မွေ့ကာ ဗိန္ဓောဆေးဆရာတစ်ယောက်နှင့် တူနေပါသည်။ အမှုကို စတင်...

www.burmeseclassic.com

www.burmeseclassic.com



ခစ်ဆေးသည့်အခါတွင် ဘခွေးလူအောင်၏ ရှေ့နေကြီး တန်ချိန်ဟိုးသည် ထိုင်ရာမှ ထလိုက်ကာ စားပွဲကို လက်ဖျားကလေးဖြင့် ထောက်လိုက်ပြီး ကိုယ်ကို ရှေ့သို့ အနည်းငယ် ကိုင်းလိုက်ပါသည်။

"ဦးလူအောင်ကို မေးခွန်းတစ်ခု မေးချင်တယ်၊ သေသေချာချာ စဉ်းစားပြီး ဖြေပါ။ ဦးလူအောင်ဟာ သေသူ ဦးစံမြင့်တို့တစ်သိုက်နဲ့ ထန်းငယ်တောရွာက ချောင်းအတက်နားမှာ တွေ့တဲ့အကြောင်းကို မေးချင်တယ်။ သေသူကိုစံမြင့်ဟာ ဘယ်သန်ဆိုတာ သိတယ် မဟုတ်လား"

"သိပ္ပါတယ်ခင်ဗျာ" ဟု ဘခွေးလူအောင်က သူ့ထုံးစံအတိုင်း အသံတိုးတိုးဖြင့် ဖြေပါသည်။

"သိတယ်နော်၊ ဟုတ်လား"

"သိပါတယ်"

"ဘယ်ဘက်လက်နဲ့ သူ့ခါးကြားကို လှမ်းကိုင်လိုက်တာကိုကော မြင်လိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မြင်လိုက်ပါတယ်"

ကျွန်တော်သည် အဖေနှင့်အတူ ရုံးခန်းပြင်ဘက် ခုံတန်းတွင် ထိုင်ရင်း ဘခွေးလူအောင်ကို ကြည့်နေပါသည်။ သို့ကြည့်ရင်း ကျွန်တော်သည် အချင်းဖြစ်ပွားသောနေ့က ရှုခင်းကို မြင်ယောင်နေပါသည်။ ထိုနေ့မှာ ပဲဖော်ပြီးစပြာသိုလကြီးဖြစ်ပါသည်။ ကျွန်တော်သည် စပါးကျီ နောက်ဖေးက ကွက်လပ်ကလေးထဲတွင် မီးဖိုပြီး မီးလှုံရင်း ထန်းပင်မြစ်ဖုတ်၍ စားနေပါသည်။ ဘခွေးလူအောင်သည် အုန်းခွံရောင် သူ့မြင်းကြီး ပြည်ကျော်ကိုစီးလာပါသည်။ မြင်းကုန်းနှီးရှေ့တွင် သူ့ခွေးကြီး လေးလုံးကို တင်လာပါသည်။

ခပ်လှမ်းလှမ်းက မန်ကျည်းပင်ကြီးအောက်သို့ ရောက်သည့်အခါတွင် ဘခွေးလူအောင်သည် မြင်းဇက်ကို ခပ်တင်းတင်းဆွဲပြီးစီးလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ကျော်မှာလည်း ခပ်ဖြည်းဖြည်းသာ လှမ်းလာပါသည်။ အစသော် ပြည်ကျော်ကြီး ခြေနာလာ၍လားဟု ကျွန်တော် ထင်လိုက်မိပါသေးသည်။ သို့ရာတွင် သေသေချာချာကြည့်လိုက်သည့်အခါ ပြည်ကျော်မှာ ဘာမျှ မဖြစ်ပါ။ ဘဒွေးလူအောင်သည် ဇက်ကို လက်တစ်ဖက်က ကိုင်ထားပြီး ခွေးကြီးကို လက်ယာဘက် လက်ထဲတွင် ပွေ့၍ မြင်းပေါ်မှ ဆင်းလာပါသည်။

အချိန်မှာ နေထန်းတစ်ဖျားလောက်ရှိနေပါပြီ။ ကျွန်တော့် အဖေ၊ အမေနှင့် အစ်ကိုများမှာ မြေပဲပေါ်ချိန်ဖြစ်၍ ပဲခင်းထဲတွင် သွား၍ အိပ်ကြပါသည်။ အိမ်တွင် ကျွန်တော်သာကျန်ရစ်ခဲ့ပါသည်။ အစသော် ဘဒွေးလူအောင်သည် ကျွန်တော့်ဆီ လာမည်လားဟု ကျွန်တော် ထင်လိုက်ပါသေးသည်။ သို့ရာတွင် ဘဒွေးသည် ကျွန်တော့်ဆီသို့ မလာဘဲ စပါးကျီနောက်ဖေးသို့ မြင်းကို ဆွဲသွားပြီး "ငမောင်ရေ တူးရွင်းဖြစ်ဖြစ် ပေါက်ပြားဖြစ်ဖြစ် ယူခဲ့စမ်း" ဟု ကျွန်တော့်ကို လှမ်းအော်ပါသည်။

"ဘာလုပ်မလို့လဲ ဘဒွေး"

"လေးလုံးကြီး သေသွားပြီကွ၊ လေးလုံးကို မြှုပ်မလို့"

ဘဒွေး၏ အသံမှာ ခပ်တိုးတိုးမျှသာ ဖြစ်သော်လည်း ရှုံ့တွေ မဲ့ထားသည့် စပါးကျီနံရံကြောင့် ပဲ့တင်ထပ်နေသည်ဟု ကျွန်တော်ထင်လိုက်မိပါသည်။

ကျွန်တော်သည် ဘဒွေးခိုင်းသည့်အတိုင်း စပါးကျီဘေး မြင်းဇောင်းအမိုးကလေးထဲမှ တူးရွင်းနှင့် ပေါက်ပြားကို ယူလာခဲ့ပြီး ဘဒွေးနောက်သို့ လိုက်လာခဲ့ပါသည်။ ဘဒွေးသည် မြင်းကိုတစ်ဖက်က ဆွဲရင်း တစ်ဖက်ကလည်း လေးလုံးကိုပိုက်ကာ ခြံထောင့်က တရုတ်မန်ကျည်းပင်ကြီးဆီသို့ သွားနေပါသည်။

ပြာသိုလဆန်းဖြစ်၍ ကျွန်တော်တို့ဆီတွင် တော်တော်အေးနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ဖျော့ဖျော့သည် တရုတ်မန်ကျည်းပင်ကြားမှနေ၍ မြေပြင်ပေါ်သို့ ထိုးကျလာပါသည်။

ကျွန်တော်တို့ရွာမှ လှမ်းကြည့်လိုက်လျှင် နွားစွယ်တောင်ကြောကြီးကို မြင်နေရပါသည်။ တောင်ကြောပေါ်တွင် ထင်းရှူးပင်များသည် စိမ်းနေပါသည်။ အချို့နေရာများတွင် တောင်ယာအတွက် မီးရှို့ထားကြသဖြင့် ခေါင်းတုံး ကွက်ကြားရိတ်ထားသည်နှင့် တူနေပါသည်။ တောင်ကြောပေါ်တွင် နိုင်ငံခြား သစ်ကုမ္ပဏီကြီးတစ်ခုမှ သစ်ကွက်ရသဖြင့် သစ်များထုတ်နေရာ သစ်ပင် တော်တော်ပါးနေပါပြီ။ နိုင်ငံခြားသစ်ကုမ္ပဏီကြီးသည် ကျွန်တော်တို့ တောင်ရိုးပေါ်မှ ကျွန်းသစ်ကိုသာ ထုတ်ယူသည်ဆိုသော်လည်း အပင်မှန်သမျှကို ခုတ်ပစ်နေပါသည်။ ထင်းရှူး၊ တမလန်း၊ အင်ကြင်း၊ သစ်ယာ၊ စသည့် အပင်များအားလုံးကိုလည်း ချမ်းသာမပေးပါ။ သစ်ပင်မှန်သမျှကို အကုန်ခုတ်ပစ်နေပါသည်။ ထိုနေ့မနက်မှာ တော်တော်အေးပါသည်။ဘဒွေး လူအောင် ထသည့်အချိန်တွင် နေရောင်ပင် ဖျို့နေပါပြီ။ ဘဒွေးသည် ခပ်လှမ်းလှမ်း တောင်ခြေတောစပ်မှ သေနတ်သံနှစ်ချက်ဆင့်ကြားလိုက်သည့်အခါ၌ သူ့ခွေးလေးလုံးကို ခေါ်ကာ တောစပ်သို့ မြင်းဖြင့်ထွက်သွားပါသည်။

မနေ့ည သန်းခေါင်ကျော်လောက်ကတည်းက တောစပ်ခြေမှ ခွေးဟောင်သံများ၊ တောခြောက်သံများကို ကြားနေရပါသည်။ နွားစွယ်တောင်ခြေရင်းရှိ အင်တိုင်းတောကလေးများမှ ချေများ၊ ဆတ်များ ဆင်း၍ ပဲခင်းကို စားတတ်သဖြင့် ချေအုပ်တွေ့၍ လိုက်နေခြင်းဖြစ်ဟန်တူပါသည်။ ခွေးဟောင်သံများကြားမှ သေသူ ဦးစံမြင့်၏ အမဲလိုက်ကောင်းသော နီမကြီး၏ ဟောင်သံကိုပါ သဲကွဲစွာကြားရပါသည်။ ဦးစံမြင့်သည် ယခင်က တောခေါင်းဖြစ်ပြီး သစ်ထုတ်လုပ်သည့် ကုမ္ပဏီမှ အမှုထမ်းများနှင့် ချေပစ်ထွက်လာကြဟန်တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘခွေးလူအောင်သည် ကျွန်တော်တို့ စပါးကျီနောက်ဖေး စည်းရိုးပေါက်မှ ကျော်ထွက်ကာ ကုန်းကလေးတစ်ခုပေါ်သို့ တက်သွားပါသည်။ ကုန်းကလေးပေါ်တွင် မဲဇလီပင်အုပ်တွေပေါက်နေပါသည်။ မဲဇလီပင်အုပ်များထဲသို့ ရောက်လျှင် ဘခွေးလူအောင်သည် မြင်းပေါ်မှ ဆင်းလိုက်ပြီး ခွေးကြီးကို ပွေ့သွားပါသည်။ ကျွန်တော်လည်း တူးရွင်းနှင့်ပေါက်ပြားကို ယူကာ ဘခွေးလူအောင်နောက်သို့ လိုက်ခဲ့ပါသည်။ အနီးသို့ရောက်လျှင် ဘခွေးက–

"စံမြင့်ဆိုတဲ့ကောင် ငါ့ခွေးကို သတ်သွားတယ်ကွ" ဟု ခပ်တိုးတိုးလေး ပြောပါသည်။

"ဟုတ်လား ဘခွေး၊ သူသတ်တယ်ဆိုတာ ဘခွေး ဘယ့်နှယ်လုပ်သိသလဲ"

"သူ့ခွေးသံတွေကို ငါ ကြားနေရတာပဲကွာ။ ပြီးတော့ ဒီနားတစ်ဝိုက်မှာ ခြောက်လုံးပြူးကိုင်နိုင်တဲ့သူဆိုလို့ သူတစ်ယောက်တည်းရှိတာပဲ။ ဟိုတလောက အမဲလိုက်ကောင်းလို့ဆိုပြီး ကုမ္ပဏီက ဗိုလ်တွေက သူ့ကို ခြောက်လုံးပြူး တစ်လက်ပေးသွားတယ် မဟုတ်လား"

ကျွန်တော်တို့ဆီတွင် သူများ၏ ခွေးကို မည်သူမျှ သတ်လေ့မရှိကြပါ။ ခွေးရူးမဟုတ်လျှင်၊ သို့မဟုတ် သူများကျွဲနွားများကို အလွန်အမင်း ကိုက်တတ်သော ခွေးမဟုတ်လျှင် မည်သူမျှ ခွေးကို မသတ်ကြပါ။

ဘခွေးသည် ခွေးကို မြေကြီးပေါ်တွင်ချပြီး ကုန်းကလေးပေါ်တွင် ရပ်နေပါသည်။ ကျွန်တော်သည် ခွေးကို ငုံ့ကြည့်လိုက်ပါသည်။ လေးလုံး၏ လက်ဝဲဘက် မျက်လုံးအောက်တွင် ကျည်ဆန်ပေါက်ကြီး ဟောင်းလောင်း ဖြစ်နေပါသည်။ ဒဏ်ရာပတ်လည်တစ်ဝိုက်တွင် သွေးတွေပေလျက် ရှိပါသည်။ လေးလုံးမှာ အဖြူပေါ်တွင် အနက်ကွက်ကြီးတွေ ထနေသော အမွေးများ ရှိနေပြီး မျက်လုံးအထက်တွင် အဝါပြောက်ကလေးနှစ်ခုပါသည့်အတွက် လေးလုံးဟု

www.burmeseclassic.com

www.burmeseclassic.com



အပေးထားခြင်းဖြစ်ပါသည်။ သူနှင့်အတူ နှစ်ကောင်ပေါက်ရာ အမဲ လိုက်ကောင်းသဖြင့် အသင်းမြို့အုပ် ဦးကြင်ဆွေက တစ်ကောင်တောင်းသွား သည့်အတွက် လေးလုံးတစ်ကောင်တည်းကျန်ရစ်ခဲ့ခြင်းဖြစ်ပါသည်။

"ဒီနေရာမှာပဲ မြှုပ်တော့မယ်ကွာ" ဟု ဘဒွေးလူအောင်က ပြောပါ သည်။

မြေကြီးပေါ်တွင် ရွက်ခြောက်တွေ၊ သစ်ကိုင်းခြောက်တွေ ရှုပ်ပွနေပါ သည်။ ဘဒွေးသည် သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်များကို ပေါက်ပြား ဖြင့် ခြစ်ပစ်လိုက်ပြီး မြေကြီးကို စပေါက်နေပါသည်။

တူးရွင်း သုံးစရာမလိုတော့ပါ။ မြေနူးပြီး ပွနေသော သစ်ရွက်ဆွေးမြေများ ဖြစ်သဖြင့် အလွယ်တကူပင် တူး၍ရပါသည်။ ကျွန်တော်က ကူ၍ တူးပေးမည် ဟု ပြောသည့်အခါတွင် ဘဒွေးလူအောင်က ခေါင်းယမ်းပြပါသည်။

ကျင်းတူးပြီးသွားသည့်အခါ၌ ဘဒွေးသည် ပေါက်ပြားကို ပစ်ချလိုက်ပြီး ပင်းများဘက်ဆီသို့ မျှော်ကြည့်နေပါသည်။ ခပ်စောစောက ညာသံများ၊ ခွေးဟောင်သံများကို ကြားရသော်လည်း ယခုမကြားရတော့ပါ။ ချောက်ကိုမိသွား ပြီလော၊ သို့မဟုတ် အဝေးသို့ ရောက်သွားပြီလောဆိုသည်ကိုမူ ကျွန်တော် မသိပါ။

ဘဒွေးလူအောင်သည် လေးလုံးကို ဝမ်းဗိုက်အောက်မှ မ၍ ပွေ့လိုက်ပြီး နောက် ကျင်းထဲသို့ ချလိုက်ပါသည်။ ကျင်းကို မြေမဖို့ခင် ဘဒွေးသည် လေးလုံးကို စိုက်ကြည့်နေပါသည်။ ဘဒွေးကို ကြည့်ရသည်မှာ တော်တော် စိတ်ထိခိုက်နေပုံရပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် လေးလုံးကို မြေဖို့ခဲ့ပြီးနောက် စပါးကျီ ဘက်သို့ ပြန်လာခဲ့ကြပါသည်။ ကျွန်တော်က တူးရွင်းနှင့် ပေါက်ပြားကိုထမ်း ပြီး ဘဒွေးက ပြည်ကျော်ကြိုးကို ဇက်မှ ကိုင်၍ဆွဲလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် တော်တော်မိုက်ရိုင်းတဲ့ကောင်ကွာ" ဟု ခပ်တိုးတိုးဆို တောက်တစ်ချက်ခတ်လိုက်ပါသည်။ ကုန်းအဆင်းက တောင်မှရိုးပင်ကြီး နားသို့ အရောက်တွင် ဘဒွေးသည် နဖူးတွင် ကျလာသည့် ချွေးများ သုတ်လိုက်ရင်း အဖြစ်အပျက်ကို ပြောပြပါသည်။

"ငါက လေးလုံးနဲ့ ထွက်လိုက်သွားတော့ စံမြင့်က ဟိုတောင်ကြော ကလေးပေါ်က လဲကျနေတဲ့ နှောပင်ကြီးနားမှာ ဝပ်နေတယ်ကွ။ ငါထင်တာ ကတော့ နွားစွယ်တောင်ကြောက ဆင်းလာတဲ့ ချေအုပ်ကို စောင့်နေတယ် ထင်တာပေါ့။ မနေ့ည သန်းခေါင်ကျော်ကတည်းက သူတို့ တောပစ်ထွက် သွားကြတာကိုး၊ ဒီတော့ မမိသေးလို့ စောင့်နေတယ်ပဲထင်တာပေါ့။ ချေအုပ် က ဆယ်ကောင်လောက်ပါတယ်။ ပဲခင်းထဲက ခြောက်ထုတ်လိုက်တော့ တောင်ကြောပေါ်တက်သွားတယ်။ ဒါနဲ့ ဒီဘက်က ဆင်းလာမယ်ထင်လို့ စောင့်နေတယ်ပဲ အောက်မေ့တာပေါ့။ ငါကလည်း သူတို့အနားက ဖြတ်ပြီး ချေအုပ် ဒီဘက်ကိုပဲ ဆင်းမှာပဲထင်တာနဲ့ သူတို့အနားကဖြတ်ပြီး တောင် ကြောပေါ်တက်၊ လေးလုံးက လဲနေတဲ့ နှောပင်ကြီးကို အခုန်မှာ လေးလုံး ခြောက်လုံးပြူးနဲ့ လှမ်းပစ်လိုက်တာပဲကွ"

ကျွန်တော်သည် ဘဒွေးလူအောင်ကို မော့ကြည့်မိပါသည်။ ဘဒွေး လူ အောင်၏ မျက်နှာသည် တင်းမာလျက်ရှိကာ သူ့ခွေးအသတ်ခံရသည့်အ တွက် မကျေမနပ်ဖြစ်နေပုံရပါသည်။ ထိုမှတစ်ဆင့် ကိုစံမြင့်ဆိုသူ အကြောင်း ကိုလည်း ကျွန်တော် ကြားဖူးသလောက်ပြန်တွေးမိပါသည်။ အမှန်အားဖြင့် ကိုစံမြင့်သည် ကျွန်တော်တို့ နယ်ဇာတိမဟုတ်ပါ။ မူလက တောခေါင်းဖြစ် သည်။ တောခေါင်းဖြစ်စဉ်ကလည်း မိန်းမလိုက်၊ အရက်သောက်ဖြင့်ရမ်းရမ်း ကားကား နေသူဖြစ်ပါသည်။ အလုပ်သမားများအပေါ်တွင်လည်း အနိုင် ကျင့်ပါသည်။ ထို့ကြောင့် အလုပ်သမားများက သူ့ကိုမုန်းကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လေရာတွင် မိန်းမယူပြီး ပစ်ထားခဲ့သည်ချည်းဖြစ်ပါသည်။ ကျွန်တော်ကြားဖူးသလောက်ဆိုလျှင်ပင် ကိုစံမြင့်၏ ခြေတော်တင်ခံရသည့် မိန်းကလေးပေါင်း တစ်ကျိပ်ထက် မနည်းတော့ပါ။ တောခေါင်းမှ ထွက်ပြီးနောက် ကိုစံမြင့်သည် မျက်နှာဖြူ သစ်ကုမ္ပဏီကြီးတစ်ခုတွင် ဝင်၍ အလုပ်လုပ်ပါသည်။ မျက်နှာဖြူများ၏ မြှောက်စားခံရသည့်အတွက်ကြောင့် တစ်ကြောင်း၊ ဝင်ငွေပိုကောင်းသည့်အတွက်ကြောင့် တစ်ကြောင်း ကိုစံမြင့်သည် ယခင်ကထက်ပင် ရမ်းကားလာသည်ဟု လူကြီးများ ပြောသံ ကြားဖူးပါသည်။

ကျွန်တော်တို့ တူဝရီးနှစ်ယောက် ကမ္ဘပေါ်မှ ပြန်ဆင်းလာကြစဉ် ခွေးဟောင်သံများကို ကြားရပြီး ကိုစံမြင့်တို့လူသိုက် ရွာဘက်သို့ ပြန်လာကြသည်ကို မြင်ရပါသည်။ မြင်းကိုယ်စီနှင့် ဖြစ်ပြီး လူ ရှစ်ယောက်လောက် ရှိမည်ထင်ပါသည်။

"ဒီကောင်နဲ့တော့ စာရင်းရှင်းမှ ဖြစ်မယ်ကွာ၊ သက်သက်မဲ့ ငါ့ခွေးကို သတ်ပစ်တဲ့ကောင်" ဟု ဆိုကာ အိမ်ထဲသို့ ဝင်သွားပါသည်။

ကျွန်တော်သည် ပြည်ကျော်ကြီးကို အိမ်ဝင်းထဲရှိ ချည်တိုင်တွင် သွား၍ ချည်နေပါသည်။ ကျွန်တော် ပြန်လာသည့်အခါတွင် ဘဒွေးလူအောင်သည် သူ့တူမီးသေနတ်ကိုကိုင်၍ ယမ်းထိုးနေပါသည်။ တစ်ခုခုဖြစ်တော့မည်ကို သိသဖြင့် ကျွန်တော်သည် လန့်နေပါသည်။ ပဲခင်းသို့သွား၍ အဖေတို့ အမေတို့ကို သွားပြောရမည်လားဟုလည်း ဝေခွဲမရဖြစ်နေပါသည်။

"ဘဒွေး ဘာလုပ်မလို့လဲ" ဟု ကျွန်တော်က မေးပါသည်။

"ဘာမှ မလုပ်ပါဘူးကွာ၊ ဟိုဘက်ရွာကို ခဏသွားချေဦးမယ်၊ ကောင်းကောင်း နေရစ်ခဲ့" ဟု ကျွန်တော့်ကို မှာသွားပါသည်။

ဘဒွေးသည် ပြည်ကျော်ကြီးကို ချည်တိုင်မှဖြုတ်ပြီးနောက် ကုန်းပေါ်သို့ တက်၍ စီးထွက်သွားပါသည်။ကျွန်တော်သည် ဘဒွေးကို ငေးကြည့်ကျန်ရစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။

နောင်တွင် ကိုစံမြင့်နှင့် အတူ လိုက်ပါသွားသည့် ကုမ္ပဏီမှ အမှုထမ်း တစ်ဦး၏ ထွက်ဆိုချက်အရ သူတို့သည် ချေပစ်၍ ရွာကုန်းထိပ်ရှိ ဗိုလ်တဲသို့ ပြန်လာခဲ့ကြကြောင်း၊ ဗိုလ်တဲမရောက်မီ လမ်းတွင် အရပ်ရှည်ရှည်၊ ပိန်ပိန် ပါးပါး၊ နှုတ်ခမ်းမွေးကားကားနှင့် လူတစ်ယောက် အုန်းခွံရောင် မြင်းကြီးကို စီး၍ မိမိတို့ဆီသို့လာနေသည်ကို တွေ့ရကြောင်း၊ မိမိတို့ လာမည့်လမ်းကို မြင်းဖြင့် ကန့်လန့်ပိတ်ဆို့ထားကြောင်း။

"သူ့ကို ကျွန်တော် မသိပါဘူး၊ ဘာရည်ရွယ်ချက်နဲ့ လမ်းလယ်ကောင် မှာ ရပ်နေတယ်ဆိုတာလည်း ကျွန်တော် မသိပါဘူး" ဟု ထိုအမှုထမ်းက ရုံးတော်တွင် ထွက်ဆိုသွားပါသည်။

သူတို့ အသိုက်ထဲတွင် ဘဒွေးလူအောင်ကို သိသူမှာ ကိုစံမြင့် တစ် ယောက်သာ ပါပါသည်။ ကိုစံမြင့်သည် မြင်းဖြင့် ရှေ့မှ ထွက်လာပြီးနောက် ဘဒွေးလူအောင်လာသည့်ကိစ္စကို မေးပါသည်။ ထိုအချိန်တွင် ကျွန်တော် လည်း နောက်က လိုက်သွားသဖြင့် အနားသို့ရောက်နေပါသည်။

"ဘာလဲ ခွေးစကားပြောမလို့လာတာလား၊ ခင်ဗျားခွေးက ဘယ် လောက် အဖိုးတန်လို့လဲ ပြော" ဟု မေးပါသည်။

ကိုစံမြင့် ထိုသို့ ပြောဆိုနေစဉ် သူ့ ဘယ်လက်သည် ခါးဆီသို့ ရောက် သွားပါသည်။ ဘဒွေးလူအောင်သည် သူ့လှုပ်ရှားမှုကို ဆုံးအောင် စောင့်မနေ တော့ဘဲ ပါလာသည့် တူမီးသေနတ်ကို မြှောက်ကာ ခေါင်းတည့်တည့်ကို ပစ်ချလိုက်ပါသည်။ ကိုစံမြင့်သည် မြင်းပေါ်မှ အောက်သို့ ဗိုင်းခနဲ လိမ့်ကျ သွားပါသည်။ သူ့မြင်းလည်း လန့်၍ နောက်သို့လှည့်ပြေးပါသည်။

"ခင်ဗျားတို့ မြင်တယ်မဟုတ်လား၊ ကျုပ်ကို ခွေးစကား လာပြောမနေနဲ့ ဆိုပြီး ခါးဆီကို လက်နှိုက်လိုက်တာ အားလုံးအမြင်ပဲ" ဟု တစ်ခွန်းနှစ်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



သာ ပြောပါသည်။

ယခုမှ ကျွန်တော့်ဘဒွေးသည် လူသတ်တရားခံတို့ ဝတ်လေ့ရှိသော အကျီနီကြီးကိုဝတ်ကာ လက်ထိတ်ကြီးတန်းလန်းနှင့် ဖြစ်နေပါပြီ။ နောက်ဆုံးတွင် ဘဒွေး၏ ရှေ့နေကြီး တန်ချိန်ဟိုး အလျှောက်ကောင်းသဖြင့် ဘဒွေးမှာ လူသတ်မှုမှ လွတ်ခဲ့ပါသည်။ ကိုစံမြင့်၏ နောက်ကြောင်းရာဇဝင်တို့ကို ကြည့်၍လည်းကောင်း၊ သေနတ်ဖြင့် စတင်ပစ်ရန် ပြုလုပ်သူမှာ ကိုစံမြင့်ဖြစ်ကြောင်း သက်သေခိုင်လုံသဖြင့်လည်းကောင်း ဘဒွေးလူအောင်သည် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်ရှိသည်ဟူသော အချက်ဖြင့် လူသတ်မှုမှ လူသေမှုအဖြစ်သို့ ပြောင်းလိုက်ပါသည်။

ထိုနောက်တွင် ဘဒွေးလူအောင်သည် တောလိုက်သည့် အလုပ်ကို စွန့်လွှတ်ရုံမျှမက နွားစွယ်တောင်ပေါ်ရှိ တောရကျောင်းတွင် သင်္ကန်းဝတ်ကာ သင်္ကန်းဝတ်ဘဝဖြင့် အရိုးထုတ်သွားခဲ့ပါသည်။

■

ဤသည်မှာ ကျွန်ုပ် လက်ထဲသို့ မရောက်ခဲ့သော်လည်း ကလေးမြို့နယ်တွင် ကျွန်ုပ်အမှုထမ်းခဲ့စဉ်က ကူးယူခဲ့သော အမှုတွဲတစ်ခုမှ မှတ်တမ်းဖြစ်ပါသည်။

အိန္ဒိယ ရာဇသတ်ကြီးခေါ် ပြစ်မှုဥပဒေ၌ လူသတ်မှုအဖြစ် စွဲဆိုခြင်းပြုရာ၌ လူသတ်မှု မမြောက်သော ခြွင်းချက်ကြီး ငါးရပ်ရှိရာ ကိုလူအောင်၏အမှုမှာ မိမိကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်ဟူသော ခြွင်းချက်ထဲတွင် အကျုံးဝင်နေသည်ဟု ရုံးတော်က ယူဆသည့်အတွက် လူသေမှုအဖြစ် ပြောင်းလဲစွဲဆိုခံရပုံကို ဖော်ပြလိုက်ရပေကြောင်း။ ။

(စန္ဒာရုပ်စုံမဂ္ဂဇင်း၊
အမှတ် ၂၀၃၊ ဖေဖော်ဝါရီ၊ ၁၉၈၆)

www.burmeseclassic.com

www.burmeseclassic.com

<u>ရဇဝင်အရူး</u>

www.burmeseclassic.com

www.burmeseclassic.com

## ၂။ ရာဇဝင်အရူး

ကျွန်ုပ်သည် စာသွားစပြုသည့်အရွယ်လောက်မှစ၍ စုံထောက်ဝတ္ထုများကို စွဲစွဲမြဲမြဲ ဖတ်ခဲ့ကြောင်း တစ်နေရာတွင် ပြောခဲ့ဖူးလေပြီ။ ထိုစဉ်ကမှ စုံထောက်ဝတ္ထု ရေးရသည်မှာ လွယ်ကူသည်ဟု ထင်မှတ်ခဲ့မိ၏။ အတွေ့အကြုံရှိလျှင်၊ တစ်နည်း ယခုခေတ်စကားနှင့် ပြောရလျှင် (ကုန်ကြမ်းရှိလျှင်) ရေးလို့ဖြစ်မှာပဲဟု အောက်မေ့ခဲ့မိ၏။ ထိုစဉ်က စုံထောက်ဝတ္ထုရေးဆရာများမှာ ရှာဒေါင်းကြီး၊ ဒဂုန်ရွှေမျှား၊ ဝဇီရာ၊ ဗျူဟာခင်၊ အိုင်စီအက်စ် ခင်မောင်သွင် သူတို့ဖြစ်ကြ၏။ သို့ရာတွင် စုံထောက်ဝတ္ထုရေးနည်းနှင့် ပတ်သက်လာလျှင် ဂိုဏ်းနှစ်ဂိုဏ်းသာ ရှိသည်ကိုတွေ့ရ၏။ တစ်ဂိုဏ်းမှာ ရာဇဝတ်မှုကျူးလွန်ပုံ ဆင်၍ ဖွင့်သောဂိုဏ်းဖြစ်ပြီး နောက်တစ်ဂိုဏ်းမှာ ရာဇဝတ်မှုဖြစ်ပွားပုံနှင့် ဖွင့်လော့မရှိဘဲ အချင်းဖြစ်ပွားရာနေရာနှင့် ဝေးသောတစ်နေရာတွင် စုံထောက်ကြီး စဉ်းစားခန်းဖွင့်ပုံမျိုးနှင့် ဖွင့်သည့်နည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမဂိုဏ်းမှာ ဝဇီရာစသည့် စုံထောက်စာရေးဆရာတို့၏ ဂိုဏ်းဖြစ်ပြီး ဒုတိယဂိုဏ်းမှာ ရွှေဥဒေါင်းကြီးအမှူးပြုသည့် ဂိုဏ်းဖြစ်၏။

ဝဇီရာ အမှူးပြုသည့် ဂိုဏ်းဝင်စာရေးဆရာတို့ ဝတ္ထုဖွင့်ပုံမှာ–

'အချိန်မှာ ည ၁၀ နာရီခန့်ရှိလေပြီ။

"ဒိုင်း" ဟူသောသေနတ်သံကြီးကိုကြားရပြီး မရှေးမနှောင်း သက္ကလတ် ဦးထုပ်နက်၊ ဘလေဇာကုတ်အင်္ကျီအနက်၊ ယောလုံချည် အနက်တို့ကို ဝတ်ဆင်ကာ မျက်နှာတွင် လက်ကိုင်ပဝါအနက်ကို စည်း ထားသည့် လူတစ်ယောက်သည် ရန်ကုန်မြို့ ကုက္ကိုင်းလမ်းမကြီး၌ တစ်ခုသောခြံဝင်းကို ကာရံထားသည့်ဝါးရုံပင်များကြားမှ တိုးဝှေ့ထွက် လာပြီးနောက် ဓာတ်တိုင်နှင့် ခပ်လှမ်းလှမ်း ကုက္ကိုပင်ရိပ်အောက်တွင် ရပ်ထားသည့် တူးဆီတာ ကားနက်ကလေးပေါ်သို့ တက်သွားသည်ကို မြင်လိုက်ရပြီး မကြာမီမှာပင် ကားကလေးသည် လျင်မြန်သောအရှိန်ဖြင့် မောင်းထွက်သွားရာ နောက်မှ မီးနီ ကလေးကိုသာလျှင် ခပ်ဝါးဝါး လှမ်းမြင်လိုက်ရလေ၏' ဟူသောအစမျိုးဖြင့် ဝတ္ထုကို ဖွင့်တတ်ကြ၏။ ထိုဂိုဏ်းမှာ ရာဇဝတ်မှု ဖြစ်ပွားပုံဖြင့် အစချီသောဂိုဏ်းဖြစ်၏။ ရွှေဥဒေါင်း ကြီးအမှူးပြုသည့်ဂိုဏ်းမှ ဝတ္ထုစ၍ဖွင့်ပုံကား–

'တစ်နေ့သ၌ စုံထောက်မောင်စံရှားသည် ဘရွတ်ကင်းလမ်းရှိ အ ခန်းထဲတွင်ထိုင်ကာ ကိုသိန်းမောင်ပြောပြသည့် ရှမ်းပြည်နယ်ခရီးအ တွေ့အကြုံကို နားထောင်ပြီးနောက် မိုးအေးအေးရှိသည်နှင့် အပြင်သို့ လည်းထွက်၍ မကောင်းသည့်အလျောက် နံရံတွင်ချိတ်ထားသည့် တယောပြားကလေးကို ကောက်ကိုင်ကာ တယောဖိုးငို အပိုင်ဆိုးထား သည့် 'ကြက်ဖတိန်ညင်' သီချင်းမှ အောက်အီးအီးအွတ်ဟူသော ကြား တွန်သံကို ဘိုးတံဖြင့် အဆွဲလေ့ကျင့်နေစဉ်' ဟူသောအဖွင့်မျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အထင်တွင် ပြောရမည်ဆိုလျှင် ပထမနည်းသည် 'တိုက်ရိုက်' နည်းဖြစ်၍ ဒုတိယနည်းမှာ 'သွယ်ဝိုက်' နည်းဖြစ်ရာ တိုက်ရိုက်နည်းသည် စာဖတ်တတ်ခါစတွင် ဖတ်သူကို ဆွဲဆောင်နိုင်သော်လည်း စာဖတ်ရင့်လာသည့်အခါတွင်မူ 'တိုက်ရိုက်' နည်းကိုများစွာ အရသာ မတွေ့လှတော့ဘဲ ရှေ့ဒေါင်းကြီးတို့၏ 'သွယ်ဝိုက်' နည်းကို အရသာ တွေ့လာခဲ့၏။

ယခုဖော်ပြမည့်ဝတ္ထုမှာ စစ်မဖြစ်မီ ရန်ကုန်မြို့တွင် ကျွန်ုပ်အမှုထမ်းလျက်ရှိစဉ် တွေ့ကြုံရသော အဖြစ်အပျက် တစ်ခုဖြစ်ပြီး ယခုဝတ္ထုအစကို ရှေ့ဒေါင်းတို့၏ နည်းအတိုင်း ရေးသားကြည့်လိုက်ခြင်း ဖြစ်ပေကြောင်း။

စစ်မဖြစ်မီက ရန်ကုန်မြို့မှ ထုတ်ဝေသော သူရိယသတင်းစာကြီးမှ လက်ထောက်အယ်ဒီတာ ကိုအုန်းမြင့်ကလေးသည် ဆာဆာရှိသည်နှင့် ဒါလဟိုဇီလမ်း (မဟာဗန္ဓုလလမ်း) နှင့် ၃၇လမ်းထောင့်ရှိ ဘုံဘေ ရက်စတောရင့်သို့ ထွက်လာခဲ့ကာ ညစာအဖြစ် သော့တံဆိပ် ဂျက်ဖရီဘီယာတစ်လုံး၊ ပေါင်မုန့်လေးငါးချပ်နှင့် ဘီစကိတ်တို့ကို စားသောက်ပြီးနောက် တိုက်ပေါ်သို့ ပြန်တက်လာခဲ့၏။ တိုက်ပေါ်သို့အရောက်တွင် အယ်ဒီတာချုပ်၏ အခန်းမှ အော်ကျယ်ဟစ်ကျယ်ဖြင့် တစ်စုံတစ်ရာကို မကျေမနပ် ပြောဆိုလျက်ရှိသော မဟာဆွေကြီး၏အသံ၊ တဟားဟားရယ်မောလျက်ရှိသော ဇဝနကြီး၏ အသံ၊ လက်ထောက်အယ်ဒီတာအမ်ဖိုးချိန်၏အသံ စသည်တို့ကို ကြားနေရ၏။ ကိုအုန်းမြင့်ကလေးသည် မဟာဆွေကြီး အနည်းငယ်ထွေလာလျှင် သူ့အားညီငယ်ကလေးတစ်ယောက်လို နောက်လိုက်ပြောင်လိုက်ဖြင့် ဂျီကျတတ်သည့်အတွက်ကြောင့်တစ်ကြောင်း၊ ယနေ့ညအဖို့ မည်သည့်သတင်းမှ ထူးထူးခြားခြား မရသေးသည့်အတွက်ကြောင့်တစ်ကြောင်း၊ ခါတိုင်းကဲ့သို့ အယ်ဒီတာချုပ်၏ အခန်းထဲသို့ ဝင်၍ စကားပြောမနေတော့ဘဲ မိမိအခန်းသို့ တိုက်ရိုက်လာခဲ့ကာ တည်းဖြတ်စရာရှိသည့် သတင်းကိုတည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်၊ အသစ်ပြန်ရေးစရာရှိသည်တို့ကို ရေးသားလျက် ရှိလေ၏။

ခပ်လှမ်းလှမ်းတွင်မူ ညနိုင်ငံခြားသတင်း အယ်ဒီတာ ကိုမောင်ကြီးသည် ခဲတံတိုတစ်ချောင်းကို ကိုင်၍ ပါးစပ်မှ တဖွဖွရွတ်ကာ 'ရန်ကုန်ဂေဇက်' အင်္ဂလိပ်သတင်းစာကြီးမှ ပဟေဠိတစ်ပုဒ်ကို ဖြေဆိုလျက်ရှိ၏။

ကိုအုန်းမြင့်ကလေးသည် တိုက်မှ ချာပရာစီ သူငယ်ကလေးယူလာသော ညနေပိုင်းရောက်လာသည့် စာအိတ်များကို စားပွဲပေါ်တွင် တင်လိုက်ပြီး တစ်အိတ်ပြီးတစ်အိတ် ဖောက်ဖတ်လျက်ရှိ၏။ အချို့စာများမှာ ဘာမျှ ထူးထူးထွေထွေ မပါလှချေ။ လူငယ်များကြီးပွားရေးအသင်းတိုက် ဟောပြောပွဲဖိတ်စာ၊ ပဲချက်ရွာကျေးလက်တောရွာ ပြုပြင်ရေးအသင်းမှ ကန်တူးသည့် သတင်း၊ မြို့နယ်တစ်ခုတွင် ရဲတပ်ဖွဲ့ ဖွဲ့စည်းပြီးစီးကြောင်းသတင်း၊ မိလ္လာသိမ်းဆည်းရေးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော် မြူနီစီပယ်အဖွဲ့ ကြေညာချက်၊ ရိုးကုမ္ပဏီ တိုက်ဆိုင်ကြီးမှ ဗျန်ပိုက်ဖိနပ်တစ်ရန် အရစ်ကျ စနစ်ဖြင့် ဝယ်ထားသည့်အတွက် အကြွေးတောင်းသည့်စာ စသည်တို့ဖြစ်၏။ နယ်မှရောက်လာသော အခြားသတင်းများမှာလည်း များစွာစိတ်ဝင်စားဖွယ် မကောင်းလှချေ။ ကိုအုန်းမြင့်ကလေးသည် အရေးမကြီးသည့် သတင်းများကိုဖတ်ပြီးနောက် စက္ကူကိုလုံးချေကာ အမှိုက်တောင်းထဲသို့ လွှင့်ပစ်လိုက်၏။ နေ့လယ်ကတည်းက မရှင်းရသေးသည့် အမှိုက်ခြင်းမှာ ယခုအချိန်တွင် ပြည့်မောက်လျက်ရှိလေပြီ။ ကိုအုန်းမြင့်ကလေးသည် စားပွဲပေါ်တွင် နောက်ဆုံးကျန်သည့် စာအိတ်တစ်အိတ်ကို ဖောက်ဖတ်လိုက်၏။ စာအိတ်ထဲတွင် လက်တစ်ဝါးမရှိတရှိ စာရွက်တိုကလေး တစ်ရွက်သာပါပြီး စာရွက်ပေါ်တွင် 'နောက်တစ်ခါ လာဦးမည်' ဟု မင်နီဖြင့် ရေးထားသည်ကိုတွေ့လိုက်ရ၏။ ကိုအုန်းမြင့်ကလေးသည် သတင်းစာဖတ်ပရိသတ်များထဲမှ ထိုသို့ နောက်ပြောင်ရေးလေ့ရှိသည့် စာများကို တွေ့ဖူးပြီဖြစ်သဖြင့် ထိုစာကိုလည်း လွှင့်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မည် ပြုပြီးမှ နောက်တစ်ခေါက် ဖတ်ပြန်၏။ ထိုနောက် နှာခေါင်းကို ရှုံ့လိုက်ပြီး ထိုစာရွက်ကလေးကိုလည်း အမှိုက်ခြင်းထဲသို့ လွှင့်ပစ်လိုက်၏။

ထိုနောက် အိတ်ထဲမှ ပြားစေ့နှစ်စေ့ကို ထုတ်ကာ မုတ်ဆိတ်နုတ်ရင်း ဘက်လူများကြီးပွားရေးနှင့်ပတ်သက်သည့် ကြီးပွားရေး ဦးသိန်း၏ဟောပြောချက်ကို ဖတ်လျက်ရှိစဉ် တယ်လီဖုန်းမြည်သံ ပေါ်လာသဖြင့် စားပွဲပေါ်တွင်ရှိသည့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ခင်ဗျာ၊ ဟုတ်ပါတယ်၊ ကျွန်တော် အုန်းမြင့်ပါခင်ဗျာ။ ဘုရင်ခံအိမ်တော်နားမှာလား။ ဟုတ်ကဲ့၊ သေချာတယ်နော်။ ဟုတ်ပြီ၊ ကျွန်တော် လွှတ်လိုက်မယ်လေ၊ ကျေးဇူးပဲ ဗိုလ်ဂျမ်းရေ"

ကိုအုန်းမြင့်ကလေးသည် တယ်လီဖုန်းကို ချလိုက်ပြီးနောက် တစ်ဖက်ခန်းသို့ လှမ်း၍ –

"ကိုသိန်းမောင်ရေ၊ သတင်းဗျို့သတင်း၊ ဘုရင်ခံအိမ်တော်ရဲ့ အနောက်ဆောင်ဘက် ဖိုက်ချ်လမ်းပေါ်မှာ လူတစ်ယောက်အသတ်ခံရတယ်။ အာယာမတွေ ကလေးလက်တွန်းလှည်းတွန်းရင်းတွေ့တာတဲ့၊ ဓာတ်ပုံကိုသန်းကိုပါခေါ်သွား၊ ထောင့်အမျိုးမျိုးကရိုက်ခဲ့"

ရာဇဝတ်မှုသတင်းထောက် ကိုသိန်းမောင်နှင့် ဓာတ်ပုံဆရာ ကိုသန်းတို့ထွက်သွားပြီးနောက် မကြာမီကလေးတွင် ကိုအုန်းမြင့်ကလေးသည် တစ်စုံတစ်ရာကို အမှတ်ရသဖြင့် ခပ်စောစောက အမှိုက်တောင်းကြီးကို မွှေနှောက်ကာ သူလွှင့်ပစ်ခဲ့သည့် စာရွက်ပိုင်းကလေးကို ရှာဖွေလျက်ရှိရာ ချာပရာစီသူငယ်ကလေးမှာ သူ့ဆရာကိုအုန်းမြင့်ကလေး လုပ်ပုံကို နားမလည်နိုင်ဘဲ အံ့အားတသြဖြင့် ငေးကြည့်လျက်ရှိ၏။ နာရီဝက်သာသာကြာ၍ ကိုသိန်းမောင်နှင့် ကိုသန်းတို့ ပြန်လာသည့်အခါတွင် လွန်စွာ စိတ်လှုပ်ရှားလျက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သော ကိုအုန်းမြင့်ကလေးကို သူတို့တွေ့ရ၏။

ကိုသိန်းမောင်မှာ ကိုအုန်းမြင့်ကလေး စိတ်လှုပ်ရှားနေခြင်းကို သတိ ထားမိဘဲ ပခုံးတွင်လွယ်လာသည့် လွယ်အိတ်ကို စားပွဲပေါ်သို့ပစ်တင် လိုက်လျက်–

"ဘာမှမထူးပါဘူးဆရာရယ်၊ အမယ်လေး မောလိုက်တာ၊ သေသူ ဘယ်သူလဲဆိုတာ ပုလိပ်ကစုံစမ်းပြီးပြီ၊ ဘာမှအရေးကြီးတဲ့လူ မဟုတ်ပါ ဘူး။ ဘားနဒ်ပိုင္ဘကတ်တိုက်မှာအလုပ်လုပ်တယ်၊ အခုဆရာလိုချင်တဲ့ အ ချက်အလက်တွေ အကုန်ရခဲ့ပါပြီ"

"ဘာ–အရေးမကြီးဘူး ဟုတ်လား၊ ဒုက္ခပဲဗျာ၊ စက်ရုပ်သတင်းအဖြစ် ထည့်ဖို့ ကျန်တဲ့သတင်းတွေကို အကုန်ဖြုတ်ထားလိုက်ပြီးပြီ။ စက်တောင် အရပ်ခိုင်းထားတယ်၊ ဒီမှာကိုသိန်းမောင် ဒီသတင်းဟာ အရေးကြီးနိုင်တယ် ဗျ၊ မနက်ကဝင်လာတဲ့ စာတစ်စောင်နဲ့လည်း ပတ်သက်နေတယ်လို့ ကျွန် တော် ထင်တယ်၊ ဟောဒီမှာဖတ်ကြည့်"

ကိုအုန်းမြင့်ကလေးက အမှိုက်ခြင်းတောင်းထဲမှ ပြန်ကောက်ထားသည့် စာရွက်ကလေးကို လှမ်းပေးလိုက်၏။ ကိုသိန်းမောင်သည်ကြေမွနေသော စာရွက်ကလေးကို ကောက်၍ စိတ်မပါ့တပါ ကြည့်နေ၏။ ကိုအုန်းမြင့် ကလေး က–

"ဒီစာဟာ ဘယ်လောက်အရေးကြီးတယ်မှတ်သလဲ၊ သိပ်အရေးကြီးတဲ့ စာဗျ။ ဘုရင်ခံအိမ်တော်ထောင့်မှာ လူသတ်မှုကျူးလွန်တုန်းက တရားခံပြောခဲ့ တဲ့စကားလုံးတွေ။ အခိပ္ပာယ်က နောက်တစ်ခါလူတစ်ယောက်ကိုသတ်ဦး မယ်လို့ သတိပေးတဲ့သဘော။ အဲဒီသတိပေးချက်ကို ကျုပ်တို့သတင်းစာ တိုက်ကို ကြိုတင်ပြီးပို့လိုက်တာ၊ ကဲ အချိန်သိပ်မရှိဘူး၊ ခင်ဗျားရလာတဲ့သတင်း အပြည့်အစုံကို မြန်မြန်ရေး"

www.burmeseclassic.com

www.burmeseclassic.com



သတင်းထောက်ကိုသိန်းမောင်သည်လည်း အယ်ဒီတာကိုအုန်းမြင့်ကဆေး၏ ဓာတ်ကူးသွားကာ စုံစမ်းရခဲ့သမျှ သတင်းအပြည့်အစုံကို အကျယ်တဝင့်ရေးပေးလိုက်၏။

နောက်တစ်နေ့ထုတ် သူရိယသတင်းစာတစ်စောင်တည်းတွင် ဘုရင်ခံအိမ်တော်အနီး လူသတ်မှုသတင်းပါလာ၏။ သတင်းခေါင်းစဉ်မှာ 'နောက်တစ်ခါလာဦးမည်၊ ဘယ်သူ့ အလှည့်လဲ' ဟု ခေါင်းတပ်ထား၏။ သတင်းတွင် ဘုရင်ခံအိမ်တော်အနီး လူသတ်မှုအပြည့်အစုံကိုရေးထားပြီး ထိုနေ့ မနက်က သူရိယသတင်းစာတိုက်သို့ တံဆိပ်ခေါင်းမကပ်သော စာတစ်စောင် ရောက်လာကြောင်း၊ စာအိတ်ထဲတွင် စာရွက်ပိုင်းကလေးတစ်ပိုင်းသာပါပြီး ထိုစာရွက်ပိုင်းကလေးပေါ်တွင် 'နောက်တစ်ခါလာဦးမည်' ဟု ရေးထားကြောင်း၊ ထိုစကားလုံးများမှာလူသတ်သမား လူမသတ်ခင် ပြောသွားသည့် စကားလုံးများအတိုင်းပင်ဖြစ်ကြောင်းဖြင့် သတင်းထောက်က နောက်ဆက်တွဲ သတင်းများကိုလည်း ပြည့်ပြည့်စုံစုံ ရေးထည့်လိုက်၏။

သို့ရာတွင် ပရိသတ်မှာ ထိုသတင်းကို များစွာ ယုံကြည်ခြင်းရှိပုံမရဘဲ သူရိယက စောင်ရေတက်အောင်လုပ်နေသည်ဟု လက်ဖက်ရည်ဆိုင်များနှင့် မြင်းပွဲတွင် ထင်ကြေးပေးနေကြ၏။ သူတို့စာဖတ်ပရိသတ်က ထိုသို့ထင်အောင်လည်းသတင်းစာအချို့က ဝင်၍ရေးကြ၏။ သူရိယနှင့်ပြိုင်ဘက် သတင်းစာတစ်စောင်ကဆိုလျှင် 'သတင်းစာများ၏တာဝန်' ဟူသောခေါင်းစဉ်ဖြင့် ခေါင်းကြီးပိုင်းရေးကာ သတင်းစာတို့မည်သည် သတင်းကို စိစစ်၍ ရေးအပ်ကြောင်း၊ စောင်ရေတက်လျှင်ပြီးရောဆိုသည့်သဘောဖြင့် လူအများ အထိတ်တလန့်ဖြစ်အောင် သတင်းရေးခြင်းမျိုးကို ရှောင်ရှားသင့်ကြောင်း၊ ထိုသို့ 'လန်ကြုပ်' သတင်းများကိုရေး၍ စောင်ရေတက်အောင် မလုပ်သင့်ကြောင်း၊ 'လန်ဒန်တိုင်း' သတင်းစာကြီး စသည့် သိက္ခာရှိသော သတင်းစာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးများတွင် ထိုသို့သောသတင်းများကို ထည့်သွင်းလေ့မရှိကြောင်း၊ သတင်းစာတို့သည် သိက္ခာရှိဖို့ လိုအပ်သကဲ့သို့ သတင်းစာဆရာများသည်လည်း မိမိတို့ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျင့်ဝတ်ကို လိုက်နာအပ်ကြောင်း စသဖြင့် ရေးသားထားသည်ကို တွေ့ရ၏။ မိမိတို့ထည့်သည့်သတင်းနှင့် တကွ မိမိတို့သတင်းစာကို ကိုးကားဖော်ပြခြင်းမပြုဘဲ ယေဘုယျရေးသွားခြင်းဖြစ်သော်လည်း ထိုခေါင်းကြီးသည် ယမန်နေ့ကထည့်လိုက်သော ဘုရင်ခံအိမ်တော်အနီး လူသတ်မှုသတင်းနှင့် ပတ်သက်၍ မိမိတို့သတင်းစာကို စောင်းမြောင်းလိုက်သည့် ခေါင်းကြီးပိုင်းဖြစ်သည်မှာ သေချာ၏။

ကိုအုန်းမြင့်ကလေးသည် တိုက်သို့ရောက်လာသော စာအိတ်နှင့် စာရွက်ကို မိမိနှင့်ခင်မင်ရင်းနှီးသော စီအိုင်ဒီမှ စုံထောက်ကလေး ကိုမြဒင်ကို ပေးကာ ထိုစာအိတ်နှင့်စာရွက်ကို ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစစ်ဆေးဖို့လိုကြောင်း ပြောသည့်တိုင်အောင် ကိုမြဒင်သည် ကိုအုန်းမြင့်ကလေးကို ကြည့်၍ကြည့်၍ ခပ်လှောင်လှောင်ရယ်လိုက်ကာ "ကြံကြီးစည်ရာဗျာ ဒီအမှုနဲ့ ဘာမှဆိုင်မယ် မထင်ပါဘူး။ ဆိုင်သည်ပဲထားဦး၊ ဒီစာအိတ်နဲ့ဒီစာရွက်ကို ဓာတ်ခွဲခန်းထဲမှာ စစ်ဆေးကြည့်ဖို့မလိုပါဘူး။ စာအိတ်ကအပေါစားစာအိတ်၊ စာရွက်ကလည်း အပေါစားစာရွက်၊ ဗန္ဓုလစတေရှင်နာရီက ရောင်းတာ၊ မင်က ဝါတာမင်မင်ဖောင်တိန်က ဘာလက်ဘာ့ဒ် ဖောင်တိန်နဲ့ရေးထားတာ၊ ဒီလောက်ခက်ခက်ခဲခဲ ကြည့်နေစရာမလိုပါဘူး" ဟုပြော၏။

ကိုအုန်းမြင့်ကလေးသည် ပုလိပ်ဘက်မှ အေးစက်စက်လုပ်နေပုံနှင့် မိမိတို့ သတင်းစာအား ပြိုင်ဘက်သတင်းစာမှ စောင်းမြောင်းရေးသားပုံတို့ကို မခံချင်ဖြစ်နေ၏။ ထိုအထဲတွင် အယ်ဒီတာချုပ်ကလည်း "မင်းထည့်တဲ့ သတင်းကြောင့် တို့သတင်းစာတော့ ဟိုကတစ်ချီ ဆော်ထည့်လိုက်ပြန်ပြီ။ နောက်ဆက်တွဲသတင်းရအောင်လိုက်ကွာ၊ လိုက်လို့မရရင် အဖျားရှူးသွား

www.burmeseclassic.com



ခင်တော့လည်း ဘယ်တတ်နိုင်မလဲ။ နောက်ကျရင်တော့ ကိုယ်ကဦးရင်ပြီး ဆိုပြီး ကောက်မထည့်နဲ့။ ဘာမှမထူးဘဲနဲ့ ဒီလိုသတင်းမျိုးကို မျက်နှာဖုံးခပေး တော သိပ်နာတယ်၊ သတင်းစာလည်းသိက္ခာကျတယ်" ဟုပြော၏။

ထို့ကြောင့် ကိုအုန်းမြင့်ကလေးသည် ကိုသိန်းမောင်ကိုခေါ်ကာ ထိုသ တင်းနောက်ဆက်တွဲကို အလိုက်ခိုင်း၏။ သို့ရာတွင် နှစ်ရက်တိုင်တိုင် ဘာမျှ ထူးခြားခြင်းမရှိချေ။ တတိယမြောက်နေ့တွင်မူ လက်ထောက်အယ်ဒီတာ ကိုအုန်းမြင့်ကလေးသည် ခါတိုင်းကဲ့သို့ ညဦးပိုင်းသတင်းများကို တည်းဖြတ် ရန် တိုက်သို့ရောက်လာစဉ် မိမိ၏အလုပ်စားပွဲပေါ်၌ ယခင်စာတစ်စောင်နှင့် အလားတူသည့် စာအိတ်တစ်အိတ်ကို တွေ့လိုက်ရသဖြင့် များစွာ အံ့အား သင့်လျက်ရှိ၏။ စာအိတ်တွင်ရိုက်ထားသည့် စာတိုက်တံဆိပ်ကို ကြည့် လိုက်သည့်အခါတွင် ယနေ့ နေ့လယ် နာရီပြန်တစ်ချက်အချိန်က ကန်တော်မင် ဒန်းခြံစာတိုက်မှ ထည့်လိုက်သော စာဖြစ်ကြောင်းကို စာတိုက်တံဆိပ်အရ သိရ၏။ ကိုအုန်းမြင့်ကလေးသည် တုန်ယင်သောလက်များဖြင့် စာအိတ်ကို ဖွင့်လိုက်ရာ ယခင်နည်းတူပင် လက်တစ်ဝါးမရှိတရှိ စာရွက်ပိုင်းကလေး ထွက်လာသည်ကို တွေ့ရ၏။ စာရွက်ပေါ်တွင်မူ 'နေရာဟောင်းတွင် ကြွေး သစ်ဆပ်မည်' ဟု ရေးသားထားသည်ကိုတွေ့ရ၏။ ကိုအုန်းမြင့်ကလေး သည် စီအိုင်ဒီမှ သူ့မိတ်ဆွေ ကိုမြဒင်ထံ တယ်လီဖုန်းဆက်ရန် ဖုန်းဆီသို့ လက်လှမ်းလိုက်၏။ သို့ရာတွင် သူ့လက်မရောက်မီ တယ်လီဖုန်း ခေါင်း လောင်း တဒင်ဒင်မြည်သံ ပေါ်လာ၏။ ကိုယ့်ကိစ္စနှင့်ကိုယ် အရေးကြီးနေစဉ် ခြားဖြတ်ကိစ္စတစ်ခုပေါ်လာလေပြီဟု ထင်သဖြင့် စိတ်လည်းတိုသွား၏။

"ပြောပါ၊ အုန်းမြင့်ကလေးပါ" ဟု ကိုအုန်းမြင့်ကလေးက ခပ်ဆတ် ဆတ်အသံဖြင့် ပြော၏။ တစ်မိနစ်ခန့် နားထောင်ပြီးသည့်အခါတွင် ကိုအုန်း မြင့်ကလေး၏ မျက်လုံးများသည် ပြူးကျယ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ၊ ကန်တိုမင်ပန်းခြံထဲမှာ ဟုတ်လား။ ဟုတ်ပြီ၊ နေဦးဗျ ကို ဒင် ကျွန်တော်ပြောစရာကလေးတစ်ခုရှိတယ်။ ဟိုစာကိစ္စလေ၊ နောက်စာတစ် စောင်ရပြန်ပြီဗျ။ ဟုတ်တယ် ဒီစာကတော့တစ်မျိုးဗျ၊ ဒါပေမဲ့ စာအိတ်ရော စာရွက်ရောအတူတူပဲ။ ဟုတ်တယ် ဒီနေ့ရက်စွဲနဲ့။ ဟုတ်ပြီလေ၊ ခင်ဗျား ပြောတဲ့အတိုင်း ကျွန်တော်သတင်းထောက်တစ်ယောက်လွှတ်လိုက်မယ် အိုကေ"

ကိုအုန်းမြင့်ကလေးသည် စိတ်လေးလေးဖြင့်ပင် ကိုသိန်းမောင်နှင့် ဓာတ်ပုံဆရာကိုသန်းတို့ကို လွှတ်လိုက်၏။ ခုတစ်ကြိမ် အသတ်ခံရသူမှာ အစိုးရပုံနှိပ်တိုက်မှ ရုံးအုပ်တစ်ယောက်ဖြစ်၏။ လူသတ်သမားသည် သူ့ကို လည်း သေနတ်ဖြင့် ပစ်သတ်သွားခြင်းဖြစ်၏။ ပန်းခြံစောင့်က သေနတ်သံ ကြားသဖြင့် ထွက်အကြည့်တွင် သူ့အလောင်းကို တွေ့ရခြင်း ဖြစ်သည်ဆို၏။ ရန်ကုန်မြို့ကြီးတွင် နှစ်ရက် သုံးရက်အတွင်း လူသတ်မှုများ ဆက်တိုက်ဖြစ် ပွားလာသည့်အခါတွင် ပုလိပ်ဘက်တွင်လည်း တော်တော်အလုပ်များသွား ၏။ သတင်းစာဖတ် ပရိသတ်တို့ကလည်း ထင်မြင်ချက်အမျိုးမျိုးပေးလာ ကြ၏။ သတင်းစာများကလည်း ခေါင်းကြီးပိုင်းမှရေးလာကြ၏။ ယမန်နေ့ က သူရိယသတင်းစာနှင့် ပြိုင်ဘက်သတင်းစာကြီးတစ်စောင်က မိမိတို့အား အလန့်တကြား သတင်းများကို ရေးရပါမည်လောဟု ဆိုကာ ခေါင်းကြီးပိုင်း ရေးသား တိုက်ခိုက်ခဲ့သော်လည်း ယခုမူ ထိုသတင်းစာကြီး ကိုယ်တိုင်ကပင် လျှင် လူသတ်မှုသတင်းကို မျက်နှာဖုံးတွင်မဟုတ်သည့်တိုင် အတွင်းဘက် တွင် စာလုံးမည်းကြီးဖြင့် ထည့်လာရ၏။ ထို့ပြင် ပုလိပ်အဖွဲ့ကိုလည်း ညံ့ဖျင်း ရသလော ဟုဆိုကာ ခပ်စပ်စပ်ကလေးရေးလိုက်၏။

'ပုလိပ်တို့သဲလွန်စရှာ၍မရသေး' ဟူသောခေါင်းစဉ်ဖြင့် တစ်မျိုး၊ 'လူ သတ်သမားကိုမမိသေး' ဟူသောခေါင်းစဉ်ဖြင့်တစ်သွယ် သတင်းစာများသာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုသတင်းကိုပင် အသားပေးဖော်ပြလာကြ၏။ လူသတ်မှုနှစ်မှုကြား တွင် သေသူနှစ်ယောက်စလုံး သေနတ်ဒဏ်ရာများဖြင့် သေဆုံးခြင်း၊ လူသတ်မှုကျူးလွန်ခြင်း မပြုမီတွင် သတင်းစာတိုက်သို့ စာတိုကလေးတစ်စောင် ရောက်လာခြင်းမှအပ အခြားဘာမှ အဆက်အစပ် မရှိချေ။ ဤတွင် ကိုအုန်းမြင့်ကလေးသည် မိမိတို့သတင်းစာတိုက်သို့ပို့သည့် စာအိတ်များကို စစ်ဆေးရန်အတွက် စာတိုက်ကြီးတွင် စီအိုင်ဒီအစောင့်တစ်ယောက်ထားရန် အကြံပေးသည်တွင် သက်ဆိုင်ရာတို့ကလည်း သူ့အကြံပေးချက်ကို လက်ခံလိုက်ကြ၏။ ကိုအုန်းမြင့်ကလေး၏ စိတ်ကူးမှာ လူသတ်သမားသည် နောက်တစ်ကြိမ် ရာဇဝတ်မှုကျူးလွန်လျှင် ယခင်ကကဲ့သို့ပင် မိမိတို့သတင်းစာတိုက်သို့ ကြိုတင်အသိပေးချက် ရောက်လာလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်၏။

နောက်တစ်ပတ်ကြာသည့်အခါတွင် ကိုအုန်းမြင့်ကလေးထင်သည့်အတိုင်း သဲလွန်စတစ်ခု တွေ့လာ၏။ စာတိုက်ကြီးတွင် အစောင့်ကျသည့် စီအိုင်ဒီမှ အင်စပက်တော်သည် သူရိယသတင်းစာတိုက်သို့ ပို့သည့် စာအိတ်တစ်အိတ်ကို မသင်္ကာသဖြင့် ဖောက်လိုက်သည့်အခါ အထဲတွင် စာတိုလေးတစ်စောင်ကို တွေ့ရ၏။ စာထဲတွင် ဦးဝိစာရကိုယ်တော်ကြီးသည် ဤနေရာတွင် ကျိန်းစက်သလောဟု ရေးထား၏။

ထိုညတစ်ညလုံး ရန်ကုန်ပုလိပ်အဖွဲ့သည် အလုပ်များလျက်ရှိ၏။ ဦးဝိစာရ ကျောက်တိုင်တစ်ဝိုက်၊ ကန်တိုမင် ပန်းခြံတစ်ဝိုက်နှင့် အလယ်ပစ္စယံတစ်ဝိုက်တွင် ပုလိပ်များကို အစုခွဲ၍ နေရာယူစေကာ အရိပ်အခြေကို စောင့်ကြည့်ခိုင်းထား၏။ အချို့ကမူ ဝိတိုရိယလိတ်ဟုခေါ်သော ကန်တော်ကြီးဆောင့်ရှိ အင်္ဂလိပ်သချိုင်း၊ အနောက်ဘက်တွင် အလုံလမ်း၊ မြောက်ဘက်တွင် ဘောင်ဒရီလမ်းအထိ လူစုခွဲ၍ပင် စောင့်ချထားလိုက်သေး၏။ ထိုနေ့ညတွင် ကိုအုန်းမြင့်ကလေးသည် ကိုသိန်းမောင် တစ်ယောက်တည်း စိတ်မချသဖြင့်

www.burmeseclassic.com



သူကိုယ်တိုင်ပင် ပုလိပ်အဖွဲ့များနှင့်လိုက်၍ အခြေအနေကို အကဲခတ်ကြည့်၏။ သို့ရာတွင် မနက်မိုးစင်စင်လင်းသည်အထိ မည်သို့ ထူးထူးခြားခြား ဘာမျှ မဖြစ်ချေ။

"ဘယ်လိုလဲဗျ အယ်ဒီတာကြီးရဲ့။ ဘာမှလည်း မထူးပါကလား။ ဘာလဲ၊ အိမ်ပြန်ပြီး နောက်ထပ် စာတစ်စောင်စောင် ရေးဦးမလို့လား" ဟု ပုလိပ် အရာရှိလေးက လှမ်းနောက်လိုက်သဖြင့် အောင့်သက်သက်ဖြင့် ခံခဲ့ရ၏။

ကိုအုန်းမြင့်ကလေးသည် မိမိတို့၏သတင်းစာကို သတင်းထူး၊ သတင်းဦးများ ထည့်ပေးခြင်းဖြင့် စောင်ရေတက်အောင် ကြိုးစားနေသူဖြစ်ရာ ယခု ထိုသတင်းများကြောင့် ရန်ကုန်နှင့် နယ်စောင်ရေများပါ တက်လာသည် မှန်၏။ သို့ရာတွင် လူသတ်မှုသတင်းမှာ နှစ်မှုပြီးသည့်နောက် နောက်ဆက်တွဲ သတင်းမရ၊ အခြားပရိသတ် စိတ်ဝင်စားမည့် သတင်းများလည်း ရှားပါးလှသဖြင့် စိတ်ပျက်လျက် ရှိ၏။

ကိုအုန်းမြင့်ကလေးသည် ထိုကိစ္စနှင့် ပတ်သက်၍ အခဲမကျေနိုင်သေးဘဲ ထိုအမှုနှစ်ခုကို ကိုယ့်နည်းနှင့်ကိုယ် စုံစမ်းနေဆဲဖြစ်၏။ အယ်ဒီတာချုပ်က လည်း "မင်းကတော့ သတင်းစာစောင်ရေတက်အောင် စေတနာနဲ့ ကြိုးစား ပမ်းစား လုပ်နေတာပဲ။ ဒါပေမဲ့ ပုလိပ်တောင် လိုက်လို့မရတာကို မင်း ဘယ် နှယ့်လုပ် လိုက်မှာလဲကွ။ ဒီအမှုနှစ်ခု ကိစ္စကို အသာထားလိုက်စမ်းပါ၊ ဒီပြင် သတင်းထူးကလေး ဘာလေးကိုသာ လိုက်စမ်းပါ" ဟု ကြိမ်း၏။

သို့ရာတွင် ကိုအုန်းမြင့်ကလေးအဖို့ ကြာကြာ မစောင့်လိုက်ရချေ။

နောက်တစ်လခန့်ကြာသည့်အခါတွင် ဦးဝိစာရလမ်းတစ်လျှောက်တွင် အပြေးကျင့်သူတစ်ယောက်သည် ဝင်ဒါမီယာ ကရဲဆင့်လမ်းကြား အနီးပုတ် နားတွင် ဓားဒဏ်ရာများဖြင့် သေဆုံးနေသော လူတစ်ယောက်ကို တွေ့ရလေ ၏။ အသတ်ခံရသူမှာ ပညာမင်းကြီးထံမှ အမှုထမ်းတစ်ဦးဖြစ်၏။ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



သူ မြို့သားများမှာ အလန့်တကြား ဖြစ်နေကြလေပြီ။ လူသတ်မှု သုံးခုစလုံးကို ပြန်ကြည့်လိုက်သည့်အခါ၌ အသတ်ခံရသူအားလုံးမှာ အစိုးရအမှုထမ်း ဖြစ်နေခြင်းဖြစ်၏။ ပထမ အသတ်ခံရသူမှာ ဘားနဒ်ပိဋ္ဌကတ်တိုက်မှ အမှုထမ်းတစ်ဦးဖြစ်ပြီး ဒုတိယ အသတ်ခံရသူမှာ အစိုးရပုံနှိပ်တိုက်မှ အမှုထမ်းတစ်ယောက်ဖြစ်လျက် တတိယအသတ်ခံရသူမှာ ပညာရေးဌာန အမှုထမ်းတစ်ဦးတို့ ဖြစ်ကြ၏။

ပုလိပ်ဘက်သည် သူရိယသတင်းစာကို စောင့်ကြပ်နေကြ၏။ စီအိုင်ဒီကလည်း ကိုအုန်းမြင့်ကလေးနှင့် အဆက်အသွယ်ယူကာ အခြေအနေကို အကဲခတ်လျက် ရှိ၏။ ပုလိပ်ဘက်မှ မိမိတို့သတင်းစာကို အားကိုးအားထားပြုသဖြင့် ကိုအုန်းမြင့်ကလေး ဝမ်းသာသည့်တိုင် စိတ်ဆိုးသည့်အချက် တစ်ချက်မှု ရှိ၏။ ယင်းမှာ အခြားမဟုတ်၊ မိမိနှင့်တကွသော သူရိယတိုက်သားအားလုံးကို ပုလိပ်က လက်ဗွေပုံစံယူထားသည့် ကိစ္စဖြစ်၏။

"ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး ဆိုတာတော့ သိပါတယ်ဗျာ၊ စိတ်မရှိပါနဲ့၊ ထုံးစံအတိုင်း လိုလိုမည်မည် ယူထားရတာပါ။ ဘာမှ မစိုးရိမ်ပါနဲ့" ဟုဆိုကာ သူတို့လက်ဗွေပုံစံများအားလုံးကို ဝင်ဒါမီယာ ကရဲဆင့်အနီး ချုံထဲမှ တွေ့ရသည့် ဓားမြှောင်လက်ကိုင်ရိုးမှ လက်ရာများနှင့် တိုက်ကြည့်သေး၏။ မသင်္ကာဖွယ် တစ်စုံတစ်ရာမျှ မတွေ့သဖြင့် ပုလိပ်ဘက်က တိုက်နှင့် ဘာမှ မပတ်သက်ကြောင်း လာရောက်ပြောဆိုသွား၏။ ပုလိပ်မင်းကြီးက အယ်ဒီတာချုပ်ကို လက်ဖက်ရည်သောက်ဖိတ်ကာ တိုက်နှင့် ဘာမှမပတ်သက်ကြောင်း၊ ယခုကဲ့သို့ လုပ်လိုက်ရသဖြင့် စိတ်မရှိစေလိုကြောင်းဖြင့် တောင်းပန်၏။ မကြာလိုက်ချေ၊ နောက်တစ်ပတ်အကြာတွင် စာတိုက်ကြီးတွင် တာဝန်ကျသည့် ပုလိပ်အရာရှိသည် သူရိယသတင်းစာအယ်ဒီတာ လိပ်စာပေးထားသည့် စာများကို ဖောက်ဖတ်လိုက်သည့်အခါတွင် ထူးခြားသည့်စာတစ်

www.burmeseclassic.com

www.burmeseclassic.com



စောင်ကို သွားတွေ့ရ၏။ ထိုစာမှာ ယခင်ကပေးခဲ့သော စာအိတ်များနှင့် ဆင်တူဖြစ်ပြီး စာရွက်မှာလည်း ယခင်စာရွက်များ အရွယ်လောက်ပင်ရှိ၏။ စာထဲတွင် 'အောင်သွားတော့မည်' ဟူသော စာကြောင်းတစ်ကြောင်းကို ရေးထား၏။

ထိုစဉ်က မြန်မာပြည် ပုလိပ်အဖွဲ့ကြီး ဦးနှောက်ခြောက်နေပုံကို စာဖြင့် ရေးသားဖော်ပြ၍ ရနိုင်မည် မထင်ချေ။ ထိုစကားလုံးများသည် မည်သည့် အဓိပ္ပာယ်ကို ဆောင်ကြောင်း စဉ်းစား၍ မရနိုင်အောင် ဖြစ်လျက်ရှိသဖြင့် ပုလိပ်တို့မှာလည်း သဲလွန်စကို မည်သို့ရှာရမည် မသိဘဲ လက်မှိုင်ချလျက် ရှိကြ၏။ အချို့ကလည်း လူသတ်သမားသည် သူ့လုပ်ငန်းပြီးစီးပြီ ဖြစ်သဖြင့် သူ့ကိုယ်သူ အဆုံးစီရင်တော့မည်ဟု အသိပေးခြင်း ဖြစ်နိုင်ကြောင်း၊ သို့မဟုတ် လျှင်လည်း တခြားသို့ ထွက်ပြေးတော့မည်ဟု ကြိုတင်အသိပေးခြင်း ဖြစ်နိုင် ကြောင်း၊ လူသတ်သမား၏အမည်တွင် 'အောင်' ပါဟန်တူကြောင်းဖြင့် ထင် မြင်ချက် ပေးကြ၏။ အချို့ကလည်း ထိုအယူအဆကို လက်မခံကြဘဲ သူ သွားတော့မယ်ဆိုတာက အရေးမကြီးဘူးဗျ။ တကယ်သွားနေတာက ကျုပ် တို့ အပြစ်မရှိတဲ့လူတွေ၊ ဒီလူသတ်သမားဟာ တစ်မြို့လုံးကိုများ လိုက်သတ် နေဦးမလား မသိဘူးဟု ပြောကြ၏။

ကံအားလျော်စွာပင် ထိုနေ့ညဉ့် ရန်ကုန်မြို့တော်ကြီးတွင် လူသတ်မှု တစ်မှုမျှ ဖြစ်ပွားခြင်း မရှိချေ။ အတွင်းဝန်ရုံးကြီးရှိ စုံထောက်ဌာန ချုပ်နှင့် အင်းစိန် စီအိုင်ဒီ ဌာနချုပ်တို့တွင်ကား သက်ဆိုင်သူများသည် တစ်ညလုံး အလုပ်များလျက် ရှိကြ၏။ စကားဝှက်များ၊ သင်္ကေတများကို ဖော်ထုတ် သည့် ကျွမ်းကျင်သူများသည် ထိုစကားလုံး၏အနက်ကို ထုတ်ဖော်ရန် ကြိုးပမ်းလျက် ရှိကြ၏။ လူသတ်သမားက အသုံးဝင်မည့်နေရာမှာတွင် လည်း အရပ်ဝတ် အရပ်စားဖြင့် တစ်ဖုံ၊ ယူနီဖောင်းဝတ်ဖြင့် တစ်ဖုံ၊ အစောင့်

www.burmeseclassic.com

www.burmeseclassic.com



များကို ထုထပ်စွာ ချထား၏။

သုရိယသတင်းစာတိုက်အယ်ဒီတာ ကိုအုန်းမြင့်ကလေး၏ အခန်းထဲ ဟွင်မှု စာရွက်စာတမ်းများ၊ ဖိုင်တွဲများ၊ သတင်းစာဖြတ်ပိုင်းများသည် စုပုံလျက် ရှိကြ၏။ ကိုအုန်းမြင့်ကလေးသည် နာရီပေါင်းများစွာထိုင်ကာ သေသူများအိမ်မှ ပုလိပ်တို့ သိမ်းယူခဲ့သော စာရွက်စာတမ်းများကိုဖတ်ရင်း သဲလွန်စ ရှာလျက်ရှိ၏။ ထိုစာများ တစ်ခုနှင့်တစ်ခု ဆက်သွယ်မှုရှိသလော ဆိုသည်ကို ရှာဖွေလျက် ရှိ၏။ သို့ရာတွင် ဆက်စပ်သည့် အမှုဆို၍ တစ်ခုမျှ ရှာ၍ မတွေ့ချေ။

အမှန်အားဖြင့် ကိုအုန်းမြင့်ကလေးမှာ လက်ထောက်အယ်ဒီတာ ဖြစ်ရာ ညနေပိုင်းကျမှ အလုပ်ဆင်းရန်ဖြစ်သော်လည်း အယ်ဒီတာချုပ်၏ တာဝန်ပေးချက်အရ ထိုအမှုကိုလိုက်ရန် တိုက်သို့ မနက်ပိုင်းကတည်းက ရောက်ပြီး ဖိုင်တွဲများ၊ သတင်းစာဟောင်းများကို ရှာဖွေဖတ်ရှုနေခြင်း ဖြစ်၏။ အယ်ဒီတာချုပ်မှာ ညနေပိုင်းရောက်လာသည့်တိုင် ကိုအုန်းမြင့်ကလေးမှာ ထိုအမှုနှင့် ပတ်သက်၍ ဘာမျှ ရေရေရာရာ မပြောနိုင်သေးဘဲ ဖြစ်နေ၏။ စီအိုင်ဒီမှ စုံထောက်များကလည်း ကိုအုန်းမြင့်ကလေး၏ ထောက်လှမ်းစုံစမ်းမှု အခြေအနေကို တယ်လီဖုန်းဖြင့် လှမ်းမေးကြ၏။ သူတို့ဘက်မှလည်း ဘာမျှ တိုးတက်မှု မရှိသေးချေ။

ည ခုနစ်နာရီလောက်တွင်မူ ကိုအုန်းမြင့်ကလေးသည် တိုက်မှ သူငယ်ကလေးကို လက်ဖက်ရည် အမှာခိုင်းလိုက်ပြီး ပိုလိုတစ်လိပ်ဖြင့် ထိုစာများကို တစ်ထောင့်တစ်ကြိမ်မြောက် ဖတ်ကြည့်ပြန်၏။

ထိုစဉ် တွယ်ဖဲလိုနေတုန်း ဂျိုကာတက်လာသကဲ့သို့ ကိုအုန်းမြင့်ကလေး၏ ခေါင်းထဲတွင် အသိတစ်ခု လက်ခနဲ ဝင်လာ၏။ ကိုအုန်းမြင့်ကလေးသည် အယ်ဒီတာချုပ်၏ အခန်းသို့ အူယားဖားယားဖြင့် ပြေးဝင်လာကာ

www.burmeseclassic.com

www.burmeseclassic.com



"အဖြေရပြီဆရာ" ဟု ဆိုကာ စာသုံးစောင်ကို အယ်ဒီတာချုပ်ရှေ့ စားပွဲပေါ်သို့ ထိုးပြလိုက်၏။

"ဘယ်လိုလဲကွ" ဟု အယ်ဒီတာချုပ်က တကုန်းကုန်း ခေါင်းကြီး ရေးနေရာမှ မျက်မှန်ကို နဖူးပေါ်သို့ ပင့်တင်ရင်း မေးလိုက်၏။

"စာတွေက ထုံးတမ်းစဉ်လာ ပေးရိုးပေးစဉ်လိုလို၊ ရွှေပေလွှာလိုလို ဖြစ်နေတော့ အဓိပ္ပာယ်ကောက်ရတာ သိပ်မလွယ်ဘူး ဆရာ။ ဒီစာသုံးစောင်စလုံးဟာ လူတစ်ယောက်တည်းက ရေးတာခင်ဗျ၊ ရေးတဲ့လူဟာ စိတ်ကောင်းကောင်းမှန်ပုံမရဘူး"

"သူ့နောက်ဆုံးစာမှာ ဦးကုလားလို့ လက်မှတ်ထိုးထားပါလား၊ ဘာအဓိပ္ပာယ်လဲကွ"

"ကျွန်တော် အဲဒီနာမည်ကို ကြားဖူးသလိုလို ရှိတာနဲ့ ကျွန်တော်တို့ သတင်းစာဖိုင်တွေကို လှန်ကြည့်တယ် ခင်ဗျ။ အဲဒီမှာ ဦးကုလား နာမည်နဲ့ အယ်ဒီတာထံ ပေးစာတစ်စောင် ရေးဖူးတယ်။ ဒါနဲ့ အဲဒီနှစ်က တိုက်ကိုဝင်တဲ့စာ ဖိုင်တွဲကို ကောက်လှန်ကြည့်တော့ အယ်ဒီတာထံ ပေးစာရေးတဲ့ ဦးကုလားဆိုတာ ....မြို့က မူလတန်းကျောင်းဆရာတစ်ယောက်ခင်ဗျ။ သူ မြန်မာရာဇဝင်စာအုပ်တစ်အုပ် ရေးလာတာ ၁၂ နှစ် ရှိပါပြီတဲ့၊ ထွက်ခဲ့တဲ့ မြန်မာရာဇဝင် စာအုပ်များမှာ အမှားတွေ အများကြီး ပါနေပါတယ်တဲ့၊ ဒါကြောင့် မြန်မာရာဇဝင်ကို မမှားအောင် သူပြုပြင်ရေးနေတာပါတဲ့၊ အဲဒီစာအုပ်ကို ပုံနှိပ်ထုတ်ဝေသူများထံ သွားပေးတော့ သူတို့က ငြင်းလိုက်ကြတယ်တဲ့၊ ကျောင်းသုံးစာအုပ်ကော်မတီကို တင်ပြတော့လည်း ဘာမှ အကြောင်းမပြန်ဘူးတဲ့၊ မြန်မာရာဇဝင်ကို အမှန်သိသူဟာ တစ်ပြည်လုံးမှာ သူတစ်ယောက်ပဲ ရှိပါတယ်တဲ့"

ကိုအုန်းမြင့်ကလေးသည် ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ–

www.burmeseclassic.com

www.burmeseclassic.com



"ဒီကတည်းက ဒီငနဲ သိပ်မဟုတ်တော့ဘူးဆိုတာ ပြနေပြီ ဆရာ"

"ဟောဒီမှာ အယ်ဒီတာထံ ပေးစာမှာ သူရေးထားတာကို ကျွန်တော် ဖတ်ပြမယ်။ 'ကျွန်ုပ်တွင် ရှေးဟောင်းရာဇဝင် အချက်အလက်များနှင့်ပတ်သက်၍ အရေးကြီးသည့် မူရင်းပေမူများ အားလုံးရှိသည်။ ကျွန်ုပ်၏ စာအုပ်ကို ထုတ်ဝေလိုက်လျှင် အခြားသော ရာဇဝင်စာအုပ်များသည် အမှိုက်ခြင်းထဲသို့ ရောက်သွားပေလိမ့်မည်။ ကျွန်ုပ်သည် ခိုင်ခံ့သော ရာဇဝင်ကျမ်းကြီး တစ်စောင်ကို ရေးလျက်ရှိရာ ထိုရာဇဝင်စာအုပ်ကို ကျောင်းများတွင် သင်ပေးရန် တင်ပြလိုပါသည်' တဲ့။ သတင်းစာထဲမှာတော့ ဒီလောက်ပဲ ကျွန်တော်တို့ ထည့်လိုက်တယ်၊ ဒါပေမဲ့ မထည့်ဘဲ ထားတဲ့ စာပိုဒ်တွေ အများကြီးပဲခင်ဗျ။ သူ့ရာဇဝင်စာအုပ်ဟာ ဦးကုလားနဲ့ မှန်နန်းရာဇဝင်ပြီးရင် အကောင်းဆုံးကျမ်းတဲ့၊ မှန်နန်းနဲ့ ဦးကုလားရာဇဝင်တောင်မှ ခေတ်မမီတော့ဘူးတဲ့၊ ဒါကြောင့် မြန်မာပြည်ကြီးရဲ့ ကံကြမ္မာကို ပြောင်းလဲပစ်ဖို့အတွက် ရာဇဝင်သစ်ကို ရေးရခြင်း ဖြစ်တယ်တဲ့၊ စုံလို့ခင်ဗျ။ အင်္ဂလိပ် ရာဇဝင်ဆရာတွေကိုရော၊ ဦးဖိုးကျားတို့၊ ဦးအုန်းမောင်တို့၊ ဦးဘသန်းတို့ စတဲ့ မြန်မာရာဇဝင်ဆရာတွေကိုရော ရေးထားလိုက်တာ ရစရာမရှိဘူးခင်ဗျ။ ဒါကြောင့် သူဟာ အမှန်တရားကို သိသူဖြစ်တဲ့အတွက် သူ့ကို ထုတ်ဝေသူတွေကလည်း ဝိုင်းပြီး နှိမ်နေကြတယ်တဲ့၊ သူ့စာအုပ်ကို ထုတ်ဝေဖို့ ပုံနှိပ်ထုတ်ဝေသူတွေကို သွားပြသော်လည်း သူတို့အားလုံးက ဝိုင်းပြီး နှိမ်ကြတယ်တဲ့"

"ပုံနှိပ်ထုတ်ဝေသူတွေကို မကျေနပ်ရင် ထုတ်ဝေသူတွေကို သတ်ချင်သတ်ပေါ့ကွာ၊ ခုတော့ ဘာဖြစ်လို့ အစိုးရအမှုထမ်းတွေကိုချည်း လိုက်သတ်နေရတာလဲ"

"အပြင် ပုံနှိပ်ထုတ်ဝေသူတွေက ငြင်းလိုက်တော့ သူ့စာအုပ်ကို ကျောင်းသုံးစာအုပ်ကော်မတီက ပြဋ္ဌာန်းပေးစေချင်တယ် ခင်ဗျ။ ပညာမင်းကြီးရုံးက

www.burmeseclassic.com

www.burmeseclassic.com



သူ့စာအုပ်နဲ့ပတ်သက်လို့ အလေးအနက် ထားစေချင်တယ်။ ကျောင်းသုံးစာအုပ် ကော်မတီဝင်တွေဆီကိုရော၊ ပညာမင်းကြီးဆီကိုရော၊ ပညာရေးဝန်ကြီးချုပ်ဆီကိုရော သူ စာတွေပို့တယ်။ ကျောင်းသုံးစာအုပ်ကော်မတီက သူ့ကို ယဉ်ယဉ်ကျေးကျေးပဲ စာပြန်ပါတယ်၊ သူ့စာအုပ်ကို ကျောင်းသုံးပြဋ္ဌာန်းပေးဖို့ ခက်တဲ့အကြောင်း ဘာကြောင့်ပေါ့ခင်ဗျာ။ ဖြစ်မလားခင်ဗျ၊ သူထင်ရာတွေ သူရေးထားတာ။ ပြဋ္ဌာန်းပေးလိုက်ရင် ဒုက္ခရောက်ကုန်မှာပေါ့။ ဒီတင် အဲဒီ ကျောင်းသုံးစာအုပ်ကော်မတီဝင်တွေဟာလည်း သူ့ကို ဝိုင်းဝန်းနှိမ်နေကြတာပဲဆိုပြီး ရန်ငြိုးဖွဲ့ လိုက်သတ်တာပဲ ခင်ဗျ။ ဘားနဒ်ပိဋကတ်တိုက်က အစောင့်ကို သတ်တာကလည်း သူ ပေမူကြီးတစ်စောင် ခိုးသွားတာကို ဟိုအစောင့်က ဖမ်းမိလို့ သူလည်း သူ့စီမံကိန်းကို ဖျက်တဲ့ လူတစ်ယောက်ပဲဆိုပြီး ရန်ငြိုးဖွဲ့ သတ်တာပဲ။ လက်စသတ်တော့ ကိုယ့်လူက ရာဇဝင်ဆရာရူးရူးနေတဲ့ လူကိုးဆရာရဲ့"

"အင်း– မင်းပြောတာ ယုတ္တိတော့ ရှိပါတယ်။ နို့ နေစမ်းပါဦး၊ သူ့စာအုပ်ကို ကျောင်းသုံးလုပ်ပေးဖို့ ငြင်းတဲ့လူတွေ ဘယ်သူများ ရှိသေးသလဲ၊ သူ ဘယ်သူ့ဆီကိုများ စာတွေရေးသေးသလဲ၊ နောက်ထပ် ဘယ်သူ့ကိုများ ရန်ရှာဦးမှာလဲ"

ကိုအုန်းမြင့်ကလေးက ခေါင်းယမ်းလိုက်ရင်း–

"ဒါတော့ မပြောနိုင်ဘူးဆရာ။ ဘုရင်ခံတို့၊ နန်းရင်းဝန်တို့ဆီကို ရေးမယ်ဆိုလည်း ရေးနိုင်တာပဲ။ ဒီပြင် အစိုးရပုံနှိပ်တိုက်တို့၊ စာအုပ်တိုက်ကြီးတွေတို့ကိုလည်း ပေးချင်ပေးမှာပဲခင်ဗျ။ ပြီးတော့ သူ့စာအုပ်ကို အင်္ဂလိပ်လိုလည်း ထုတ်ဦးမယ်ဆိုတော့ နိုင်ငံခြားက ပုံနှိပ်ထုတ်ဝေသူတွေဆီကိုလည်း ပို့ချင်ပို့မှာပဲ။ ဒီတော့ ဒါကို ကျွန်တော်တို့က သတင်းအဖြစ်ရေးပြီး ဦးတိုလားလို့ လက်မှတ်ထိုးထားတဲ့ လူရဲ့ဆီက စာရသူတိုင်း သတိဝီရိယနဲ့ နေကြဖို့ ရေး

www.burmeseclassic.com

www.burmeseclassic.com



ရင် မကောင်းဘူးလား ဆရာ"

"အေး ဟုတ်တယ်၊ 'အောင်သွားတော့မည်' လို့ ရေးတိုင်း သူသွားမယ် လို့ ယူဆလို့..."

အယ်ဒီတာချုပ်သည် စကားကို ဆုံးအောင်မပြောနိုင်ဘဲ အတန်ကြာ ဉ်းစားနေ၏။ ထိုနောက် "နေဦးဟေ့ နေဦး၊ အောင်သွားတော့မယ် ဆိုတာ လည်း အဓိပ္ပာယ်ရှိရမယ်ကွ၊ အောင်သွားတော့မည်၊ အောင်သွားတော့မည်"

အယ်ဒီတာချုပ်သည် ထိုစကားလုံးကို တဖွဖွရွတ်ရင်း စဉ်းစားနေ၏။

"သူ့နာမည်ရင်းက ဘအောင် ဆရာ၊ ဒီတော့ သူသွားတော့မယ်လို့"

"နေဦးကွ၊ အောင်ဆိုတော့ ပညာမင်းကြီး ဆာမောင်အောင်၊ ဆာမောင် အောင်၊ ပညာရေးမင်းကြီး ဆာမောင်အောင်၊ အမယ်လေး ဟုတ်ပြီ၊ ဟုတ်ပြီ၊ ခု ဘယ်အချိန်ရှိပြီလဲ"

"၇ နာရီထိုးဖို့ ၁၅ မိနစ် လိုသေးတယ် ဆရာ"

"လာဟေ့၊ လာ မြန်မြန်။ ခုည ၇နာရီမှာ ပြည်လမ်း မြို့တော်ဝန် ဦးကျော်ဇံအိမ်မှာ ပါတီရှိတယ်။ အဲဒီကို ပညာမင်းကြီးဟာ တက်လိမ့်မယ်"

အယ်ဒီတာချုပ်သည် ကိုအုန်းမြင့်ကလေးကို အတင်းဆွဲခေါ်ကာ တိုက် ပေါ်မှ ဆင်းလာခဲ့၏။ လှေကားအဆင်းတွင် အရပ်ဝတ် အရပ်စားဝတ်ထား သည့် စုံထောက် ကိုမြဒင်နှင့် ဝင်တိုးမိကြသည်တွင် အယ်ဒီတာချုပ်သည် ကိုမြဒင်ကို ဆွဲခေါ်လာကာ "လာဗျာ မြန်မြန် လိုက်ခဲ့စမ်း" ဟု ဆိုကာ တိုက်မှ ဆလွန်းကားကလေးအပေါ်သို့ ဆွဲတင်ပြီး ဒရိုင်ဘာကို ပြည်လမ်းသို့ အမောင်းခိုင်းလိုက်၏။

"နေစမ်းပါဦး ဆရာတို့ရဲ့၊ ဘာဖြစ်တာလဲ"

ကိုမြဒင်က မေး၏။ ကိုအုန်းမြင့်ကလေးက –

"ဘာဖြစ်တာတုံး လုပ်မနေနဲ့၊ ကျုပ်တို့ ကံကောင်းရင် လူသတ်သမား

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့မယ်၊ ကံမကောင်းရင် ပညာမင်းကြီးရဲ့ အလောင်းကိုပဲ တွေ့ရတော့မှာ၊ ရော့–ဒီမှာ ဦးကုလားရဲ့စာအထောက်အထားတွေ"

ကိုမြဒင်သည် ကိုအုန်းမြင့်ကလေး ရှင်းပြသောအချက်များကို နားထောင်နေပြီးနောက်–

"ဟုတ်မှလည်း လုပ်ကြပါဗျာ၊ နို့ နေပါဦး၊ ခု ကျုပ်တို့ ဘယ်သူ့နောက်ကို လိုက်နေကြတာလဲ၊ လူသတ်သမားကကော ဘယ်သူ့ကို..."

"ဘယ်သူ့ကိုသတ်မယ်ဆိုတာတော့ မသိဘူးဗျာ၊ နေရာကိုတော့ သိတယ်၊ ဟိုရောက်တော့ သိလိမ့်မယ်"

ဆလွန်းကားအနက်ကလေးသည် ပြည်လမ်းရှိ ခြံကြီးတစ်ခြံရှေ့သို့ အရောက်တွင် ရပ်လိုက်၏။ ခြံထဲတွင် ဥယျာဉ်ပွဲ ကျင်းပလျက် ရှိသဖြင့် မီးရောင်စုံတွေ သွယ်တန်း ထွန်းညှိထား၏။ အုတ်အုတ်ကျက်ကျက် အသံများကိုလည်း ကြားရ၏။

ထိုစဉ် ခြံထဲသို့ ခမ်းနားပြောင်လက်သော 'ဒီဆိုတိုး' ကားနက်ကြီးတစ်စင်း ဝင်လာကာ ကားပေါ်မှ ပညာမင်းကြီး ဦး... ဆင်းလာ၏။ ခေတ်သစ် ဦးကုလားသည် ပညာမင်းကြီးထံသို့လည်း စာရေးမည်သာ ဖြစ်၏။

ထိုစဉ် ကိုအုန်းမြင့်ကလေး၏ မျက်လုံးများသည် ပုဏ္ဏရိက်ချုံကြားဆီသို့ ရောက်သွားကာ ချက်ချင်းဆိုသလိုပင် ပညာမင်းကြီးဆီသို့ ပြေးလာပြီး ပညာမင်းကြီးကို မြေကြီးပေါ်သို့ အတင်းဆွဲလှဲလိုက်၏။ အားလုံးမှာလည်း ကြက်သေသေလျက် ရှိနေကြ၏။

"ဟိုမှာ ဟိုမှာ ချုံထဲမှာ" ဟု လှမ်းအော်လိုက်သဖြင့် ကိုမြဒင်သည် ချုံဆီသို့ လှမ်းကြည့်လိုက်၏။ ထိုစဉ် ချုံဆီမှ သေနတ်သံတစ်ချက် ပေါ်ထွက်လာ၏။ ကိုမြဒင်သည် ချုံထဲမှ ထလာသည့် ခပ်သေးသေး ခပ်ညက်ညက် လူဆီသို့ ပြေးသွားကာ ထိုလူ၏လက်မှ သေနတ်ကို ရိုက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သက်သည် အပေါ်သို့ ထောင်သွားကာ သေနတ်ကျည်ဆန်သည် မိုးပေါ်သို့ ထောင်တက်သွား၏။

ကိုမြဒင်နှင့် တာဝန်ကျ ပုလိပ်များသည် ထိုလူကို အခန်းကလေး တစ်ခုဆဲသို့ ဆွဲသွင်းသွားကြ၏။ ထိုအခါကျမှ မြေကြီးတွင် လဲကျနေသည့် ပညာမင်းကြီးကို ဝိုင်းထူပေးကြရ၏။ ပညာမင်းကြီးမှာ လက်နှင့်မျက်နှာတွင် အနည်းငယ် ပွန်းပဲ့သွား၏။

"ဟောဒီက မောင့်ကျေးဇူးကြောင့် ဦးတော့ အသက် ချမ်းသာရာ ရတာ ဆဲ့ကွယ်"

"မင်းကြီးကို ကြမ်းကြမ်းတမ်းတမ်း လုပ်လိုက်ရတဲ့အတွက် ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော်က သူရိယသတင်းစာက လက်ထောက် အယ်ဒီတာ အုန်းမြင့်ကလေးပါ။ ကျွန်တော်တို့ သတင်းစာအတွက် လုပ်ကြံခံရတဲ့ အကြောင်း ကိုယ်တွေ့ဆောင်းပါးကလေး ချီးမြှင့်ပါ မင်းကြီး"

"အေး–မင်းတို့ကျေးဇူးရှိပေတာကိုးကွဲ့၊ ပေးရမှာပေါ့။ နို့ နေစမ်းပါဦး၊ လူသတ်သမားဟာ ဒီနေ့ည ဒီကိုလာလိမ့်မယ်လို့ မောင်ရင်တို့ ဘာကြောင့် သိနေတာလဲ"

ကိုအုန်းမြင့်ကလေးက–

"သူ့နောက်ဆုံးစာထဲမှာ 'အောင်သွားတော့မည်' လို့ ရေးထားပါတယ် ခင်ဗျာ။ ဒီတော့ ပညာမင်းကြီးဟောင်း ဆာမောင်အောင်ကို ဆိုလိုချင်တာပဲလို့ ကျွန်တော်တို့ အဓိပ္ပာယ်ကောက်လိုက်ပါတယ်။ ဒီတော့ ဆာမောင်အောင်ကို သူ သတ်ဦးမယ်ပေါ့။ ဒီနေ့ညပွဲမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ လာမှာပဲ၊ ဒီလိုဆိုရင် လူသတ်သမားဟာလည်း လာမှာပဲလို့ ကျွန်တော်တို့ သိလို့ ကျွန်တော်တို့ စိတ်မချတာနဲ့ လိုက်လာတာပါ"

"ဖြစ်မှ ဖြစ်ရလေကွယ်၊ ပညာမင်းကြီး ဆာမောင်အောင်ဟာ လွန်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်လောက်က မသမာသူများ လက်ချက်နဲ့ လုပ်ကြံခံခဲ့ရတယ် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီလိုပဲ ဥယျာဉ်ပွဲတစ်ခုကို တက်ဖို့ အလာမှာ လုပ်ကြံခံရပါတယ်။ ခုလည်း ဦးဟာ ဥယျာဉ်ပွဲကို တက်ဖို့လာတာပါ။ သူက ရာဇဝင်ကို ဘီးတစ်ပတ်အသစ် ပြန်လည်ချင်ပြီး သူကိုယ်တိုင် ဒီရာဇဝင်ကို ရေးချင်နေတဲ့ 'ရာဇဝင် အရူး' ပါ ခင်ဗျာ။ ။

(စန္ဒာရုပ်စုံမဂ္ဂဇင်း
အမှတ် ၂၀၄၊ မတ်၊ ၁၉၈၆)

www.burmeseclassic.com

www.burmeseclassic.com

တောဘုရားပွဲမှ လူသတ်မှု

www.burmeseclassic.com

www.burmeseclassic.com

## ၆။ တောဘုရားပွဲမှ လူသတ်မှု

သီတင်းကျွတ်လ နောက်ပိုင်းမှစ၍ ကဆုန် နယုန် မိုးဦးကျချိန်အထိ မြန်မာနိုင်ငံတွင် ဘုရားပွဲများ ကျင်းပလေ့ရှိကြ၏။ ကျွန်ုပ် သိသလောက်ဆို လျှင် ဂေဇက်ဝင်ဘုရားပွဲကြီးများအပြင် ဂေဇက်ဝင်ပွဲမဟုတ် တောဘုရားပွဲ လေးများမှာ မြန်မာနိုင်ငံ မြို့တိုင်း၊ ရွာတိုင်းလိုပင် ရှိတတ်ကြ၏။ ပြည် ရွှေဆံတော်၊ မကွေး မြသလွန်၊ မင်းဘူး ရွှေစက်တော်နှင့် ရှင်ပင်စက္ကိန်တဲ ပခုက္ကူ သီဟိုဠ်ရှင်၊ ပုဂံ အာနန္ဒာ၊ ညောင်ဦး ရွှေစည်းခုံ၊ မုံရွာ မိုးညှင်းသံဗုဒ္ဓေ စစ်ကိုင်း ကောင်းမှုတော်၊ ရွှေဘို မြို့ထောင့်စေတီ၊ မန္တလေး ကျောက်တော်ကြီး ရွှေစာရံဘုရား၊ မြင်းခြံ နှစ်ကျိပ်ရှစ်ဆူ၊ ပျဉ်းမနား ရန်အောင်မြင်၊ တောင် ဆံတော်ရှင်နှင့် မြတ်စောညီနောင်၊ ပဲခူး ရွှေမော်ဓောနှင့် ရွှေသာလျောင်း ခရမ်း သွန်းဘုရားကြီး၊ ဒေးဓူန်ပါ၊ ကျိုက်ထီးရိုး၊ မော်တင်၊ မော်လမြိုင် ကျိုက်သံလံ၊ သထုံ မြသပိတ်၊ သန်လျင် ကျိုက်ခေါက်စသည်ဖြင့် မြန်မာနိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



အနှံ့အပြားတွင် ထင်ရှားသော ဘုရားပွဲတွေ အများကြီးရှိကြ၏။ ဤသည်တို့မှာ ကျွန်ုပ်ခေါင်းထဲတွင် ပေါ်လာသမျှ နိုင်ငံနှင့်အဝန်း ထင်ရှားသော ဘုရားပွဲကြီးများကို ကောက်ကာငင်ကာ စာရင်းချပြလိုက်ခြင်းမျှသာဖြစ်၏။ ကျွန်ုပ်ခေါင်းထဲတွင် ရုတ်တရက်ပေါ်လာခြင်းမရှိသော ဘုရားပွဲများ၊ သို့မဟုတ် ကျွန်ုပ်ကိုယ်တိုင်ပင် မရောက်ဖူး၊ မကြားဖူးသေးသော ဘုရားပွဲများကား အများအပြားရှိပေသေး၏။ မြန်မာနိုင်ငံရှိ မြို့ကြီးမြို့ငယ်၊ ရွာကြီး ရွာငယ်တိုင်း၌ပင် ဘုရားပွဲရှိသည်ဟု ပြောလျှင်ပင် ကျွန်ုပ်မှားမည်မထင်ချေ။

ကျွန်ုပ်သည် ငယ်စဉ်က ကျေးရွာတစ်ရွာတွင် မွေးဖွားခဲ့သူ ဖြစ်သည့်အတိုင်း တောဘုရားပွဲကလေးများကို အလွန်သဘောကျတတ်၏။ ဘုရားပွဲကျင်းပတော့မည်ဆိုသည်နှင့် ဘုရားလူကြီးများသည် ဈေးဆိုင်ခန်းများကို ဆောက်ကာ လေလံတင်ကြလေပြီ။ ဆိုင်ခန်းများမှာ မြို့ပြင်ဘက် ဘုရားခြေရင်းတွင် အများအားဖြင့် ရှိပြီး ဒေသအလျောက် မဒမတိုင်ထူ၍ ဓနိမိုးသည့် ဆိုင်ခန်းများရှိသကဲ့သို့ ဝါးတိုင်ထူကာ သက်ကယ်မိုးသည့် ဆိုင်ခန်းများလည်း ဆောက်လေ့ရှိကြ၏။ အချို့အရပ်များတွင်မူ မျောတိုင်ထူ၍ ထန်းလက်မိုးကြ၏။ အချို့အရပ်များတွင်လည်း ဝါးပိုးတိုင်နှင့် အင်ဖက်မိုးကြ၏။ မည်သည့်ပစ္စည်းကို သုံးသည်ဖြစ်စေ ထိုဆိုင်ခန်းများမှာ ဆယ်ပေခန့်ကျယ်သည့် ဆိုင်ခန်းကလေးများသာဖြစ်ကြပြီး ထိုစဉ်က လေလံခအပြင် ဆိုင်ခွန်အဖြစ် တစ်ဆိုင်ကို တစ်ကျပ်ခန့်အထိ ကောက်ယူကြ၏။ တန်ခိုးကြီးဘုရားဆိုလျှင် ကိုယ်ပိုင်မီးစက်ရှိသည့်အတွက် မီးပွင့်ပါဆက်ပေးပြီး မီးခကို သပ်သပ်ကောက်ကြ၏။ သို့ရာတွင် ထိုစဉ်က လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများစွာ ထွန်းကားခြင်းမရှိသေးသည့်အလျောက် အများအားဖြင့် ဘုရားပွဲများ၊ ဆိုင်ခန်းများမှာ အောက်လင်းဓာတ်မီး၊ သို့မဟုတ် လက်ဆွဲဓာတ်မီးများကိုသာ အသုံးများလေ့ရှိကြ၏။ (ဤတွင် အောက်လင်းဓာတ်မီးနှင့် လက်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ခါတ်မီးတို့ ကွဲပြားခြားနားပုံကို စကားစပ်၍ဖော်ပြရပေဦးမည်။ ယခုခေတ် လူငယ်များမှာ လျှပ်စစ်ဓာတ်အားကိုသာ အတွေ့များကြသည့်အတွက် အောက်လင်းဓာတ်မီးနှင့် လက်ဆွဲဓာတ်မီးကို ကောင်းစွာခွဲခြား၍ မသိကြချေ။ အောက်လင်းဓာတ်မီးဆိုသည်မှာ ယခု ကျွန်ုပ်တို့ မြင်တွေ့နေရသော ပန်း ကန်ပြား ပုံသဏ္ဍာန်ကဲ့သို့ ဝိုင်းဝိုင်းပြားပြားဖြစ်ပြီး ရေနံဆီထည့်ခြင်း၊ လေထိုး ခြင်း စသည့်ကိစ္စများကို လုပ်ရန် မီးရေနံအိုးကို ပြောင်းနှင့် မီးစာအပေါ်မှ တပ်ဆင်ထားလေ့ရှိ၏။ မီးထိုးနည်း ပြောရလျှင် မီးအိုးသည် အပေါ်ကဖြစ်ပြီး အောက်တွင်တွဲလောင်းကျနေသော ပြောင်းနှင့် မီးစာတို့သာလျှင်ရှိ၏။ ရုတ် တရက်ကြည့်လိုက်လျှင် ယခုခေတ် စလောင်းတပ်ထားသည့် မီးပွင့်များကဲ့သို့ ဖြစ်၏။ အများအားဖြင့် အင်္ဂလန်လုပ် ဖြစ်၏။ လက်ဆွဲဓာတ်မီးမှာ ရေနံဆီ ထည့်သည့် မီးအိုး၊ လေထိုးသည့် လေထိုးတံ၊ မီးစာကစားသည့် မောင်းတံ စသည်တို့သည် အောက်တွင်ရှိပြီး ထိုအပေါ်ကမှ ပြောင်း၊ မီးစာနှင့် မီး စလောင်းတို့ တပ်ဆင်ထား၏။ အများအားဖြင့် ထိုစဉ်က ချက်ကိုစလိုဗေး ကီးယားလုပ် လက်ဆွဲဓာတ်မီးများကိုမှာယူကာ တင်သွင်းလေ့ရှိ၏။ ဤကား စကားချပ်။)

ကျွန်ုပ်မွေးဖွားသည့် ရွာမှာ ကျေးရွာကြီးတစ်ရွာမျှသာဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်မီးမဆိုထားနှင့်၊ အောက်လင်းဓာတ်မီးနှင့် လက်ဆွဲဓာတ်မီးတို့ ပင်လျှင် ရွာထဲမှ အိမ်များတွင် သုံးလေ့မရှိကြဘဲ ဘုန်းကြီးကျောင်းများတွင် သာ ရှိကြ၏။ ရွာထဲတွင် သာရေးနာရေးရှိလျှင် ဘုန်းကြီးကျောင်းမှာပင် ငှားရ ၏။ အများအားဖြင့် အိမ်များတွင် သုံးသည့်မီးမှာ ဟာရီကိန်းလင့် ခေါ် လက်ဆွဲမှန်အိမ်များနှင့် သံဖြူဆိုင်မှလုပ်သည့် ရေနံဆီမီးခွက်များသာလျှင် ဖြစ်ကြ၏။

ဘုရားပွဲ အကြောင်းကို ဆက်ရပေဦးမည်။ ကျွန်ုပ်တို့၏ ရွာမှာ ရွာကြီး

www.burmeseclassic.com



ဖြစ်သည့်အလျောက် ကျွန်ုပ်တို့ရွာရှိ ရွှေမြင်တင်ဘုရားကြီးမှာလည်း ဝေဇက် ခင်ဘုရားပွဲ မဟုတ်သည့်တိုင် အတော်ကလေး လူစည်ကား၏။ ဘုရားပွဲကို ဆောင်သူလယ်သမားများ စပါးရိတ်ပြီးချိန်ဖြစ်သည့် ပြာသိုလဆန်းတွင် ကျင်းပပြီး တစ်ပတ်ခန့် ကြာ၏။ ဘုရားပွဲကျင်းပခါနီး၍ ဈေးဆိုင်ခန်းတွေ ဆောက်မပြီးခင်ကပင် မြို့မှ ဈေးသည်များ၊ တောမှ ဈေးသည်များသည် အဆင်သင့် ရောက်နေကြလေပြီ။အချို့မှာ သစ်ပင်များအောက်တွင် ကိုယ့် အစုနှင့် ကိုယ် စခန်းချနေတတ်ပြီး ဘုရားဂေါပကအဖွဲ့မှ တရားဝင်ဆိုင်ခင်းခွင့် ပေးမည့်ရက်ကို စောင့်နေကြ၏။ တောမှ တက်လာသည့် ဈေးသည်များတွင် ဒေသအလိုက်ထွက်သည့် ထွက်ကုန်များဖြစ်သော မန်ကျည်း၊ ထန်းလျက်၊ ကြက်သွန်၊ ဆီးသီးခြောက်၊ သရက်သီးခြောက်၊ ငရုတ်သီးခြောက်၊ မရန်းသီး ခြောက်၊ ပဲအမျိုးမျိုး စသည့် စားသောက်ကုန်များပါလာတတ်၏။ အချို့က သည်း ဝါး၊ ဝါးကပ်၊ ထရံ စသည့် အိမ်ဆောက်ပစ္စည်းများကို လာရောင်း ကြ၏။

အချို့ကလည်း ထွန်တုံး၊ ထွန်တံ၊ လှည်းတံကူ၊ လှည်းဘီး၊ ကြိမ်၊ ခြင်းတောင်း၊ တောင်း၊ ပလုံး စသည့် လယ်ယာသုံးပစ္စည်းများကို လာရောင်း ကြ၏။ ကျွန်ုပ်တို့ မြို့နယ်တွင်းတွင် ပန်းပဲ အကြီးအကျယ်လုပ်ကိုင်သော ရွာများရှိရာ ထိုရွာများကလည်း ဓား၊ ကတ်ကြေး၊ စူး၊ ဆောက်၊ ပေါက်ပြား၊ ပေါက်တူး၊ တူးရွင်း၊ ငန်းပြား၊ ကောက်ဆွ၊ လှည်းပတ်သံ စသည့် သံထည် ပစ္စည်းများ။ အိုးပုတ်၊ ချိုးရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ အိုးစည်၊ လင်းကွင်း၊ ဘျာက်ပျဉ်၊ ငရုတ်ဆုံ၊ မှန် စသည့် တိုလီမိုလီပစ္စည်းများ။ အဝတ်အထည်၊ အလှကုန်ပစ္စည်း၊ ဖိနပ်စသည့် လူသုံးကုန်ပစ္စည်းများ။ ထမင်းကြော်၊ ခေါက်ဆွဲ၊ ရှာလပတ်ရည်၊ ဖာလူဒါ စသည်တို့ကို ရောင်းသည့် စားသောက်ဆိုင်များ သည်ဖြင့် ရွာပြင်ဘက် ယာပြင်ထဲတွင် ဆိုင်တွေ၊ ကန္နားတွေ ပြည့်နှက်

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိ၏။ ထို့ပြင် ဇာတ်ပွဲများ၊ ရုပ်သေးပွဲများ၊ ချားများ၊ ရဟတ်များ မျက်လှည့်ပွဲများ၊ အံ့ပွဲများ စသည်တို့ကလည်း သူ့နေရာနှင့်သူ စည်ကားလှ၏။ မှတ်မိသေး၏။ ကျွန်ုပ်ငယ်စဉ်က ရုပ်သေးကို အလွန် ဝါသနာပါသည့်အလျောက် ကျွန်ုပ်သည် ရုပ်သေးဆိုလျှင် ညတိုင်းသွားကြည့်လေ့ရှိ၏။ ထိုစဉ်က ကျွန်ုပ်တို့၏နယ်တွင် နာမည်ကြီးသော ရုပ်သေးမင်းသမီးမှာ မဒီကိုင် ဦးထွားကြီးဖြစ်၏။ ရုပ်သေးမင်းသမီးက မဒီကိုင်ဦးထွားကြီးဆို၍ မရယ်လိုက်ကြလေနှင့်။ ဦးထွားကြီးမှာ မင်းသမီးရုပ်ကြိုးဆွဲ အလွန် တော်သည့်ပြင် နှစ်ပါးသွား၊ အပူတိုက် စသည့်အခန်းများတွင်လည်း မိန်းမများ မျက်ရည်တရွှဲရွှဲဖြစ်လောက်အောင် မင်းသမီးရုပ်ဆောင်နိုင်သူ တစ်ဦးဖြစ်၏။

ကျွန်ုပ် ပုလိပ်ဘက်တွင် အမှုထမ်းသည့်အခါတွင်လည်း ထိုဘုရားပွဲများမှာ ရှိမြဲ ရှိနေကြ၏။ ယခု ကျွန်ုပ်ပင်စင်ယူသည့်အချိန်တွင်လည်း ရှိနေသေး၏။ ကျွန်ုပ်တို့ မရှိသည့်နောက်တွင်လည်း မြန်မာနိုင်ငံအနှံ့အပြားတွင် ဘုရားပွဲများသည် ရှိနေကြဦးမည်သာဖြစ်၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် 'စေတီပုထိုးများနှင့် ထန်းပင်တို့ပေါများရာတိုင်းပြည်' ဟု နိုင်ငံခြားသားများက ဆိုလေ့ရှိရာ သူတို့ပြောသည့်အတိုင်းလည်း ကျွန်ုပ်တို့နိုင်ငံတွင် စေတီပုထိုးများသည် လက်ညှိုးညွှန်၍ မလွဲလောက်အောင် ရှိနေကြ၏။ ထိုစေတီပုထိုးများ ရှိသေးသမျှ၊ တစ်နည်းဆိုရလျှင် မြန်မာနိုင်ငံရှိနေသေးသမျှ၊ တစ်နည်းပြောရလျှင် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော် ထွန်းကားနေသေးသမျှ ဘုရားပွဲများသည် ရှိနေကြဦးမည်သာ ဖြစ်၏။

ယခု ကျွန်ုပ်ဖော်ပြမည့် အဖြစ်အပျက်မှာ ပုလိပ်ဘက်သို့ ကျွန်ုပ်ရောက်ပြီး၍ လေးငါးနှစ်အကြာ တောရွာဘုရားပွဲတစ်ခုတွင် ကြုံတွေ့ရသည့် အမှုဖြစ်ပေကြောင်း။

■

www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုတစ်ခုသည် လူ့အုပ်ထဲတွင် ကျူးလွန်ရ အလွယ်ဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့ရှေ့တွင် အမှုထမ်းခဲ့ကြသော ပုလိပ်ကြီးများပြောသံကို ကျွန်ုပ်မကြာခဏ ကြားခဲ့ဖူးရာ (....) ဒိစတြိတ်၊ (....) မြို့နယ်တွင် အမှုထမ်းခဲ့စဉ်ကမူ သူတို့ အဆိုမှန်ကြောင်းကို ကျွန်ုပ် ကိုယ်တွေ့အရ သိရှိခဲ့ရ၏။

အချိန်မှာ ခြေခင်းလက်ခင်းသာသော နတ်တော်လဖြစ်၍ ကျွန်ုပ် အမှုထမ်းရာ မြို့နယ်ကလေးတွင် အဓိကရ ဘုရားကြီးတစ်ဆူဖြစ်သည့် မြသိန်းတန် ဘုရားပွဲကြီး ကျင်းပနေချိန်ဖြစ်၏။ ကျွန်ုပ်မှာ ထိုစဉ်က ဌာနာအုပ်ဖြစ်သဖြင့် ဘုရားပွဲ လုံခြုံရေးတာဝန်များကို ဦးစီးလုပ်ဆောင်ရ၏။ ကျွန်ုပ်သည် နယ်တွင်ရှိသည့် တရားကိုး တစ်ရာ့တစ်ဆယ်များကို ဖမ်းဆီးကာ လိုလိုမည်မည် ခဏတစ်ဖြုတ် ချုပ်နှောင်ထားလိုက်၏။ တရားကိုး တစ်ရာ့တစ်ဆယ်ဆိုသည်မှာ အိန္ဒိယရာဇသတ်ကြီး ဥပဒေပါ ပုဒ်မ ၁၀၉–၁၁၀ အရ အလုပ်လက်မဲ့ မသင်္ကာသူများကို ဖမ်းဆီးချုပ်နှောင်ခြင်းဖြစ်၏။ ထို့ပြင် ကျွန်ုပ်သည် နယ်တွင် နာမည်ပျက်ရှိသူ အချို့ကိုလည်း ဘုရားပွဲကြီးအေးချမ်းစွာ ပြီးမြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြရန် မေတ္တာရပ်ခံပြီး ဘုရားပွဲနှင့်တကွ ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ပါက အရေးယူရမည်ဖြစ်ကြောင်း တစ်ဖက်ကချော့၍ တစ်ဖက်က ခြိမ်းခြောက်ပြရ၏။

သို့ဖြင့် မြသိန်းတန် ဘုရားပွဲကြီးက စတင်ခဲ့ရာ သုံးရက်မြောက်ခဲ့ပြီဖြစ်၏။ ထိုသုံးရက်အတွင်း အရက်မူး၍ ရန်ဖြစ်သည့် အမှုသေးသေးကလေးလောက်မှအပ အခြားမည်သည့်အမှုမျှ ကြီးကြီးကျယ်ကျယ်ဖြစ်ပွားခြင်း မရှိချေ။ ကျွန်ုပ်သည် ဘုရားပွဲတော်ဈေးအနီးတွင် ကင်းဂိတ်တစ်ခု ဖွင့်ထားပြီး ထိုကင်းဂိတ်တွင် ရာဇဝတ်အုပ်တစ်ဦး၊ လူဆိုးထိန်း ဆားပုလင်းတစ်ဦးနှင့် ပုလိပ်လေးယောက်ကို အမြဲချထား၏။ ကျွန်ုပ်ကိုယ်တိုင်လည်း ညဦးပိုင်းမှ သန်းခေါင်အထိ ကင်းဂိတ်တွင်ထိုင်ကာ တစ်နေ့တာဖြစ်ပွားသော အမှု

www.burmeseclassic.com

www.burmeseclassic.com



အခင်းများနှင့် သူတို့သတင်းပို့ချက်များကို ကြားနာစစ်ဆေးတတ်၏။

ထိုနှစ်က ဇာတ်ပွဲမှာ ကျွန်ုပ်တို့နယ်တွင် နာမည်ကြီးသည့် ကျော်အုံးလှိုင်၏ ပွဲဖြစ်ပြီး ခပ်လှမ်းလှမ်းတွင်လည်း ရုပ်သေးစင်၊ နာမည်ကြီး ရုပ်သေးစင် တစ်စင်ဖြစ်သည့် မဒီကိုင်ဦးထွားကြီး၏ ရုပ်သေးစင်လည်းရှိ၏။ မျက်လှည့်ဇာတ်ပွဲရော ရုပ်သေးတွင်ပါ လှည်းဝိုင်းကြီးများမှာ တိုးမပေါက်အောင် စည်ကားလှ၏။ တောပွဲများထုံးစံမှာ ဇာတ်စင်ကို ယာပြင်ကြီးများထဲတွင် ထိုးထားလေ့ရှိပြီး အလယ်ကောင်တွင် ဖျာနေရာများ သတ်မှတ်ထားလျက် ဖျာများ၏ နောက်တွင် လှည်းဝိုင်းကြီးများကို နေရာချပေးထား၏။ ရပ်ဝေးမှ လှည်းဖြင့် လာကြည့်သူများသည် လှည်းကို ပွဲခင်းတွင် ထိုးကာ လှည်းပေါ်မှ ထိုင်၍ ပွဲကြည့်နိုင်၏။ တစ်ခါတစ်ရံ လှည်းဒေါက်ပြုတ်ကျသဖြင့် ပွဲလန့်သည်မှအပ ထိုသုံးညစလုံး အမှုကြီး တစ်စုံတစ်ရာ ဖြစ်ပွားခြင်း မရှိချေ။

စတုတ္ထညတွင်မူ ကျော်အုံးလှိုင်ဇာတ်ရုံနှင့် မလှမ်းမကမ်းတွင် ပြနေသော ယောပြန်ပုဏ္ဏကမျက်လှည့်ရုံအနီးတွင် လူသတ်မှုတစ်ခု ဖြစ်ပွား၏။ ထိုညက ပုဏ္ဏက၏ မျက်လှည့်မှာလူကို လွှနှင့် နှစ်ပိုင်း တိုက်ပြခြင်း၊ လူကို မှန်သေတ္တာထဲတွင် ထည့်ပြပြီး အဝတ်အုပ်၍ ချက်ချင်း လှန်ပြလိုက်ရုံဖြင့် လူပျောက်သွားခြင်း စသည့် ခပ်ဆန်းဆန်း ပြကွက်များပါရှိသဖြင့် မျက်လှည့်ပွဲမှာ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိ၏။

လူသတ်သမားသည် ထိုသို့ မျက်လှည့်ပွဲတွင် လူစည်ကားနေခြင်းကို အခွင့်ကောင်းယူကာ လူသတ်သွားခြင်းဖြစ်၏။ လူသတ်သမား၏ နာမည်မှာ အရေးမကြီးသဖြင့် ကျွန်ုပ်သည် လူသတ်တရားခံ မည်သူမည်ဝါဖြစ်ကြောင်းကို ထုတ်ဖော်ပြောဆိုခြင်း မပြုလိုတော့ပါ။ လူသတ်သမားမှာ ထိုအမျိုးကို ကျူးလွန်မည်ဟု လုံးဝမထင်ရသော သာမန် ခပ်သေးသေး ခပ်ညှက်ညှက် လူတစ်ယောက်သာဖြစ်သည်ဟု ကျွန်ုပ် ပြောလို၏။ အသတ်ခံရသူ၏

www.burmeseclassic.com



အမည်မှာလည်း အရေးကြီးသည်ဟု မထင်သောကြောင့် ကျွန်ုပ် ဖော်ပြခြင်း မပြုလိုတော့ပြီ။ အသတ်ခံရသူမှာ အရပ်ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ပေါက် ထွားထွားဖြစ်ပြီး ထိုအချိန်က အရက်မူးမူးဖြင့် လှည်းပေါ်တွင် အိပ်ပျော်လျက်ရှိ၏။ အနီးအနားရှိ လှည်းများမှ လူများမှာလည်း ထိုအချိန်က ချက်လှည့်ပွဲကို ဆင်းကြည့်နေကြသဖြင့် အနီးအနားတွင် တစ်ယောက်မှ မရှိချေ။

အရပ်ပုပု၊ ခပ်ညှက်ညှက်၊ ခပ်သေးသေး လူသတ်သမားသည် သူငယ်ချင်း မိတ်ဆွေတစ်ယောက်ထံ လာသကဲ့သို့ လှည်းအနီးသို့ ရောက်လာကာ လှည်းပေါ်တွင်အိပ်ပျော်နေသူကို တစ်ချက် ငုံ့ကြည့်ပြီးနောက် ခါးကြားထဲတွင် ထိုးလာသည့် ခြောက်လက်မ ဓားမြှောင်ဖြင့် တစ်ချက်၊ နှစ်ချက်၊ သုံးချက် ထိုးချလိုက်၏။ အိပ်ပျော်နေသူမှာ တစ်ချက်သာ အော်နိုင်ပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့၏။ လူသတ်သမားမှာမူ သွေးတွေစွန်းပေနေသော ဓားမြှောင်ကို အနီးရှိ ကန်ထဲသို့ ပစ်ချကာ အချင်းဖြစ်ပွားသော နေရာမှ ဣန္ဒြေပျက် ထွက်ခွာသွား၏။ ထိုကိစ္စများ ဖြစ်ပျက်လိုက်သည်မှာ ဘာမျှ မကြာလိုက်ချေ။ စက္ကန့်သုံးဆယ်ခန့်မျှသာ ကြာလိုက်၏။

အမှုသွား အမှုလာကို ကြည့်ရသည်မှာ လူသတ်မှုသည် တင်ကူး ကြံရွယ်ထားသည့် လူသတ်မှု ဟုတ်ဟန်မတူချေ။ လူသတ်သမားသည် ပွဲသို့ လာစဉ် မိမိ၏ ရန်သူဟောင်းကို တွေ့သဖြင့် ခါးတွင်အသင့်ပါလာသည့် ဓားမြှောင်ဖြင့် ထိုးသတ်သွားခြင်းသာဖြစ်၏။ လူသတ်မှု ကျူးလွန်ရသည့် ရည်ရွယ်ချက်ကို ရှာဖွေသည့်အခါ မနာလိုဝန်တိုစိတ်ကြောင့် လက်စားချေခြင်းဖြစ်ကြောင်းကို တွေ့ရ၏။ လိုက်လံစုံစမ်းကြည့်သည့်အခါတွင် သေသူသည် မှုကျူးလွန်သူ၏ မယားကို ခိုးယူပေါင်းသင်းပြီး အတူ နေထိုင်လျက်ရှိ၏။ နောက်တစ်နေ့တွင် ကျွန်ုပ်တို့ဂါတ်တဲမှ လိုက်လံစုံစမ်းသည့်အခါ၌ ပြစ်မှု

www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ခြင်း၏ နောက်ခံသမိုင်းနှင့် ရည်ရွယ်ချက်ကို အလွယ်တကူတွေ့ရှိ ခြင်းဖြစ်၏။ အချင်းဖြစ်ပွားပုံကို မြင်လိုက်သည့် မျက်မြင်သက်သေကို လိုက် ရှာသည့်အခါတွင်မှ ကျွန်ုပ်တို့ မြို့ကဲ့သို့သော တောမြို့ကလေးတွင် ချက်ချင်း တွေ့ရ၏။

လူသတ်မှု နောက်တစ်နေ့တွင် ပွဲလာသူများကြားထဲတွင် လိုက်လံစုံစမ်း ရာ လူသတ်မှုကို မြင်လိုက်သူတစ်ဦး တွေ့ရ၏။ ထိုသူမှာ မြို့နှင့် မနီးမဝေးရှိ ရွာကလေးတစ်ရွာမှ ဈေးလာရောင်းသူ မသိန်းရှင်ဆိုသည့် အမျိုးသမီးဖြစ်၏။ ထိုနေ့ညက မသိန်းရှင်သည် တပို့တပါးသွားပြီးနောက် ကန်ပေါင်မှ ဆင်းအ လာ လရောင်ထဲတွင် ဓားသွားလက်နေသဖြင့် လူတစ်ယောက်က ဓားဖြင့် ထိုးနေသည်ကို မြင်လိုက်၏။ ထိုနောက် ဓားမှာ အရောင်မလက်တော့ဘဲ သွေးတို့ စွန်းပေနေသည်ကိုလည်း မြင်လိုက်၏။ ပထမသော် မသိန်းရှင်သည် ကြောင်၍ကြည့်နေ၏။ မြင်နေသည့် မြင်ကွင်းကို ကောင်းစွာ လက်မခံနိုင် သေး။ ထို့နောက်တွင် မသိန်းရှင်သည် သတိရလာကာ အချင်းဖြစ်ပွားရာ နေရာကို လက်ညှိုးထိုးပြီး ကြောက်လန့်တကြားဖြင့် အော်ဟစ်၏။

ပွဲဈေးတန်းအစွန်တွင် ရောက်နေကြသည့် လက်ဖက်ရည်ဆိုင်၊ အကြော် ဆိုင်၊ ခေါက်ဆွဲဆိုင်မှလူများ၊ မျက်လှည့်ပွဲ ကြည့်နေသူများ၊ လှည်းဝိုင်းထဲ လှည်းများပေါ်တွင် ထိုင်၍ပွဲကြည့်နေသူများသည် အသံကြားရာသို့ ပြေးလာ ကြ၏။

"သူခိုးတဲ့၊ ဘယ်က သူခိုးရမှာလဲ၊ အတင်းလိုက်ပြီး လက်ဆွဲလို့တဲ့ မဟုတ်ပါဘူး၊ လူရိုက်သွားတာကို မြင်လို့ လှမ်းပြီး အော်တာတဲ့။ မဟုတ်ဘူး ဗျ၊ လူသတ်မှု။ သတ်တဲ့လူက ကောင်လေးတဲ့၊ ခပ်သေးသေး ခပ်ညှက်ညှက် ရယ်တဲ့" စသည်ဖြင့် တစ်ယောက် တစ်ပေါက်ပြောကြ၏။ ဆင်မြင်ချက် အမျိုးမျိုး ပေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဘာဖြစ်မှန်းမသိဘဲ တစ်ယောက်တစ်မျိုး ပြောနေကြရာ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ ကင်းဂါတ်မှ ဆားပုလင်း ကိုစံကျော် ရောက်သွား၏။ ကိုစံကျော်သည် ပုလိပ်အမှုထမ်းနှစ်ယောက်နှင့်အတူ ရောက်လာပြီး လှည်းများ အနီးတစ်ဝိုက်တွင် ရှာဖွေကြရာ ဓားဒဏ်ရာများနှင့် သေဆုံးနေသော အလောင်းတစ်လောင်းကို လှည်းတစ်စီးပေါ်တွင် တွေ့ရ၏။ ထိုအချိန်သည် ဘာမှမကြာလိုက်ချေ။ နှစ်မိနစ် သုံးမိနစ်လောက်သာ ရှိမည်ထင်၏။ သို့ရာတွင် ခပ်သေးသေး ခပ်ညှက်ညှက် လူသတ်သမားမှာ ပျောက်ချင်းမလှ ပျောက်သွားခဲ့လေပြီ။

ထိုအချိန်က ကိုစံကျော်သည် မျက်လှည့်ပွဲနားတွင် မယောင်မလည် ရပ်ကြည့်နေ၏။ မျက်လှည့်ကြည့်ချင်သောကြောင့် မဟုတ်။ အနားတွင် လုံခြုံရေးအတွက် အခြေအနေကို လာရောက်အကဲခတ်နေခြင်းဖြစ်၏။ သို့ရာတွင် ယခုမှု မိမိနှင့် မလှမ်းမကမ်းတွင် လူသတ်မှုကြီးတစ်ခု ဖြစ်သွားသည့်အခါ ကိုစံကျော် ရှက်လည်းရှက်၊ မခံချင်လည်း ဖြစ်နေ၏။

မသိန်းရှင်ကို ခေါ်ယူစစ်ဆေးသည့်အခါတွင် မသိန်းရှင်၏ ထွက်ချက်မှာ ရှိုးစင်းစင်းပင်။ မိမိသည် လူသတ်သမားကို မြင်လိုက်ရကြောင်း၊ သို့ရာတွင် မျက်နှာကိုမူ မမြင်လိုက်ရကြောင်း၊ ထိုလူသည် သေသူ၏ လှည်းအနီးတွင် အတန်ကြာမျှ ရပ်နေကြောင်း၊ ထိုနောက် သေသူ ဟုတ်မဟုတ် စူးစမ်းသည့်ဟန်ဖြင့် ငုံ့ကြည့်နေပြီးမှ ခါးကြားထဲတွင် ပါလာသည့် ဓားမြှောင်ကို ထုတ်၍ ထိုးကြောင်း၊ သူ့အင်္ကျီလက်မောင်းတွင် သွေးတွေစွန်းပေနေသည်ကို သူ မြင်လိုက်ရကြောင်းဖြင့် တိကျစွာ ထွက်ဆို၏။

ထိုအချိန်က လူသတ်သမားသည် မီးခိုးရောင် သက္ကလတ်တိုက်ပုံအင်္ကျီကို ဝတ်ခြုံထားပြီး ခေါင်းကို မျက်နှာသုတ်ပဝါ ပေါင်းထားကြောင်း၊ ထို့နောက် ထိုလူသည် မျက်လှည့်ပွဲလူအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းဖြင့် ထွက်ဆိုသွား၏။

ဆားပုလင်း ကိုစံကျော်သည် မသိန်းရှင်ကို ကြိမ်ဖန်များစွာ စစ်ဆေးရာ စစ်ဆေးသည့်အခါတိုင်း ထွက်ချက်မှာ တစ်သဘောတည်းဖြစ်၏။ ကွဲပြားခြင်းမရှိချေ။ မျက်လှည့်ပွဲမှာ ရုံသွင်းသည့်ပွဲဖြစ်ရာ ကိုစံကျော်သည် ရုံစောင့်များကို စစ်ဆေးသော်လည်း ထိုလူကို မတွေ့ရကြောင်းဖြင့် ထွက်ဆိုကြ၏။ မိန်းမတစ်ယောက်အော်သံကို ကြားရပြီးသည့်နောက်တွင် မိမိတို့ ရုံထဲသို့ မည်သူမျှ ဝင်ရောက်လာခြင်းမရှိကြောင်းဖြင့်လည်း အခိုင်အမာ ထွက်ဆိုကြ၏။

သို့ဖြစ်လျှင် လူသတ်သမားသည် အနီးတွင် ရှိသည့် အံ့ပွဲပြသည့် ရုံကလေးထဲသို့ ဝင်သွားသလော။ အစောင့်များကို စစ်ဆေးသည့်အခါ ထိုရုံကလေးထဲသို့လည်း ဝင်ရောက်လာခြင်းမရှိကြောင်း တညီတညွတ်တည်း ထွက်ဆိုကြ၏။ ထို့ပြင် အံ့ပွဲပြသည့် ရုံကလေးမှာ လူတစ်ရာခန့်သာ ဆံ့သည့် ရုံကလေးသာ ဖြစ်သည့်အတွက် ထိုရုံကလေးထဲသို့ လူသတ်သမား ဝင်လာလျှင်လည်း သိကြမည်သာဖြစ်၏။ ဓာတ်ရုံနောက်ဖေးသို့လည်း မဝင်နိုင်ချေ။ ဓာတ်ရုံနောက်ဖေးမှာ လူတွေ အများကြီးရှိသည်မှန်သော်လည်း သွေးစွန်းနေသော လူတစ်ယောက်ဝင်လာသည်ဆိုလျှင် သူသူငါငါ သိနိုင်သည်သာ ဖြစ်၏။ ဓာတ်ရုံနောက်ပိုင်းတွင် ဓာတ်သမားများလည်း ရှိနေသည့်အတွက် ထို အထဲသို့ဝင်လျှင် အလွယ်တကူ ဖိုင်းဝန်းဖမ်းဆီးကြမည်သာဖြစ်၏။

ထိုနှင့် မနီးမဝေးတွင် ရဟတ်ကြီးတစ်ခုရှိပြီး ထိုအနီးတွင် ရဟတ်များ ပုခက်ကလေးများထည့်သော သေတ္တာကြီး သုံးလေးလုံးရှိ၏။ သို့ဆိုလျှင် လူသတ်သမားသည် ရဟတ်ရုံနားသို့ရောက်သွားသလော။ ရဟတ်စီးသူများ နှင့် ရဟတ်သေတ္တာများအနီးတွင် ထိုင်စောင့်နေသော ရဟတ်မှ အလုပ်သမား တစ်ယောက်ကို မေးကြည့်သည့်အခါတွင် မိန်းမတစ်ယောက်၏ အော်သံကို

www.burmeseclassic.com

www.burmeseclassic.com



ကြားရပြီးသည့်နောက်တွင် မိမိတို့ဘက်သို့ မည်သူမျှ လာရောက်ခြင်းမရှိကြောင်းဖြင့် ထွက်ဆိုကြ၏။

ပွဲဈေးတန်းထိပ်တွင် အစောင့်ကျနေသော ပုလိပ်များကို မေးသည့်အခါတွင်လည်း အင်္ကျီလက်မောင်းတွင် သွေးစွန်းနေသော လူတစ်ယောက် မိမိတို့ဘက်သို့လာရောက်ခြင်းမရှိကြောင်းကို အသေအချာထွက်ဆိုကြ၏။

ကျွန်ုပ်တို့သည် ထိုအမှုကို စနစ်တကျ အသေးစိတ် စုံစမ်းနိုင်သမျှ စုံစမ်း၏။ လူသတ်သမားသည် အင်္ကျီနှင့် ရင်ဘတ်တို့တွင် သွေးစွန်းနေသည်ဆိုလျှင် ထိုအင်္ကျီကို လဲ၍ ထွက်သွားသလော။ သို့ဆိုလျှင် သူ့တွင် လဲစရာအင်္ကျီတစ်ထည် အပိုပါရပေလိမ့်မည်။ ထို့ပြင် ထိုအင်္ကျီကို ဤအနီးအနားတစ်ဝိုက်တွင် လျင်မြန်စွာ လဲရပေလိမ့်မည်။ သို့မဟုတ်လျှင်လည်း ထိုအင်္ကျီကို တစ်နေရာတွင် စွန့်ပစ်ထားခဲ့ရလိမ့်မည်။ သို့မဟုတ်ပြန်လျှင်လည်း ထိုအင်္ကျီကို ဝတ်ဆင်ထားဆဲ ဖြစ်ရပေလိမ့်မည်။

ကျွန်ုပ်တို့သည် ဤဖြစ်နိုင်ချက် သုံးခုကိုသာ စဉ်းစား၍ရ၏။ တရားခံကို ယခုတိုင် ဖမ်းမမိသေးချေ။

ကျွန်ုပ်တို့သည် ဇာတ်ရုံနောက်ဖေးရှိသူများ အားလုံးကိုလည်းကောင်း၊ ချက်လှည့်ရုံအနီးမှ လူများကိုလည်းကောင်း၊ အံ့ပွဲပြသည့် ရုံကလေးအတွင်းမှ လူများအားလုံးကိုလည်းကောင်း၊ ရဟတ်အနီးရှိ လူများအားလုံးကိုလည်းကောင်း ခေါ်ယူစစ်ဆေးကြည့်၏။ သို့ရာတွင် ထိုလူကို မြင်လိုက်ရသူဟူ၍ တစ်ယောက်မှ မရှိချေ။

ကျွန်ုပ်က စိတ်ပျက်လက်ပျက်ဖြင့် ကိုစံကျော်ဘက်သို့ လှည့်၍–

"ကဲ–ကိုစံကျော်၊ အပွဲပွဲ နွှဲခဲ့သမျှ ဒီပွဲမှာတော့ ခင်ဗျား ခံလိုက်ရပြီ။ သူတွေကို လိုက်ပြီး ဒုက္ခပေးမနေနဲ့တော့။ ခုပဲ ခင်ဗျား လူသုံးရာလောက်ကို စစ်ဆေးကြည့်ပြီးပြီ၊ ဒီလူကို မြင်လိုက်တဲ့ လူဆိုလို့ တစ်ယောက်မှ မတွေ့

www.burmeseclassic.com



သေးဘူး။ ပွဲဈေးကြီးတစ်ခုလုံးက လူတွေကိုလည်း လိုက်ပြီး စစ်မေးမနေနိုင်ဘူး၊ လူသတ်သမားကို မြင်ခြင်းမြင်လိုက်ရင် ဒီနားတစ်ဝိုက်က လူတွေပဲ မြင်လိုက်ရမယ်။ ပွဲဈေးထဲရောက်မှတော့ သူ့အဖို့ အချိန်ရသွားပြီ။ အဝတ်အစားတို့ ဘာတို့ကိုလည်း ပြောင်းလဲနိုင်တယ်။ တစ်နေရာရာကလည်း ပွဲဈေးတန်းအပြင်ဘက်ကို ထွက်သွားနိုင်တယ်။ ခုလောက်ဆို ခင်ဗျားကောင် အိမ်ပြန်ရောက်ပြီး အေးအေးဆေးဆေး အိပ်နေရော့မယ်၊ နောက်ထပ်လူတွေကို ခေါ်မစစ်ပါနဲ့တော့"

ထိုစဉ် မျက်လှည့်ပြပွဲတွင် လွှတိုက်ခံရမည့်လူ မှန်သေတ္တာထဲသို့ ဝင်ရောက်လာသည်ကို ငေးကြည့်နေရာမှ–

"ကျွန်တော် လက်မလျှော့ချင်သေးဘူး ဆရာ၊ ဒီနားတစ်ဝိုက်မှာ ပုန်းစရာဆိုလို့ ဘယ်မှာမှ မရှိဘူး။ ဘယ်သူမှလည်း ဒီလောက် လုံအောင် မပုန်းနိုင်ဘူး။ ပုန်းနိုင်တဲ့လူဆိုလို့ တစ်ယောက်ပဲရှိတယ်၊ လူသတ်သမားဟာ ပြစ်မှုကို ကျူးလွန်ပြီးတဲ့နောက် ပုန်းတဲ့နေရာကို ပြန်လာတယ်။ ပြီးတော့ သွေးစွန်းနေတဲ့ အဝတ်အစားတွေကို လဲပစ်ခဲ့တယ်။ ပြီးတော့မှ သက်ဆိုင်ရာ အခန်းမှာ သူ ဝတ်ရမယ့် အဝတ်အစားတွေကို ဝတ်ပြီး ခပ်တည်တည်ထွက်လာတယ်"

ကိုစံကျော်သည် ဤသို့ပြောကာ မျက်လှည့်စင်ပေါ်သို့ တက်သွားပြီး သူ့အခန်းကိုထွက်ရန် သေတ္တာကြီးတစ်လုံးပေါ်တွင် အဆင်သင့်ထိုင်နေသည့်လူ၊ ခပ်သေးသေး ခပ်ညှက်ညှက်လူကို သွား၍ ပခုံးပုတ်လိုက်ရင်း–

"ဟာ–ဒီက လွှဖြတ်ခံရမယ့် သေတ္တာကြီးထဲ ဝင်ပုန်းပြီး အဝတ်အစားလဲဖို့ထက် ကောင်းတဲ့နေရာ ဒီ့ပြင် ဘယ်မှာ ရှိပါတော့မလဲ ဆရာ" ဟု ပြောလိုက်လေသည်။ ။

(စန္ဒာလင်းမဂ္ဂဇင်း
အမှတ် ၂၄၅၊ ဧပြီ၊ ၁၉၈၆)

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com

## ၇။ ကြောင်မုန်းသူ

တစ်နေ့သ၌ ကျွန်ုပ်သည် ပျင်းပျင်းရှိသဖြင့် ကျွန်ုပ်၏ စာအုပ်ဗီရိုကို ဖွင့်ကာ အိန္ဒိယရာဇသတ်ကြီးခေါ် အင်ဒီးယန်း ပီနယ်ကို့ဒ်ကို ဖတ်ရှုလျက်ရှိ၏။ (ယခုခေတ်တွင်မူ ထိုဥပဒေကို ပြစ်မှုဥပဒေဟု ခေါ်ကြ၏။) ကျွန်ုပ်သည် အင်္ဂလိပ်–မြန်မာ (၇)တန်းမျှသာ အောင်ခဲ့သူဖြစ်သော်လည်း အင်္ဂလိပ်ခေတ်တွင် ပုလိပ်ဘက်၌ ကြာရှည်အမှုထမ်းခဲ့ခြင်း၊ ကျွန်ုပ်ကိုယ်တိုင်က စာဖတ်ဝါသနာပါခြင်း၊ မျက်နှာဖြူ ရာဇဝတ်ဝန်များနှင့် နေခဲ့ရခြင်း စသည့်အကြောင်းများကြောင့် ကျွန်ုပ်သည် ဥပဒေနှင့် ပတ်သက်သော အင်္ဂလိပ်စာများကို အတော်အတန်ကြေညက်သည်ဟု ကျွန်ုပ်ဘာသာ ကျွန်ုပ်ထင်မိ၏။

အထူးသဖြင့် ကျွန်ုပ်သည် အင်ဒီးယန်း ပီနယ်ကို့ဒ် ခေါ် အိန္ဒိယ ရာဇသတ်ကြီးကို အင်္ဂလိပ်လို ဖတ်လေ့ရှိ၏။ အင်ဒီးယန်းပီနယ်ကို့ဒ်ကို ရေးဆွဲသူမှာ လော့ဒ်မကောလေးဖြစ်ရာ လော့ဒ်မကောလေးတို့ အမျိုးသည် အင်္ဂလိပ်စာ

www.burmeseclassic.com

www.burmeseclassic.com



ရေးကောင်းသူများပီပီ အင်ဒီးယန်းပီနယ်ကို့ဒ်မှာလည်း အလွန်ကျစ်လျစ်၍ ဘိုတိုနှင့်လိုရင်းရောက်အောင်ရေးထားသည့် အင်္ဂလိပ်စာဖြစ်သည့်အတွက် ဖတ်၍မငြီးနိုင်အောင် ကောင်းသည်ဟု ကျွန်ုပ်စိတ်တွင် ထင်မိ၏။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်သည် မိုးတစိမ့်စိမ့်ရွာသောနေ့ တစ်နေ့၌ အပြင်သို့လည်းလမ်းလျှောက်မထွက်နိုင်သဖြင့် စာအုပ်ဗီရိုကို ဖွင့်ကာ အိန္ဒိယရာဇသတ်ကြီးကိုယူ၍ ဖတ်မည်အပြုတွင် ထိုစာအုပ်ထဲမှ အမှုတွဲ တစ်တွဲ ထွက်ကျလာသဖြင့် ကောက်၍ ကြည့်လိုက်ရာ ၁၉၃၇ ခုနှစ် ကျွန်ုပ် ဌာနာအုပ်ဖြစ်စဉ်က အမှုတွဲတစ်တွဲ ဖြစ်နေသည်ကို တွေ့ရ၏။ စာရွက်များမှာ ဟောင်းနွမ်းဝါကြင့်၍ နေကြလေပြီ။ ထိုစဉ်က ကျွန်ုပ်သည် ဒိစတြိတ်မြို့ကြီး တွင် ဌာနာအုပ်အဖြစ်အမှုထမ်းလျက်ရှိရာ "ဦးလေးက စာဖတ်ဝါသနာ ပါ တယ်၊ သမီးရေးထားတဲ့ အဖြစ်အပျက်ကလေးကိုဖတ်ကြည့်ပေးပါ" ဟု ပြော သဖြင့် ကျွန်ုပ်ထံ ရောက်လာခြင်းဖြစ်၏။ ထိုစဉ်က ကျွန်ုပ် မဖတ်ဖြစ်ခဲ့ပါ။ ယခုမှ ဖတ်ရှုမိသဖြင့် ဝတ္ထုကလေးတစ်ပုဒ်နှယ် ဖတ်ကောင်းသောကြောင့် ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

■

ထိုနေ့က ဥပုသ်နေ့ဖြစ်ပါသည်။ မေမေသည် ဝါတွင်းဆို ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သည့်အတွက် မနက်ပိုင်းတွင် သီလယူပြီးနောက် မွန်းမလွဲမီတွင် ထမင်းစားသောက်ကာ ရွှေချီဆနွင်းမကင်း၊ ကျောက်ကျောစသည်များကို စားသောက်ရန် ပြင်ဆင်နေပါသည်။ မေမေသည် ဥပုသ်နေ့တိုင်း ထမင်းစား သောက်ပြီးလျှင် စားရန်အတွက် ထိုသို့ အချိုမုန့်များကို အိမ်မှာပင် ကိုယ်တိုင် လုပ်လေ့ရှိသည်။

ထိုစဉ် ဖေဖေသည် မနက်စာစားရန် ရုံးမှပြန်လာပြီးနောက် ထမင်းစားခန်း ထဲသို့ ဝင်၍ထိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက နေ့လယ်ရထားဖြင့် ရောက်လာသည့် မြန်မာ့အလင်း သတင်းစာကို ဖတ်နေစဉ် မေမေက 'အဖေကြီးရေ..' ဟု ခေါ်လိုက်ပါသည်။

ဖေဖေသည် တစ်ခွန်းပြန်ထူးလိုက်ပြီး သတင်းစာကို ဆက်ဖတ်မြဲ ဖတ်နေပါသည်။

"ဦးသန်းဖေရဲ့ အမေကြီး အရင်တစ်ပတ်တည်းက ဆုံးသွား ဆိုပါက လား"

"ဟုတ်လား"

ဖေဖေက သတင်းစာကို စားပွဲပေါ်သို့ ချလိုက်ပါသည်။

ကျွန်မသည် မေမေပြောသည့် ဦးသန်းဖေဆိုသည်ကို ကောင်းကောင်း မသိသဖြင့် အတန်ကြာမျှ စဉ်းစားနေမိပါသည်။ နောက်မှ ဦးသန်းဖေမှာ ကျွန်မတို့ခြံနှင့် ကပ်လျက်တွင် ပြောင်းလာသည့် အသင်းမြို့အုပ်ကလေးဖြစ်ကြောင်း သိရပါသည်။

အမှန်အားဖြင့် ကျွန်မတို့မှာ အစိုးရအိမ်များတွင် နေရသည့်အတွက် ခြံကြီးဝင်းကြီးတွေနှင့် ဖြစ်ပါသည်။ ဦးသန်းဖေမှာ ပြောင်းလာသည်ကလည်း မကြာသေးပါ။ နယ်သို့ မကြာခဏ ခရီးထွက်နေရသည့်အတွက်လည်း သူ့ကို သတိမမူနေခြင်းဖြစ်ပါသည်။ သူ့ဇနီး၏ အမည်ကိုလည်း ကောင်းကောင်း မမှတ်မိပါ။ ဒေါ်မမလေးလား၊ ဒေါ်မိမိလေးလား ဇဝေဇဝါ ဖြစ်နေပါသည်။

ကျွန်မတို့အိမ်က ထမင်းချက် ဦးဖိုးစောကမူ ဦးသန်းဖေ၏ဇနီးကို 'ကြောင်ဆရာကတော်' ဟု ခေါ်ပါသည်။ ကြောင်ဆရာကတော်ဟု ခေါ်ခြင်းမှာ အခြားကြောင့်မဟုတ်ပါ။ ဦးသန်းဖေကတော်မှာ ကြောင်တွေ အများကြီး မွေးထားသောကြောင့်ဖြစ်ပါသည်။ ကျွန်မ စိတ်အထင်ပြောရလျှင် သူ့တို့ အိမ်တွင် ကြောင်ဆယ့်ငါးကောင် အကောင်နှစ်ဆယ်ထက် နည်းမည်မထင်ပါ။ ဦးသန်းဖေကတော်သည် သူ့ကြောင်တွေကို မနက်တိုင်း နွားနို့တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘတ်ပါသည်။ ထိုမှူမက ညပိုင်းတွင်လည်း အိမ်နားနီးချင်းမှ ကြောင်များ အတွက်ဟုဆိုကာ နွားနို့ခွက်နှင့် အစာခွက်တွေကို သူတို့အိမ်ဝရန်တာတွင် ချထားလေ့ရှိပါသည်။ ထို့ကြောင့် ညပိုင်းဆိုလျှင် ကြောင်တွေ တစ်ကောင် တစ်ကောင် ကိုက်သံ၊ အော်သံတွေ ဆူညံနေတတ်ပါသည်။

ကျွန်မ အိပ်ခန်းမှာ သူတို့ခြံဘက် ဖြစ်နေသဖြင့် ပို၍ကြားနေရပါသည်။ ဖေဖေကမူ ညည ကြောင်အော်သံတွေကြောင့် ဦးသန်းဖေကတော်ကို ပြော မည်ဟု တကဲကဲလုပ်နေရာ မေမေက တားထားသဖြင့် ယခုတိုင် ဘာမျှ မပြောရသေးပါ။ မေမေက ဦးသန်းဖေကတော်မှာ သားသမီးမရှိကြောင်း၊ သူ့တွင် တွယ်တာစရာ၊ အပျင်းဖြေစရာဆို၍ ကြောင်များသာရှိကြောင်း၊ သူ့ ယောက်ျားမှာလည်း နယ်များသို့ အမြဲလိုလိုသွားနေရကြောင်း၊ ထို့ကြောင့် သူ့ကို ကိုယ်ချင်းစာနာစေလိုကြောင်းဖြင့် မေမေက ပြောပါသည်။

မြို့တွင် ရှိပြန်လျှင်လည်း ဦးသန်းဖေသည် ကလပ်တွင် ယမကာ သောက်ခြင်း၊ ဘီလိယက်ထိုးခြင်းဖြင့် အချိန်ကုန်ကာ ကျွန်မတို့တစ်တွေ အိပ်ရာသို့ ဝင်ချိန်လောက်ကျမှ ပြန်ရောက်လာတတ်ပါသည်။ စနေ၊ တနင်္ဂနွေ နေ့များတွင်လည်း ဦးသန်းဖေသည် သူ့အမေရှိရာ မြို့ကလေးသို့ အပတ် တိုင်း သွားတတ်ပါသည်။ ယခု သူ့အမေသေပြီဆိုသည့်အခါတွင် ဦးသန်းဖေ သည် ထိုမြို့ကလေးသို့ သီတင်းပတ်တိုင်း သွားစရာလိုတော့မည်မဟုတ်ဟု ပင် ကျွန်မစိတ်တွင် ထင်လိုက်မိပါသေးသည်။

"ကဲ စားရအောင်ဟေ့၊ ဘာချက်သလဲ" ဟု ဖေဖေက မေးလိုက်ပါသည်။

မေမေသည် ကျွန်မကို မျက်နှာချိုသွေးသည့်ဟန်ဖြင့် တမင် ပြုံး၍ ဟန်ဆောင်လိုက်ရင်း–

"သမီး သွား စာကျက်ချေလေ" ဟု ပြောပါသည်။

မေမေ ထိုမျက်နှာထားမျိုးဖြင့် ကျွန်မကို ချော့လွှတ်လျှင် သူတို့အနား

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်မ မရှိစေချင်၍ နှင်ကြောင်းကို အတွေ့အကြုံအရ ကျွန်မသိပြီး ဖြစ်ပါသည်။ ကျွန်မသည် ဖေဖေနှင့်မေမေတို့ ပြောသည့် စကားကို နားထောင်ချင်သဖြင့် ခပ်ဝေးဝေးသို့ ရောက်သည်အထိ ခြေသံပေးထွက်သွားပြီးမှ ခြေဖျား ထောက်၍ တိတ်တိတ်ပြန်လာကာ လှေကားရင်းမှ ချောင်းနားထောင်နေပါ သည်။

"ဦးသန်းဖေကတော်အတွက်တော့ ဟန်ကျသွားတာပေါ့လေ။ သီတင်း ပတ်ကုန်ရင် သူ့မှာ လင်နဲ့သားနဲ့ နေရပြီပေါ့။ ဟိုတုန်းကတော့ ဦးသန်းဖေက စနေ၊ တနင်္ဂနွေနေ့တိုင်း အမေ့ဆီသာ ပြန်နေတော့ သူ့ခမျာ ပျင်းရှာမှာပေါ့ အားလည်း ငယ်မှာပေါ့"

"အေးပေါ့ကွာ၊ ဦးသန်းဖေကတော်အတွက်တော့ ကောင်းတာပေါ့။ သူ့ ခမျာ ကြောင်တွေနဲ့ချည်း အပျင်းဖြေရတာ။ မင်းခဏခဏ ပြောတုန်းက ငါ သေသေချာချာ သဘောမပေါက်ဘူး၊ ခုတော့လည်း ဟုတ်သားပဲ၊ သူ့ခမျာ လင်သားရှိလျက်သားနဲ့"

ဖေဖေ စကားမဆုံးခင် မေမေက ကြားဖြတ်၍–

"ဟုတ်တယ်နော်" ဟု မေမေက ထောက်ခံပါသည်။ မေမေသည် စကား ပြောရင်းလည်း ဖေဖေ့အတွက် ထမင်းဟင်းများ ပန်းကန်များကို စားပွဲသို့ လာချနေပါသည်။

"အခုန်ကတော့ မယားတစ်ယောက်ကို ဒီလို ထားဖို့တော့ မကောင်းဘူး ပေါ့ကွာ။ ဒါပေမဲ့ ဦးသန်းဖေမှာလည်း သူ့အမေကြီးနဲ့ ပြဿနာရှိသတဲ့ကွ၊ အဘွားကြီးက တော်တော် ဇီဇာကြောင်တဲ့ အဘွားကြီးဆိုပဲ။ ခု ဒေါ်မိမိလေး နဲ့ ယူရတာကိုလည်း သဘောမတူဘူးတဲ့။ ဒါကြောင့် ဦးသန်းဖေနဲ့ အမေ ပြတ်ဆိုပြီး ကြေငြာထားသတဲ့။ ဒီချွေးမမျက်နှာကိုလည်း မကြည့်ချင်ဘူးလို့ ပြောသတဲ့။ မင်းလာချင်ရင် မင်းဘာသာ မင်း တစ်ယောက်တည်းလာ၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကိုတော့ ငါ့အိမ်ရိပ်ကိုတောင် နင်းခွင့်မပေးဘူးလို့ ပြောသတဲ့။ ဒီတင် ဦးသန်းဖေလည်း အမေကြီးကို စိတ်ကျေနပ်သွားအောင် သွားသွားနေရတယ် ထင်ပါရဲ့ကွာ။ အဘွားကြီးမရှိရင် အမွေကလေးဘာလေးလည်း လိုချင်မှာ ပေါ့၊ ခက်တာက အဘွားကြီးက သူတို့ အိမ်ကြီးထဲမှာ တစ်ယောက်တည်း နေသတဲ့ကွ။ အဖော်တို့ ဘာတို့ ရှာပေးမယ်ဆိုတော့လည်း လက်မခံဘူးတဲ့။ တော်တော် ခေါင်းမာတဲ့ အဘွားကြီး၊ ခု အဘွားကြီးမရှိတော့ဘူးဆိုတော့ ဦးသန်းဖေတို့ လင်မယားလည်း အေးအေးချမ်းချမ်းနဲ့ နေနိုင်တော့မယ် ထင် ပါရဲ့"

"နောက်တော့ မကျသေးဘူး ထင်ပါရဲ့နော်" ဟု မေမေက ပြောလိုက် ပါသည်။ ဖေဖေသည် မေမေ့ဘက် ဆတ်ခနဲ လှည့်ကြည့်ကာ-

"ဘာဖြစ်လို့ နောက်ကျရမှာလဲ၊ မင်းစကားက အရင်းမရှိ အဖျားမရှိနဲ့"

"ဩော်-သူတို့ လင်မယား ဒီလိုနေလာခဲ့ကြတာ ရပြီးစကတည်းက ဆိုပဲ၊ ဆယ့်လေးငါးနှစ်လောက်တော့ရှိရောပေါ့။ ဒီလို နေနေကျဖြစ်လာတော့ လည်း အကျင့်ကြီးဖြစ်သွားပြီး ပြောင်းဖို့ အခက်သားကလား"

ဖေဖေသည် ဘာမျှ ဆက်မပြောတော့ဘဲ ထမင်းစားနေပါသည်။မေမေ ကလည်း ကော်ဖီကိုသောက်ပြီးနောက် ဆန္ဒင်းမကင်းကို လက်ဖက်ရည် ကြမ်းနှင့် မြည်းနေပါသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိ ကြပါ။

"သူတို့ရခါစတုန်းက ကျွန်မတို့နဲ့ ပျော်ဘွယ်မှာ နေခဲ့ကြသေးတယ် လေ။ ဒီတုန်းက ဒေါ်မိမိလေးဟာ ဘယ်လောက်ချောသလဲ"

မေမေ၏ စကားကို ကြားလိုက်ရသည့်အခါတွင် ကျွန်မသည် အံ့အား သင့်နေပါသည်။ ယခု ဒေါ်မိမိလေးရုပ်မှာ မေမေပြောသည့် ရုပ်နှင့် ခြားစီ ဖြစ်နေပါသည်။ ပါးရေနားရေတွေတွန့်ကာ ဆံပင်တွေဖြူနေပါပြီ။ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရသည်မှာလည်း ဝါးခြမ်းပြားကို ထောင်ထားသည့်နှယ် ရှိပါသည်၊ အသားအရေမှာလည်း ခြောက်ခန်းကာ ညိုညစ်နေပါသည်။ ဒေါ်မိမိလေးသည် ကြောင်တွေကို အစာကျွေး၊ အားလျှင် မုန့်တို့ဘာတို့လုပ်ကာ အိမ်နီးနားချင်းတွေကို ပေး၊ အထူးသဖြင့် ကျွန်မတို့ ကလေးတစ်သိုက်ကို ခေါ်ကျွေးခြင်းဖြင့်သာ အချိန်ကုန်နေတတ်ပါသည်။ အမြင်ဘက်တို့ကိုလည်း သိပ်မထွက်လှပါ။

"သူ့ခမျာ သနားပါတယ်ရှင်။ ယောကျ်ားဖို့ ချက်လိုက် ပြုတ်လိုက်ရတာလည်း အမောပဲ။ ဒါပေမဲ့ ယောကျ်ားကလည်း အိမ်ကို မှန်မှန်ပြန်စားတာမဟုတ်ဘူး။ မယားလုပ်တဲ့သူက မောမောပန်းပန်းနဲ့ ချက်ပြုတ်ထားပေမယ့် လင်လုပ်တဲ့ သူက မှန်မှန်မစားတော့ မယားမှာ မောတာပေါ့။ နောက်တော့ သူ့အဖို့လည်း ရိုးသွားပြီး ကြောင်ကလေးတွေနဲ့ အပျင်းဖြေရတယ် ထင်ပါရဲ့"

"ကဲ ကဲ တော်ပါတော့ကွာ၊ ခု ဦးသန်းဖေရဲ့ အမေကြီး သေသွားတယ်ဆိုတော့ သူတို့ လင်မယား ပုံမှန်ပြန်ဖြစ်သွားကြတော့မှာပေါ့။ ဒီလောက်ဆိုရင် အဘွားကြီးကလည်း စိတ်ပြေပြီး အမွေတို့ဘာတို့ ပေးခဲ့ချင် ပေးခဲ့မှာပါ။ ဈေးထဲမှာ အထည်ဆန်းကလေးတွေ ရောက်နေတာ သွားကြည့်မလို့ဆို၊ လိုက်ခဲ့ပါလား"

မေမေ ရုံးပြန်တက်ချိန်ရောက်သဖြင့် လခဖြင့် ပေးစီးသော မြင်းရထားလှည်း အိမ်ရှေ့သို့ ရောက်နေပါသည်။ ဖေဖေတို့ ရုံးမှာ ဈေးကြီးကို ဖြတ်သွားရမည်ဖြစ်သဖြင့် မေမေလည်း မြင်းလှည်းဖြင့် လိုက်မည်ဆိုကာ အဝတ်အစားလဲ၍ ဈေးသို့ လိုက်သွားပါသည်။

အိမ်တွင် ကျွန်မနှင့် အိမ်ဖော် ဦးဖိုးစော၏ ဇနီးသည် ဒေါ်သန်းတို့သာ လျှင် ကျန်ရစ်ခဲ့ပါသည်။

ကျွန်မသည် ပျင်းပျင်းရှိသဖြင့် ခြံထဲရှိ ကုက္ကိုပင်ကြီးတွင် သိုင်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ဒန်းပေါ်သို့ တက်ကာ ဒန်းစီးရင်း စာကျက်နေပါသည်။

ထိုစဉ် ဖြူမသည် ကျွန်မ ပေါင်ပေါ်သို့ ရုတ်တရက် ခုန်တက်လာသဖြင့် ကျွန်မ လန့်သွားပါသည်။ ဖြူမမှာ ဒေါ်မိမိလေး၏ ကြောင်များစွာ အနက်မှ တစ်ကောင်ဖြစ်ပြီး ကျွန်မအချစ်တော် ကြောင်ကလေးဖြစ်ပါသည်။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေပြီး နှုတ်သီးမှာ ပန်းရောင်သမ်းနေပါသည်။ တစ်ကိုယ်လုံး ဖြူနေသည့်အတွက် သူ့ကို 'ဖြူမ' ဟု နာမည်ပေးထားခြင်း ဖြစ်ပုံရပါသည်။ ဖြူမသည် နွားနို့၊ ငါးခြောက်၊ ပုစွန်ခြောက် စသည့် အစားကောင်းအသောက်ကောင်းတို့ စားရသည့်တိုင် ပိန်ပိန်ကလေးဖြစ်ပါသည်။ ဘယ်အခါကြည့်ကြည့် ဝ သည်ဟူ၍ မရှိပါ။ အိုလာသည်ဟူ၍လည်း မရှိပါ။ဒေါ်မိမိလေးတို့ ရောက်ကတည်းက သည်အရွယ်ဖြစ်ပြီး ယခုလည်း သည်အရွယ်သာ ဖြစ်ပါသည်။ သားကား မှန်မှန် ပေါက်ပါသည်။ သူ့ကို ကြည့်လိုက်လျှင် အမြဲတမ်း ဗိုက်ကလေးနှင့်သာ တွေ့ရပါသည်။

ဖြူမသည် အမွေးအလက်ဖြူဖွေးခြင်းကြောင့် ချစ်စရာကောင်းခြင်း မဟုတ်ပါ။ ကျွန်မသဘောကျသည့် အခြားအရည်အချင်းတွေရှိပါသည်။ ဖြူမသည် လိမ္မာ၍ အကင်းပါးသော ကြောင်ကလေးတစ်ကောင် ဖြစ်ပါသည်။ မိတ်ဆွေနှင့်ရန်သူကို ခွဲခြား၍သိပါ၏။ ယခုပင်လျှင် ကြည့်ပါ။ ဖေဖေ အိမ်မှာရှိပြီဆိုလျှင် ကျွန်မတို့အိမ်ဘက်သို့ မည်သည့်အခါမျှကူး၍ မလာပါ။ ဖေဖေ့ကို မြင်သည်နှင့် လျှပ်စီးလက်သလို ချက်ချင်းထွက်ပြေး ပျောက်ကွယ် သွားတတ်ပါသည်။ ဖေဖေက သူ့ကို ရိုက်မောင်းပုတ်မောင်း လုပ်၍ မဟုတ်ပါ။ သို့ရာတွင် ဖေဖေသည် ကြောင်ကိုမုန်းကြောင်းကို ဖြူမ အလိုလိုသိနေဟန် တူပါသည်။

ဖြူမသည် ဘိုဘိုလို မဟုတ်ပါ။ ဘိုဘိုမှာ ဒေါ်မိမိလေး၏ အိမ်မှ ကြောင်ထီးတစ်ကောင်ဖြစ်ပြီး ဖြူမက ပေါက်သော ကြောင်ဖြစ်ပါသည်။ ဘိုဘိုသည်

www.burmeseclassic.com

www.burmeseclassic.com



အလွန်ထုံထိုင်းသော ကြောင်ဖြစ်ပါသည်။ ဖြူမ၏ သားဆိုသော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာ ဖြူမထက် သုံးဆလောက်ကြီးမည် ထင်ပါသည်။ လှတော့ တော်တော်လှသည့် ကြောင်ဖြစ်ပါသည်။ ရင်ဘတ်တွင် အဖြူ ပြောက်ကလေးပါသည်ကလွဲလျှင် တကယ့်ကျားတစ်ကောင်နှင့် တူပါ သည်။ ကျားဆရာကြောင်ဆိုသော စကားကို ထိုအခါကျမှ ကျွန်မသဘော ပေါက်ပါသည်။ သို့ရာတွင်မူ ဘိုဘိုသည် ကိုယ်လုံးကိုယ်ပေါက် လှသော် လည်း ဦးနှောက်မရှိပါ။ သို့မဟုတ်လျှင်လည်း သူ့ကို လူတိုင်းက ချစ်ကြ သဖြင့် ဘဝင်မြင့်နေသည်လား မပြောတတ်တော့ပါ။

သူ့ကို ဒုက္ခပေးသည့် သူကိုလည်း အမှတ်သညာမရှိပါ။ ဦးဖိုးစော သည် သူ့အမြီးကို သံပုံးနှင့် မကြာခဏ ချည်နှောင်ထားတတ်ပါသည်။ သို့ ရာတွင် အမှတ်မရှိပါ။ မကြာခဏ ဦးဖိုးစော၏ခြေထောက်ကို လာ၍ ပွတ် သီးပွတ်သပ် လုပ်နေတတ်ပါသည်။ ဖြူမဆိုလျှင် သူ့ကို ထိုသို့ဒုက္ခပေးဖူးပြီ ဆိုလျှင် ထိုသူအနားသို့ ဘယ်တော့မျှ မကပ်တော့ပါ။

ဖြူမသည် ကျွန်မပေါင်ပေါ်တွင် ထိုင်ရင်း အင်ဂျင်စက်တစ်လုံးလို တဂူး ဂူးမြည်ရင်း ကြမ်းတမ်းသော သူ့လျှာဖြင့် ကျွန်မ လက်ကို လျက်နေပါသည်။ ထိုစဉ် ဖြူမသည် ကိုယ်ကိုကုန်းကာ ကျွန်မပေါင်ပေါ်မှ ခုန်ချပြီး သစ်ပင်တစ်ပင် ပေါ်သို့ တက်ပြေးပါသည်။ အစသော် ဘာကြောင့်မှန်း ကျွန်မ မသိပါ။

သေသေချာချာကြည့်လိုက်သည့်အခါတွင်မှ ဦးသန်းဖေက နောက်ဖေး ပေါက်မှ ထွက်လာသည်ကို မြင်လိုက်သဖြင့် ဦးသန်းဖေကို ကြောက်၍ ထွက်ပြေးခြင်းဖြစ်ကြောင်း ကျွန်မ သိပါသည်။ ဦးသန်းဖေသည်လည်း ဖေဖေ့ ထို ကြောင်များကို မုန်းသူ ဖြစ်ပါသည်။ ဦးသန်းဖေကမူ ဖေဖေ့ကြက်ပင် ကြောင်ကို ခုန်းသည်ဟု ထင်ပါသည်။ တစ်ခါက ဦးသန်းဖေသည် ကြောင် များအတွက် ဒေါ်ခိခိလေး ထည့်ပေးထားသည့် နွားနို့ခွက်များ၊ ကြောင်စာ

www.burmeseclassic.com

www.burmeseclassic.com



ခွက်များကို လွှင့်ပစ်သည်ကို ကျွန်မ မြင်ဖူးပါသည်။ ကြောင်စာခွက်တွေကို လွှင့်ပစ်ပြီး ဒေါ်မိမိလေးအားလည်း နောင်တွင် ကြောင်မမွေးရန်၊ အိမ်နီးနားချင်းမှ ကြောင်များကို ကြောင်စာ မကျွေးရန် ဆူပူကြိမ်းမောင်းနေသံကို ကျွန်မ ကြားရပါသည်။

ယခုလည်း ဦးသန်းဖေသည် နောက်ဖေးသို့ ထွက်လာကာ ခါးထောက်ပြီး တစ်စုံတစ်ရာကို မကျေမနပ်ဖြင့် ကြည့်နေပါသည်။ မျက်နှာထားကြီးကလည်း မှုန်နေပါသည်။ ကျွန်မအထင်တွင် အမေဆုံးပြီး၍ စိတ်မကြည်မလင်ဖြစ်နေသောကြောင့်ဖြစ်မည်ဟု ထင်ပါသည်။

ထိုစဉ် ဝရန်တာပေါ်မှ ဦးသန်းဖေဆီသို့ လျှောက်နေသော ဘိုဘိုကို ကျွန်မ မြင်လိုက်ရပါသည်။ ကျွန်မသည် ဦးသန်းဖေရှေ့သို့ ရောက်သွားသော ဘိုဘိုကို ကြည့်၍ ရင်တမမဖြစ်နေပါသည်။ ဖြစ်နိုင်လျှင် ဘိုဘိုကို လှမ်း၍ ခေါ်လိုက်ချင်ပါသည်။ သို့ရာတွင် ဦးသန်းဖေ ရှေ့မှာဖြစ်၍ မခေါ်ရဲပါ။ ထို့ပြင် ကျွန်မခေါ်သည့်တိုင်အောင်လည်း ဘိုဘိုသည် ထုံထိုင်းသော ကြောင်တစ်ကောင်ဖြစ်သည့်အတွက် ရိပ်မိမည် မဟုတ်ပါ။

ကျွန်မ စိုးရိမ်နေသည့်အတိုင်း ဘိုဘိုသည် ဝရန်တာပေါ်မှ ဦးသန်းဖေရှေ့သို့ ခုန်ဆင်းသွားကာ ဦးသန်းဖေ၏ ခြေထောက်ကို ပွတ်သပ်နေပါသည်။ ဦးသန်းဖေသည် ဘိုဘိုကို ကန်ပစ်လိုက်ပါသည်။ ပါးစပ်ကလည်း တစ်စုံတစ်ရာကို ပြောနေပါသည်။ ကျွန်မအထင်တွင် ဆဲရေးတိုင်းထွာနေသည်ဟုပင် ထင်လိုက်မိပါသည်။ ဦးသန်းဖေသည် ဘိုဘိုကို အားရှိပါးရှိ ကန်လိုက်ရာ ဘိုဘိုသည် အဝေးသို့ လွင့်သွားပါသည်။

ဘိုဘိုသည် တစ်ချက်မျှ အော်လိုက်ကာ အုတ်လှေကားထစ်အတိုင်း အောက်သို့ တစ်ဟုန်ထိုး ပြေးဆင်းသွားပါသည်။ ဘိုဘိုသည် အောက်သို့ ရောက်သည့်အခါတွင်မှ လဲကျသွားကာ သနားစဖွယ် အော်မြည်လျက် ရှိပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မသည် ဘိုဘိုကို ပြေးကောက်၍ ပွတ်သပ်ယုယချင်ပါသည်။ သို့ရာတွင် ဦးသန်းဖေ ရှိနေသည့်အတွက် သူတို့ခြံဘက်သို့ ကူးမသွားရဲပါ။ ဦးသန်းဖေသည် ဘိုဘိုကို ဤသို့ ရက်ရက်စက်စက် လုပ်သေးလျှင် ကျွန်မကိုလည်း အော်ဟစ်ငေါက်ငမ်းခြင်း မပြုဟု မဆိုနိုင်ပါ။

ဘိုဘိုသည် အအော်ရပ်သွားကာ မြေကြီးပေါ်တွင် စန့်စန့်ကြီး လဲကျနေပါသည်။ ဦးသန်းဖေသည် အုတ်လှေကားအတိုင်း အောက်သို့ ဆင်းလာပါသည်။ ထိုစဉ် အိမ်နောက်ဖေးမှ ဒေါ်မိမိလေး ထွက်လာပါသည်။ ဦးသန်းဖေသည် ဒေါ်မိမိလေးဘက်သို့ လှည့်၍ကြည့်လိုက်ရင်း–

"မိရေ၊ မင်းကြောင်ကြီးကို ငါ တက်နင်းလိုက်မိပြီကွာ၊ ငါက အောက်ကို အဆင်း၊ သူက လှေကားထစ်ပေါ် ခွေအိပ်နေတာ၊ တည့်တည့်ကြီးတက်နင်းမိတာပေါ့၊ ငါတောင်ကံကောင်းလို့ လှေကားပေါ်က လိမ့်မကျတော့မလို့"

အမှန်ကမူ သူပြောသလို လားလားမျှ မဟုတ်ပါ။ ကျွန်မ သေသေချာချာ မြင်လိုက်ပြီးသားဖြစ်ပါသည်။ သူက လှေကားထိပ်တွင် ရပ်နေပါသည်။ အောက်သို့ ဆင်းလာခြင်းမဟုတ်ပါ။ ကြောင်ကို သူ တစ်အားကုန် ပိတ်ကန်လိုက်ခြင်းသာ ဖြစ်ပါသည်။ ဒေါ်မိမိလေးကမူ သူ့စကားကို ယုံလေသလား မပြောတတ်ပါ။ ဒေါ်မိမိလေးသည် မည်သို့မျှ မပြောဘဲ လှေကားထစ်အတိုင်း ဆင်းလာကာ ဘိုဘိုအနီးတွင် ထိုင်ပြီး ဘိုဘိုကို ပွတ်သပ်ပေးနေပါသည်။ ကျွန်မအထင်တွင်မူ ဒေါ်မိမိလေးသည် ငိုနေသည် ထင်ပါသည်။ အသံတော့ မထွက်ပါ။

ထိုနောက် ဒေါ်မိမိလေးသည် အိမ်ထဲသို့ ဝင်သွားကာ တူးရွင်းတစ်လက်ကိုယူပြီး ပြန်ထွက်လာပါသည်။ ထိုနောက် ဘိုဘိုကို ရင်ခွင်တွင် ကြင်နာယုယစွာ ပိုက်ကာ တစ်နေရာသို့ သွားရန် ပြင်ပါသည်။ ဦးသန်းဖေသည် ထိုအပြုအမူကို ကြည့်၍ စိတ်တိုသွားဟန်ဖြင့် လှေကားပေါ်မှ ဆင်းလာကာ ဒေါ်မိ

www.burmeseclassic.com

www.burmeseclassic.com



မိလေးလက်ထဲမှ ကြောင်သေကောင်နှင့် တူးရွင်းကို ဆွဲယူလိုက်ပြီးလျှင်–

"တိရစ္ဆာန်ပဲကွာ၊ ဒီလောက်တောင် အရေးတကြီး လုပ်နေရသလား"

ဟုဆိုကာ တစ်နေရာသို့ ထွက်သွားပါသည်။

နောက်ဖေးခြံဝင်းထဲတွင် ကြောင်သေတစ်ကောင်ကို မြှုပ်ရန် နေရာတွေ အများကြီးရှိသည်။ ဘယ်နေရာ မြှုပ်မြှုပ်ရပါသည်။ သို့ရာတွင် ဦးသန်းဖေသည် ထိုနေရာများတွင် မမြှုပ်ဘဲ ဒေါ်မိမိလေး ပျိုးထားသည့် သစ္စာပန်းပျိုးခင်းနားသို့သွားကာ ပန်းခင်းကို တူးရွင်းကြီးဖြင့် တူးဆွပြီး ကြောင်သေကောင်မြှုပ်ရန် အနေအထားသို့ ရောက်သည့်အခါမှ ကြောင်သေကို အမှိုက်ပစ်သည့်ပမာ ကျင်းထဲကို ဖုတ်ခနဲပစ်ချလိုက်ပြီးနောက် တူးရွင်းဖြင့် မြေကြီးများကိုပြန်ဖို့နေပါသည်။ ဒေါ်မိမိလေးသည် သူ့ကို ဘာမျှမပြောဘဲ ရပ်ကြည့်နေပါသည်။ ပြောလည်း ပြောရဲဟန် မတူပါ။ ဦးသန်းဖေကလည်း သူ့ကို ဘာမျှမပြောပါ။ ဦးသန်းဖေသည် တူးရွင်းကို မီးဖိုထဲသို့ ယူသွားပြီး ပစ္စည်းထားသည့် ချောင်ကလေးထဲသို့ ပစ်ချကာ မီးဖိုတံခါးကို ဆောင့်ပိတ်ပြီး အိမ်ထဲသို့ ဝင်သွားပါသည်။

ကျွန်မလည်း ကြောက်ကြောက်ဖြင့် ဒန်းပေါ်မှ ပြေးဆင်းလာကာ အိမ်ထဲသို့ ဝင်လာခဲ့ပါသည်။ အိမ်ထဲတွင် ဘယ်သူမှ မရှိပါ။ မေမေဈေးသို့ အထည်သွားကြည့်သည်မှာလည်း ကြာလှချည့်ဟု အောက်မေ့မိပါသည်။ ဦးဖိုးစောတို့ လင်မယားကလည်း နောက်ဖေးချောင်မှာ ရှိနေကြပါသည်။ ကျွန်မသာ ဖေဖေ မေမေတို့ မရှိဘဲ ဦးသန်းဖေတို့နှင့် အိမ်နီးနားချင်းအဖြစ် ဆက်နေရလျှင် ကြောက်၍သေမည်လား မပြောတတ်ပါ။

ခဏကြာလျှင် မြင်းလှည်းချုံသံကြားရပြီး မေမေ တစ်ယောက်တည်း ဈေးမှ ပြန်လာပါသည်။ ဖေဖေကမူ ရုံးဆက်တက်နေရစ်ခဲ့ပါသည်။

ကျွန်မသည် ထိုနေ့တစ်နေ့လုံး စိတ်မကောင်းဖြစ်နေပါသည်။ ခြံထဲကို

www.burmeseclassic.com

www.burmeseclassic.com



လည်း မဆောင်းတော့ပါ။ ဦးသန်းဖေနှင့်လည်း မျက်နှာချင်း မဆိုင်မိအောင် ရှောင်နေပါသည်။ သူ့ကို မြင်လျှင် ဘိုဘိုကို သူ မတော်တဆ တက်နင်းမိခြင်း မဟုတ်ဘဲ တမင်ပိတ်ကန်ခြင်းဖြစ်ကြောင်း၊ ဒေါ်မိမိလေးကို လိမ်လည်ပြော ခြင်းဖြစ်ကြောင်း ကျွန်မ ပြောမိမည် ထင်ပါသည်။ ထို့ကြောင့် သူနှင့် မျက်နှာ ချင်း မဆိုင်ရဲခြင်းဖြစ်ပါသည်။

ထိုနေ့ ညနေတွင် ကျွန်မ ထမင်းလည်း ကောင်းကောင်းစား၍ မရတော့ ပါ။ စိတ်လည်း မကောင်းတော့ပါ။ နေထိုင်မကောင်းချင်သလိုလို ဖြစ်နေပါ သည်။ ဖေဖေနှင့်မေမေက ကျွန်မ နေမကောင်းဟုထင်ကာ ငန်းဆေး တိုက်ပါ သည်။ ကျွန်မလည်း ဘာမှ မပြောဘဲ ကြိတ်မှိတ်၍သောက်လိုက်ပါသည်။

ညအိပ်ချိန်ရောက်သည့်အခါတွင်လည်း ကျွန်မ အိပ်မပျော်ပါ။ ပြတင်း ပေါက်ကိုဖွင့်ကာ တစ်ဖက်ခြံဘက်သို့ ငေးကြည့်နေမိပါသည်။ ဦးသန်းဖေတို့ အိမ်အောက်ထပ်မှာ မီးလင်းနေဆဲဖြစ်ပါသည်။ အသံဗလံကိုမူ မကြားရပါ။ ဝရန်တာတွင် ကြောင်စာကျွေးထားသည့် ခွက်များကို ကျွန်မ မြင်ရပါသည်။ ဒေါ်မိမိလေးသည် သူ့ယောကျ်ားဆူပူကြိမ်းမောင်းသည်ကို မေ့သွားကာ ကြောင်များကို ကျွေးမြဲကျွေးနေခြင်း ဖြစ်ဟန်တူပါသည်။ ဦးသန်းဖေမြင်လျှင် ပုဏ္ဏကတိုက်ဦးမည်ကို ကျွန်မ မြင်ယောင်နေပါသည်။

သို့ရာတွင် ကြောင်စာကျွေးထားသည်ကို ဦးသန်းဖေ မြင်တော့မည် မထင်ပါ။ ယခုအချိန်လောက်ဆိုလျှင် ဦးသန်းဖေသည် အိပ်ရာထဲသို့ ရောက် လောက်ပြီထင်ပါသည်။

သို့ရာတွင် ကျွန်မ ထင်သလိုမဟုတ်ပါ။ ခဏကြာလျှင် ဦးသန်းဖေသည် ဆေးပြင်းလိပ်ကြီးခဲကာ အပြင်သို့ ထွက်လာသည်ကို မြင်လိုက်ရပါသည်။ ဦးသန်းဖေသည် ဝရန်တာတွင် လမ်းလျှောက်နေရာမှ လှေကားအောက် အုတ်ခုံပေါ်တွင် ချထားသည့် ကြောင်စာခွက်များကို မြင်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဦးသန်းဖေသည် ဒေါသတကြီးဖြင့် အော်ဟစ်ကာ ကြောင်စာခွက်များကို လွှင့်ပစ်ရန် အုတ်လှေကားအတိုင်း ဒေါကြီးမောကြီးဖြင့် ဆင်းလာပါသည်။ သို့ရာတွင် တစ်ထစ်လောက်ဆင်းမိသည့်အခါ ဦးသန်းဖေသည် တစ်စုံတစ်ခုနှင့်တိုက်မိပြီး အောက်သို့ မှောက်လျှားထိုးလဲကာ လိမ့်ကျသွားပါသည်။ ကျွန်မသည် ယောင်အော်လိုက်မိကာ ဖေဖေတို့ မေမေတို့ကို သွားပြောရမည်လားဟု ဝေခွဲမရဖြစ်နေပါသည်။ ဦးသန်းဖေသည် ယခုအထိ မထနိုင်သေးဘဲ ကုပ်ကြီးတစောင်းလိမ်၍ လဲနေပါသည်။ ကျွန်မ ကြည့်နေစဉ်မှာပင် အောက်ထပ်မှ ဒေါ်မိမိလေး ထွက်လာသည်ကို မြင်ရပါသည်။ ဒေါ်မိမိလေးသည် ဦးသန်းဖေအနားသို့ သွားကာ ဦးသန်းဖေကို ငုံ့၍ကြည့်နေပါသည်။ ထို့နောက် အုတ်လှေကား ဘေးတစ်ဖက်တစ်ချက်ရှိ ပန်းချုံနှစ်ချုံဆီသို့သွားကာ ပန်းချုံမှ အရာကို ဖြုတ်ယူနေပါသည်။ သေသေချာချာ ကြည့်လိုက်သောအခါ ပန်းချုံနှစ်ခုကို တန်းချည်ထားသည့် ကြိုးတစ်ချောင်းကို ဖြုတ်နေခြင်းဖြစ်ကြောင်း သိရပါသည်။ ဒေါ်မိမိလေးသည် လှေကားကို ကန့်လန့်ဖြတ်ထားသည့် ကြိုးကို ဖြုတ်၍ ခွေပြီးလျှင် အိတ်ထဲသို့ ထည့်နေပါသည်။ ထို့နောက် အိမ်ထဲသို့ ပြန်ဝင်သွားပါသည်။ ဦးသန်းဖေအနီးသို့ သွားတော့ပါ။

ခဏကြာလျှင် ဒေါ်မိမိလေး ကျွန်မတို့ ခြံဘက်သို့ ကူးလာကာ ဖေဖေနှင့်မေမေကို ခေါ်နေသံ၊ ဖေဖေနှင့်မေမေ တံခါးဖွင့်၍ လိုက်သွားသံများကို ကြားရပါသည်။ လှမ်း၍ကြည့်လိုက်သည့်အခါတွင် ဖေဖေသည် ဦးသန်းဖေ၏ကျရာအနီးတွင် ငုံ့၍ကြည့်နေပါသည်။ ဖေဖေသည် ဒေါ်မိမိလေးကို တစ်စုံတစ်ရာ ပြောနေပါသည်။

ခဏကြာလျှင် ပုလိပ်များနှင့် ဆေးရုံကားကြီး ရောက်လာကာ ဦးသန်းဖေကိုယ်ကို စစ်ဆေးကြည့်ရှုကြသည်။ ထို့နောက် ဦးသန်းဖေကို ထမ်းစင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေါ်တွင်တင်ကာ အဝတ်ဖြုလျှမ်းပြီး ကားပေါ်သို့ တင်လိုက်ကြပါသည်။

ထိုညက ကျွန်မသည် အိပ်မပျော်နိုင်တော့ပါ။ ကျွန်မ မြင်ခဲ့ရသည်တို့ကို ဖေဖေနှင့်မေမေတို့အား ပြောလျှင် ကောင်းမကောင်းကို စဉ်းစားနေမိပါသည်။ ဦးသန်းဖေသည် လေ့ကားပေါ်မှ မတော်တဆ လိမ့်ကျသေဆုံးခြင်း မဟုတ်ပါ။ ထိုအဖြစ်အပျက်ကို ကျွန်မ သိပါသည်။ မြင်လိုက်ရပါသည်။ သို့သော် ဘိုဘိုသေခဲ့ရခြင်းသည်လည်း မတော်တဆသေခြင်းမဟုတ်ပါ။ ထိုအဖြစ်အပျက်ကိုလည်း ကျွန်မ မြင်လိုက်ရပါသည်။ ကျွန်မ သိပါသည်။

ကျွန်မသည် ဦးသန်းဖေ လိမ်ပြောခဲ့ခြင်းဖြစ်ကြောင်းကို ဖွင့်မပြောခဲ့လျှင် ဒေါ်မိမိလေး လိမ်ပြောသည့်အကြောင်းကိုလည်း ဖွင့်ပြောဖို့ မသင့်ဟု ယူဆပါသည်။ တစ်ခုကို ဖုံးကွယ်ပြီး တစ်ခုကို ဖွင့်ပြောလျှင် အဘယ်မှာ တရားရာကျပါမည်နည်း။

ထို့ကြောင့် ထိုအကြောင်း နှစ်ခုစလုံးကို ဖွင့်မပြောရန် ကျွန်မ ဆုံးဖြတ်လိုက်ပါသည်။ သို့သော် ကျွန်မ ဆုံးဖြတ်ချက်မှာ ကြာရှည်မခံပါ။ နောက်သုံးလအကြာတွင် ဒေါ်မိမိလေး ကွယ်လွန်သည့်နောက် မအောင့်နိုင်တော့သဖြင့် ထိုအကြောင်းကို ဖွင့်ပြောလိုက်ပါတော့သည်။

■

၁၉၃၇ ခုနှစ်က ဒိစတြိတ်မြို့ကြီးတစ်မြို့တွင် ဖြစ်ပျက်ခဲ့သည်ကို မြင်ခဲ့သော ကျွန်ုပ် တူမလေး၏ ရေးသားချက်ဖြစ်ပါကြောင်း။ ။

(စန္ဒာရုပ်စုံမဂ္ဂဇင်း
အမှတ် ၂၀၆၊ မေ၊ ၁၉၈၆)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ၈။ ပူနွေးနေသော ပန်းသဲဇို

ထိုစဉ်က ကျွန်ုပ်သည် (....) ဒိစတြိတ်ရှိ (....)မြို့နယ်တွင် ဌာနာအုပ် အဖြစ် အမှုထမ်းလျက်ရှိ၏။ ကျွန်ုပ်၏ ပုလိပ်ဌာနာပိုင်နယ်မှာ အတော်ကျယ် ဝန်း၍ ရာဇဝတ်မှုများလည်း အလွန်ပေါသည့်နယ်ဖြစ်၏။ ထိုစဉ်က အင်္ဂလိပ် အစိုးရ၏ အစီရင်ခံစာများတွင် ရာဇဝတ်မှုအပေါဆုံးနယ်များမှာ ဟံသာဝတီ ဒိစတြိတ်၊ သာယာဝတီ ဒိစတြိတ်၊ အင်းစိန်ဒိစတြိတ်နှင့်ရွှေဘိုဒိစတြိတ် တို့ဖြစ်လေရာ ကျွန်ုပ်အမှုထမ်းလျက်ရှိသည့် ဒိစတြိတ်မှာလည်း အဆိုပါဒေသ များလောက် ရာဇဝတ်မှုကြီးများ ပေါများခြင်း မရှိသည့်တိုင် ဒုတိယတန်း လောက်မှ လိုက်သည့်နေရာဖြစ်၏။ အထူးသဖြင့် ထိုဒိစတြိတ်ထဲတွင် ကျွန်ုပ် ဌာနာအုပ်အဖြစ် အမှုထမ်းလျက်ရှိသည့် နယ်မှာကား ရာဇဝတ်မှုအများဆုံး ဖြစ်၏။ လူသတ်မှု၊ ဓားခုတ်မှု စသည့်အမှုကြီးများမှာ တစ်လလျှင် နှစ်မှု လောက်ဖြစ်လေ့ရှိပြီး ရိုက်မှု၊ နွားခိုးမှု၊ ပိုင်နက်ကျူးလွန်မှု၊ ခိုးမှု စသည့် အမှုသေးကလေးများကား အနည်းဆုံး တစ်ပတ်လျှင် တစ်မှုလောက် ရှိ တတ်၏။

စင်စစ် ကျွန်ုပ် အမှုထမ်းလျက်ရှိသည့်ဒေသမှာ ရှားပါးသောဒေသ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လှချေ။ ဒေသအလျောက် ပဲ၊ ပြောင်း၊ ရေတ်၊ နှမ်း၊ မန်ကျည်း၊ ထန်းလျက် စသည့် စားသောက်ကုန်များ အလွန်ပေါသည့် နေရာဖြစ်၏။ လူမှုဗေဒ သဘောအရ ကြည့်လျှင် ထိုမျှမက နောက်ခံကောင်းသည့်နယ်မြေ ထိုမျှထွက်ကုန်များ ထုတ်လုပ်နိုင်သည့် နယ်မြေမျိုးတွင် ရာဇဝတ်မှုပေါများ စရာ အကြောင်းမရှိချေ။ ထိုအရပ်ဒေသမှာ ဆန်ထွက်သည့်ဒေသမဟုတ်သည့် အတွက် ဆန်ရေစပါး ပေါများခြင်းမရှိလှသည့်တိုင် အခြားထွက်ကုန်များ ပေါများသဖြင့် ဆန်နှင့်လဲလှယ် စားသောက်နိုင်၏။ မုဆိုးမအိမ် သွားကြည့် လျှင်ပင် ဆန်အိုးထဲတွင် ဆန်ကောင်းကောင်းမရှိသည့်တိုင် ပြောင်းဆန် ကလေးအစ၊ လူးဆတ်ကလေး အစတော့ ရှိတတ်၏။ အချုပ်မှာ ထိုဒေသ တွင် ငတ်မွတ်ခေါင်းပါးမှုမရှိဟုဆိုလိုခြင်းဖြစ်၏။ အချို့နယ်များတွင် ဆန်ရေစပါး ရှားပါးသည့်အထဲတွင် ဒေသခံထွက်ကုန်များလည်း မရှိသဖြင့် ကျွေးဥတူးစားရခြင်းမျိုး၊ ပြောင်းဖူးစေ့ကို ပြုတ်စားရခြင်းမျိုး စသည်တို့ ရှိသော်လည်း ကျွန်ုပ် အမှုထမ်းလျက်ရှိသော ဒေသမှာ ထိုအခြေအနေသို့ မရောက်သေးချေ။

သို့စဉ်လျက် ကျွန်ုပ်၏မြို့နယ်တွင် ရာဇဝတ်မှု ပေါများနေခြင်းကို ကျွန်ုပ် နားမလည်နိုင်အောင် ဖြစ်လျက်ရှိလေ၏။ သို့ဖြင့် ကျွန်ုပ်သည် ထိုစဉ်က ကျွန်ုပ် ဉာဏ်မီသလောက် စဉ်းစားကြည့်ရာ လူငယ်များမှာ အသောက်အစား နှင့်လောင်းကစားဘက်သို့ လိုက်နေကြသဖြင့် ရာဇဝတ်မှုပေါများလာခြင်း ဖြစ်ကြောင်းကို ကျွန်ုပ်တွေ့ရ၏။

အိမ်တိုင်းလိုလို အရက်ချက်၍သောက်ကြ၏။ သူတို့ချက်သောက်သည့် အရက်မှာ ထန်းလျက်ဖြင့်ချက်သော မီးတောက်အရက်ပြင်းများဖြစ်သည့် အတွက် အနည်းငယ်သောက်လိုက်လျှင်ပင် တန်ခိုးပြစပြုလေပြီ။ ဉာဉ်နေ ရောက်သည်နှင့် လူငယ်ကလေးများသည် အရက်သောက်ကြ၏။ ရသောက်

www.burmeseclassic.com



တတ်ဟု ဆိုသူများပင် ညနေတိုင်လျှင် ထန်းရည်သောက်ကြ၏။ ထန်းရည်၏အရောင်မှာ ငှက်ခါးရောင်ပေါက်လျက်ရှိပြီး အမြှုပ်တစီစီနှင့်ဖြစ်လျက် သောက်လိုက်သည်နှင့် ရင်ထဲတွင်အေး၍သွား၏။ အမှန်အားဖြင့် ထိုဒေသတွင် ထန်းရည်မှာရောင်းဖို့မဟုတ်ဘဲ အိမ်တွင်သောက်ရန် အလျှဉ်ခံထားကြခြင်း ဖြစ်၏။ ထန်းသမားများမှာ မနက်နှင့်ညနေ ထန်းတက်ပြီး မောမောဖြင့် ညနေတွင် ထန်းရည်ကလေး သောက်ကာဇိမ်ယူလေ့ရှိကြ၏။ ထို့ကြောင့် ထန်းရည်သည် မိမိသုံးအတွက်ဖြစ်ပြီး ထန်းလျက်အရက်မှသာ အပြင်လူများသို့ရောင်းရန်ဖြစ်၏။ ထန်းရည်ကိုကား ဝယ်၍ သောက်စရာမလို။ ညနေထန်းတောသို့ ရောက်သွားသည်နှင့် ထန်းသမားက မြူအိုးဖြင့် ထည့်ထားသော ပင်ကျရည်ကိုဆွဲလာကာ အုန်းမှုတ်ခွက်ကလေးတစ်ခွက်ဖြင့် တည်ခင်း ဧည့်ခံတတ်၏။

ကျွန်ုပ်သည် ကျွန်ုပ်၏အယူအဆကို လက်တွေ့စမ်းသပ်ကြည့်သည့်အနေဖြင့် ယစ်မျိုးဘက်နှင့်တိုင်ပင်ကာ ထန်းရည်ခံသူ၊ အရက်ချက်သူများကို ဖမ်းဆီးပစ်လိုက်၏။ တစ်ဖက်ကလည်း မြို့နယ်တွင်းရှိ ကစားဝိုင်းများကို ဖမ်းဆီးလိုက်၏။ ကစားဝိုင်းများမှာ ကလေးများက ပိုက်ဆံကြွေး မျှောက်ပန်းလှန်ခြင်း၊ ဂုံညင်းထိုးခြင်း၊ ဂေါ်လီရိုက်ခြင်းအစ လူကြီးများက ဘူကြီးတွဲခြင်း၊ ကိုးမီးရိုက်ခြင်း စသည်အထိဖြစ်၏။ ထို့ကြောင့် ကစားဝိုင်း တော်တော်များများကိုလည်း ဖမ်းဆီးအရေးယူလိုက်၏။ အရက်ပုန်းများနှင့် လိုင်စင်စီအရရောင်းသော ဘုံဆိုင်များနှင့် ဘိန်းခန်းများတွင်လည်း အရပ်ဝတ်အရပ်စားဖြင့် ဆားပုလင်း လူဆိုးထိန်းများ အစောင့်ချထားလိုက်၏။ ကျွန်ုပ် အယူအဆမှန်၍လော၊ သို့မဟုတ် တိုက်ဆိုင်မှုပင်လောမသိ။ ထိုသို့ကစားဝိုင်းများ၊ အရက်ပုန်းများကို နှိမ်နင်းလိုက်သည့်အခါတွင် ရာဇဝတ်မှုကြီးများ တော်တော် လျော့နည်းသွားသည်ကို တွေ့ရသဖြင့် ကျွန်ုပ်ဝမ်းသာမိ၏။ ခိုးမှု၊

www.burmeseclassic.com

www.burmeseclassic.com



နွားခိုးမှု၊ လူရိုက်မှု စသည်အမှုသေးကလေးများကား ရှိမြဲရှိသေးသည်ကို တွေ့ရ၏။

သို့ရာတွင် ကျွန်ုပ်သည် ဥပဒေကိုသက်ရောက်အောင် ပြုလုပ်ရသည့် အရာရှိငယ်တစ်ဦးမျှသာဖြစ်၍ ဥပဒေကိုပြုသူမဟုတ်ချေ။ ထို့ကြောင့် ကျွန်ုပ် အနေဖြင့် အမြဲတမ်းထိုသို့ချည်း လုပ်မနေနိုင်ပါ။ ဖဲဝိုင်းများ၊ အရက်ပုန်းများ သည် ဖမ်းဆီးသည့် တစ်ခဏအတွင်းသာ ငြိမ်သွားကြသော်လည်း နောက် ပိုင်းတွင် ဥပဒေကို ရှောင်ကာတိမ်းကာဖြင့် ပေါ်မြဲပေါ်လာကြပြန်ပါသည်။ ဗြိတိသျှအစိုးရ၏လက်အောက်တွင် ကျွန်ုပ်လို အညတရ လူတစ်ယောက် အဖို့ ဥပဒေပြုအာဏာဟူ၍ မရှိဘဲ ဥပဒေကို သက်ရောက်အောင် လုပ်ရသည့် အာဏာအစိတ်အပိုင်းတစ်ခုသာ ရှိသည့်အပြင် ဗြိတိသျှအစိုးရ ကိုယ်တိုင် ကလည်း (မဟာဆွေကြီး၏ 'တို့မေမေ' ဝတ္ထုတွင်ရေးသားသကဲ့သို့) လူ ငယ်များအား ဗြိတိသျှဆန့်ကျင်ရေး စိတ်မဝင်စားလျှင်တော်ပြီ၊ ကျန်သည့် အပျော်အပါးဘက်သို့ လိုက်စားလိုက လိုက်စားကြစေဟု သဘောထားဟန် ရှိသဖြင့် ကျွန်ုပ်လို တောမြို့ကလေးတစ်မြို့မှ ပုလိပ်အရာရှိငယ်တစ်ဦး၏ ကြိုးပမ်းချက်မှာ အချည်းနှီးသာဖြစ်ရပေ၏။ ထို့ပြင် ထိုစဉ်က လောင်းကစား ဝိုင်း ခပ်ကြီးကြီးထောင်သူ ဘိန်းခန်း တိတ်တိတ်ပုန်းထောင်သူများမှာလည်း လူမျိုးခြား လူချမ်းသာများဖြစ်၍ အထက်အရာရှိဖြစ်သော ရာဇဝတ်ဝန်၊ အရေးပိုင် စသည်တို့နှင့် ဝင်ထွက်သွားလာနိုင်သူများဖြစ်ရာ ကျွန်ုပ်က အရေး ယူသည့်တိုင် တစ်ခါတစ်ရံတွင် "မောင်မင်း ဘလိဒီဖူး၊ အရမ်းတွေလုပ်နေ တယ်" ဟု ကြိမ်းမောင်း ခံရတတ်သောကြောင့် နောက်ပိုင်းတွင် ကျွန်ုပ်လည်း အားတက်သရော လုပ်ချင်ကိုင်ချင်စိတ်များ လျော့ပါးသွားကာ မင်းတိုင်း ကျေမျှသာ လုပ်ခဲ့ကြောင်းကို ကျွန်ုပ် ဖြောင့်ချက်ပေးလိုပါသည်။

ကျွန်ုပ်အမှုထမ်းရာ မြို့နယ်မှာ ဖော်ပြခဲ့သည့်အတိုင်း လယ်ယာထွက်

www.burmeseclassic.com

www.burmeseclassic.com



ကုန်များ ပေါများသည့်ပြင် လက်မှုပညာလုပ်ငန်းလည်း ထွန်းကားသော အရပ်ဖြစ်၏။ ကျွန်ုပ်သည် မြို့နယ်များ တော်တော်များများတွင် လှည့်လည် အမှုထမ်းခဲ့ရာ ထိုမြို့နယ်လောက် လက်မှုပညာထွန်းကားသော မြို့နယ်မျိုးကို မတွေ့ဖူးသေးချေ။ ထိုမြို့နယ်တွင် ပန်းပဲလုပ်ငန်းကို ရှာလိုက်ချိုပြီး လုပ်ကြသော ပန်းပဲရွာကြီးများ သုံးလေးငါးရွာထက်မနည်းရှိ၏။ ထိုပန်းပဲရွာများမှ ကွမ်းညှပ်၊ ကတ်ကြေး၊ တူးရွင်း၊ ပေါက်ပြား၊ ပုဆိန်၊ လှည်းပတ်သံ၊ ဓား စသည့် သံထည်ပစ္စည်းများလည်း အများအပြား ထုတ်လုပ်ကြ၏။ ထိုရွာကြီးများမှထွက်သော သံထည်ပစ္စည်းများသည် ကျော်ကြား၏။ ထိုရွာကြီးတစ်ရွာ၏အမည်ကို မန်ကျည်းကန်ဟု ဆိုကြပါစို့။ ကျွန်ုပ်၏ မှတ်တမ်းများကို ပြန်ကြည့်သည့်အခါတွင် စိတ်ဝင်စားဖွယ် အမှုတစ်ခုကို တွေ့သဖြင့် စာဖတ်ပရိသတ်များထံ တင်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။

■

ချမ်းအေးသော ဆောင်းကုန်ခါနီး တစ်မနက်၌ ကျွန်ုပ်သည် ဌာနာဝင်းထဲရှိ ကျွန်ုပ်၏အိမ်ရှေ့ဝရန်တာတွင် နေစာလှုံရင်း လက်ဖက်ရည်ကြမ်းသောက်လျက်ရှိစဉ် အထက်ဖော်ပြပါ ပန်းပဲရွာကြီးတစ်ရွာဖြစ်သော မန်ကျည်းကန်ရွာမှ ပန်းပဲဖိုပိုင်ရှင် ဦးညိုမောင်သည် သူ၏ အုန်းခွံရောင်မြင်းကြီးကိုစီး၍ ကျွန်ုပ်အိမ်ရှေ့သို့ရောက်လာ၏။

"ဌာနာအုပ်မင်း နေစာလှုံနေသလား၊ ဆောင်းကုန်ခါနီးနေတော့ သိပ်တောင်ချမ်းတော့ပါဘူး ဌာနာအုပ်မင်းရယ်။ တစ်နေ့က ကျွန်တော် ပန်းပဲဖိုမှာ လှည်းပတ်သံ ထုနေတယ်ခင်ဗျ။ သံပြားတွေက ခါတိုင်းလောက် မမာဘဲ ခပ်ပျော့ပျော့ဖြစ်နေတယ်။ ဒါကို ထောက်ရင် တော်တော်ပူလာတော့မယ့် နိမိတ် လက္ခဏာပဲ"

သောအ၏ထုံးစံမှာ ရာသီဥတု အပြောင်းအလဲကို သူတို့အတွေ့အကြုံအရ

www.burmeseclassic.com



သိလေ့ရှိကြ၏။ ပုရွက်ဆိတ်များ နေရာပြောင်းလျှင် မိုးရွာတော့မည် ဆိုသည်ကိုလည်းကောင်း၊ စာကလေးများ အသိုက်နိမ့်နိမ့်လုပ်လျှင် လေပြင်းတော့မည် ဆိုသည်ကိုလည်းကောင်း သူတို့အမှတ်အသားများနှင့် သူတို့ရာသီဥတုကို ခန့်မှန်းလေ့ရှိကြ၏။ ယခုပန်းပဲဆရာ ဦးညိုမောင်မှာ သူ့အတွေ့အကြုံအရ လှည်းပတ်သံလုပ်သည့်သံပြားများ မာကျောမနေဘဲ တူဖြင့်ထု၍ အနည်းငယ် ပျော့နေသည်ဆိုလျှင် နေပူတော့မည်ဖြစ်ကြောင်းကို သူ့အတွေ့အကြုံအရ ပြောလိုက်ခြင်းဖြစ်၏။

"နည်းနည်းတော့ပူလာပြီဗျ၊ ဒါပေမဲ့ ကျုပ်မှာ ရင်ကျပ်တဲ့ ရောဂါ နည်းနည်းရှိချင်လို့ သိပ်အအေးမခံရဲဘူး၊ ခပ်နွေးနွေးလေးနေမှ တော်ကာကျတယ်၊ နွေရာသီနဲ့ ကျုပ်ရောဂါနဲ့တော့ အကိုက်ပဲ"

ကျွန်ုပ်သည် ထိုသို့ပြောရင်း ဦးညိုမောင်ကို အကဲခတ်ကြည့်လိုက်၏။ ယခုအချိန်မှာ ပန်းပဲဆရာများ အလုပ်များချိန်ဖြစ်လေရာ ကျွန်ုပ်ထံသို့ တော်ရုံတန်ရုံ အကြောင်းဖြင့် မလာတန်ရာ၊ ကိစ္စတစ်ခုခုရှိ၍ လာခြင်းသာဖြစ်ရမည်ဟု ကျွန်ုပ်တွေးလိုက်၏။ ခါတိုင်းဆိုလျှင် ဦးညိုမောင်သည် သူ့ပန်းပဲဖိုမှ ထွက်သည့် သံထည်များကို လှည်းဖြင့်တင်၍ လာရောင်းလေ့ရှိပြီး ယခုအခေါက်တွင်မူ ပစ္စည်းများ ပါလာဟန်မရှိဘဲ မြင်းနှင့်လာခြင်း ဖြစ်သည့်အတွက် အလုပ်များသည့်ကြားမှ သူလာသည့်ကိစ္စသည် အတော်အတန်အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်လိမ့်မည်ဟုလည်း ကျွန်ုပ်တွေးလိုက်မိသေး၏။

ဦးညိုမောင်သည် မြင်းပေါ်မှဆင်းလိုက်ကာ မြင်းကုန်းနှီးနောက်ကျောင်တင်လာသည့် ဂုန်နီအိတ်ကလေးတစ်လုံးကို ဆွဲလာ၏။ ကျွန်ုပ်စားရန် အတွက် ထန်းပင်မြစ်များကို လက်ဆောင်ပေးခြင်းဖြစ်၏။

"ထန်းပင်မြစ်တွေလားဗျ၊ ခင်ဗျားထန်းပင်မြစ်ကိုတော့ ကျုပ်မစားရဲဘူး ဦးညိုမောင်ရေ့။ အလိုလိုမှ ချောင်းဆိုးပြီး ရင်ကျပ်ရတဲ့အထဲမှာ ထန်းပင်မြစ်

www.burmeseclassic.com

www.burmeseclassic.com



တွေစားရင် ဒုက္ခရောက်လိမ့်မယ်"

ကျွန်ုပ်သည် ဦးညိုမောင်အား သက်ဖက်ရည်ကြမ်းဖြင့် တည်ခင်း ဧည့်ခံပြီးနောက်–

"ဆို ဘာကိစ္စများ ပေါ်လာလို့လဲ"

"ကိစ္စကလေးနည်းနည်းရှိလို့ လာခဲ့တာပဲ ဌာနာအုပ်မင်းရေ့၊ ကိစ္စရှိဆို ကျွန်တော့်ပန်းပဲဖိုက သံထည်ပစ္စည်းတွေ ခဏခဏ ပျောက်ပျောက်နေလို့ ခင်ဗျ။ တိုလီမိုလီပစ္စည်းကလေးတွေ ပျောက်နေတာကတော့ ကြာပါပြီ။ တော်တော်ကြာ ပင်နယန်ကလေး ပျောက်လိုက်၊ တော်တော်ကြာ လှည်းပတ်သံကလေး ပျောက်လိုက်၊ တော်တော်ကြာ မူလီကလေးအစ၊ ဂျိုက်ကလေးအစ ပျောက်လိုက်ဖြစ်နေတာကတော့ တော်တော်ကလေးကို ကြာနေပြီ။ ကျွန်တော်ကလည်း ဒီလောက်ကလေးတွေကတော့ မဖြစ်လောက်ပါဘူးလေ၊ ရွာထဲက ကောင်လေးတွေ ဖဲရှုံးလို့ မျောက်ပန်းရှုံးလို့ အလစ်ဝင်ဆွဲသွားတာ ဖြစ်မှာပဲလို့ ခပ်ပေ့ပေ့ပဲ သဘောထားနေလိုက်တယ်။ ပြီးတော့ ကျွန်တော်တို့ ပန်းပဲပစ္စည်းဆိုတာကလည်း သေတ္တာနဲ့ဘာနဲ့ သေသေချာချာ သိမ်းလို့ရတဲ့ ပစ္စည်းမျိုးမှမဟုတ်တာ၊ လုပ်ရင်းတန်းလန်း မိုးချုပ်သွားရင် ဒီလိုပဲ ပန်းပဲဖိုထဲမှာ ထားလိုက်ရတာပဲ၊ ဒါကြောင့် ခပ်ပေ့ပေ့ပဲ သဘောထားလိုက်တယ်၊ မနေ့က တော့"

ဦးညိုမောင်သည် လည်ချောင်းကို ရှင်းလိုက်ပြီး ပြောင်းဖူးဖက်တစ်လိပ်ကို မီးညှိနေ၏။

"အဲ မနေ့ကတော့ နတ်ပွဲရှိတာနဲ့ ပန်းပဲဖိုပိတ်ထားတယ် ခင်ဗျ၊ လုပ်လက်စတန်းလန်း သံလှည်းဝင်ရိုးကြီးတစ်ချောင်းလုံး ပျောက်သွားတယ်။ ကျွန်တော်တို့ အရပ်က ချိုင့်တွေ ကျင်းတွေကြောင့် လှည်းဝင်ရိုး မကြာခဏ ကျိုးတတ်တာနဲ့ သံလှည်းဝင်ရိုးထည့်မယ် စိတ်ကူးရတာနဲ့ သံလှည်းဝင်ရိုး

www.burmeseclassic.com

www.burmeseclassic.com



ကို အစမ်းလုပ်ကြည့်တာ၊ ခုတော့ အဲဒီ လှည်းဝင်ရိုးကြီးကို ခိုးသွားကြတယ် ခင်ဗျ။ ကျွန်တော်ဖြင့်အံ့ရော၊ ဒီလောက်လေးတဲ့ လှည်းဝင်ရိုးကြီးကိုများ ဘယ်လိုလုပ်ပြီး ခိုးသွားသလဲ မဆိုနိုင်ဘူး၊ ဒီအတိုင်းသာ မကြာခဏ အခိုးခံနေရယင် ကျွန်တော့် ပန်းပဲဖို တစ်ဖိုလုံး ကုန်လိမ့်မယ်ထင်တယ်"

"သူခိုးဆိုတာကတော့ ပေါတယ်လေးတယ် ရွေးမနေဘူးဗျ၊ သူကလည်း ခိုးချင်ပြီး ပစ္စည်းကလည်း ခိုးစရာပစ္စည်း ဖြစ်နေပြီဆိုယင် ခင်ဗျား ပန်းပဲဖိုကြီး တစ်ဖိုလုံးကိုတောင် မ သွားလိမ့်ဦးမယ်"

"ဟုတ်ပါ့ဗျာ" ဟု ဦးညိုမောင်က ထောက်ခံ၏။

"ကဲ ဆိုစမ်းပါအုံး၊ ဘယ်လိုခိုးသွားသလဲ၊ ဘာကြောင့် ခိုးတယ်လို့ထင်သလဲ၊ ခု ဌာနာကို တိုင်ချက်ဖွင့်ရအောင် လာတယ် ဆိုပါတော့"

"ဘာကြောင့် ခိုးသလဲဆိုတာကတော့ ဌာနာအုပ်ကြီးက ဒီကိစ္စကို ဘယ်လိုမြင်သလဲ ဆိုတာပေါ်မှာ တည်မှာပဲ ခင်ဗျ၊ ဖြစ်တာက.."

"ကျုပ်ဘယ်လို မြင်တယ် မမြင်ဘူးဆိုတာက အရေးမကြီးပါဘူးလေ၊ ကျုပ်သိချင်တာက အချက်အလက်ကို သိချင်တာပါ၊ အချက်အလက်မသိရင် ဘယ့်နှယ့်လုပ် ကျုပ်က ထင်မြင်ချက် ပေးနိုင်မှာလဲ"

"သူခိုးကတော့ သူခိုးပါးခင်ဗျ၊ နယ်နယ်ရရ သူခိုးမဟုတ်ဘူး"

"ခင်ဗျားထင်မြင်ချက်တွေ နောက်မှ ပြောပါ၊ ဖြစ်ပုံကိုသာ ပြောစမ်းပါ"

ဦးညိုမောင်သည် မည်သို့မျှ မပြောသေးဘဲ လက်နှစ်ဖက်ကို ပန်းပဲထုသည့်နှယ် မြှောက်ပြလိုက်၏။

"ဗျို့ ဦးညိုမောင်၊ ဒါ ပန်းပဲထုနေတာ မဟုတ်ဘူးဗျ၊ ပုလိပ်ဌာနာကို လာနေတာ။ ကဲ ဖြစ်ပုံပျက်ပုံကို ကျုပ်ကို သေသေချာချာ ပြောပြစမ်း။ ကျုပ် မေးတဲ့ မေးခွန်းတွေကိုလည်း သေသေချာချာဖြေ၊ ခင်ဗျားဆိုက ခိုးသွားတဲ့ လှည်းဝင်ရိုးနဲ့ လှည်းဆင်လို့ရသလား"

www.burmeseclassic.com

www.burmeseclassic.com



"မရသေးပါဘူးခင်ဗျ၊ ဝင်ရိုးက သံတောင်ကောင်းကောင်း မဆေးရသေးဘူး။ ဒီသံကြွပ်နဲ့ လှည်းဝင်ရိုးလုပ်ယင် ချက်ချင်း ကျိုးသွားမှာပေါ့၊ ပြီးတော့ ဝင်ရိုးအတိုင်းအတာလည်း မဟုတ်သေးဘူး၊ ရှည်နေသေးတယ်။ ကျွန်တော်ပြောလိုတာက သူခိုးဟာ တွေ့ရာလွယ်ရာကို ကောက်ခိုးသွားတယ် ထင်တာပဲ"

"ခင်ဗျားဝင်ရိုးက မော်တော်ကားတို့ ဘာတို့မှာကော သုံးလို့မရဘူး နော်"

ကျွန်ုပ်က စိတ်ကူးတစ်ခုရ၍ ကောက်မေးလိုက်၏။

"ကြံကြိတ်စည်ရာ ဌာနာအုပ်မင်းရယ်၊ ဒီသံချောင်းကြီး သက်သက်ဟာ ဘာလုပ်လို့ ရမှာလဲ"

ကျွန်ုပ်သည် ဦးညိုမောင်ကို စိုက်ကြည့်လိုက်၏။ ဤသို့ ကြည့်ခြင်းမှာ အခြားအကြောင်းကြောင့် မဟုတ်ချေ။ ပုလိပ်ဘည်အရ လူတစ်ယောက်ကို စိုက်ကြည့် အကဲခတ်လိုက်ခြင်းမျှသာ ဖြစ်၏။ ဦးညိုမောင်မှာ ကျွန်ုပ် စိုက်ကြည့်နေသည်ကို မြင်သည့်အခါတွင် အနေရခက်သွားဟန်ရှိ၏။

"မနေ့ကတစ်ရွာလုံး နတ်ပွဲသွားလို့ ပန်းပဲဖိုပိတ်ထားတယ်၊ ဒါပေမဲ့ ဒီနေ့မနက် ဖိုထဲကိုဝင်တော့ ဖိုကပူနေတုန်း ရှိသေးတယ်ခင်ဗျ၊ သူခိုးက ကျွန်တော့် ပန်းပဲဖိုမှာတောင် အလုပ်လုပ်သွားသေးသလားမဆိုနိုင်ဘူး"

ထိုအချက်သည် ကျွန်ုပ်အတွက် အရေးကြီး၏။ ကျွန်ုပ်သည် ခပ်စောစောက ရလိုက်သည့် စိတ်ကူးကို ဆန့်ထုတ်၍ တွေးလိုက်ကာ –

"ကောင်းပြီလေ ဦးညိုမောင်၊ ခင်ဗျားပြန်နိုင်ပါပြီ၊ ခင်ဗျားဆီက ကျွန်တော် သိချင်တာလေးတွေ သိလိုက်ရပါပြီ"

ကျွန်ုပ်သည် ပန်းပဲဖိုမှပစ္စည်းများ တစ်ခုပြီးတစ်ခု ပျောက်သွားသည်ကို သိလိုက်ရကတည်းက ကျွန်ုပ်ခေါင်းထဲတွင် စဉ်းစားစရာရှိသည်တို့ကို စဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားမိလိုက်ပြီး ဖြစ်၏။ ထို့ကြောင့် ဦးညိုမောင်ကို ပြန်လွှတ်လိုက်ခြင်း ဖြစ်၏။

ပန်းပဲဖိုပိုင်ရှင် ဦးညိုမောင်သည် ထိုင်ရာမှထလိုက်လျက် –

"ဒီလိုဆိုရင် ကျွန်တော့်ကိစ္စလေးကို စုံစမ်းပေးစမ်းပါဦး ဌာနာအုပ်မင်းရယ်၊ ဒီအတိုင်းသာ ပစ္စည်းတွေပျောက်ပျောက်နေရင်တော့ ကျွန်တော့်ပန်းပဲဖိုကလေး ပြုတ်ရချည်ရဲ့"

"ကျွန်တော်တတ်နိုင်သလောက် စုံစမ်းပါဦးမယ်လေ"

ဦးညိုမောင်သည် ကျွန်ုပ်ကိုနှုတ်ဆက်ကာ မြင်းပေါ်သို့တက်၍ ဌာနာဝင်းအပြင်ဘက်သို့ စီးသွား၏။

■

ထိုနေ့မှာ ဌာနာတွင် အမှုပါးသည့်နေ့ဖြစ်သည့်အတွက် ကျွန်ုပ်သည် ထမင်းစားသောက်ပြီးသည်နှင့် ဘိုင်စကယ်တစ်စီးဖြင့် မြို့စွန်ရှိ ရပ်ကွက်တစ်ခုသို့လာခဲ့၏။ ထရံကာ၊ ဝါးကပ်မိုးနှင့် မြေစိုက်အိမ်တစ်အိမ်ရှေ့သို့အရောက်တွင် ကျွန်ုပ်သည် စက်ဘီးကို ဝင်းထဲသို့ရောက်အောင် စီးလာခဲ့ကာ အိမ်ရှေ့တစ်နေရာတွင် ဒေါက်ထောက်၍ ထောင်လိုက်ရင်း အိမ်အခြေအနေကို အကဲခတ်ကြည့်လိုက်၏။ ထိုအိမ်မှာ မုဆိုးမဒေါ်ဖွားမေ၏ အိမ်ဖြစ်ပြီး နောက်ဖေးတွင် ဝက်နှင့်ကြက်များ မွေးထား၏။ ကျွန်ုပ်သည် ဒေါ်ဖွားမေကို အသံပြုခေါ်သော်လည်း မတွေ့ရချေ။ ဒေါ်ဖွားမေမှာ ကျွန်ုပ်တို့ အရပ်ထုံးစံ မြေပဲဖော်လိုက်သွားသည်ထင်၏။ သို့ရာတွင် ကျွန်ုပ်သည် သူ့သားဖြစ်သူ အသက်ဆယ့်ခြောက်နှစ်အရွယ်ရှိ ထွန်းအေးကို အဆင်သင့်တွေ့ရ၏။ ထွန်းအေးမှာ နောက်ဖေးခြံထဲတွင် သံချောင်းလုံးကြီးတစ်ချောင်းကို တူဖြင့် ရိုက်လျက်ရှိသဖြင့် ကျွန်ုပ်အသံပြုသည်ကို ကြားဟန်မရှိချေ။

ထို့ကြောင့် ကျွန်ုပ်သည်ဆက်၍ အသံမပြုသေးဘဲ ထွန်းအေးလုပ်နေပုံကို အိမ်ရှေ့မှနေ၍ အကဲခတ်နေ၏။ ထွန်းအေးမှာ သံချောင်းလုံးကြီးတစ်လုံးတွင်

www.burmeseclassic.com

www.burmeseclassic.com



စို့တင်ကာ ခြောက်ပေါင်တူကြီးတစ်လက်ဖြင့် တစ်အားရိုက်ဖြတ်လျက် ရှိလေ၏။ ထွန်းအေး၏ တူထုသံသည်ဟိန်းလျက် တဒိန်းဒိန်း တဒင်ဒင်မြည်လျက်ရှိကာ တိတ်ဆိတ်နေသော မွန်းတည့်ချိန်တွင် ပျင်းရိငြီးငွေ့စရာ ကောင်းနေ၏။ ကျွန်ုပ်သည် ဆယ့်ငါးမိနစ်ခန့်မျှ ရပ်ကြည့်နေပြီးနောက် –

"အိမ်ရှင်တို့ မရှိကြဘူးလားဟေ့" ဟု လှမ်းအော်လိုက်၏။

ထွန်းအေးမှာမူ တူထုသံကြောင့် ကျွန်ုပ်ခေါ်သံကိုမကြားဘဲ သံချောင်းကြီးကို စို့ဖြင့် ရိုက်ဖြတ်မြဲ ဖြတ်လျက်ရှိ၏။

"ဟေ့ ထွန်းအေး၊ ဘာလုပ်နေတာလဲကွ၊ အိမ်ရှေ့မှာ တစ်ယောက်မှမရှိပါလား၊ မင်းအမေကော" ဟု ကျွန်ုပ်က နောက်တစ်ကြိမ်ထပ်၍ ခေါ်လိုက်၏။

တူထုသံသည် ချက်ချင်းရပ်သွား၏။ ထွန်းအေးသည် ကျွန်ုပ်ကို တစ်ချက်လှမ်းကြည့်လိုက်၏။ ထို့နောက်တွင် ကျွန်ုပ်မှာ ထွန်းအေးလုပ်ပုံကိုကြည့်၍ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ထွန်းအေးသည် ကျွန်ုပ်ကိုမြင်သည်နှင့် လက်ထဲတွင်ကိုင်ထားသည့် ခြောက်ပေါင်တူကြီးကို ပစ်ချကာ ခြံစည်းရိုးကိုကျော်၍ တစ်ဖက်အိမ်အကွယ်တွင် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားလေပြီ။

"တော်တော်အပြေးသန်တဲ့ကောင်ပါလား" ဟု ကျွန်ုပ် စိတ်ထဲမှ ဆိုလိုက်မိပါသေး၏။

ကျွန်ုပ်သည် သူ့နောက်သို့ မလိုက်တော့ဘဲ သူပြန်လာသည့်အထိ ထိုင်စောင့်ရန် ဆုံးဖြတ်ကာ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ဝင်ထိုင်ရင်း ဆေးပြင်းလိပ်တစ်လိပ်ကို ဖွာနေမိ၏။

မကြာလိုက်ချေ။ ထွန်းအေးသည် ဖိနပ်မပါဘာမပါဖြင့် အိမ်ရှေ့ပေါက်မှ ပြန်ရောက်လာ၏။ သူ့ကိုယ်တွင် ချွေးသီးချွေးပေါက်တွေ ထွက်လျက်ရှိကာ အသက်ရှူသံမှာလည်း ပြင်းလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ထွန်းအေး၊ မင်းတော်တော်အပြေးသန်တဲ့ကောင်ပါလားကွ" ဟု ကျွန်ုပ်က မပြုံးမရယ် ရှုတည်တည်ဖြင့် ပြောလိုက်၏။ ထွန်းအေးသည် ကျွန်ုပ်ရောက်လာသည်ကို ယခုမှသိဟန်ဖြင့် ကျွန်ုပ်အနီးသို့ မရဲတရဲကပ်လာကာ –

"ဦးလေး၊ ဘယ်ကလှည့်လာတာလဲ၊ ကြက်ဥလိုချင်လို့လား" ဟု စကားမရှိ စကားရှာ၍ မေး၏။

"ငါလိုချင်တာက ကြက်ဥမဟုတ်ဘူးကွာ၊ မန်ကျည်းကန်က မင်းယူသွားတဲ့ ပစ္စည်းတွေကို လိုချင်လို့လာတာပါ"

ထွန်းအေးသည် အံ့အားသင့်သွားဟန်ဖြင့် –

"ဘာပစ္စည်းတွေလဲ ဦးလေးရ၊ မန်ကျည်းကန်က ယူလို့.."

"ဘာပစ္စည်းရမလဲကွ၊ မန်ကျည်းကန်ရွာ ကိုညိုမောင်ရဲ့ ပန်းပဲဖိုက မင်းယူသွားတဲ့ဝင်ရိုးရယ်၊ မော်တော်ကားဂီယာအုံအဟောင်းကြီးရယ်၊ ပြီးတော့ သံတိုသံစတွေရယ်၊ အဲဒါတွေ ဘယ်မလဲ၊ ငါ့ကိုသာ လိုက်ပြစမ်းပါ"

ကျွန်ုပ်၏ လေသံမှာ ခပ်ထန်ထန်ဖြစ်သွား၏။

"ဘာ–ဝင်ရိုးရယ်၊ ဂီယာအုံရယ်၊ သံထည်ပစ္စည်းတွေရယ်၊ ဟုတ်လား ဦးလေးပြောတာတွေကို ကျွန်တော်ဘာမှနားမလည်ဘူး"

"ဟော့ကောင် ပြမှာသာပြစမ်းကွာ၊ စကားရှည်မနေနဲ့"

ထွန်းအေးသည် အတန်ကြာ ငိုင်နေ၏။ ထို့နောက် သက်ပြင်းကြီး တစ်ချက်ချလိုက်ကာ –

"ကဲပါ ဦးလေးရယ်၊ ခုမှတော့ မထူးတော့ပါဘူး၊ ကျွန်တော်ပြပါ့မယ်"

ထွန်းအေးသည် ကျွန်ုပ်ကို နောက်ဖေးရှိ တဲတစ်လုံးသို့ ခေါ်သွား၏။ တဲဝတွင်ရပ်လိုက်သည့်အခါ မှောင်လျက်ရှိသဖြင့် ကျွန်ုပ်သည် ဘာကိုမှ ကောင်းစွာမမြင်ရချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာဦးလေး၊ ကျွန်တော့်ကို ကြိုက်သလိုလုပ်ပါတော့"

ကျွန်ုပ်သည် မျက်လုံးကို မှောင်ထဲတွင် ကျင့်သားရအောင် အတန်ကြာမျှ စောင့်ဆိုင်းနေရသေး၏။ အကျင့်ရသွားသည့် အခါမှ အထဲသို့ကြည့်လိုက်ရာ သူ့ရှေ့တွင် ချက်ပလက်ကား ပုံစံအဟောင်းတစ်စီးကို မြင်ရလေ၏။ သို့ရာတွင် ကားမှာ ဘာမျှမရှိသေးချေ၊ အခွံမျှသာရှိသေး၏။ တာယာမပါသော ကားဘီး၊ ကာဗျူရေတာ၊ မီးလုံး၊ စတီယာရင်တိုင် စသည့် ကားပျက်တစ်စီး၏ သဏ္ဌာန်ကို တွေ့ရ၏။

"ဒါဘာလုပ်တာလဲ"

"ကျွန်တော် ကားတစ်စီးဆင်မလို့ ကြိုးစားကြည့်တာပါ ဦးလေး"

"မင်း–ဒီပစ္စည်းတွေအားလုံးကို ဘယ်ကရသလဲ"

"ဟိုက ဒီက အကုန်လျှောက်စုထားတာပါ"

ထိုအခါတွင်မှ ကျွန်ုပ်သည် ဒီစတြိုက်မြို့ကြီးတွင် ကားမီးလုံးများ ပျောက်ခြင်း၊ ဝပ်ရှော့များမှ ကားပစ္စည်းများပျောက်ခြင်း စသည်တို့ကိုသတိရ မိတော့သည်။ ကျွန်ုပ် အပိုင်တွင်လည်း လွန်ခဲ့သောသုံးလေးလမှစ၍ ကား ပစ္စည်းများ မကြာခဏ ပျောက်ခဲ့ရာ ကျွန်ုပ်သည် ထိုခိုးမှုများနှင့်ပတ်သက်၍ လိုက်လံစုံစမ်းခဲ့သော်လည်း မည်သည့်သဲလွန်စကိုမျှ မရခဲ့ချေ။ ကားပစ္စည်း အဟောင်းဆိုင်များ၊ ဝပ်ရှော့များတွင် လိုက်လံစုံစမ်းခဲ့သော်လည်း အချည်းနှီး သာ ဖြစ်ခဲ့၏။ ဝပ်ရှော့တစ်ခုနှစ်ခုနှင့် ကားပစ္စည်းအဟောင်းဆိုင်များအနီးတွင် ထွန်းအေးကို သုံးလေးကြိမ်ထက်မနည်း တွေ့ခဲ့သော်လည်း ထွန်းအေး၏ အကျင့်စာရိတ္တနှင့်ပတ်သက်၍ နာမည်ပျက်မရှိခဲ့သည့်အတွက်ကြောင့် တစ် ကြောင်း၊ ထိုပစ္စည်းဆိုင်များတွင်လည်း ပျောက်သွားသောပစ္စည်းများမရှိ သည့်အတွက်ကြောင့် တစ်ကြောင်း ကျွန်ုပ်သည် ထွန်းအေးကို အနည်းငယ် မျှ သံသယ မဖြစ်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မော်တော်ကားရှူး ရှူးနေသည့် မလိမ်မိုးမလိမ်မာ ဆယ့်ခြောက်နှစ်အရွယ် ထွန်းအေးကိုကြည့်၍ စိတ်မကောင်းဖြစ်သွားကာ –

“မိုက်ပါဘိ ထွန်းအေးရာ၊ မင်းမှာ ဒီလိုလုပ်တဲ့အတွက် အပြစ်ရှိတယ်ဆိုတာ မသိဘူးလား”

“ကျွန်တော့်ကို ပေးချင်တဲ့အပြစ်ပေးနိုင်ပါတယ် ဦးလေးရယ်၊ ကျွန်တော်က စက်ဘီးတို့ဘာတို့ ဝါသနာပါတာနဲ့ ကျွန်တော့်ဘာသာ မော်တော်ကားဆင်ကြည့်တာပါ။ ပစ္စည်းဖိုးတို့ ဘာတို့ကလည်း မတတ်နိုင်တော့ ဒီလိုပဲ ဟိုကလိုက်စု ဒီကလိုက်စု လုပ်မိတာပါ”

“လက်စသတ်တော့ ဒါကြောင့် ဒီအမှုတွေကို သဲလွန်စ လိုက်လို့မရဘဲ ဖြစ်နေတာကိုး။ မင်းလိုကောင်လေးတစ်ယောက်က မော်တော်ကားပစ္စည်းတို့ ဘာတို့ခိုးရင်လည်း ဆိုင်တွေမှာပြန်ရောင်းမှာပဲလို့ ငါတွက်ခဲ့မိတယ်။ ခုတော့ ဆိုင်တွေမှာ လိုက်ရှာလို့ အစအန တစ်ခုမှမရဘူး။ မင်းကိုလည်း ဒီလိုစိတ်ကူးမျိုးရှိမယ်လို့ ငါနည်းနည်းကလေးမှ မထင်မိဘူး၊ ဒီတော့ ငါ့မှာ ဒီအမှုတွေအတွက် ခြေရာခံလို့ မရနိုင်အောင် ဖြစ်နေတာပေါ့”

“ဟုတ်ပါတယ် ဦးလေးရယ်၊ ကျွန်တော့်မှာအပြစ်ရှိပါတယ်၊ ကျွန်တော်ဝန်ခံပါတယ်၊ ဒီတော့ ကျွန်တော့်ကို လက်ထိတ်ခတ်ပြီး ဌာနာကိုသာ ခေါ်သွားပါတော့”

ကျွန်ုပ်သည် ထွန်းအေးကိုကြည့်လိုက်၏။ ထွန်းအေးမှာအသက် ဆယ့်ငါးနှစ်ကျော် ဆယ့်ခြောက်နှစ်နီးပါးမျှသာ ရှိပေဦးမည်။ ပကတိအပြစ်ကင်းသည့် အရွယ်ကလေးဖြစ်၏။ ထိုပစ္စည်းများခိုးမှုနှင့် စွဲချက်တင်လိုက်လျှင် ထွန်းအေးသည် အရွယ်မရောက်သေးသည့်အတွက် တရားရုံးတော်မှ သက်ညှာစွာ စဉ်းစား၍ လွှတ်ပစ်နိုင်၏။ သို့မဟုတ်လျှင်လည်း ထောင်ကြီးများသို့ မပို့ဘဲ ဘော်စတယ် စသည့် ကလေးထောင်များသို့လည်း ပို့နိုင်၏။ တရားရုံး

www.burmeseclassic.com

www.burmeseclassic.com



တော်မှ သက်ညှာစွာ စဉ်းစား၍ ဆုံးမသြဝါဒပေးကာ လွှတ်ပစ်လိုက်လျှင် အကြောင်းမဟုတ်သေး။ ဘော်စတယ်သို့ပို့လိုက်လျှင် ဘော်စတယ်တွင် လူဆိုးလေးတွေနှင့် ပေါင်းမိကာ ထွန်းအေး၏ အကျင့်စာရိတ္တသည် တစ်သက်လုံး ပျက်စီးသွားနိုင်သည်ဟု တွေးမိ၏။

ကျွန်ုပ်သည် သက်ပြင်းကြီးတစ်ချက်ကို ချလိုက်ကာ–

"မင်းတော်တော်မိုက်တဲ့ကောင်လေးပဲကွာ၊ ကဲ–ခု မင်းအသက် ဘယ်လောက်ရှိပြီလဲ၊ ဆိုစမ်း"

"ကျွန်တော် ဆယ့်ငါးနှစ်ပါ"

"ကျောင်းကောနေသလား"

"ဟုတ်ကဲ့၊ ဒေါ်ကလေးမ ကျောင်းမှာနေပါတယ်"

"ဘယ်နတန်းလဲ"

"လေးတန်းပါ"

"မင်းက စက်ပြင်တို့ ဘာတို့ကို ဝါသနာပါသလား"

"ကျွန်တော် ငယ်ငယ်လေးကတည်းက စက်ပြင်တာကို ဝါသနာပါခဲ့ပါတယ်ခင်ဗျာ။ ကျွန်တော့်အဖေ မဆုံးခင်တုန်းက ကျွန်တော်တို့ ဝပ်ရှော့တစ်ခုနားမှာ နေခဲ့ပါတယ်။ အားအားရှိရင် အဲဒီဝပ်ရှော့ကို သွားပြီး ကစားနေတာပါပဲ။ လူကြီးတွေစက်ပြင်တာ၊ ကားပြင်တာတွေကိုကြည့်ပြီး ကျွန်တော်ကြီးလာရင် စက်ပြင်ဆရာလုပ်မယ်၊ ကိုယ်ပိုင်မော်တော်ကား လုပ်မယ်လို့ စိတ်ကူး ရှိခဲ့ပါတယ်။ ခုတော့ ကျွန်တော့်မှာ ပစ္စည်းလေးတွေစုပြီး မော်တော်ကား လုပ်ကြည့်တာပါ။ ဒီမီးလုံးတွေ၊ ဘီးခွေတွေ၊ ဝင်ရိုးတွေဟာ ဟိုကဖြုတ် ဒီကဖြုတ်နဲ့ ကျွန်တော် တဖြည်းဖြည်း စုလာခဲ့တဲ့ပစ္စည်းတွေပါ။ ကျွန်တော့်မှာ အပြစ်ရှိပါတယ်ဦးလေး၊ ဦးလေး ကျွန်တော့်ကိုဖမ်းပါ"

ကျွန်ုပ်မှာ ရိုးသားသော လူငယ်တစ်ဦး၏ပြစ်မှုကို မည်သို့လုပ်ရမည်

www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ ဖြစ်နေ၏။

"ငါလည်း အစကတော့ ဒီပစ္စည်းတွေ ပျောက်ပျောက်သွားတာ အစရှာလို့ မရဘဲဖြစ်နေတယ်၊ ပန်းပဲဆရာ ဦးညိုမောင်က သူ့ပန်းပဲဖိုဟာ မနေ့က အလုပ်မလုပ်ဘူးတဲ့။ ဒါပေမဲ့ ဒီနေ့မနက် သူဖိုထဲ ဆင်းကြည့်တော့ ပန်းပဲဖိုကြီးက ပူပြီး မီးငွေ့နည်းနည်းရှိသေးတယ်တဲ့။ ဒီစကားတစ်ခွန်းပေါ်မှာ အခြေတည်ပြီး မင်းများဖြစ်မလားလို့ ငါစဉ်းစားမိတာပဲ။ တကယ့်သူခိုးကြီးဆိုရင် သူ့ကိုခြေရာခံနိုင်လောက်အောင် ပန်းပဲဖိုထဲမှာ လက်စလက်န ထားခဲ့မှာ မဟုတ်ဘူး၊ အကုန်လုံး ပိပိရိရိ ခြေရာဖျောက်ပစ်ခဲ့မှာပဲ။ ခုတော့ ဒီလို မပိမရိနဲ့လုပ်သွားတာဟာ တကယ့်သူခိုးကြီး မဖြစ်နိုင်ဘူး၊ စိတ်ရှုးပေါက်နေတဲ့ ကလေးတစ်ယောက်ဖြစ်မှာပဲလို့ ငါစဉ်းစားမိလိုက်တယ်။ ဒါကြောင့်မို့ မင်းဆီကို ငါလာကြည့်တာပဲ။ ပြီးတော့ မင်းကိုလည်း လွန်ခဲ့တဲ့ဆယ့်လေးငါးရက်လောက်က မော်တော်ကား ပစ္စည်းအဟောင်းဆိုင်တွေ၊ ဝပ်ရှော့တွေနားမှာ နှစ်ခါသုံးခါ မြင်လိုက်တာကိုး။ ဒီတော့ မင်းပဲ ခိုးရောင်းလေမလားလို့ ငါထင်လို့ လာတာ၊ ခုတော့ မင်းကဒီပစ္စည်းတွေကို ခိုးရောင်းတာမဟုတ်ဘဲ မင်းကိုယ်ပိုင်စိတ်ကူးနဲ့ မော်တော်ကားတစ်စင်းလုပ်နေတာကိုး၊ အင်း တော်တော်လည်း စိတ်ကူးပေါက်တဲ့ကောင်ပဲ"

"မနေ့ကတော့ သူ့ပန်းပဲဖိုက ပစ္စည်းကို ကျွန်တော်သွားယူတာ မဟုတ်ပါဘူးဦးလေး၊ ဝင်ရိုးအတွက် ပင်နယန်တစ်လုံးလိုလို့ ကျွန်တော်သွားလုပ်တာပါ။ သူတို့တစ်ရွာလုံး နတ်ပွဲသွားကြလို့ ပန်းပဲဖိုတွေ ပိတ်ထားတယ်၊ ဒီတင် ကျွန်တော်လည်း ပန်းပဲသမားယောင်ဆောင်ပြီး သူ့ဖိုမှာ ပင်နယန်ကလေး တစ်လုံး သွားခုတ်တာပါ"

"တော်တော်စိတ်ကူးယဉ်တဲ့ကောင်ကွာ၊ မင်းမော်တော်ကားက စက်မှ မပါဘဲ၊ ဘယ့်နှယ်လုပ် အကောင်အထည်ပေါ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စက်ကိုလည်း ကျွန်တော် တစ်နေရာက အဟောင်းအမြင်းကို ရှာပြီး ပြင်မယ်လို့ စိတ်ကူးထားပါတယ် ဦးလေး"

"ကဲ ကဲ ငါ့တူ၊ မင်းလည်း မော်တော်ကားလုပ်ဖို့ စိတ်မကူးနဲ့တော့ ဒီလို အတတ်မျိုးကို ဝါသနာပါတယ်ဆိုတာ ကောင်းတော့ကောင်းပါတယ်၊ ဒါပေမဲ့ ရာဇဝတ်မကင်းတဲ့ အမှုမျိုးကို မကျူးလွန်ရဘူး၊ ခုတော့ မင်းဟာ အရွယ်မရောက်သေးတဲ့ လူငယ်လေးတစ်ယောက် ဖြစ်နေတဲ့အတွက် ငါ အပြစ်က လွှတ်လိုက်မယ်၊ ပစ္စည်းတွေကိုတော့ သူ့ပိုင်ရှင်ကို ပြန်ပေးရလိမ့်မယ်။ ညနေကျရင် ငါ့ဌာနက ပုလိပ်တွေလာပြီး သိမ်းလိမ့်မယ်၊ ဒီပစ္စည်းတွေကို ဘယ်မှ သိဝှက်မထားနဲ့"

ထွန်းအေး၏မျက်လုံးတွင် မျက်ရည်တွေလည်နေသည်ကို ကျွန်ုပ် သတိပြုမိ၏။ ထို့နောက် ထွန်းအေးသည် မြေကြီးပေါ်သို့ ဆောင့်ကြောင့်ထိုင်ချကာ ကျွန်ုပ်အား ကန်တော့လျက်ရှိလေ၏။

■

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ ကျွန်ုပ် တိုက်ပိုင်အဖြစ် (...) မြို့နယ်တွင် အမှုထမ်းနေစဉ် တစ်နေ့သ၌ စစ်တပ်မှ လေလံပစ်သော ဂျစ်ကားတစ်စင်းသည် ကျွန်ုပ်အိမ်ရှေ့သို့ ထိုးရပ်ကာ အမိုးလှန်၊ မှန်ချထားသော ဂျစ်ကားပေါ်မှ ဆီချေးတွေ ပေကျံလျက် ရှိသော စစ်ဘောင်းဘီ၊ စစ်အင်္ကျီတို့ကို ဝတ်ဆင်ထားသည့် အသက်သုံးဆယ်နီးပါး လူရွယ်တစ်ယောက်သည် ဆင်းလာလေ၏။ ကျွန်ုပ်မှာ ထိုလူရွယ်ကိုမြင်ဖူးသည်ဟု စိတ်ထဲတွင်ထင်လိုက်သော်လည်း မည်သူမည်ဝါမှန်းမသိချေ။

ထိုလူရွယ်သည် ကျွန်ုပ်ဆီသို့ တန်းတန်းမတ်မတ် ရောက်လာကာ-

"ဦးလေး၊ ကျွန်တော့်ကိုမှတ်မိသေးရဲ့လား၊ စစ်မဖြစ်ခင် (...) မှာ ဦးလေး ဌာနအုပ် လုပ်ခဲ့တုန်းက မော်တော်ကားလုပ်ခဲ့တဲ့ ထွန်းအေးရယ်

www.burmeseclassic.com



လေ" ဟု ပြောလေ၏။

ကျွန်ုပ်သည် မောင်ထွန်းအေးအား နေရာထိုင်ခင်းများပေးပြီးနောက် အလုပ်အကိုင်ကို မေးမြန်းစုံစမ်းရာ မောင်ထွန်းအေးက –

"ဦးလေးကျေးဇူး ကြီးပါပေတယ်ခင်ဗျာ၊ ဦးလေး ကျွန်တော့်ကို ခွင့်လွှတ်လိုက်တဲ့အတွက် ကျွန်တော်ဟာ လူကောင်းသူကောင်းဖြစ်ခဲ့ပါတယ်။ ခု ကျွန်တော် ဒီမြို့မှာ ဝပ်ရှော့တစ်ခုထောင်ထားပါတယ်။ စစ်ပြီးတော့ အင်္ဂလိပ်စစ်တပ်က စွန့်ပစ်ခဲ့တဲ့ ကားပျက်တွေကို ကျွန်တော်လိုက်ရှာပြီး မော်တော်ကား ပြင်ခဲ့ပါတယ်။ နောက်ဆုံးတော့ ကားလေးတစ်စင်းဖြစ်ပြီး ကျွန်တော် ကားပိုင်ဖြစ်သွားပါတယ်။ ဒီနောက်တော့ အဲဒီကားလေးကိုရောင်း၊ မြစ်ကြီးနားမှာ လေလံပစ်တဲ့ မော်တော်ကားတွေကို လေလံသွားဆွဲပါတယ်။ ဂျစ်ကားတစ်စင်းကိုမှ လေးရာလောက်ပဲပေးရပါတယ်။ ကျွန်တော်လည်း ဒီဂျစ်ကားတွေကို လေလံဆွဲလိုက်၊ ပြန်ရောင်းလိုက်နဲ့ လုပ်လာခဲ့တာ ခုတော့ ကိုယ်ပိုင်ဝပ်ရှော့တစ်ခုထောင်နိုင်ပြီး ဟန်ကျနေပါပြီ။ ဒီမြို့မှာ ဦးလေး ရောက်လာတယ်ကြားလို့ ကျွန်တော် လာကန်တော့တာပါ" ဟုဆိုကာ ငွေနှစ်ရာနှင့် အမဲသားဘူး၊ ဝက်အူချောင်းဘူး၊ စီးကရက်ဘူး၊ ချောကလက် စသည်ဖြင့် ကျွန်ုပ်အား ထိုင်၍ကန်တော့လေ၏။

ကျွန်ုပ်မှာလည်း စိတ်အားထက်သန်၍ ဝါသနာကြီးသည့် လူငယ်လေးတစ်ယောက် အောင်မြင်ကြီးပွားသွားရာတွင် တတ်နိုင်သမျှ ကူညီမိခဲ့သည့်အတွက် မုဒိတာပွားကာ မောင်ထွန်းအေးကိုကြည့်ရင်း ဆုပေးနေမိလေ၏။

သည်တစ်ကြိမ် မျက်ရည်ကျသူမှာ မောင်ထွန်းအေးမဟုတ်ဘဲ ကျွန်ုပ်ဖြစ်ကြောင်းကို အထူးပြောစရာ လိုမည်မထင်တော့ချေ။ ။

(စန္ဒာရုပ်စုံမဂ္ဂဇင်း၊
အမှတ် ၂၀၇၊ ဇွန်၊ ၁၉၈၆)

www.burmeseclassic.com

www.burmeseclassic.com



# မြသန်းတင့်

၁၉၂၉ မေ ၂၃၊ ကြာသာပတေးနေ့တွင် အဖဦးပေါတင့်၊ အမိ ဒေါ်လှိုင်တို့မှ ပခုက္ကူခရိုင်၊ မြိုင်မြို့၌ မွေးဖွားသည်။
ငယ်စဉ်က မြိုင်မြို့ တိုင်းရင်းမြန်မာအထက်တန်းကျောင်း၊ ပခုက္ကူမြို့ ဗုဒ္ဓဘာသာအထက်တန်းကျောင်း၊ အစိုးရအထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့၊ အမည်ရင်း မြသန်း၊

၁၉၄၇ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်၊

၁၉၄၈ ရန်ကုန်တက္ကသိုလ်တက်ရောက်၊

၁၉၄၉ ပထမဆုံးဝတ္ထုတို 'ဒုက္ခသည်' ကိုရေးသား၍ တာရာမဂ္ဂဇင်း အတွဲ ၃၊ အမှတ် ၂၁၊ ၁၉၄၉ တွင် ပုံနှိပ်ဖော်ပြ၊

၁၉၅၀ 'စာပေသည် ပြည်သူ့အတွက်' ကြွေးကြော်သံဖြင့် ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်း၊ ကိုသန်းတင့်တို့နှင့်အတူ စာပေသစ်မဂ္ဂဇင်းဦးဆောင်ထုတ်ဝေရာတွင် ပါဝင်၊

၁၉၅၁ ပထမဦးဆုံးစာအုပ်အဖြစ် ဂေါ်ကီ၏ 'မာလ်ဗာနှင့် အခြားဝတ္ထုတိုများ' ကို (ကျော်လင်းစာပေ) ဘာသာပြန်ထုတ်ဝေ၊

၁၉၅၂ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့၊ စာရေးဆရာအသင်းမှထုတ်ဝေသောစာပေမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ပြည်တော်သစ်ဂျာနယ်တွင် အယ်ဒီတာချုပ်၊ တိုးတက်ရေး
သတင်းစာတွင် နိုင်ငံခြားရေးရာ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့၊
ဒုတိယမြောက်ဘာသာပြန်အဖြစ် ဂေါကီ၏ အတ္ထုပတ္တိ 'မက္ကဇင်
ဂေါကီ' (ဗန်းမော်စာအုပ်တိုက်) စာအုပ် ထုတ်ဝေ၊
၁၉၅၃ ပထမဆုံးပင်ကိုရေးလုံးချင်း 'မေတ္တာအသချေ' စာအုပ်ရေးသား
ထုတ်ဝေ၊
၁၉၅၄ ရန်ကုန်တက္ကသိုလ်စာမေးပွဲများကို ဆက်တိုက်ဖြေဆိုအောင်မြင်၊
အင်္ဂလိပ်စာပေ၊ ဒဿနိက၊ နိုင်ငံရေးသိပ္ပံပညာတို့ဖြင့် ဝိဇ္ဇာဘွဲ့ရ၊
၁၉၅၅ သခင်ကိုယ်တော်မှိုင်းဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေးဗဟို
ကော်မတီတွင် အတွင်းရေးမှူး၊
၁၉၅၆ 'နိုင်ငံတကာဥပဒေဘာသာ' ဂုဏ်ထူး၊ 'ပြစ်မှုဆိုင်ရာဥပဒေ' ဂုဏ်ထူး
တို့ဖြင့် ဥပဒေဘွဲ့ရ၊
၁၉၅၈ ပဒေသရာဇ်ဆန့်ကျင်ရေးဝတ္ထု 'လိုက်ခဲ့တော့ မြနန္ဒာ' ကို ရေးသား
၁၉၆၀ 'အမှောင်ရိပ်ဝယ်' စာအုပ်ရေးသား၊ ဗိုလ်တထောင်သတင်းစာတွင်
နေ့စဉ်အခန်းဆက်အဖြစ် 'နှံ့ထဲကကြာ' ကို နှစ်နှစ်နီးပါးမျှ သိန်းဖေမြင့်
နှင့်ပူးတွဲရေးသား၊ နှံ့ထဲကကြာဝတ္ထုစာအုပ်မှစတင်ကာ ကလောင်
နာမည်မြသန်းမှ 'မြသန်းတင့်' သို့ပြောင်းလဲခဲ့၊
၁၉၆၁ 'ဆယ်ကြိမ်မြောက်အလည်ရောက်ခြင်း' စာအုပ်ရေးသား၊ ဆိုဗီယက်နိုင်ငံ
စတော့ဟုမ်းမြို့တွင်ကျင်းပသော 'ငြိမ်းချမ်းရေးကောင်စီ' အစည်းအ
ဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်(မြန်မာနိုင်ငံ) ၏ ကိုယ်စား
လှယ်အဖြစ်တက်ရောက်ခဲ့၊
ညီလာခံမှအပြန်တွင် ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်
ငံမှ ငြိမ်းချမ်းရေးကော်မတီများ၏ ဖိတ်ကြားချက်အရ ဒဂုန်တာရာမှ၊
ပါမောက္ခဦးအောင်လှတို့နှင့်အတူ တက်ရောက်ခဲ့၊
၁၉၆၃ 'နေထွက်သောည' ပြဇာတ်စာအုပ်၊ 'သမိုင်းဆိုင်ရာ ရုပ်ပုံ' နှင့် 'အနု
ပဋိလောမရုပ်ဝါဒ' စာအုပ်များ၊ 'ထားကျွန်မလင်း' လုံးချင်း ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



ရှည်၊ 'အရှေ့လေ တိုက်သောအခါ' ဘာသာပြန် စာအုပ်ထုတ်ဝေ၊

၁၉၇၂ 'ဝတ္ထုတိုပေါင်းချုပ်-၁' စာအုပ်ရေးသားပြီး အထူးထင်ရှားခဲ့၊ တော်လ်စတွိုင်း၏ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုဘာသာပြန် ၁၂ အုပ်တွဲ (ပုဂံစာအုပ်တိုက်) ထုတ်ဝေ၊ ယင်းစာအုပ်သည် အမျိုးသားစာပေ ဘာသာပြန်ဆုရရှိ၊

၁၉၇၃ 'ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ပင်ကိုရေး ဝတ္ထုရှည် စာအုပ်၊

၁၉၇၄ 'ကျွန်တော်ဆက်၍ ရေးချင်သောဝတ္ထုများ' စာအုပ်၊

၁၉၇၅-၇၆ 'မြန်မာကျေးတောနေတို့၏ ကဗျာများ' စာအုပ်၊ 'တောင်များ၏ တောင်ဘက်မှ ပင်လယ်များ၏မြောက်ဘက်သို့' စာအုပ်တို့ ရေးသားခဲ့၊

၁၉၇၈ 'မော်ရုံတောမှာ မောလှပြီ' စာအုပ်ထုတ်ဝေ၊ အမေရိကန်စာ ရေးဆရာမ မာဂရက်မစ်ချယ်၏ 'လေရူးသုန်သုန်' ဘာသာပြန် ဝတ္ထုရှည် (ညဏ်လင်းစာပေ) ဖြင့် အမျိုးသားစာပေဘာသာပြန်ဆုရရှိ၊

၁၉၈၀-၈၁ 'ငွေသောင်းယံ ဟွန်ဒါယဉ်ကျေးမှု မေရီပိုဗေးနှင့် အီကွေတာည များ' ခရီးသွားဆောင်းပါးရှည် ရှုမဝမဂ္ဂဇင်းတွင် အခန်းဆက် ရေးသား၊ အီလျာအီရင်ဗတ်၏ 'ပါရီကျဆုံးခန်း' ဘာသာပြန်အခန်းဆက်ဝတ္ထုရှည် မိုးဝေမဂ္ဂဇင်းတွင်ရေးသား၊

BURMESE CLASSIC

၁၉၈၈ တရုတ်စာရေးဆရာကြီး ဆောင်ဖူချင်းနှင့် ကောက်ငိုတို့၏ 'ခန်းဆောင်နီအိပ်မက်' (အားမာန်သစ်စာပေ) စာအုပ် ၉အုပ်တွဲဖြင့် အမျိုးသားစာပေ ဘာသာပြန် (ရသ) ဆုရရှိ၊

၁၉၈၉ 'ရွှေဖျက်ပမာ'၊ 'ကြေးနီရောင်အချစ်နှင့် ဝတ္ထုတိုများ(၁)' စာအုပ်များ၊

၁၉၉၀ 'နိုင်ငံတကာရသစာတမ်းငယ်များ'၊ 'ဇကရာဇ်တို့၏ ဘဏ္ဍာတိုက်များ' စာအုပ်များ၊

၁၉၉၁ 'မြန်မာပြန်ရသစာတမ်းများ' စာအုပ်၊

၁၉၉၂ 'ကြေးနီရောင်အချစ်နှင့် ဝတ္ထုတိုများ(၂)'၊ 'ဓာခန်းဆီးလေညင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



လရောင်' စာအုပ်များထုတ်ဝေ၊ ပြင်သစ်စာရေးဆရာ ဒိုမီးနစ် လာပီးယဲ၏ 'သုခမြို့တော်' ဘာသာပြန်စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန်ဆုရရှိ၊

၁၉၉၃ 'သမိုင်းဆရာ တွိုင်ဘီနှင့် ငြင်းခုံခြင်း'၊ 'အညတြရုပ်ပုံလွှာများ (၁)'၊ 'အညတြရုပ်ပုံလွှာများ(၂)' စာအုပ်များထုတ်ဝေ၊

၁၉၉၄ 'လွမ်းဖွယ်ပုံပြင်နှင့် ဂန္ထဝင်ဝတ္ထုတိုများ' စာအုပ်၊

၁၉၉၅ ဒိုမီနစ်လာပီယဲ၏ 'အချစ်မိုးကောင်းကင်' ဝတ္ထုဖြင့် အမျိုးသားစာပေဘာသာပြန်(ရသ) ဆုရရှိ၊ 'ကမ္ဘာ့ရှုခင်း'၊ 'မိန်းမတို့အကြောင်း' စာအုပ်များ၊

BURMESE CLASSIC

၁၉၉၆ 'သမိုင်းဆရာများနှင့် နောက်ထပ်ငြင်းခုံခြင်း' စာအုပ်၊

၁၉၉၇ 'သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်း' စာအုပ်၊ 'သမိုင်းစကား၊ ပန်းစကား' စာအုပ်၊ 'မိန်းမတို့အကြောင်း(၂)' စာအုပ်၊ 'နိုင်ငံတကာရသစာတမ်းငယ်များ (၂)' စာအုပ်များ၊

၁၉၉၈ 'မရဏအိပ်မက်တစ်ခု၏ မှတ်တမ်း'၊ 'အိမ်ကြီးမာယာ' စာအုပ်များကို ရေးသားခဲ့ပြီး၊

ဖေဖော်ဝါရီ ၁၈ ရက်၊ ည ၉ နာရီ ၁၅ မိနစ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်မမနှင့် သားသမီး လေးဦး ကျန်ရစ်ခဲ့သည်။

၁၉၄၉မှစ၍ ကွယ်လွန်ချိန်အထိ ပင်ကိုရေးနှင့် ဘာသာပြန်များ၊ ခရီးသွား၊ ပြဇာတ်၊ အတ္ထုပ္ပတ္တိ၊ သိပ္ပံ၊ နိုင်ငံရေး၊ သမိုင်း၊ ဥပဒေဆိုင်ရာ ဆောင်းပါးအမျိုးမျိုးတို့ကို မြသန်း၊ မြသန်းတင့်၊ စောယွမ်း၊ ရဲအောင်ဇေ၊ ထက်အောင်၊ မေမေလှိုင်၊ မင်းနန္ဒာ၊ အုတ်လှငယ်၊ ဇောတိက၊ မောင်သစ်တည် စသည့်ကလောင် အမည်ကွဲများဖြင့် စာအုပ်များအဖြစ်လည်းကောင်း၊ ဂျာနယ် မဂ္ဂဇင်းများတွင်လည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**ထွက်ပြီး**

၁။ လူငယ့်အရေးဆောင်းပါးများ စာပေါင်းစု
၂။ သိန်းဖေမြင့်၏ ကျော်ငြိမ်း
၃။ လူငယ့်အရေးဆောင်းပါးများ စာပေါင်းစု(၂)၊ မြို့ပြလူမှုပြဿနာများနှင့်လူငယ်
၄။ မောင်စွမ်းရည်၏ ဖိုးဝနဲ့ဖိုးလှ ကလေးကဗျာများ
၅။ ဒဂုန်တာရာ၏ မယ်ဇယ်ရန့် သင်းပျံ့မွှေးရီ
၆။ နန္ဒမော်၏ မောင်လောဘ၊ ကလေးများအတွက် ရုပ်စုံပုံပြင်
၇။ သိန်းဖေမြင့်၏ သူတို့ခေတ် သူတို့အတိတ် သူတို့အရိပ်
၈။ စာအုပ်စာပေ အသိဉာဏ်ပညာနှင့် ဆောင်းပါးများ
၉။ ဇော်ဂျီ၏ ပြည်ထောင်စုသမိုင်းပုံပြင်များ
၁၀။ ကာတွန်းဦးဘဂျမ်း၏ ကိုပြူးနှင့် မပြုံး
၁၁။ မြသန်းတင့် ဝတ္ထုတိုပေါင်းချုပ် (၁)
၁၂။ မဝင့်(မြစ်ငယ်)၏ မြူ
၁၃။ မင်းသုဝဏ်၏ ကဗျာများ
၁၄။ ခင်တာရာ၏ အမေဖတ်ဖို့ ကဗျာတချို့
၁၅။ ရွှေဥဒေါင်း၏ အရိပ်မထွက်သောပြည်နှင့် ဂန္ဓဝင်လျှို့ဝှက်သည်းဖို ဝတ္ထုတိုများ
၁၆။ မောင်ယင်၏ မြို့အုပ်မင်းဆို ဘုံရုံကဗျာများ
၁၇။ သိန်းဖေမြင့်၏ စစ်အတွင်းခရီးသည် ၂ (မဟာမိတ်နှင့် မြန်မာ့တမန်)
၁၈။ မောင်ဝဏ္ဏ၏ မော်ဒန်မေ-င်စိန်သောင်းနှင့် ဝတ္ထုတိုများ
၁၉။ မြသန်းတင့်၏ ညှင်းတစ်ဆယ်လူသတ်မှုနှင့် ပင်ကိုရေးစုံထောက်ဝတ္ထုတိုများ၁
၂၀။ နန္ဒမော်၏ ဖိုးသားနဲ့ ရောင်စုံခဲတံလေး
၂၁။ ရွှေဥဒေါင်း၏ လွမ်းအောင်ဖန်
၂၂။ သိန်းဖေမြင့်၏ အရှေ့ကနေဝန်းထွက်သည့်ပမာ (ပ တွဲ)
၂၃။ သိန်းဖေမြင့်၏ အရှေ့ကနေဝန်းထွက်သည့်ပမာ (ဒု တွဲ)

**ယခု**

၂၄။ မြသန်းတင့်၏ ပူနွေးနေသောပန်းပဲဖိုနှင့် ပင်ကိုရေးစုံထောက်ဝတ္ထုတိုများ ၂

**ဆက်ရန်**

၂၅။ ကိုယ်တိုင်ရေးစည်းမျဉ်းကမ်းနှင့် လူငယ်ဆောင်းပါးများ
၂၆။ မောင်စွမ်းရည်၏ ကဗျာဆရာ့အမေ၊ ကဗျာဆရာ့အဖေ
၂၇။ မောင်သိက္ခာ၏ ရေဆူလို့ပွက်ကရော့နှင့် အခြားဝတ္ထုတိုများ
၂၈။ သိန်းဖေမြင့်၏ တို့ပြည် တို့မြေ ကိုဘိုးဘွားအမွေ
၂၉။ မြသန်းတင့်၏ လိပ်ပြာကန်လူသတ်မှုနှင့် ပင်ကိုရေးစု[illegible] ၃

www.burmeseclassic.com